
www.burmeseclassic.com

ဂမ္ဘီရလုံးချင်းဝတ္ထု

# ဥက္ကရေနာဂ

ရတနာဂူနန်းရှင် တော်ဝင်သခင်မ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဥတ္တာရနေလ

# ရတနာပူနန်းရှင်
# တော်ဝင်သခင်မ

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ် — ၅၀၀၈၄၉၀၅၀၈**
**မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၅၀၀၇၂၀၀၆၀၈**

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်၊ အုပ်ရေ (၅၀၀)
**တန်ဖိုး — ၁၅၀၀ ကျပ်**

**ထုတ်ဝေသူ**
ဦးအောင်သိန်းဝင်း
ကြည်လှမောင်စာပေ (မြဲ – ၀၄၁၁၂)
အမှတ် (၃၂)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊
ဗဟန်း။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဒေါ်အေးအေးခိုင်
စိန်ကြယ်ပုံနှိပ်တိုက် (မြဲ – ၀၃၈၈၅)
အမှတ်(၇၂)၊ လမ်း (၃၀)၊ ပန်းဘဲတန်း။

**ဖြန့်ချိရေး**
ကြည်လှမောင်စာပေ (မြဲ – ၀၄၁၁၂)
အမှတ် (၃၂)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊
ဗဟန်း။

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

. . . . . . . . . . . . . . . . . . . . . . . .

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်**

. . . . . . . . . . . . . . . . . . . . . . . .

**ပြည်သူ့သဘောထား**

- ➢ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ➢ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ➢ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ➢ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

. . . . . . . . . . . . . . . . . . . . . . . .

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- ➢ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ➢ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး။
- ➢ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ➢ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

. . . . . . . . . . . . . . . . . . . . . . . .

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- ➢ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ➢ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ➢ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ➢ နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

. . . . . . . . . . . . . . . . . . . . . . . .

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- ➢ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ➢ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ➢ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ➢ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချိရေး
စောမွန်လှစာပေ
အမှတ်(၃၂)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်
ဗဟန်း၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

## အခန်း (၁)

ဟိုး. . . အရှေ့ဘက်တည့်တည့်တွင် ရေပြင်ကျယ်ကြီးရှိသည်။

ရေပြင်ကျယ်ကြီးကို ဖြတ်သန်းထိုးထားသော တံတားကြီးက ကျွန်းတိုင်ကြီးများအပေါ် ထိုးမတ်လျက် မညီမညာထိုးထိုးထောင်ထောင်ရှိလှသည်။

အဘိုးရွှေပြောသလိုဆိုလျှင် ဘဝဆိုတာဒီဦးပိန်တံတားကြီးလိုပဲ ထိုးထိုးထောင်ထောင် ကောက်ကောက်ကွေ့ကွေ့နှင့် ရှည်မျောမျောကြီးတဲ့။ ဟုတ်တယ်လေ. . . အဘိုးရွှေ ဘဝကလည်း ဒီလိုပဲ ငယ်ငယ်ကဆင်းရဲလှသဖြင့် မညီမညာ ကောက်ကောက်ကွေ့ကွေ့ရှိလှသည်။ ဒါပေမဲ့. . . အသက်ကတော့ ရှည်လှသည်။ အခုပဲ အသက်က(၉၀)ကျော်နေပြီ။ ဦးပိန်တံတားလို ဟိုတာလေးအစားထိုး. . . ဒီဟာလေးပြင်နဲ့ အသက်ကရှည်နေသည်။ လူတွေအတွက် အသုံးဝင်တုန်း . . .

အဘိုးဘဝနဲ့တူတဲ့ ဦးပိန်တံတားကြီးကလည်း လူသားတွေအတွက် အသုံးဝင်နေဆဲ။ အဲဒီဦးပိန်တံတားရဲ့ အရှေ့ဘက်ဆုံးမှာ ထန်းတောကြီးရှိသည်။ သည်ထန်းတောကိုလည်း နေ့ဘက်ရင်းပြောင်ရင်းနှင့် အိမ်ရှေ့မင်းထန်းတောလို့ပဲ ခေါ်နေကြဆဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီထန်းတောထဲမှာ အဘိုးရွှေပြောထားတာတွေ လေ့လာရဦးမည်။ ဒီအတွက် ကိုရေချမ်း ဒီဘုန်းကြီးကျောင်းကို ရောက်လာရသည်။ ဘုန်းကြီးကလည်း အဘိုးရွှေ၏ ဆရာဘုန်းကြီး ကိုရေချမ်းကလည်း ဘုန်းကြီးကျောင်းသားဘဝကို လေ့လာချင်တာ။ ဒီတော့ ရေငတ်တုန်း ရေတွင်းထဲကျသည်နှင့် အတူတူပင်။

အဘိုးရွှေကျေးဇူးကြောင့် ဘုန်းကြီးကျောင်းသားအဖြစ် မင်္ဂလာသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ၊ ရတနာရွှေချိုင့် အကုန်ရနေလေပြီ။ အဲဒီထဲမှာ. . . အဓိကကျတာကတော့ မိဘကျေးဇူးဆပ်ဖို့။ မိဘကျေးဇူးဆပ်ရအောင် အမေဆိုသော မာတာမိခင်က,မရှိတော့ပေ။ ကိုရေချမ်းလူမှန်းသိတတ်ကတည်းကဆုံးပါးခဲ့ပြီ၊ အဖေဆိုတာလည်း ကိုရေချမ်းမတွေ့ရတော့။ သေသလား ရှင်သလားပင်မသိရသေး။ ဒါပေမဲ့. . . ကိုရေချမ်း အသိတရားရှိချိန်မှစ၍ ဖခင်ကို တွေ့အောင်ရှာမည်ဟု အားခဲထားသည်။

ဖခင်ရှိသောနေရာကို အဘိုးရွှေက ဘယ်မြို့နားမှာရှိတယ်ဆိုတာပဲသိသည်။ နေရာအတိအကျမမှတ်မိတော့။ ဒီနေရာကလည်း ထူးဆန်းအံ့ဩဖွယ်တွေများပြားနေသောနေရာတစ်ခု။ ရေပင်လယ်တွေဝိုင်းပတ်ရံပြီး မျက်နှာပြင်ခဲနေ၍ လူတို့ ခက်ခက်ခဲခဲသွားရသည့်နေရာဒေသ၊ အံ့မခန်းသော အရာတွေပြည့်နှက်နေသောဒေသ၊ အန္တရာယ်တွေ ရောပြွမ်းနေသောဒေသ။ ဒီအတွက် ကိုရေချမ်း ဗဟုသုတတွေ၊ ပညာရပ်တွေ ပြည့်စုံဖို့လိုသည်။လူတွေထဲတိုးဝင်ပြီး ပညာအစုံကို လေ့လာပြီး ပြည့်စုံမှ သွားလို့ရမည်ဟု အဘိုးရွှေက အမြဲဆုံးမသည်။

အဘိုးရွှေနှင့်အတူ ကိုရေချမ်း၏အဖေ ချွေးတပ်သို့ပါသွားစဉ်က လူပျိုပေါက်အရွယ်။ အဲဒီကနေ အိမ်ပြန်ရောက်အောင်





မနည်းအသက်လုပြီး ပြန်လာခဲ့ကြရသည်။ လမ်းခရီးမှာ အစာရေစာအငတ်ခံ၊ ငှက်ဖျားဖျားလိုက်တာကလည်း နလံမထူ၊ ဝဲတွေစွဲနေခဲ့သည်မှာလည်း မြင်မကောင်းအောင်ဖြစ်နေ၍ တစ်နှစ်လောက်ဆေးကုပြီး ပျောက်လျှင်ပျောက်ခြင်း အမေနဲ့ပေးစားခဲ့သည်။ အဖေတို့ဘက်က ဆင်းရဲသားပေမယ့် ချမ်းသာသောအမေ့ကို ခိုးပြေးပြီး ပြန်အပ်လာသောအခါ တင့်တောင့်တင့်တယ်တင်တောင်းခဲ့သဖြင့် အဆင်တပြေရှိခဲ့သည်။

တင့်တောင့်တင့်တယ်ထားနိုင်အောင်လည်း ငွေတွေရလာခဲ့သည်။ ရွာမှာအေးအေး ဆေးဆေးနေနိုင်ခဲ့ပါလျှက်နှင့် မိန်းမရပြီး (၅)နှစ်လောက်အကြာမှာ တောထဲကို ညီအစ်ကိုဝမ်းကွဲတစ်ယောက်ကိုခေါ်၍ထွက်သွားခဲ့တာ အခုထိပြန်မလာတော့ပေ။ အခု ညီအစ်ကိုဝမ်းကွဲကတော့ ပြန်ရောက်လာသည်။ ကိုရေချမ်းအဖေကိုရွှေမောင်တစ်ယောက် တောင်တွေပတ်လည်ဝိုင်းနေသော ရေခဲပင်လယ်ထဲရှိတွင်းတစ်ခုတည်းဆင်းကာ ပြန်တက်မလာတော့ဟု ဝိုးဝိုးဝါးဝါးအမူအရာဖြင့်ပြနိုင်ပြီး အဖေနှင့်လိုက်သွားသော ညီအစ်ကိုဝမ်းကွဲ ကိုသာကြူးမှာ သူ့ဖာသာပြန်လာချိန်မှစ၍ စကားမပြောတတ်တော့။ တစ်ခါ တစ်ခါ စိတ်မနှံ့ဟု ထင်ရသည်။ ဒါပေမဲ့. . . အဖေပေးလိုက်သော ရွှေတုံးတွေကတော့ ပါလာသည်။ ယောင်၍ခဏခဏအော်၏။

"ရွှေစင်ရုပ်တွေ. . . ရွှေစင်ရုပ်တွေ. . အစ်ကိုရွှေမောင်မထိနဲ့၊ ကျွန်တော်တော့ မကိုင်ဝံ့ဘူး"

ဟု အိပ်နေလျှင် ယောင်၍အော်၏။ ဒါပေမဲ့ အိပ်ရာနိုးလျှင် စကားလုံးဝပြော၍မရတော့။ တကယ့် အ,အတစ်ယောက်လိုဖြစ်နေသည်။ ဝူးဝူးဝါးဝါးအော်ပြီး လက်ဟန်ခြေဟန်သာပြနိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဒွေးသာကြူးပြောပြတာတွေက အတော်စုံသည်။ အဝေ့အဝိုက်တွေလုပ်ပြသည်။ မိန်းကလေးပုံသဏ္ဍာန်ငေးကြည့်ရလောက်အောင် လှသည်ဟုလည်း အမူအရာလုပ်ပြ၏။ တစ်ခါတစ်ခါ. . . အဲဒီပုံပြပြီး မိန်းကလေးလိုလမ်းလျှောက်ပြသည်။ ခဏနေသောအခါ ဖြုန်းကနဲရုပ်တုတစ်ခုလို ငြိမ်ငြိမ်သက်သက်အကြာကြီး ရပ်ပြတတ်သည်။ အရူးစကားဆိုတော့. . . အဓိပ္ပာယ်ဖော်ဖို့လဲ ခပ်ခက်ခက်. . .။

အဖေမလိုက်တော့ဘူး။ ပြန်နှင့်ဆိုပြီး လက်ခါပြီးပြန်လွှတ်တဲ့ပုံလဲပြသည်။ သူ့သား. . . သူ့ဆီတွေ့အောင်လာရှာဖို့မှာသည့်ပုံသဏ္ဍာန် ကိုရေချမ်းရင်ဘတ်ကို ပုတ်ပုတ်ပြသောကြောင့် အဓိပ္ပာယ်ဖော်နိုင်ခဲ့သည်။

ငယ်ငယ်ကတည်းက ကိုရေချမ်းသန္နိဋ္ဌာန်ချထားသည်။

"ဖေဖေ့ဆီကို အရောက်သွားမည်"

ဟု အဘိုးရွှေကိုလည်း ခဏခဏ အသိပေးသည်။

"အသက်သေချင်သေပေ့စေ. . . အဘိုးရွှေရာ၊ ဖေဖေ့ဆီရောက်အောင်သွားမယ်"

"သွားရမှာပေါ့သားရယ်၊ ဒါပေမဲ့. . . သားဖေဖေရှိတဲ့နေရာက သူယောင်တောလို့ခေါ်တယ်၊ မာယာများတယ်၊ သားက အဲဒီမာယာတွေကို ခုခံတွန်းလှန်နိုင်အောင်လေ့ကျင့်ရမယ်၊ ဆည်းပူးရမယ်၊ အင်္ဂိရတ်ပညာ၊ အင်းအတတ်၊ ဆေးအတတ်၊ သိုင်းအတတ်၊ စိတ်ပညာအတတ် ရုပ်နာမ်ခွဲတဲ့အတတ်၊ ရုပ်ပြောင်း၊ ရုပ်ခွာအတတ် အဲဒါတွေတတ်နိုင်သမျှ သားဆည်းပူးပြီးမှ အဲဒီကိုသွားရမယ်"

"သား လေ့လာဆည်းပူးပါ့မယ် အဘိုးရွှေ၊ ဖေဖေ့ကိုတွေ့ရရင် သားလူ့ဘဝမှာ လူဖြစ်ရကျိုးနပ်ပြီပေါ့"





"အေးပေါ့သားရာ။ ယောကျ်ားဆိုတာ ဒီလိုစိတ်ဓာတ်မျိုးထားရတယ်။ သေတစ်နေ့ မွေးတစ်နေ့ပေါ့"

ဟု ပြောရင်း ပညာအမျိုးမျိုးသင်ပေးသည်။

အင်္ဂိရတ်ဓာတ်ပညာကိုလည်း ရေတံခွန်တောင်ရှိ ရသေ့ကြီးဘိုးစက္ကထံမှာ သင်ခိုင်း၏။ သိုင်းပညာကိုပါ ရှမ်းဆရာကြီးနှင့်တွဲ၍သင်စေ၏။ တောထဲရှိ ဆေးပင်များကို ရှာဖွေနည်း၊ အသုံးပြု၍ ဆေးဖော်နည်းတို့ကိုလည်း ဘိုးစက္ကထံမှာ သင်စေ၏။

ရုပ်ပြောင်း ရုပ်ခွာအတတ်ပညာကိုတော့ သမာဓိရအောင်ယူစေပြီး ကျင့်ခိုင်း၏။ ၎င်းနှင့်ပတ်သက်သော Egyption book of Death, Tibetan book of Death စသည်တို့ကိုလည်း လေ့လာကာ ကျင့်စေ၏။ ခုထိတော့. . . မအောင်မြင်သေး။ အခုတော့. . . ဆရာတော်ကြီးကျောင်းမှာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ(၅)ပါးကို အဆင့်လိုက် အဒေါသ အမော ဟ မာန်မာနတို့ ချိုးနှိမ်ကာ သမာဓိရယူစေခဲ့၏။ အားလပ်ချိန်တွင် ထန်းတောထဲသွားပြီး ထန်းပင်တက်လေ့လာရင်း လုပ်စရာရှိတာ လုပ်စေခဲ့၏။ အထူးသဖြင့် အဘိုးရွှေ ရှာခိုင်းတာကို ရှာနေခဲ့ရ၏။

ဩော်. . . ဘဝ၏အစကတော့ မကြမ်းတမ်းသေးပေမယ့် ဒါကိုကြမ်းတမ်းအောင် အစဖော်၍လုပ်ခဲ့ရပြီ။ ထိုးထိုးထောင်ထောင်မဖြစ်သေးတာကို ထိုးထိုးထောင်ထောင်ဖြစ်အောင် ဆောင်ရွက်ခဲ့ရပြီ။

"အဖေ့နေရာရောက်အောင် သားဘယ်လိုသွားရမှာလဲဟင် အဘိုးရွှေ"

"သားနဲ့တစ်ရက်ထဲမွေးတဲ့သူတွေကို ရှာရမယ်သား"

"ဘယ်လိုရှာရမလဲ အဘိုးရွှေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ အဘိုးပြောပြမှာပေါ့ကွာ။ မင်းရဲ့ပညာဆည်းပူးတဲ့အခန်းပြီးရင်. . . အဲဒီရှာပုံတော်ဖွင့်ရမယ့် အခန်းလာမှာပေါ့"

"အဲဒီရှာပုံတော်အခန်းပြီးရင်. . ."

"ရှာပုံတော်အခန်းပြီးရင်. . . မင့်အဖေဆီသွားဖို့တောလားအခန်းရောက်မှပေါ့ကွာ"

"ကြိုက်ပြီ အဘိုးရွှေ။ အဖေ့ဆီသွားဖို့ သားအကုန်လုပ်မယ်. . . အကုန်ရင်ဆိုင်မယ်"

"မင်းအဖေဆီသွားတဲ့အခါ အဝင်လမ်းတစ်ခုရှိတယ်။ အဲဒီလမ်းကိုကျော်ဖို့အတွက် အသုံးပြုရမယ့်ပစ္စည်းတွေ မေးတဲ့မေးခွန်းတွေကိုဖြေဖို့ပညာရပ်တွေ အဲဒါတွေပြည့်စုံအောင်အရင်လုပ်ရမယ်သား"

"အဲဒါကို အဘိုးရွှေကပြောပြမှာမဟုတ်လား"

"အဖိုးရွှေတစ်ယောက်တည်းဆီကနေ မလုံလောက်ဘူး။ တစ်ပြည်လုံးအနှံ့ရှာပြီး အချက်အလက်တွေ၊ ပစ္စည်းတွေ စုဆောင်းရမယ်။ အဲဒီအတွက် သားအရည်အချင်း၊ သားရဲ့အစွမ်းကို အကုန်ထုတ်သုံးရမယ်။ ကံမကောင်းရင် အဲဒီရှာပုံတော်အခမ်းမှာတင်ပဲ သားဘဝ ဟာဆုံးခမ်းတိုင်ချင်တိုင်သွားနိုင်တယ်။ အဲဒီလိုဘဝကိုတိုတိုလေးနဲ့ ဆုံးခန်းမတိုင်ဖို့အတွက် ယောကျ်ားတို့တတ်အပ်တဲ့အဋ္ဌာရသ(၁၈) ရပ်အပြင် နား၊ မျက်စိကိုဖွင့်ထားပြီး အပျော်အပါးရသတဏှာ၊ ဖဿတဏှာစတဲ့ အပေါယံပျော်ရွှင်မှုတွေအားလုံးစွန့်လွှတ်ထားရမယ်သား"

"စိတ်ချပါအဘိုးရွှေ၊ ဒီလုပ်ငန်းမအောင်မြင်ခင်အတောအတွင်းမှာ ငါးပါးသီလလည်း အမြဲလုံခြုံအောင်ထိန်းမယ်။ သက်သတ်လွှတ်လဲ အဓိဋ္ဌာန်တင်ပြီးစားမယ်။ ဖေဖေ့ကို တွေ့တဲ့အချိန်မှ





သက်သတ်လွှတ်က ထွက်ပါ့မယ်လို့ အဓိဋ္ဌာန်တင်ထားမယ် အဘိုးရွှေ။ နောက်ပြီး အအိပ်အနေကစပြီး ခြိုးခြံချွေတာမယ် မအိပ်မနေအသက်ရှည်ဆိုတဲ့. . . မောင်ပေါက်ကျိုင်းထုံးနှလုံးမူပြီးနေပါ့မယ်အဘိုးရွှေ"

"အေးကွယ်. . . သာဓု. . သာဓု. . . သာဓု. . . ငါ့မြေးကြီး ကျန်းမာချမ်းသာပါစေ။ အဖေကိုရှာတွေ့ပြီး ကျေးဇူးဆပ်နိုင်ပါစေ။ အနှောင့်အယှက်အားလုံးကျော်ဖြတ်ပြီး လိုရာပန်းတိုင်ကိုရောက်ရှိပါစေကွယ်"

ဟု ရှည်လျားစွာ ဆုပေးလိုက်တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟာ. . . ဆရာချမ်း၊ တံတားဘက်ကို ဘာလို့ငေးကြည့်နေတာလဲဗျ"

"ငါ ကိုပုကွ ထန်းတောဘက်သွားမလို့ဘဲ။ ဒါပေမဲ့. . . ရွာစရာကိစ္စတစ်ခုရှိလို့စောင့်နေတာဟ"

"ဘာရွာမှာလဲ. . . ဆရာချမ်းရ"

"ငါညက အိမ်မက်မက်တယ်ကွ။ ငါရွာရမယ့် မိန်းခလေးက ဒီတံတားပေါ်ကနေ ဖြတ်ပြီးလာမယ်ဆိုလို့ပါ"

"ဟာ. . . ဆရာချမ်းကလည်း တံတားပေါ်မှာ မိန်းကလေးတွေက ဥဒဟိုဖြတ်သွားနေတဲ့ဟာ ဘယ်လိုလုပ်ခွဲခြားသိနိုင်ပါ့မလဲဗျာ"

"ငါ့သင်္ကေတနဲ့ ငါပါကွာ. . . ပိုးတုံးလုံးရာ"

ဟု ပြောပြီး တံတားပေါ်ကို ကြည့်နေသည်။ ပိုးတုံးလုံးကလည်း တောင်သမန်အင်းဘေးရှိ တလုပ်မန်ကျည်းပင်မှ မန်ကျည်းသီးခူးနေရာ ခါးပိုက်ထောင်တစ်ခုပင် ပြည့်တော့မည်။

"ပိုးတုံးလုံးရေ. . . ဆရာတော်မေးရင် ငါထန်းပင်တက်နည်းသင်ဖို့ အိမ်ရှေ့မင်းထန်းတောဘက်သွားတယ်လို့ ပြောလိုက်ကွာ"





"ဟာ. . . ဆရာချမ်းကလဲဗျာ။ ထန်းရည်တွေ၊ ဘာတွေ သောက်မနေနဲ့ဦးနော်"

"ငါဘယ်တော့မှ ငါးပါးသီလကို မကျိုးပေါက်စေရပါဘူးကွာ။ အထူးသဖြင့်. . . သုရာမေရိယကံကိုတော့ အသက်ထက်ဆုံး ထိန်းသိမ်းထားပါတယ်ကွာ"

ဟု ပြောရင်း ပြေးထွက်သွားလေသည်။

သူအိပ်မက်သော မိန်းကလေးကိုတွေ့ပြီး အဲဒီမိန်းကလေး မမြင်စေရန် ဘုန်းကြီးဆောင်းထီးကြီးကို ခေါင်းနှင့်ကပ်လျက် ဆောင်းရင်း ကွယ်ထားမိသည်။

"ဟုတ်တယ် ဘောင်းဘောင်းရေ. . . ငါအိပ်မက်တာ အဲဒီထန်းတောဘဲ"

"ဒေါင်းဒေါင်းတို့ကတော့ အိမ်မက်လိုလိုဘာလိုလိုနဲ့ စတန့်ထွင်ပြီပေါ့။ ထန်းရည်သောက်ချင်ရင် သောက်ချင်တယ်ပြောပေါ့ဟာ"

"တကယ်ပြောတာပါ ဘောင်းဘောင်းရာ။ အိမ်မက်ထဲမှာ ဖေဖေကိုယ်တိုင်ပြောတာ ညည်းရဲ့အခက်အခဲကို ဖြေရှင်းပေးမယ့်လူစောင့်နေတယ်တဲ့။ ရောင်တစောင်းထုံးထားတယ်လို့ပြောတာပဲ"

"ဗုဒ္ဓေါ. . . ဒီခေတ်မှာတော့ ရောင်တစောင်းထုံးတာဆိုလို့ တို့ရွာကအဘိုးရယ်၊ နောက်. . . မြေလျှောက်ဝိဇ္ဇာဦးမြသီးရယ်၊ ဒါဘဲတွေ့ဖူးတယ်"

"ဘာဘဲဖြစ်ဖြစ်ဟာ. . . သွားကြည့်ရအောင် မိဒွန်းလည်း ထန်းရည်ချိုသောက်ချင်တယ် ဟုတ်"

"အမယ်လေး. . . မဆာဝါတို့ရယ်၊ ပိန္နဲတိုင်ဆွဲမထည့်ပါနဲ့၊ တော်တို့လဲသောက်ချင်ကြတာမဟုတ်လား"

"ဒီနေ့တော့အစမ်းသဘောပေါ့ဟာ။ နက်ဖြန်တော့ ဘတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင် စောစောလာမယ်။ ကျောင်းပိတ်ရက်ပဲဟာ နေပြင်းသွားတော့ ထန်းရည်တွေက ချဉ်ကုန်လောက်ပြီ"

"အမယ်. . . အမယ်၊ ထန်းရည်စပယ်ရှယ်လစ်ကတော့ ထန်းရည်ဋီကာဖွင့်ပြီ ဝန်ကြီးပဒေသရာဇာရဲ့ မြစ်တော်ဖြစ်မယ်"

"ဟုတ်တယ်လေ. . . ငါ့နာမည်က ဖဒေသမာလာဘောင်း"

"ညည်းကလဲဟယ်. . . ပဒေသမာလာဆိုတော်ရောပေါ့ ဘောင်းက ဘာလို့ထည့်ထားရတာလဲ"

"ပေါက်ကွဲတာလေ"

"ဟုတ်ပြီ. . . တို့နှာခေါင်းထဲနံနေတာ ညည်းဆီက ပေါက်ကွဲတာဖြစ်မယ်။ ဟင်း. . . ရုပ်နဲ့မလိုက်အောင်ညစ်စုပ်တယ်. . . ရေမွှေးမနိုင်မ"

"ကဲပါ. . . စကားများမနေနဲ့၊ ထန်းတောရောက်ရင် ငါ့စကားနာထောင်ကြ"

"ဟုတ်ကဲ့ပါ မမ"

ဒေါင်းဒေါင်းတို့(၃)ယောက်သားထန်းတောထဲရှိ အိမ်ရှေ့မင်းရက်စ်တောရင့်သို့ ရောက်လာကြသည်။

"ဒီမှာရှင့်. . . ဒီမှာ. . . ထန်းရည်အချိုရသလား"

"ကျွန်တော့်မှာ နာမည်ရှိတယ်ဗျ ကိုပုကျယ်တဲ့၊ နောက်ပြီး ဒါက ထန်းရည်ခါးရောင်းတဲ့ဆိုင်၊ ထန်းရည်ချိုက ထန်းလျက်ချက်တဲ့ဆီမှာပဲရတယ်"

"ဩော်. . . ဟုတ်ကဲ့ပါ ကိုကိုပုရယ်။ ကျွန်မတို့က ထန်းပင်အကြောင်းစာတမ်းရေးမလို့လေ. . . ထန်းဋီကာပေါ့။အဲဒီစာအုပ်ရေးပြီးပြန်ဖြန့်ရင် ကိုကိုပုထန်းရည်ဆိုင် ပိုရောင်းကောင်းသွားမှာ"

"အင်း. . . ဒီလိုလုပ် ထန်းရည်ကိုအပင်ပေါ်က ချ,ချ ခြင်း





ထန်းရည်ခါးနဲနဲစပ်ရင် ထန်းရည်ချိုသက်သက်သောက်တာ ထက် ပိုကောင်းတဲ့ထန်းရည်ချိုပြင်းရတယ်. . . ရှယ်ပေါ့ဗျာ။ ဈေးတော့ပို ပေးရမှာပေါ့"

"ဈေးတော့ပိုမတောင်းပါနဲ့ရှင်။ ကျွန်မတို့က ဆင်းရဲသား တွေဆိုတော့ သူများဈေးပဲထားပါ။ ဒါပေမဲ့. . . ကိုကိုပုအလုပ် တွေကိုကူလုပ်ပေးမယ်လေ"

ဘောင်းဘောင်းက ကျန်သူငယ်ချင်းနှစ်ယောက်ကို မျက်စ ပစ်ပြရင်းဝင်ရောရာ. . . ကိုပုကျယ်နှင့် အဆင်ပြေသွားတော့၏။ ဆတ်သားခြောက်ဖုတ်အမြည်းပင် အလကားရသည်အထိ ရင်းနှီး သွားကြ၏။

"ကျွန်မတို့ကျောင်းမဖွင့်ခင်ရက်တွေ ဒီပဲလာမယ်နော်။ ထမင်းချိုင့်မပါတဲ့အခါ ထမင်းကျွေးရမှာနော်"

"ရပါတယ် အစ်မတို့ရာ. . . ကျွန်တော်စားတဲ့အတိုင်း စား နိုင်ရင်ဖြစ်တယ်။ ကျွန်တော်စားတဲ့အတိုင်းကတော့ မဲလုံးတောင် မစားနိုင်လို့ခက်နေတာ"

ဟုတ်သည်။ ကိုပုကျယ်စားသောဟင်းက ဆီလုံးဝမပါ သော ခရမ်းချဉ်သီးငရုပ်သီးချက်၊ ပဒပ်သားကိုထောင်း၍ ကြော်ထား သည်မှာ တာတေလံအောင် ငရုပ်သီးစပ်လှ၏။ သည်အထဲ ငရုပ် သီးထောင်းက သပ်သပ်ပါသေး၏။

"ရှင့်ဟာတွေက ငရုပ်သီးတွေချည်းပဲဟာ ခွေးကဘယ်စား နိုင်ပါ့မလဲ"

"လူဆိုတာ ခံတွင်းခတ်ကောင်းအောင် ငရုပ်သီးများများ စားရတယ်တဲ့. . . ဥတုဘောဇနဆေးကျမ်းကဆိုထားတယ်ဗျ။ မိန်းကလေးတွေဟာအစပ်စားရင် သွေးသားပိုမှန်တယ်လို့ဆို တယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓေါ . . . ကျွန်မတို့စာတမ်းကို ကိုကိုပုကျယ်ရေးခိုင်းမှ ထင်တယ်"

"မလုပ်ပါနဲ့ အစ်မတို့ရာ . . . ကျွန်တော်က ကကြီးပုတ် လောက်ရေးပြတာတောင် ဖတ်တတ်တဲ့ကောင် မဟုတ်ဘူးဗျ။ ဒါက စာပေနဲ့စပ်တဲ့လူတစ်ယောက်က လက်ချားပေးထားလို့ရတာ"

"လက်ချာပေးထားတယ် ပြောစမ်းပါကိုပုကျယ်ရာ။ ရှင့်ကို လက်ချာပေးတာ ဘယ်သူလဲ"

"ဆရာချမ်းလေဗျာ။ လက်ချာပေးပေမယ့် လူကဒိုက်ပုံစံပါ ရောင်တစောင်းနဲ့ ရီစရာကြီး"

"ဗုဒ္ဓေါ"

ဒေါင်းဒေါင်းက ဘုရားတရင်း 'ဘယ်လိုလဲ'ဟု မေးငေါ့ပြ၏။

"ဒီနေ့ . . . အဲဒီဆရာချမ်း မလာဘူးလား"

"လာတော့လာမယ်ဗျ။ ဒီနေ့မလာရင် နက်ဖြန်တော့လာ မယ်။ ခင်ဗျားတို့လည်း လက်ချာတောင်းချင်လို့လား"

"ရှင့်လက်ချာကြီးတော့ တော်ပါပြီ ကိုပုကျယ်ရာ။ ကျွန်မ တို့က ရှင့်ဆီကပဲ လက်ချာယူမှာပါ။ နက်ဖြန်မှလာခဲ့မယ်လေ။ ဟင်းချက်စရာတွေလဲယူလာခဲ့ပြီး ကိုပုကျယ်တဲမှာချက်မယ်"

"လာခဲ့ဗျာ . . . ကျွန်တော် ဘယ်မှမသွားဘူး"

ဒေါင်းဒေါင်းတို့ပြန်လာစဉ် . . . ကိုရေချမ်းက မန်ကျည်းပင် အကွယ်မှပုံး၍ စောင့်နေသည်။

"ကိုပုကွ . . . ကိုပုကွ"

"ဟာဆရာချမ်းကလဲ . . . ဒီနာမည်ကြီးနဲ့ ကျွန်တော့်ကို နာမည်ဖျက်ပြန်ပြီ။ ဒီမှာမှ . . . ဗီလင်ယူမလို့လုပ်နေတုန်း"

"ခင်ဗျား ကောင်မလေးတွေကို ဘာတွေရောင်းတာတုန်း"

"ဘာမှမရောင်းပါဘူး ဆရာချမ်းရယ်။ စပါတ်ကလင် . . .





အချိုရည်တွေ ဝယ်သောက်တာပါ"

"ဟင်း . . . ခင်ဗျားအလိမ်ပေါ်ရင်တော့ မသက်သာဘူး မှတ်"

"ဆရာချမ်း . . . နက်ဖြန်လာဦးမှာလား"

"ဒီနေ့ ကျွန်တော်ထန်းပင်တက်တဲ့ လုပ်ငန်းစဉ်တစ်ချို့ စမယ်ဗျာ။ ထန်းလျှော်လှီးနည်း၊ ထန်းလျှော်ချည်နည်းတွေကော ပေါ့"

"ဆရာချမ်းကလဲဗျာ . . . ဒါလေးများ သင်တန်းလို့ခေါ်နေ ရသေးတယ်။ ဆရာတို့လိုဒုံးမဝေးတဲ့သူတွေအတွက် အလွယ်လေး ပါ"

ဟုပြောရင်း သူ၏ ထန်းလှီးဓားထက်ထက်ဖြင့် ထန်းလက် တစ်ခုကို ထန်းလျှော်များခွာပြ၏။ ထန်းလျှော်များဖြင့် ထန်းပင် လုံးကိုချည်နည်း၊ ထန်းနို့ကိုချည်နည်းတို့အား မြေပြင်မှာပင် လုပ်ပြ၏။ ကိုရေချမ်းလုပ်ကြည့်တာ တော်တော်နှင့်မရ။

"ဆရာချမ်း . . . ဓားကိုင်တာမဟုတ်သေးလို့ဗျ။ ဓားကို ပိုင် ပိုင်နိုင်နိုင်ကိုင်ရတယ်။ သိုင်းသမားကိုင်သလို မကိုင်ရဘူး။ ကိုယ့် တပည့်တစ်ယောက်လို ကိုင်ဗျ။ ဟောဒီ ဓားအရိုးနဲ့ အသွားကြား အစပ်နေရာကနေကိုင်ရတယ် . . . အဲဒီနေရာ"

"ဟုတ်တယ်ဗျာ . . . ထန်းဝိဇ္ဇာဆိုရင် မိုးပေါ်ပျံနေမှာပေါ့။ ထန်းပင်ပေါ်ကနေ ထန်းလက်နှစ်လက်စီးပြီး ပျံရင်ရတာပဲဟာ"

"ဖွဟဲ့ လွဲပါစေ 'ဖယ်ပါစေ"

ဟု ပြောရင်း . . . ခြေဖဝါးမှ မြေမှုန့်များကို နဖူးကိုသုတ်၏။ မဲလုံးက မျက်စိနောက်၍ တဝုတ်ဝုတ်ဖြင့် ဟောင်လေတော့သည်။

ရေပြင်ကျယ်ကြီးသည် နှင်းထုအောက်တွင် ငြိမ်သက်နေဆဲ မျက်စိတစ်ဆုံးနှင်းတို့ပိတ်နေသဖြင့် အဝေးသို့မမြင်ရ အဘိုးရှေ့၏



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဘမှုံပြောတော့. . .

"ဆောင်းသူငယ်ပြန်တာကွ. . . ဖိုးချမ်းရ"

"ဒါဆို. . . ဘမှုံတို့လို အသက်ကြီးလို့ ဖြစ်မှာပေါ့နော်"

လို့ ကိုရေချမ်းက နောက်လိုက်သည်။

"ဂန်းမသား. . . မင်းက ချီပါသားနေမှာ"

ဟု ပြောတာကို သတိရ၍ ကိုရေချမ်းပြုံးမိသည်။

"ကိုပုကွ. . . ကိုပုကွ"

ထန်းလက်တဲအမိုးကို ဝါးချမ်းပြားနှင့် ရိုက်၍နှိုးလိုက်သည်။

"ဟာဗျာ. . . ဆရာချမ်းကလည်း ချမ်းချမ်းနဲ့ကွေးလို့ ကောင်းတုန်းရှိသေးတယ်ဗျ"

"အောင်မာ. . . ခင်ဗျားကကွေးရအောင် ခင်ဗျားဘေးမှာ မဲလုံးပဲရှိတဲ့ဟာကို. . . မဲလုံးကိုဖက်အိပ်မှာလား"

"ဆရာချမ်း. . . ဒီဘက်စက်ကျတာ ကျွန်တော်နာတယ်ဗျာ"

"ဒါကတော့. . . ခင်ဗျားကုသိုလ်ပဲဗျို့။ ကဲဗျာ လုပ် ထမင်းကြော်ရအောင် မီးမွှေး။ ကျွန်တော် လက်ဖက်ရည်ဝယ်လာတယ် စားတော်ပဲပြုတ်လဲပါလာတယ်"

"ဆရာချမ်းကလည်း မုန့်ပါတစ်ခါတည်းဝယ်လာရင် ပြီးတဲ့ဟာကို"

"ကိုပုကွရဲ့ ထမင်းကြော်ကိုစားချင်လို့ ကိုပုကွထမင်းကြော်ကို စားချင်လို့"

"ဆရာချမ်း. . . ကိုပုကွဆိုတာကြီးမခေါ်စမ်းပါနဲ့ဗျာ။ အခုဆို ကောင်မလေးတွေက ကျွန်တော့်ကို ကိုကြီးပုလို့တောင်မခေါ်တော့ဘူးဗျ"

"နာမည်အံသစ်ရတာပေါ့ဗျာ"

ဟုတ်သည်။ ကိုပုကျယ်နာမည်ပျောက်၍ ကိုပုကွနာမည်ရ





တော့မလိုဖြစ်နေပြီ။ ကိုရေချမ်းကလည်း နာမည်ပေးတတ်သည်။ ကိုပုကျယ်ကား ထန်းတက်သမားပီပီ နေ့စဉ်ထန်းပင်ကိုခွ၍ တက်နေရသဖြင့် ခြောက်ထောက်ခွင်နေဆဲ၊ လမ်းလျှောက်လျှင် ကွတတနှင့်မို့ ကိုပုကွတဲ့။ ခွေးနာမည်ကလည်း မဲလုံးပေမယ့် ဟိုဟာတိုးပြုတ်ကျ၊ ဒီဟာတိုက်လိမ့်ကျနှင့် ပြာလောင်လောင်နန့်တန့်တန့်မို့ မဲလုံးပြာအဖြစ် ပြောင်းသွားရသည်။

"ဆရာချမ်း. . . ဘုန်းကြီးကျောင်းက ဆွမ်းကျန်လေးဘာလေးယူမလာခဲ့ဘူးလား"

"ဟာဗျာ. . . ကိုပုကွကလည်း ခွက်ကျနေပြန်ပြီ။ ကျောင်းမှာ ကျွန်တော့်လို ကပ္ပိယတွေများတယ်ဗျ၊ ညစာတောင်အလျှင်မမီဘူး"

"မဟုတ်သေးပါဘူးဗျာ။ ကျွန်တော်စားတာက ဆန်ကြမ်းဆိုတော့ ဆရာချမ်းမစားနိုင်မှာစိုးလို့ပါ"

"ရှိမနေနဲ့ဗျာ။ ထမင်းကြော်စားပြီးရင် သင်ခန်းစာစပြီးသင်တော့"

"အင်း. . . ဆရာချမ်းနဲ့တော့ဒုက္ခပါဘဲ ထန်းတက်တာပဲဗျာ. . . သင်တန်းတက်ရတယ်လို့"

"ခင်ဗျားထန်းမတက်တတ်ရင်တော့ ကျွန်တော့်ကိုလည်းသင်တတ်မှာမဟုတ်ဘူးပေါ့ဗျာ"

"ရပါတယ်ဆရာချမ်းရား ဒါပေမဲ့. . . စောသေးတယ်ဗျ။ ဒီအချိန်တက်ရင် နှင်းတွေစိုနေလို့ ထန်းပင်တက်ရင် ချော်ကျတတ်တယ်ဗျ။ တခြားလုပ်စရာရှိတာလေးတွေ လုပ်တာပေါ့ဗျာ"

သင်တန်းဆရာကိုပုကွအတွက် လိုအပ်တာတွေလုပ်ပေးသည်။ သူ့ထန်းပင်အောက်ရှိ အိမ်ရှေ့မင်းထန်းတော ရက်စ်တောင်းကို ရှင်းလင်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲခုံကား သစ်တုံးတစ်တုံးပေါ် ပျဉ်ပြားခင်းရိုက်ထားခြင်း ဖြစ်၍ရွှေ့မရ။

ကုလားထိုင်ကား ထန်းလက်ကုလားထိုင်များဖြစ်၍ ရွှေ့လို့ရသည်။ နေရာတကျရွှေ့ပြီး ပဲကြီးလှော်ခွံ၊ အိုပ်ခွံ၊ အမှိုက်များကို လှဲကျင်းပေးနေသည်။

"ဆရာချမ်း. . . အေးအေးဆေးဆေးနေစမ်းပါဗျာ။ အဲဒီမှာ ရေနွေးကြမ်းသောက်"

"ကျွန်တော်ရှင်းပါ့မယ် ဆရာကိုပုကွ။ အေးအေးဆေးဆေး ထိုင်"

"ဟာဗျာ. . . ဘယ်ကလာ ဆရာကိုပုကွကမှာလဲ။ မလုပ်စမ်းပါနဲ့. . . ဆရာချမ်းအသာနေ"

ထန်းပင်တက်ဖို့ ဒီနေ့အတွက် ထန်းတက်လှေကားထမ်းနည်း၊ ရွှေ့နည်းကစ၍သင်သည်။ မလွယ်. . . ကိုပုကွ အရပ်(၅)ပေမပြည့်ဘဲနှင့် ရင်းထောင်အရှည်ကြီးကို ဟန်ချက်ညီညီထိန်းပြီး ဒေါင်လိုက်မ၍ ရွှေ့နိုင်သည်။ ကိုရေချမ်းကား အရပ်(၅)ပေ (၈)လက်မပေမယ့် လှေကားကို ရွှေ့ရာတွင် အခက်အခဲတွေအများကြီး။ လှေကားသယ်ရာတွင် ခဏခဏလန်၍ကျတတ်သည်။

"ဆရာချမ်း. . . ကျွန်တော့်ရင်းထောင်တော့ အသစ်ထပ်လုပ်ရလိမ့်မယ်ထင်တယ်"

"ဟာ. . . ဆိုင်မှာဝယ်လိုက်ပေါ့ဗျာ"

"ဆရာချမ်းကလည်း ဘယ်ကလာဝယ်လို့ရမှာလဲ။ ရင်းထောင်ရောင်းတဲ့ဆိုင်ရှိတယ်လို့ကြားဖူးရဲ့လားဗျာ။ ဆရာချမ်း. . . မှတ်ထား။ ထန်းသမားမှာ ဘာမှဝယ်စရာမလိုဘူးဗျ။ ကိုယ့်ဘာသာလုပ်ရတာချည်းပဲ။ ထန်းတဲ၊ ထန်းလျှော်၊ ကုလားထိုင်၊ ထမ်းပိုး အကုန်လုံး ထန်းပင်ကရတယ်။ ထန်းစစ်ဖတ်လည်း ထန်းပင်က





ရတာပဲ။ ထန်းရည်အိုးတောင် ကျွန်တော်တို့ အဖေလက်ထက်က ကိုယ့်ဘာသာဖုတ်တာဗျ"

"မှတ်ထားပြီ. . . မှတ်ထားပြီ"

"ကဲပါ. . . ဆရာချမ်းက ဒီနေ့ ထန်းပင်တက်နည်းအရင် ကျင့်။ ထန်းနို့တော့ မလှီးနဲ့ ထန်းရည်အိုးပဲချ"

ဒီလိုနဲ့ ကိုရေချမ်းတစ်ယောက် လှေကားကြီးမရွှေ့လိုက်၊ ထန်းပင်တက်လိုက်၊ ထန်းရည်အိုးချလိုက်နှင့် ထန်းပင်သုံးပင်ခန့်ပြီးနေချေပြီ။ ထန်းပင်တက်ဖို့ အဲဒီလှေကားအတိုင်းတက် အပေါ်ထိပ်ရောက်မှ ထန်းပင်နှင့်ကပ်ချည်။ အပေါ်လှေကားတစ်ခုက အဆင်သင့်ထပ်ချည်ပြီးသားရှိသည်။ ၎င်းကို ရင်းဆွဲဟုခေါ်သည်။ ရင်းဆွဲအတိုင်း ဆက်တက်လာရုံပဲ အလွယ်လေးဒါပေမဲ့. . . ထန်းလက်အဝင်တော့ ခက်သည်။ ထန်းလက်အောက်က ဆူးတွေကခြစ်ကြသည်။ စူးကြသည်။ အဲဒီထန်းဝင်နည်းသည်သာ အခက်ဆုံး။ နောက်ပြီး. . . ထန်းပင်အလယ်လောက်ဆင်းပြီး သူ့တွင်ရှိ ဓားနှောင့်ဖြင့် ထန်းပင်အချို့ကို တဒေါင်ဒေါင်ခေါက်ကြည့်နေသည်။

"ဗျို့ . . . ထန်းသမားကြီး၊ ဗျို့. . . ထန်းသမားကြီး၊ ထန်းမတက်ဘဲ ဘာလို့အပင်ကို ခေါက်ကြည့်နေတာလဲ"

ကိုရေချမ်းသည် ထန်းပင်အောက်မှ အသံသဲ့သဲ့ကြား သည်။ ဒါပေမဲ့. . . အပင်အောက်ကို ငုံ့မကြည့်ရဲ။

" ဗျို့. . . ဗျို့. . . ထန်းပင်ခိုင်,မခိုင်စစ်ကြည့်နေတာ"

ငုံ့မကြည့်ဘဲ ထူးလိုက်သည်။

"ဗျို့မနေနဲ့ ထန်းပင်မခိုင်ရင် ခင်ဗျားအတက်ကတည်းက ကျိုးကျပြီပေါ့။ ကဲပါ. . . ထန်းရည်ကောင်းကောင်းနှစ်လုံးလောက်လုပ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ကြားရသည့်အသံက မိန်းကလေးအသံလွင်လွင်ကလေး ဖြစ်နေသည်။ ကိုရေချမ်း မျက်စိမှိတ်၍ အော်လိုက်သည်။

“ကျွန်တော်တို့ ထန်းရည်ဆိုင်က မိန်းကလေးတွေကို မရောင်းဘူးဗျို့”

“မိန်းကလေးထန်းရည်မသောက်ရဘူးလို့ ရှင်တို့ဆိုင်မှာ ဆိုင်းဘုတ်ရေးထားသလား”

“ဗုဒ္ဓေါ . . . ဟုတ်တယ် ကျမ်းဂန်နဲ့မညီလို့မရောင်းတာဗျ”

“ဟဲ့ . . . ဒေါင်းဒေါင်း၊ အဖက်လုပ်ပြောမနေနဲ့။ ဒါကို ပုကျယ်ရဲ့လူငှားနေမှာ၊ လူကလည်း ထန်းသာတက်နေတာ ပေါင်ကြီးကမွေးလို့၊ ဂျယ်ကြီးနေမှာပါ ဒေါင်းဒေါင်းရာ”

“အောင်မာ . . . ပေါင်မွေးတိုင်းဂျယ်ဆိုရင် ကနေဒီလည်း ဂျယ်ဖြစ်နေမှာပေါ့ဗျ”

“ကဲ . . . ဒေါင်းဒေါင်း၊ ဦးပုညသားနဲ့တော့ တုပြီးရန်ဖြစ် မနေနဲ့ ကိုပုကျယ်သာလိုက်ရှာရအောင်”

ကိုရေချမ်းက ‘ကိုပုကွ’ဟုခေါ်ပေမယ့်၊ ဒေါင်းဒေါင်းတို့ က ကိုပုကျယ်ဟုခေါ်သည်။

“သွားတော့ ဒေါင်းဒေါင်းရှောင်း”

ဟု ထန်းပင်ပေါ်မှ အော်သံကို သူတို့မကြားတော့။

ကိုရေချမ်းထန်းရေအိုးသွားပို့သောအခါ ဒေါင်းဒေါင်းတို့ ဆက်ရက်အုပ်နှင့် ထပ်တိုးသည်။

“ဟာ . . . ကိုပုကွကလည်းဗျာ၊ ငတ်ချင်ငတ်သေပလေ့ စေ၊ မိန်းကလေးတွေကိုတော့ ထန်းရည်ရောင်းမစားဘူးဗျာ”

“ဘာလို့လဲ”

“ကျမ်းဂန်နဲ့မညီလို့”

“အောင်မယ် . . . အောင်မယ်။ ထန်းတက်သမားက လူပါး၀





လို့ ကျမ်းဂန်နဲ့ယှဉ်ပြီးပြောနေ။ ဘယ်ကျမ်းဂန်နဲ့ယှဉ်ပြီးပြော တာလဲ . . ပြော”

ဟု ဒေါင်းဒေါင်းက ဝင်ပြော၏။

“ကျီးကန်ရှင်ကြီးလေ”

“ဩော် . . . ရှင်တို့ရွာက ကိုရှင်ကြီးပေါ့နော်”

“အင်း . . . ခင်ဗျားတို့က မြန်မာမိန်းကလေးဖြစ်ပြီး ကျီးကန် ရှင်ကြီးမေတ္တာစာတောင် မသိဘူးဆိုတော့ . . . ထန်းရည်သောက် တာလည်း မဆန်းတော့ဘူးပေါ့။ နောက်ဆိုရင် အရက်ပုလင်း ခါးထိုးပြီး ထဘီတော်ဝင်သိုင်းနေဦးမလားမသိဘူး”

“ဟ . . . ဟ . . . နေဦး ဆရာချမ်း။ သူတို့သောက်တာတ ထန်းရည်အခါးမဟုတ်ဘူးဗျ။ ထန်းရည်အချိုကို ပြင်းအောင်စ ပေးထားတဲ့ ထန်းရည်ချိုပြင်းရှယ်ပေါ့ဆရာချမ်းရာ . . . ရှယ်ပေါ့”

“ဟာဗျာ . . . ထန်းရည်ချိုလည်း ထန်းရည်ဘဲဗျ၊ တစ်တက် စားလဲ ကြက်သွန်၊ နှစ်တက်စားလဲ ကြက်သွန်ပဲ။ ကျွန်တော်တ သုရာမေရိယကံကို နေ့တိုင်းထိန်းသိမ်းတယ်ဗျ။ ကျွန်တော့်လို . . . ယောကျ်ားလေးတောင်မှမသောက်တာ သူတို့ကလွန်တာပေါ့။ သွား မယ်ဗျာ . . . ဆွမ်းချိန်နီးနေပြီ”

“ဟင် . . . ဒါကိုပုကျယ်ရဲ့ ထန်းတက်သမားမဟုတ်ဘူးလား ထန်းတက်သမားက ထန်းရည်မသောက်ဘူးရယ်လို့ . . . ‘ကျားသ မိုးကြိုး’ဟု ဒေါင်းဒေါင်းက လှမ်းအော်၏။

“ညည်းလူက ဘုန်းကြီးကျောင်းသား ကပ္ပိယနေမှာပေါ့ဟာ”

ဟု ပိန်ပိန်ရှည်ရှည် မိန်းကလေးက မေးငေါ့ပြောသည်။

“ဟဲ့ . . . မိဒွန်း၊ ငါ့လူမဟုတ်ဘူးဟဲ့ . . . ညည်းလူ ညည်းလူ”

“ရုပ်ကတော့မိတယ်ဟော့။ ယောင်တစ်စောင်းထုံးထားတော့ သခင်ကိုယ်တော်မှိုင်းနဲ့ခပ်ဆင်ဆင်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟယ်. . . ချဉ်ပေါင်ရွက်သယ်မောင်မှိုင်းပါ"

"ငါ့အိပ်မက်,မက်ထားတဲ့လူ"

ဟု နှုတ်မှမပြော စိတ်ထဲမှဖြေရှင်းနေမိသည်။

ဆက်ရက်အုပ်ကိုကျော်ခိုင်းပြီး ကိုရေချမ်းထန်းပင်တွင် ကပ်ထောင်ထားသည့် စက်ဘီးစီး၍ထွက်ခဲ့သည်။ ဦးပိန်တံတားပေါ်မှာ စက်ဘီးဖြတ်စီးရတာ နားပါအလုပ်ရှုပ်၏။ မညီမညာခင်းထားသော ပျဉ်ချပ်တွေက စက်ဘီးဖြတ်စီးတိုင်း 'တဂျောင်းဂျောင်း'မြည်နေသည်။ ကန်ရေပြင်ခမ်းနေသော တစ်ဝိုက်မှာလည်း လှည်းတစ်စီးဖြတ်မောင်းသွား၏။ ဖုတ်တထောင်းထောင်းထ၍ကျန်ခဲ့သည်။ ချောင်းလိုဖြစ်နေသော ရေစီးချောင်းတစ်ဝိုက်မှာ ငါးမျှားနေသောသူတို့ အစီအရီ. . .။

"နောင်. . . နောင်"

"ဒူ. . . ဝေ. . . ဝေ. ."

ကျောင်းမှာ ဘုရားဆွမ်းကပ်ပြီးချေပြီ။ ခဏနေရင်ဆရာတော်ကြီးကို ဆွမ်းကပ်ရတော့မည်။ ကိုရေချမ်းအချိန်မီစေရန် စက်ဘီးကိုအရှိန်မြှင့်၍ နင်းလိုက်သည်။

■



## အခန်း (၃)

"ကိုပုက္ခ. . . ကိုပုက္ခ"

"ဟာ. . . ဆရာချမ်း စောလှချည်လားဗျာ။ ခင်ဗျားကို ထန်းတက်သင်တန်းပေးနေသမျှ ကျွန်တော်ကတော့ အိပ်ရေးပျက်နေဦးမှာပဲထင်တယ်"

"သြော်. . . ကိုပုက္ခကလဲဗျာ။ ဆရာတော်ဘုရားကို အရှက်ဆွမ်းကပ်ပြီး ဘုရားရှိခိုးပြီး. . . အဲဒါပြီးရင် ကျွန်တော်ဘာပြန်လုပ်မလဲဗျာ။ ပြန်အိပ်လို့ကလည်း ဆရာတော်ဘုရားက မကြိုက်လက်ဖက်ရည်ဆိုင်လည်းမထိုင်တတ်တော့ ခင်ဗျားဆီရောက်လာတာပေါ့။ ကျွန်တော်လက်ဖက်ရည်လည်းမကြိုက် အိမ်လည်းမလည်တတ်၊ အဲဒီတော့. . . ထန်းတက်မယ်၊ နောက်ပြီး ခင်ဗျားဒဿနတွေကို လေ့ကျင့်သင်ကြားမယ်ဗျာ"

"ဟာ. . . ဆရာချမ်းကလဲ၊ ကျွန်တော့်ကို မိုးကြိုးပစ်နေပါဦးမယ်ဗျာ။ ကကြီးကို ပုတ်လောက်ရေးပြတာတောင်မသိတဲ့ကောင်က ဘာဒဿနတွေ ပြောတတ်နေဦးမှာလဲဗျာ"

"သြော်. . . ကိုပုက္ခကလည်း အဲဒီလို ဘာမှမသိဘူးလို့ပြောတာကိုက ရိုးသားမှုဆိုတဲ့ ဒဿနပေါ်လာတာ။ ဘဝဒဿနဆိုတာ စာရေးတတ်မှသိတာမဟုတ်ဘူးဗျ။ ဘဝပေးသင်ခန်းစာတွေအရ



www.burmeseclassic.com

www.burmeseclassic.com



သိရတာ။ ကျွန်တော့်ရဲ့ အတွေးအခေါ်ကိုက ဘဝဒဿနတွေကို ကျောင်းခန်းထဲမှာ စာသင်သလို သင်လို့မရဘူး။ လူတွေကြားထဲမှာ ရှာပြီးသင်ရမယ်လို့ ခံယူထားတယ်ဗျ။ လောလောဆယ်တော့ ကိုပုက္ခက ကျွန်တော့်ရဲ့ပါမောက္ခပဲဗျ။ ထန်းတောလုပ်ငန်းပါမောက္ခ။ ကျွန်တော်လေ့လာမှာက ထန်းတက်သမားရဲ့ဘဝပဲလေ"

"ရှားတယ်ဗျာ. . . ကျွန်တော်တို့ထန်းသမားတွေရဲ့ ဘဝကို လေ့လာတဲ့သူဆိုလို့ ခင်ဗျားတစ်ယောက်ပဲရှိသေးတယ်"

"ဘယ်ကမလည်းဗျာ။ ဝန်ကြီးပဒေသရာဇာလည်း ရှိသေးတယ်ဗျ။ ဝန်ကြီးပဒေသရာဇာက ထန်းပင်တက်ပြီး လေ့လာသလား မလေ့လာဘူးလားဆိုတာတော့ ကျွန်တော်မသိဘူး။ လောလောဆယ် ကျွန်တော်က ထန်းပင်တက်ရမယ်၊ ထန်းရည်ချရမယ်၊ သွားမယ်ဗျို့"

"ဟာ. . . ဆရာချမ်းနေဦးဗျ။ မနေ့က. . ဒေါင်းဒေါင်းတို့ပေးသွားတဲ့ ကိတ်မုန့်တစ်လုံးရှိတယ်။ ကျွန်တော် လက်ဖက်ရည်ပြေးဝယ်လိုက်ဦးမယ်"

"ဟာ. . . မလုပ်နဲ့ ကိုပုက္ခ။ ထန်းတောထဲနေ ထန်းပင်တက်ခွပြီး ကိတ်မုန့်စားတာကတော့ ထန်းတောကို သစ္စာမဲ့ရာကျလွန်းတယ်ဗျာ။ ခါတိုင်းလိုပဲ ပဲပြုတ်နဲ့ ထမင်းကြော်စားမယ်။ နောက်ရေနွေးကြမ်းနဲ့ ကြိုက်ချမယ်. . . အိုကေပဲ။ ပဲပြုတ်နဲ့ ထမင်းကြော်မရှိရင် ထန်းသီးမုန့်သွားစားမယ်"

"ယာတောရဲ့အလယ်မှာ. . . ငါပြောမယ် ရွှေရှင်ဘုရင်ရဲ့ နှင်ဆင်ခြင်ပါအုံး. . . နှင်ဆင်ခြင်ပါအုံး. . . ဟုန်းဟုန်း. . . တူပျောင်. . . ဒုပျောင်"

"ဟာဗျာ. . . ကိုပုက္ခကလည်း ထန်းတောရဲ့အလယ်မှာ လုပ်ပါဗျာ။ ဒါက. . ယာတောမှမဟုတ်ဘဲ။ ထန်းတောဗျ. . ထန်းတော"





"'ဩော် ဆရာချမ်းကလဲဗျာ. . . အဲဒီသီချင်းပေါ်တုန်းက ကျုပ်တို့ထန်းတောနေရာက ယာတောလေဗျာ။ ကာလရွှေ့လျောတော့ ထန်းတောဖြစ်သွားရော။ မြို့စာရေးမောင်ပိန်တို့၊ ဘိုင်ဆတ်တို့၊ ကြက်တိုက်၊ လိပ်တိုက်၊ နွားတိုက်လုပ်တဲ့ ဦးပိန်တံတား ဟိုဘက်ကမ်းဟာ အခုတော့. . . ဆိုင်တန်းတွေဖြစ်ကုန်ရော။ မြို့စာရေးမောင်ပိန်က 'ဦးပိန်၊ ဦးပိန်'နဲ့ အခုဟိုးလေး တကျော်သမိုင်းဝင်ဖြစ်နေရော၊ မယ်ဝဏ္ဏဟာ ဒီတစ်ဘဝထဲမှာပဲ အခြေအနေအရ ပန်းစားဘီးလူးမယ်ဝဏ္ဏဖြစ်ရပြန်ရော။ နောက်တောင်နံသမန်အင်းဘေးမှာ ရတနာ့ဂူမယ်တော်အဖြစ် ကျော်ကြားနေပြန်ရောဗျာ။ ကာလရွှေ့လျောရင် ဒီလိုပဲပြောင်းလဲတတ်ကြတာ. . . ဆရာချမ်းရ"

"ဟုတ်ပြီ. . . ငါ့ဆရာကိုပုက္ခ ဘွဲ့ရဒဿနတွေ ထွက်လာပြီ။ အချိန်ဆိုတဲ့ ကာလယန္တရားကြီးရဲ့ဝါးမြိုမှုခံလိုက်ရရင် အရာရာဟာ အပြောင်းအလဲများတာပဲ။ ဟုတ်တယ်မဟုတ်လား ကိုပုက္ခ"

"ကျန်သေးတယ် ဆရာချမ်း၊ မြတ်စွာဘုရားဟောခဲ့တဲ့ အနိစ္စ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးကတော့ အချိန်တွေဘယ်လိုပြောင်းပြောင်း. . . သူကမပြောင်းဘူး ဒီအတိုင်းပဲဗျ"

"ဖျောက်"

"မှန်လိုက်လေ ဆရာပုက္ခရာ။ ခင်ဗျားက ဘဝဒဿနတွေပါပိုင်တာကိုးဗျ"

"မဟုတ်ဘူးဆရာချမ်း။ ကျွန်တော်က ဒီသုံးမျိုးထဲပိုင်တာ ကျန်တာတော့ဘာမှမသိ၊ ဘာမှမရှိ"

"ဘာမှမသိ၊ ဘာမှမရှိတာကိုက ဒဿနတစ်ခုပဲ။ မသိခြင်းဆိုတဲ့ဒဿန။ ဒါပေမဲ့. . . ခင်ဗျားညာနေပြီနော်။ထန်းတက်ခြင်းဆိုတဲ့ပညာရပ်တွေသိကြောင်း ခင်ဗျားဖွင့်မပြောတော့ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အရှိတရားကို ဖေါက်ပြန်ခြင်းပဲ"

"ဘွာတေး . . . ဆရာချမ်း . . . ဘွာတေး"

"ကိုပုကွ . . . ကိုပုကွ၊ ထန်းရည်မရသေးဘူးလား"

"ဟေ့ကောင် . . . ညုပ်စိ။ ငါ့ကို 'ပုကွ'လို့ခေါ်နေသမျှ မင်းတို ထန်းရည်မရောင်းဘူးကွ"

"ခင်ဗျားကလည်း . . . ကျွန်တော့်ကို ညုပ်စိလို့ခေါ်တာပဲဗျ၊ ခင်ဗျားမရောင်းရင် မသောက်ဘူးပေါ့ဗျ"

"အေး . . . မင်းငါ့ထန်းတဲက ထန်းရည်မသောက်ရင် ဘယ်မှာမှ ထန်းရည်အခါးမရောင်းတော့ မသောက်ရတော့ဘူး . . . ငတ်ပေါ့"

"ဟာ . . . ကိုပုကွ။ ခင်ဗျားက စီးပွားရေးမျက်စိလည်း ဘယ်ဆိုးလို့လဲ။ ဒါက . . . မိုနိုပိုလိုက်(စ်)လုပ်တယ်လို့ခေါ်တယ်ဗျ။ စီးပွားရေးလက်ဝါးကြီးအုပ်ဝါဒပေါ့ဗျာ"

"ဘယ်ကဟုတ်ရမှာလဲ ဆရာချမ်းရာ၊ ကျုန်တို့လူတွေက ငရဲကြောက်လို့မရောင်းကြတာ။ ကျွန်တော်ကတော့ ငရဲမကြောက်လို့ရောင်းတာ။ ဒါပေမဲ့ . . . မပူပေါင်ဗျာ။ ငရဲကျရင် ကျွန်တော်နဲ့ အဖော်လိုက်မယ့်သူတွေအများကြီးဘဲ"

"ကျွန်တော်တော့ မလိုက်ဘူးဗျို့ . . . သွားပြီ"

ဆိုကာ ထန်းရည်ထည့်မည့်ပလပ်စတစ်ပုံးထမ်းကာ ကိုရေချမ်းတစ်ယောက် အနားကထွက်သွားလေတော့သည်။

ကိုရေချမ်းတစ်ယောက် ချွေးတဒီးဒီးကျနေပြီ။ နေကလည်း ဖြည်းဖြည်းမြင့်တက်လာ၏။

ဟိုဘက်ကမ်းရှိ လက်တံပြိုင်းပြိုင်းကျနေသည့် လက်ပံပင်များမှ . . . လေဟုန်စီးကာဆင်းလာသည့် လက်ပံပွင့်ရွက်ကြွေများတို အစီပွာယ်မဲ့ကြည့်နေမိသည်။ သြော် . . . သူတို့လိုလွတ်လပ်မှု





အရသာကို ခံစားခွင့်ရရင်သိပ်ကောင်းမှာဘဲ။

ထိုစဉ်တံတားမှ စက်ဘီးဖြတ်စီးသည့် တဂျောင်းဂျောင်းမြည်သံကိုကျော်၍ အသံတစ်သံပျံ့လွင့်လာသည်။

"ကယ်တော်မူကြပါ . . . ကယ်တော်မူကြပါ"

"ဗုဒ္ဓေါ . . ."

ကိုရေချမ်းထန်းပင်ပေါ်မှ ရင်းဆွဲအတိုင်း ကမန်းကတန်းဆင်းလိုက်သည်။ အဲဒီနောက် . . . ကမ်းပါးစပ်ကိုပြေးကာ ရေထဲသို့ စွပ်ကနဲ ဒိုင်ပင်ထိုးဆင်းငုပ်လိုက်သည်။ လက်ကလေးမြှောက်လျှက်သား လူတစ်ဦးရေထဲနစ်မြုပ်သွားသောနေရာကို မြင်ထားသမျှမှန်း၍ ကူးသွားလိုက်သည်။ နောက်တစ်ကြိမ် အဲဒီလူ့ပြန်အပေါ်တွင် ဆံပင်ကိုလှမ်းဆွဲလိုက်ရာ . . .

"ဖရှူး . . . ဖရှူး"

ဟု ရေမှုတ်ထုတ်သံတွေကြားရသည်။ ကိုရေချမ်းအားရေနစ်သူမှလှမ်း၍ ကုတ်တွယ်နေ၏။ ရင်းမျက်နှာကို တစ်ချက်ဖြတ်၍ မူးမေ့သွားအောင်ရိုက်လိုက်သည်။ နောက်ဆံပင်အတိုင်းဆွဲကာကူးလာ၏။ ခြေထောက်,ထောက်မိသောအခါ မေ့နေသော သူ့ကိုပွေ့လိုက်၏။

"ဟိုက် . . . ဘာမှမပါဘူးဟ"

ဟု ကိုရေချမ်းအော်ရင်း မျက်လုံးပြူးသွား၏။

"ကမ်းပေါ်က မိန်းသမီးတွေ ထဘီအပိုပါသလား"

"မပါဘူးဗျို့ . . . ခင်ဗျားဘာသာကြည့်ရှင်း"

"ဒုက္ခပါပဲ"

ကိုရေချမ်းညည်းညူရင်း . . . လူတစ်ယောက်ထိုင်ခန့်နက်သောနေရာရောက်သောအခါ . . . အမျိုးသမီးကို ပွေ့၍ထား၏။ ထိုင်လျက် လူကိုမှီထားစေ၏။ ထို့နောက် အမျိုးသမီးကိုမှာက်ခုံ

www.burmeseclassic.com



ထားကြည့်လိုက်သည်။ ကြောမှာဘာအမှတ်အသားမှမတွေ့၍ ခေါင်းကိုခါလိုက်မိသည်။ ကိုရေချမ်း ကိုယ့်ပုဆိုးကို ခေါင်းမှချွတ်လိုက်သည်။ နောက်. . . ရေနစ်သူအမျိုးသမီးကို ဝတ်ပေးလိုက်၏။ ထဘီရင်ရှားပဲ ဝတ်ပေးလိုက်သည်။ ရေနစ်သူကို ငုံ့ကြည့်လိုက်၏။

"ဟိုက်. . . ပြဿနာဒေါင်းကြီးပါလား။ သတိရမလာခင် ငါမြန်မြန်လစ်မှ"

ဟု ပြောရင်း ပါးစပ်မှမှုတ်၍ လေသွင်းလိုက်သည်။ နောက် ဒေါင်းဒေါင်းကို ပုခုံးပေါ်ထမ်း ပြီး ကမ်းစပ်ကို အရောက်ပြေး၏။ နောက်ဒေါင်းဒေါင်းကို ထမ်းလျှက်ခေါက်တုန့်ခေါက် ပြန်ပြေး၏။ ရေတွေ တဝေါ့ဝေါ့အန်ကျလာသည်။ ဒေါင်းဒေါင်းကိုမှောက်ခုံထားပြီး အရေးပေါ်ကုသနည်းတွေလုပ်ပေးတော့၏။

"ညည်းတို့သူငယ်ချင်းဒေါင်းဒေါင်းကို ညည်းတို့ဆက်ပြီးရှင်းပြကြတော့။ သတိရလာပြီ. . . ငါတော့လစ်ပြီဟေ့"

"ဟာ. . . ဆရာချမ်း၊ နေပါဦး. . . ရှင်းပြစရာရှိလို့"

"တော်ပြီဗျို့. . . ကျုပ်မျက်နှာပူတယ်ဗျ"

ဟုဆိုကာ ကိုပုကွ၏တဲဘက်သို့ ထွက်သွားလေတော့သည်။ ကိုရေချမ်းလည်း စိတ်ထဲမှာတော့ မှတ်ထားလိုက်သည်။ ငါအိမ်မက်သောမိန်းကလေးကို ကယ်လိုက်ရသည်ဟု။

"ဟာ. . . ဆရာချမ်း၊ ဘောင်းဘီတိုကြီးနဲ့ ဘယ်လိုဖြစ်လာတာလဲဗျ။ ဘောကန်မလို့လား"

"မေးမနေနဲ့ဗျို့။ ခင်ဗျားပုဆိုးတစ်ထည်ခဏငှားလိုက် ဆရာတော်ဆွမ်းကပ်နောက်ကျလို့မဖြစ်ဘူး သွားတော့မယ်"

ဟုဆိုကာ ထန်းပင်ဘေးရှိ စက်ဘီးကိုနင်းကာ ထွက်သွားလေတော့သည်။

"အင်း. . . ငါ့ဆရာချမ်းတော့ဒုက္ခပဲ။ ပုဆိုးကို ဘယ်သူ





တောင်းစားချွတ်လုယူခဲ့လဲ မသိဘူး။ အဲဒါထက်ခက်တာက ငါ့မှာတပုဆိုးနှစ်ထည်ပဲရှိတာ။ သူကတစ်ထည်ယူသွားပြီဆိုတော့. . . ဒီနေ့ရေချိုးဖို့ကအခက် ညရောက်မှချိုးရတော့မှာပေါ့ဟာ"

ဟု မဲလုံးကိုပြောသလိုလိုနှင့် တစ်ယောက်တည်း ညည်းညည်းညူညူပြောလိုက်သည်။

"ဝုတ်. . . ဝုတ်. . . ဝုတ်"

"အောင်မာ. . . မောင်မဲလုံးက ငါ့ကို ပုဆိုးတစ်ထည်ပဲရှိတဲ့ကောင်ဆိုပြီးတော့ ဟောင်တာပေါ့လေ။ ဟဲ့ကောင်. . . မှတ်ထား။ မင်းဟောင်ရမှာက လူဆိုး၊ သူခိုး ကိုယ်ကျင့်တရားမရှိတဲ့ကောင်။ ငါကပုဆိုးတစ်ထည်ပဲရှိပေမယ့် ကိုယ်ကျင့်တရားမပျက်ဘူး။ အဲဒီတော့. . . ငါ့ကို ဟောင်စရာမလိုဘူး။ မင်းမှတ်ဉာဏ်တွေ မှားနေပြီ။ အဲဒါကြောင့် ခွေးဖြစ်နေတာ"

ဟု ဆိုကာ ဝါးခြမ်းဖြင့်တီးလိုက်သည်။

"ကိန်. . .'

ဟု အော်ကာ. . . မဲလုံးပြာတစ်ကောင် ထန်းလက်ပုံကြားသို့ တိုးဝင်သွား၏။

"တစ်ခါတစ်ခါ မှတ်ဉာဏ်မှားတဲ့ သတ္တဝါတွေကို မှတ်ဉာဏ်တွေနိုးကြားလာအောင် ခပ်စပ်စပ်ကလေးနာကျဉ်အောင် လုပ်ပေးရတယ်ဆိုတဲ့ ဆရာချမ်းစကားက တော်တော်မှန်တာပဲ . . . ခွေးမဲလုံးပြာရေ"

"အိုင်. . . အိုင်"

ဟု မဲလုံးပြာက ကျိန်ဆဲလိုက်သလား။ ညည်းတွားလိုက်သလားမသိသောအသံကိုပြုလျှက် အော်ဟစ်လိုက်တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ရတနာ့ဂူပွဲစကာနီးအချိန်မို့ ဘုရားဖူးတွေ၊ နတ်ပွဲလာသူတွေ များများစားစား မရှိကြသေးပါ။ ဈေးဆိုင်ဖွင့်မည့်သူတွေပဲ ဖြိုးဖြိုးဖျောက်ဖျောက်ရောက်နေကြသည်။

ထိုစဉ် ဆန်နီဆူပါဆလွန်းကားအဖြူလေးတစ်စီး ကားစတင်းသို့ ထိုးဆိုက်လာသည် မိန်းကလေးသုံးယောက် ကားပေါ်ကဆင်းသွားသည်။ အဲဒီ ကားနောက်တွင် လင့်ခရူဇာကား ဆင်းစွယ်ရောင်တစ်စီး လျှောကနဲ ထိုးဆိုက်လာသည်။ လင့်ခရူဇာကားပေါ်ပါလာသော ကိုလူချော စဉ်းစားကြည့်သည်။ ဒီရတနာ့ဂူနတ်ပွဲသို့လာသည့် မိန်းမတစ်သိုက်ထဲမှာ. . . သူစိတ်ဝင်စားမိသော မိန်းကလေးတစ်ယောက်ပါလာသည်။ ဘာကြောင့် နတ်ပွဲကို စိတ်ဝင်တစားလည်ပတ်လေ့လာကြတာလဲ။ ကိုလူချော စဉ်းစား၍မရ။ လက်တွေ့ဆန်ဆန်ဘဝကို ရင်ဆိုင်ဖြေရှင်းသူများအဖို့ နတ်ပွဲကို လာရောက်ခြင်း၊ နတ်ကိုပူဇော်ပသခြင်း၊ နတ်ကို ဆိုင်းဝိုင်းများ တီးလုံးများဖြင့် ချော့မော့ကာ မိမိလိုရာဆုတောင်းခြင်းတို့အား၊ အချောင်သမားအလုပ်ဖြစ်သည်ဆိုခြင်းကို လက်တွေ့သမားတိုင်းသိလည်း မိမိလိုလားတောင့်တသော ရည်မှန်းချက်(ဝါ) မိမိပြီးပြည့်စုံစွာရလိုသော ဆန္ဒများအတွက်အား Autosuggestion တနည်း





ဖြင့် မိမိရဲ့ မသိစိတ်ကို စေခိုင်းကာ မိမိဖြစ်လိုသော လမ်းကြောင်းအတိုင်း စိတ်ကိုမောင်းနှင်ပေးနိုင်သော်လည်း အခုနတ်ကို ပသကိုးကွယ်ခြင်းအား ဒီလိုမဟုတ်ပါ။ မိမိ၏ မသိစိတ်ကို မိမိဘာသာတိုက်ရိုက်မခိုင်းမှုဘဲ၊ နတ်အစရှိသည့် တန်ခိုးရှင်တစ်ဦးဦး အကူအညီဖြင့် ခိုင်းစေခြင်းသာဖြစ်ပေသည်။

ထိုစဉ် ရတနာ့ဂူနန်းမကြီး၌ ကန္နားပေးနေချိန်နှင့် ကြုံရသည်။ ခမ်းနားသော မြန်မာ့ဆိုင်းဝိုင်းကြီးမှ နတ်ဒိုးသံ 'ထိ. . . ပေ. . ပေ့'သည် ဆိုင်းချက်ညီစွာမြည်ဟီးလျှက် ရှိသည်။ သူ့ရိုးရာအတိုင်း ကကွက်တာဝန်ယူထားသည့် မိန်းမလျာတစ်ဦးက ဘီလူးခေါင်းဆောင်းထားသည့် မယ်တော်မယ်ဝဏ္ဏအခန်းကို ကနေချိန်ဖြစ်သည်။

တီးဝိုင်းရှေ့ရှိ လူအုပ်ထဲမှ အသားညိုညို၊ အရပ်အမောင်းကောင်းကောင်း၊ အဝါနုရောင် ဝမ်းဆက်ဝတ်ထားပြီး ရွှေတွေညွတ်နေအောင် ဝတ်ထားသော အမျိုးသမီးတစ်ယောက် လူကြားထဲ တိုးဝှေ့ထွက်ကာ သပြေပန်းခက်ကိုင်ကာ ကပါလေတော့သည်။ ဆိုင်းချက်ကား တီးလုံးပို၍ကြမ်းလာသလို အသံလည်း ပို၍ပြင်းလာသည်။ အဆိုပိုင်နိုင်သော အမျိုးသမီးတစ်ဦးကလည်း

"တောင်တော်ရွှေပုပ္ပါး"

သီချင်းကို သူ့အသံသြသြကြီးဖြင့် နတ်ဒိုးသံတိုက်နေသည်။

"မချိုဟေ့ . . .၊ မချိုက,တာက နတ်ကတော်အစစ်ထက် အကကောင်းနေတယ်ဟေ့၊ သူ့ယောကျ်ားတွေ့ရင်တော့ အရိုက်ခံရတော့မှာဘဲ"ဟု မြှောက်ပင့်သလိုလိုနှင့် အတင်းနှက်နေကြသည်။

ပုပ္ပါးမယ်တော်ဝင်သည်ဟု သရုပ်ဆောင်နေသော မာလေးကွန်းကား လူအုပ်ထဲမှာဆက်သော ဗမာနှင်းဆီပွင့်တွေကို အားရပါးရဝါးစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇုတ္တမယ်တော် ပန်းဆက်ဖို့ . . . လာသော် လာသော်"

ဟု နတ်ဒိုးသံအား ပိုမိုပြင်းထန်စွာ တီးခတ်နေဆဲ၊ ဘေးမှ မဆီမဆိုင်ကနေသော မချို ခြေလက်ခေါင်းစည်းချက်ကျကျ အက မှာကား ကြည့်နေသောလူအုပ်ကြီးအတွက် စိတ်ဝင်စားစရာ အကောင်းဆုံးကကွက်တစ်ခု ဖြစ်နေပေပြီ။

ထိုစဉ် ဆူပါဆလွန်း ကားပေါ်မှ သားသားနားနား မိန်းကလေးသုံးဦးထဲက အလယ်ရှိ မိန်းကလေးသည် တဆတ်ဆတ် တုန်လာလျက် စိတ်နယ်လွန်ဖြစ်ရပ်တစ်ခု၏သင်္ကေတတစ်ခုကို ပြလျက်ရှိနေပေပြီ။

"ဟာ. . . ဟိုကောင်မလေးချောချောကို တကယ့်ပူပွားမယ် တော်ကြီးဝင်နေပြီဟေ့. . . သွားမေးကြ၊ သွားမေးကြ"ဟု အော်ရင်း လူစုလူဝေးကြီးလည်း ထိုမိန်းကလေးသုံးဦးအနီးသို့ ဝိုင်းအုံလာ ချေပြီ။

လင့်ခရူဇာပိုင်ရှင်ကိုလူချော မနေသာတော့ပြီ သူနှင့်အတူ ပါလာသော တပည့်သုံးယောက်နှင့်အတူ ၎င်းမိန်းကလေးသုံး ယောက်နှင့် လူအုပ်ကြားတွင် လက်ယှက်ထိုးဝင်ရောက်နေရာယူ လိုက်ကြသည်။ နောက်. . . ၎င်းအနီးအနားရှိ ရာဇမတ်ကွက်တိုင် များကို ရွေ့ကာ လူအုပ်ရှေ့တိုးလို့ မရအောင် ပိတ်၍ချထားလိုက် သည်။

"ငါက ဟိုးတကောင်းခေတ်တုန်းက ဘုရင့်သမီးတော် စန္ဒ ဒေဝီဘဲ၊ ငါ့ရဲ့မောင်တော် မင်းလက်ဝဲနဲ့အတူ ရေခဲပြည်အောက်မှာ တိုင်းပြည်တည်ထောင်ပြီးနေခဲ့ကြတယ်"

အဲဒီအခါ လူအုပ်ထဲမှာရောက်နေသော တစ်ယောက်က အတို့အထောင်ဖြင့် ဆက်မေးသည်။





"အဲဒီဘုရင့်သမီးတော်ဘဝကနေ ဘယ်လဝကို ရောက်ပါ သလဲ မယ်တော်ဖျာ့"

ဟု မေးလိုက်သောအခါ

"အဲဒီ ဘုရင့်သမီးတော်ဘဝ စန္ဒဒေဝီဘဝတုန်းက ငါ့အစ်ကို ဝမ်းကွဲတော် မင်းလက်ျာနန္ဒာ မိဖုရားလေးပါး သီဟရတနာ၊ ရူပနန္ဒာ၊ ကုန္ဒမာလာ၊ သီရိပရမာလာတို့ တစ်ပြိုင်နက်တည်းပေါ်ပြီး ဒုက္ခရောက်နေတဲ့အချိန်"

"ဟုတ်ပြီ. . . ဟုတ်ပြီ"

"အဲဒီအချိန်မှာ ငါ့မောင်တော် မင်းလက်ဝဲကလည်း အဲဒီ မိဖုရားလေးပါးကို ရွှေစိတ်တော်ကူးလို့ အရှုးအမူးဖြစ်သွားရော ဟေ့"

"ဆက်ပါဦး မယ်မယ်ဖျာ့"

မချိုက လက်အုပ်လေးချီကာ ဟန်ကျ ပန်ကျ ဝင်နှောနေချေ ပြီး ဒီအကြောင်းတွေ မပြောချင်ဘူး စိတ်နာတယ်"

"ဒါဆို ပြောလို့ရတဲ့အကြောင်းဆက်ပါဦး မယ်မယ်ဖျာ့"

"ငါ. . . မနူဟာမင်းရဲ့သမီးတော်ဖြစ်တော့ ငါဟာ ပုပ္ပား တောင်တစ်ဝိုက်မှာပဲနေခဲ့တာ။ ဒါပေမဲ့ မွေးစားဖခင်အနော်ရထာ က ငါ့ရဲ့လုံခြုံရေးအတွက် ပန်းစားဘီလူးမရယ်လို့ နာမည်ပေးထား လိုက်တာ"

"တကယ်ကော ပန်းတွေစားလို့လား. . . မယ်မယ်ဖျာ့"

"အေး. . . ဟုတ်တယ်၊ ငါက မွေးကတည်းက ထမင်းမစား ဘူး။ အသီးအနှံတွေနဲ့ ပန်းပွင့်တွေစားတယ်။ ငါစားတဲ့ ပန်းက မဇ္ဈူသကနတ်ပန်း။ အဲဒါကြောင့် ပန်းစားဘီဘူးမလို့ အမည်တွင် တယ်ဟေ့. . . ဘာဖြစ်လဲ"

"ပြောပါဦးဖျာ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာတင် ဘုရင့်အတွက် ပန်းဆက်ရတဲ့ ဗျတ္တနဲ့တွေ့တယ်"

"ပြောပါဦးဖျာ့"

"အင်း အဲဒီဇာတ်လမ်းပြောရရင် အဟောင်းတွေ အသစ်ဖြစ်တယ်ဟေ့"

ဟု အစချီရင်း ပန်းစားဘီလူးဇာတ်လမ်းကို စတင်ပြောပြပါလေတော့သည်။

■



## အခန်း(၅)

အမှန်တော့ ခမည်းတော်မနူဟာမင်းက ပုဂံပြည်ထိလိုက်ပါလာတော့ သူ့ရဲ့ဝိဇ္ဇာခရေကျင့်စဉ်အရ ပိဋကတ်သုံးပုံ ရွှေစေတီနဲ့အတူ သထုံပြည်ရဲ့အရှေ့ဘက်က ကေလာသတောင် (အခု... ရွှေစာရံဘုရားတည်ထားသော သထုံအနီးက ကေလာသတောင်မဟုတ်ပါ။ တောင်တွင်းမှာကွယ်ထားသော ကေလာသတောင်ဖြစ်ပါသည်။) အနီးရှိ အရိမေတ္တယျဘုရားရှင်လက်ထက်ပေါ်လာမည့်ရွှေတွင်းကြီးအတွင်းမှာ ဆင်း၍တရားဓမ္မကျင့်ခဲ့သည့်အတိုင်းဆက်၍ ပုဂံမှာကျင့်ကြံအားထုတ်ခဲ့ပါသည်။

အနော်ရထာမင်းစောလည်း သထုံပြည်တွင် မင်းအဆက်ဆက်တို့ ကိုးကွယ်သော မွေတော်ဓာတ်မြတ်ကိုလည်းကောင်း၊ အစုံသုံးဆယ်သော ပိဋကတ်တို့ကိုလည်းကောင်း၊ သုံးဆယ့်နှစ်စီးသော ထိုမင်းဆင်ဖြူတွင်တင်၍ ဆောင်ယူတော်မူ၏။ ထိုမှတစ်ပါးလည်း သူ့ရဲသူ့ခက်နှင့်တကွ ဆင်မြင်းအလုံးအရင်းကိုလည်း အသီးသီးဆောင်ယူတော်မူခဲ့ပေသည်။ ထို့နောက် အနုပညာအတတ်၊ ပန်းပု၊ ပန်းရံအတတ်၊ ဆင်အတတ်၊ ဒိုင်းလွှားအတတ်၊ လက်နက်အတတ်၊ အမြောက် သေနတ်အတတ်၊ အကြော်အလှော်အပေါင်းအချက်အပြုတ်အတတ်၊ ပိဋကတ်ကျမ်းဂန်အတတ်,တတ်သသော အရိယာ

www.burmeseclassic.com



ရဟန်းသံဃာတို့နှင့်အတူ ပေါက္ကံရာမသို့ဆောင်ကြဉ်းတော်မူခဲ့သည်။ ပေါက္ကံရာမသို့ရောက်သောအခါ သထုံမှပါလာသောဝဏ္ဏရာဇကလျာ၏ ချောမောလှပသောသတင်းကြောင့် လက်ထပ်ထိမ်းမြားလိုသူ သတို့သားများပြားလှ၏။ သို့သော် သမီးတော်၏ သုံ့ပန်းအဖြစ်ဘဝသည်လည်း စိတ်အားငယ်လှဖွယ်ကောင်းလှချေ၏။

အနော်ရထာကိုယ်တိုင်သည်လည်း သမီးတော်၏ အဆင်းအလျား၊ ကိုယ်ဟန်အနေအထား၊ အနေအထိုင်ကို ဆင်ခြင်တော်မူ၍ အသနားစိတ်ပိုမိ၏။

ထိုသောအခါ သမီးတော်၏လျှောက်ထားတောင်းပန်ချက်အရ တောင်အရပ်တွင်ပဲ ဝိဇ္ဇာစရအကျင့်ဖြင့်နေလိုသည်ကို ခွင့်ပြုတော်မူလိုက်ရာ၊ ပုပ္ပားအရပ် စကားပန်းပင်တို့ပေါများရာဒေသတွင် နေထိုင်ခွင့်ပြုလိုက်ပေတော့၏။

သမီးတော်တစ်ဖြစ်လည်း မယ်ဝဏ္ဏအား တောတွင်းတွင် အခိုင်းအစေအနည်းငယ်နှင့် နေထိုင်စေခဲ့ရာ၊ မုဒိန်းတန္တများကျူးကျော်စော်ကားခြင်း မပြုနိုင်ရန်အလို့ငှာ၊ ပန်းစားဘီလူးမတောဟု ခေါ်ဝေါ်ပြီး လူတွေမဖြတ်သန်းရန် ပိတ်ပင်ခဲ့သည်။ အဲဒီလိုနဲ့တောထဲနေထိုင်ရင်း တစ်နေ့တွင်. . .

"ဟဲ့. . . ကျောက်ဇရပ်၊ ဟိုအပင်ပေါ်က သစ်ခွပန်းကိုကြည့်စမ်း၊ အနက်ရောင်မဟုတ်လားဟဲ့"

"ကျွန်တော်မျက်စိက အဝေးကို မမြင်နိုင်ပါ သခင်မလေးဖျာ့၊ ပန်းဆိုတာလောက်ပဲ သိပါတယ်ဖျာ့"

"ပဒိန်းကောင်တွေ. . . မေးလိုက်ရင် ဘယ်တော့မှ မသိဘူး။ တက်ခူးစမ်း"

ကျောက်ဇရပ် အပေါ်သို့တက်၏။ လူတစ်ရပ်လောက်





အရောက်တွင် လျှောကျ၏။

ကျောက်ဇရပ်က ပုတိုကိုတက်ခိုင်းပြန်၏။ ပုကွကွနှင့်သဖန်းပင်တက်ဝိဇ္ဇာဖြစ်၏။ ဒါပေမဲ့ လူတစ်ရပ်ထက် ပိုမတက်နိုင်၊ ပြန်လျှောကျပြန်၏။

ထိုစဉ် မြင်းခွာသံ တခွပ်ခွပ်ကို ကြားရသည်။

"ဟဲ့. . . ပဒိန်းကောင်တွေ သဏ္ဌာန်လုပ်သရုပ်နဲ့တူအောင်နေ"ဟု မဖုရားအမိန့်ပေးလိုက်သောအခါ

မဖုရား၏ကိုယ်ပေါ်တွင်လည်း ဘီလူးခေါင်းစွပ်၊ ကျန်တဲ့တပည့်များသည်လည်း ဘီလူးသူရဲကောင်းစွပ်နဲ့ ကိုယ်စီဖြစ်သွားကြပေပြီ။

"ညီမတော်ဝဏ္ဏရာဇကလျာ. . . ဘဇာ အခက်အခဲများတွေ့နေရပ"

"ဩော်. . . ဒီလူသား၊ ဘီလူးပိုင်နက်ထဲဝင်လာတာ အသားကို အစိမ်းလိုက်အစားခံချင်လို့ထင်ပ"

"ရှိစေတော့. . . ရှိစေတော့ နှမငယ်၊ နှမအခက်အခဲဖြစ်နေသောကိစ္စ မောင်ကြီးဖြေရှင်းပေးမယ်"ဟု ဆိုကာ မြောက်ချောပင်ပေါ်သို့ ကျောကပ်ကာ လက်နှစ်ဖက်နှင့်ပြောင်းပြန်ကိုင်ကာ အပေါ်သို့ ခဏနှင့်တက်သွားပြီးလျှင် သစ်ခွအနက်ကို ခူးယူခဲ့လေတော့သည်။

"ဟဲ့. . . ပဒိန်းကောင်တွေ၊ ဟိုမောင်ကြီး တက်သွားတာတွေ့လား၊ နင်တို့လို မပင်ပန်းဘူး၊ နင်တို့ အသုံးမကျတာသိပြီပေါ့"

"မှန်ပါ့မဖုရား. . . ယခုပုဂ္ဂိုလ်သည် လူမဟုတ် နတ်တန်ရာလော"ဟု အားလုံးတညီတညွတ်တည်း ဖြေကြကုန်၏။

ငင်းသစ်ခွနက်ကို ဘီလူးပုံဖမ်းထားသော မယ်ဝဏ္ဏရာဇကလျာထံ လူစိမ်းငယ်က ဆက်လိုက်သောအခါ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတော်တင်လိုက်ပါဘိ. . . မောင်ကြီးရယ်" ဆိုတော့. . .

ဒီသစ်ခွပန်းအနက်၏ ဆေးဖက်ဝင်အသုံးချပုံကို သိ၊မသိ မေးရာ မယ်ဝဏ္ဏမှ မသိကြောင်းပြော၍ မောင်ကြီးထံမှ သိဒ္ဓိဝင်ပစ္စည်းတစ်ခုနှင့် ပေါင်းစပ်ပါက ရှိန်းဆာယာပိုမောက်၍ ကိုယ်ပျောက်ကြောင်း မောင်ကြီးထံမှ သိရပေတော့သည်။ ဒီသိဒ္ဓိဝင်ပစ္စည်းပေးချေခြင်းနှင့် ထိုက်တန်အောင် ညီမတော်ထံမှ အခွင့်တစ်ခုပန်လိုကြောင်းပြောခဲ့၊ တောင်းခဲ့သည်။

နှမတော်၏မျက်နှာတော် အစစ်အမှန်ကိုမော်ဖူးလိုကြောင်း၊ ဘာဇာကြောင့် ဖူးလိုတယ်ဆိုတာ နောက်မှပြောလေသည်။

"အို. . . ဘယ်သို့ဆိုပ မောင်ကြီးရယ်၊ မောင်ကြီးရဲ့သိဒ္ဓိဝင်ပစ္စည်း တကယ်စွမ်းမစွမ်း ဘယ်သို့ယုံရပါလိမ့်"

"စောင့်လော့ နှမတော်"

ဟု ဆိုကာ မြင်းနှင့် အပြင်းနှင်သွားရာ ကမ်းပါးယံတစ်ခုဘေးမှ ရင်ကွဲတောင်ထိပ်သို့ရောက်သွား၏။ မြင်းပေါ်မှ မဆင်းဘဲလွှားကနဲ သစ်ပင်တစ်ပင်ပေါ်တက်သွားရာ (၁၀)မိနစ်ခန့်ကြာလျှင် သစ်ကိုင်းတစ်ကိုင်းကိုင်၍ မြင်းဖြင့် အပြင်းနှင်လာ၏။

"ဒီလူမြင်းစီးပုံက နတ်မြင်းပျံကို စီးနေတဲ့ နတ်စစ်သည်တစ်ယောက်နဲ့တူစွ ဟုတ္ထာ"ဟု ကျောက်ဇရပ်က အော်၏။ ကျန်ဘီလူးခေါင်းစွပ်သမားများက

"ဟုတ်ပ. . . ဟုတ်ပ နတ်နဲ့ တူစွလေ"ဟု ချီမွမ်းကြကုန်၏။

အဲဒီနောက် မဖုရား၏တပည့်တပန်းများကို ဖဲခွာလိုက်စေပြီး. . .

"နှမတော် လက်ထဲက သစ်ခွနက်ပေးစမ်းပါ"

ဟု ပြောပြီး. . . သစ်ခွနက်ကိုခေါင်းပေါ်ရှိ ပုဝါတွင် ထိုးလိုက်၏။ ကြိမ်ကိုဝင့်ပြီး ဂါထာတစ်ပုဒ်ဆိုလိုက်သောအခါ ကိုယ်





ပျောက်သွားလေတော့၏။

"မောင်ကြီး. . . မောင်ကြီး၊ ဘာဇာ့နှယ်ပျောက်သွားချိမ့်" ဟု တကြော်ကြော်အော်နေတော့၏။

"ဟော. . . ရောက်စေဗျား၊ အဲ. . . နှမတော်လည်း မြဲစေဗျား"

"မောင်ကြီးရယ်. . . ဒီသိဒ္ဓိဝင်ပစ္စည်းက နှမတော်အတွက် အလွန်အသုံးဝင်တာပဲ၊ ဒီအတိုင်းပေးလို့မရဘူးလား"

"မင်းမှာ သစ္စာ လူမှာကတိတဲ့ နှမတော်ရဲ့၊ အဲဒီသစ္စာကတိတည်မှ ဒီပစ္စည်းကလည်း အသုံးဝင်မှာ ယုံမှနှမတော်"

ဘယ်လိုမှ ပြောဆိုမရသောအခါ မဖုရားဝဏ္ဏရာဇကလျာလည်း ၎င်း၏ကြောက်မက်ဖွယ်ခေါင်းစွပ်ကြီးကို ချွတ်ဖယ်လိုက်လေရာ ပန်းဆက်သမားဗျတ္တ တချက်တည်းပါးစပ်ဟလျက် ကြက်သေသေ သွားချေတော့သည်။

"ဟုတ်ပါဘိ နှမတော်ရယ်၊ ဟုတ်ပါဘိ"

"ဘာတွေဟုတ်နေရတာလဲ မောင်ကြီးရဲ့"

"မောင်ကြီးရဲ့အစ်ကိုဗျတ်ဝိဟာလည်း သထုံသူမအိုဇာကြောင့် သေခဲ့ရတယ်။ အခု မောင်ကြီးလည်း နှမတော်ရဲ့ရုပ်သွင်ကို အိပ်မက်,မက်နေတာ၊ ရက်ပေါင်း (၉၀)လောက်ရှိပြီ၊ ဒီနေရာဒီစခန်း၊ ဒီတော၊ ဒီတောင်တွေပါ ပါတယ်ပေါ့။ ဒါကြောင့် ဘုရင့်ဆီမှာ ပန်းတော်ဆက်အမှုထမ်းခွင့်တောင်းပြီး ဒီဒေသမှလိုက်ရှာနေခဲ့ရတာ၊ ဦးရီးတော်အနုရုဒ္ဓါကလည်း နှမတော်ရဲ့အသက်လုံခြုံရေးအတွက်ပါ စိတ်ချရအောင် မောင်တော်က ပန်းခူးရင်း စောင့်ရှောက်ပေးရမှာတဲ့။ နောက်ပြီး နေပြည်တော်ကို နေ့စဉ်အရောက်နှမတော်အေးချမ်းသာယာစွာ နေထိုင်ရကြောင်းအမြဲအထောက်တော်ပို့ရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးကြီးလှပါဘိ ဦးရိုးတော်အနုရုဒ္ဓါဘုရား"ဟု ပုဂံဘက်သို့လှည့်ကာ လက်အုပ်ချီလိုက်ပေတော့သည်။

■



## အခန်း (၆)

နေ့ကိုရက်ပြောင်း၊ ရက်ကို လစား၊ လကို နှစ်ချုပ်၍ ရာသီအလီလီပင် ပြောင်းခဲ့ချေပြီ။

ပန်းဆက်တော်ကိုဗျတ္တနှင့် မဖုရားဝဏ္ဏရာဇကလျာတို့မှ သားတော်ကြီးရွှေဖျဉ်းကြီးနှင့် ရွှေဖျဉ်းလေးတို့ မွေးသန့်စင်ခဲ့ကြချေပြီ။ အဲဒီသားတော်လေးတွေပင် အချိန်တန်အရွယ်ရောက်လို့ မဖုရားပင်လျှင် ဇရာပိုင်းသို့ ရောက်ခဲ့ချေပြီ။

သားတော်လေးတွေမှာလည်း ကိုဗျတ္တ၏အစွမ်းသတ္တိတွေ ကိန်းဝပ်နေသလားမသိ။ စွမ်းစွမ်းတမံ ဘုရင့်အမှုတော်ထမ်းနိုင်ခဲ့၍ မယ်မယ်ဘုရားမှာလည်း မျက်နှာပွင့်လန်းလှချေပြီ။

အနော်ရထာမင်းစော၏ ဘုန်းတန်ခိုးအာနုဘော်အား မခန့်ညားမကြောက်ရွံ့သည့် ဂန္ဓာလရာဇ်တိုင်းတိုင်းမှာ စော်ဘွားဥတည်ဘွားအားကြောက်လန့်စိမ့်သောငှာ ရွှေဖျဉ်းညီနောင်အား တာဝန်ပေးခဲ့ပေ၏။

အနော်ရထာမင်းစော စစ်ချီလာစဉ်ပါလသော သူရဲ သူခက်ဆင်မြင်း ဗိုလ်ပါစစ်သည် ခုနစ်ကုဋေသုံးသန်းမျှကို ဗိုလ်ပါနည်းလှချေသည်ဟု ယူဆသော ဥတည်ဘွားလည်း မခန့်မငြားမရှိစိမ့်သောငှာ မြေးတော်ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်တို့မှ အမိန့်တော်အတိုင်းပြန်

www.burmeseclassic.com



အောင်ထမ်းဆောင်စေ"ဟု အမိန့်တော်ချမှတ်သည်နှင့် ကလေးဘာသာဘာဝဆော့ကစားရမည့် အရွယ်ဖြစ်သည့် (၁၂)နှစ်၊ (၁၃)နှစ်သား ညီအစ်ကိုနှစ်ယောက်လည်း ဖခင်သွေးပီသစွာ ဝမ်းပမ်းတသာအမှု တော်ထမ်းရွက်ကြပေတော့သည်။

"ငါသို့သောမင်းလာရောက်သည်ကို ဥတည်ဘွားသည် မဖူးမမြင်၊ မထွက်မနေသည် နေရာသလော"ဟူ၍ ရွှေဖျဉ်းညီနောင်တို့ကို ခေါ်တော်မူပြီးလျှင် . . .

"ညဉ့်အခါ ဥတည်ဘွားနန်းသို့ဝင်၍ ဥတည်ဘွား ရေလည်စက်နှင့်အိပ်သည်ကို ရေကုန်အောင် ပဉ်တူဖြင့်စုပ်ပြီးသော် ဥတည်ဘွား ကိုယ်ကို ထုံးဖြင့် သုံးတန့်တားချေ။ ငါသို့သော မင်းရောက်တော်မူသည်ကို မဖူးမမြင်မထွက်မနပ်နေလည်း နေရာသည်လော၊ ယင်းကဲ့သို့လျှင် ဤထုံးတားရာကို ဖြတ်ပိုင်း၍ပစ်မည်ဟူ၍ နံရံတွင် စားရေးကာထားခဲ့"ဟု မှာတော်မူ၏။ ရွှေဖျဉ်းညီနောင်တို့လည်း အမိန့်တော်အတိုင်း ညဉ့်အခါကိုဝင်၍ ရေကိုစုပ်ပြီးသော် ဥတည်ဘွားကိုယ်ကို ထုံးသုံးတန်တားလေ၏။ နံရံတွင်လည်း စာရေး၍ ထားခဲ့၏။

ဥတည်ဘွားလည်း မိုးသောက်ရောက်၍ ဤသည်တို့ကိုမြင်လျှင် ပြင်းထန်စွာထိန်လန့်တုန်လှုပ်၏။ အနော်ရထာမင်းစောထံ လက်ဆောင်ပဏ္ဍာ၊ လက်နက်နှင့်တကွ အမှူးအမတ်အပေါင်းခြံရံလျက် ဥတည်ဘွားဖူးတွေ့လာ၏။

"နောင်တော်မင်းမြတ်၊ နောင်တော့်ထံမှာ လူစွမ်းကောင်းများရှိသလော"

ဟု မေးလျှင် ကလေးအရွယ်ရွှေဖျဉ်းညီနောင်ကို ထုတ်၍ပြလျှင် ဥတည်ဘွားလည်း ပြင်းစွာတုန်လှုပ်လေ၏။ ကစားဆော့ကစားသောအရွယ်ဖြစ်သည့် ကလေးငယ်နှစ်ဦးလျှင် အနော်ရထာ





အနီးရှိလူစွမ်းကောင်းများဆိုလျှင် ဆိုဖွယ်မရှိပြီဟု တအံ့တသြဖြစ်ကုန်၏။

ထို့နောက် ရွှေဖျဉ်းညီနောင်အား ရွှေလည်ဆွဲ၊ ပိုးသားဝတ်စုံ ရွှေခွက်၊ ငွေခက်တို့ဖြင့် ဆုလာဘ်တော်များကို ဥတည်ဘွားကိုယ်တိုင်း ဆုချလေ၏။ ရွှေဖျဉ်းညီနောင်တို့အား လူစွမ်းလူစအပြခိုင်းရာ ဖခင်သင်ထားသည့် မြင်းစီးအတတ်၊ ဓားခုတ်လှံထိုး၊ သစ်ပင်တက်၊ အခုန်အပျံတို့ကို ပြချေ၏။ အခုန်အပျံတွင်ကား လူသန်တစ်ဆယ်၏ ဆယ်လန်အထိ ခုန်နိုင်၏။

"ဥတည်ဘွားမှ ငါတို့အိပ်ဆောင်များကို ဒီကလေးတွေ ခုန်တက်ပြီး လုပ်ကြဲလျှင် မလွတ်ချေပြီ"ဟု ညည်းတွားပေသောဟူ၏။

ရွှေဖျဉ်းညီနောင်လည်း ဥတည်ဘွားဆုချသော ရတနာပစ္စည်းများ၊ ဘိုးတော်အနော်ရထာ ဆုချသော ဆင်မြင်းရတနာများကို မင်းချင်း(၉)ဦးဖြင့် မယ်တော်ဝဏ္ဏာထံပြန်လည်၍ဆက်သစေသည်ဟုသိလျှင်၊ အနော်ရထာမင်းလည်း . . . 'အမိကျေးဇူးကို သိအပ်သော ဤကလေးနှစ်ယောက် ဘယ်တော့မှ တိမ်ကောမည်မဟုတ်'ဟု မိန့်တော်မူ၏။

မယ်တော် မယ်ဝဏ္ဏာရာဇကလျာလည်း သားတော်တို့၏ လက်ဆောင်ပဏ္ဏာများ၊ ဘိုးတော်အနော်ရထာမင်း ချီးကျူးစကားနှင့် ဆုတော်လာဘ်တော်များကို မြင်သောအခါ ရင်ထဲမှ လှိုက်တက်၍ သည်းစွာငိုကြွေး၏ဟု သိရသည်။

မောင်တော်ဗျတ္တ၏ သတ္တိ ဗျတ္တိလက်ရုံးရည် နှလုံးရည်တွေ သားတော်တွေလက်ထက်ရောက်မှ ပိုမိုထင်ရှားခဲ့ချေပြီကော။ မောင်တော်ရောက်ရာဘဝမှ သာဓုအနုမောဒနာခေါ် ယူစိမ့်သောငှာ . . . အရပ်မှာ လွမ်းစေတီတည်လေသည်တဲ့။

ဤကဲ့သို့ ရှည်လျားစွာပြောဆို နောက်ကြောင်းပြန်ခဲ့ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသုံးဦးအနက် မင်းသွေး မင်းဟန်ပါသော မိန်းကလေးသည် လင့်ခရူဇာပိုင်ရှင်ကိုလူချောအမည် ကိုအေးချမ်းတဖြစ်လည်း ဗျတ္တအားလက်ညှိုးငေါက်ငေါက်ထိုးလျက်

"မောင်တော်ဗျတ္တ၊ မောင်တော်ဗျတ္တ အလုပ်စရမယ့်အချိန်ရောက်တော့မယ်၊ ဒီအခါအလုပ်လုပ်ရမှာက မောင်တော်ဗျတ္တအနေနဲ့ မဟုတ်ဘူး၊ မောင်တော်မင်းလက်ဝဲအနေနဲ့ အလုပ်စရမှာ။ မောင်တော်မင်းလက်ဝဲခရီးဆက်ရင် နှမတော်ကို ခေါ်ဖို့မမေ့နဲ့ နှမတော်ကိုခေါ်ပြီး အဲဒီရတနာဂူတွင်းဆင်းရမယ်၊ ဆင်းပြီးရင် မင်းလက်ဝဲရဲ့ဖခမည်းတော် မင်းသီဟနန္ဒရာဇာ၏ တိုင်းပြည်ကြီး ပျက်စီးခဲ့သော အခြေအနေကို ကယ်တင်ရမယ်။ အဲဒီကယ်တင်ပြီးရင် ဘာဖြစ်ဦးမှာလဲ။ ဘာဖြစ်ဦးမှာလဲ၊ ဘာတွေတွေ့ဦးမှာလဲ၊ နှမတော် မပြောတတ်တောဘူး. . . နှမတော် မပြောတတ်တော့ဘူး"ဟု ဆိုကာ ကိုလူချောအပေါ်သို့ ဖက်မှီကာလဲကျသွားလေတော့သည်။

■



## အခန်း (၇)

"ကိုပုကွ. . . ကိုပုကွ"

အသံစာစာဖြင့် ဆက်ရက်မအုပ်စု၏ခေါ်သံကို မျက်ကွယ်ပြုလျက် ကိုပုကွအိပ်ပျော်နေသည်။

"ကိုပုကွ. . . ထပါဦးရှင်"

ဘယ်လိုမှနှိုး၍မရချေ။

"ဝုတ်. . . ဝုတ်"

ထိုစဉ်ဟောင်သံပေးရင်း. . . မဲလုံးပြာ တဲထဲရှိကြမ်းပြင်မှ ဆင်းလာ၏။ နောက်. . . ဒေါင်းဒေါင်း၏ ထဘီစကို ကိုက်ဆွဲကာ ဒေါင်းဒေါင်းကို အိမ်ထဲကွပ်ပျစ်ထိခေါ်သွား၏။

"ဟယ်. . . ကိုပုကွ။ အဖျားတွေတက်နေပါလား"

"ဟီး . . . ဟီး . . . ဟီး"နှင့် ငှက်ဖျားထနေသည်။ ယောင်လည်း ယောင်၏။

"ဆရာချမ်း. . . ဆရာချမ်း။ ခင်ဗျားပြန်မလာတော့ဘူးလားဗျာ။ ကျွန်တော့်ကို တိုးတက်အောင်သင်ပေးတဲ့ ဆရာချမ်းရယ်"

"ကဲ. . . ကောင်မတွေ တံတားထိပ်ပြေးပြီး အဖျားဖြတ်ဆေးပြေးဝယ်ပေးကြဦးဟေ့"

"ဟယ်တော့် . . . ညည်းတစ်ယောက်တည်းဖြစ်ပါ့မလား၊



www.burmeseclassic.com

www.burmeseclassic.com



ကိုပုက္ကက ကယောင်ကတန်းနဲ့လှမ်းဖက်နေမှဖြင့်. . .”

“ကိုပုက္ကက ဂရုစိုက်ဖို့မလိုပါဘူးအေ”

“ဩော်-ကိုပုက္ကက ဂရုစိုက်စရာမလိုဘူး။ ဆရာချမ်းတော့ ဂရုစိုက်စရာလိုတယ်. . . ဟုတ်လား”

“ကဲ. . . စကားရှည်မနေနဲ့သွားဝယ်ကြ။ငါထန်းရည်နဲ့ အမြည်းပါလုပ်ထားမယ်။ ဒီမှာ. . . ဆတ်သားခြောက်တွေ တွေ့ တယ်’

“အို ခေ”

“ဘယ်လိုဖြစ်တာလဲ. . . ကိုပုက္ကရယ်။ ငှက်ဖျားတွေတက် လိုက်တာ”

“ပြောမပြောချင်ပါဘူး ဆရာမလေးရယ်။ ကျွန်တော်က ည ညကျရင် ဆရာချမ်းပေးတဲ့ ဒဿနတွေကျက်ရတာ။ မနေ့ညက မိုးကိုချုပ်ရော။ အဲဒါ လူခြေတိတ်မှရေချိုးတာ ကြာသွားလို့ အအေး မိသွားတော့တာဗျို့။ အဲဒီကနေ ငှက်ဖျားပြန်ထတာပဲပေါ့”

“ကိုပုက္ကကလည်း ကိုယ့်ကျန်းမာရေးကို ကိုယ်မသိဘူးလား၊ ဘာကြောင့် ရေအကြာကြီးချိုးရတာလဲ”

“ဩော်. . . ဆရာမလေး ဘာမှမသိဘူး။ ကျွန်တော့်မှာ ပုဆိုး နှစ်ထည်ရှိတာ၊ တစ်ထည်က ဆရာချမ်းငှားဝတ်သွားတော့ ပုဆိုးက တစ်ထည်ပဲကျန်တော့တယ်။ အဲဒါရှိတဲ့ တစ်ထည်ချွတ်ပုံပြီး ရေထဲ ဆင်းချိုးတာ ကမ်းဘေးမှာအတွဲတစ်တွဲရောက်နေလို့. . . အပေါ် မတက်ရဘဲ အအေးမိတာဗျို့”

“အင်း. . . အင်း. . . ဟုတ်ပြီ ကမ်းပေါ်ကအတွဲကိုချောင်း ရင်း အအေးမိတယ်. . . ဟုတ်”

ဘောင်းဘောင်းက ခါးထောက်ကာ လှောင်၏။

“ဟာ. . . ကျွန်တော်ဝါသနာမပါ, ပါဘူး”





“ဒါဆိုသေချာပြီ. . . ကမ်းပေါ်ကအတွဲက ရှင့်ဆရာနဲ့ ဆရာမဒေါင်းဒေါင်း ဟုတ်လား”

“ဟဲ့. . . ပြာကလပ်စိန်မ။ ငါက ညကြီးမိုးချုပ် ဘာကိစ္စ ဦးပိန်တံတားကိုလာရမှာလဲ”

“ဆရာချမ်းရဲ့ ပုဆိုးဟောင်းကိုယူထားပြီး ပုဆိုးသစ်နဲ့ ကန် တော့ဖို့ ဦးပိန်တံတားကို လာရတာလေ”

“ဟာ. . . ဆရာမလေးဒေါင်း။ အတော်ပဲ ကျွန်တော့်ဆီက ဆရာချမ်းငှားတဲ့ ပုဆိုးအစား အဲဒီဆရာချမ်းပေးမယ့် ပုဆိုးလေး ပေးခဲ့ဗျာ”

‘ကဲပါ. . . ကိုပုက္ကကိုလည်း ပုဆိုးအသစ်တစ်ထည်ပြန်ပေး မယ်။ နောက်ပြီး. . . ဆရာချမ်းကိုလည်း ပုဆိုးအသစ်တစ်ထည် ကန်တော့ရမယ်”

“မြတ်စွာဘုရားကယ်တော်မူပါ။ ဒီညလည်း ပုဆိုးတစ်ထည် တည်းနဲ့အိပ်ရမယ် ထင်တယ်”

“ရှင်ရေချိုးစရာမှ မလိုဘဲနဲ့ဟာ. . . စောင်ခြုံပြီးအိပ်ပေါ့”

“ဟာ. . . စောင်မရှိဘူးဗျ။ ဆရာချမ်းရဲ့ ဒဿနအရ ကျွန်တော်က ပုဆိုးနှစ်ထည်၊ အကျႌနှစ်ထည်၊ ဒါပဲရှိတယ် စောင် မလိုတဲ့အရပ်ဆိုတော့ စောင်မရှိဘူး။ ခြင်ထောင်မရှိဘူး။ လူတွေ ဟာ ကမ္ဘာဦးတုန်းက စောင်၊ ခြင်ထောင်မရှိဘူးတဲ့။ အခုမှထွင်တာ လို့ ဆရာချမ်းကပြောတယ်။ ဒါကြောင့် ကျွန်တော်က စောင်၊ ခြင် ထောင်မပါဘဲ အိပ်တတ်အောင်ကျင့်နေတာ”

“ရှင်. . . အဲဒါကြောင့်ဖျားတာ။ အဲဒါဆိုရင်. . . ကမ္ဘာဦးလူ တွေလိုဘဲ ထမင်းချက်မစားနဲ့၊ အသားပဲကင်စား”

“ဟုတ်တယ်ဗျ။ ကျွန်တော့်ကို အသားတွေမီးဖုတ်ပြီး စားခိုင်း တယ်။ ဆီတွေမစားနဲ့တဲ့။ ဆီက ပဲဆီ၊ နှမ်းဆီအစစ်မရှိတော့ဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မာတုပစ္စည်းတွေပါတဲ့ ဆီအရောတွေဟာ လူကိုစောစောသေစေနိုင်တယ်တဲ့။ ကမ္ဘာဦးလူတွေဆီမသုံးလို့ အသက်ရှည်တာတဲ့။ အဲဒါကြောင့် ဆီမဝယ်တော့ဘူး"

"ကဲ. . . ရှင့်ဆရာရဲ့ဒဿနတွေကို ဒီလောက်တောင်လိုက်နာနေရင် ပုဆိုးမဝတ်နဲ့တော့။ သစ်ရွက်တွေ ပတ်ပြီးနေတော့"

"အဲဒါတော့ မဖြစ်ဘူး။ မဲလုံးပြာက လိုက်ဆွဲမှာ။ အခုတောင်ပုဆိုးတစ်ထည်ပဲရှိတာသိလို့ အမြဲပြန်ဟောင်နေတယ်။ ဒီကောင်က ခနရှင်ပေါက်စခွေးပဲ။ စားရင်လည်း ဆီပါမှစားတာ။ အခုတော့ ငတ်ချင်ငတ် ဆီထည့်မကျွေးဘူး"

"ကိုပုကွ . . . ကိုပုကွ"

"ဟော့. . . ဘယ်ကောင်လဲ။ ငါ့ကို ကိုပုကွလို့ခေါ်တဲ့ကောင်ထန်းရည်မရောင်းဘူး"

"ဟဲ. . . ဟဲ ဆရာပုကလည်း ဆရာတော်ကြီးလွှတ်လိုက်တာဗျ။ ဒကာရေချမ်းကို ကျောင်းလွှတ်ပေးပါတဲ့ ဆွမ်းစားချိန်လည်းဆွမ်းလာမကပ်ဘူးတဲ့။ အဲဒါ ဘာများဖြစ်နေလဲဆိုပြီး ကြည့်ခိုင်းလို့လာတာ"

"မြတ်စွာဘုရား. . . ဒီမှာလည်းမရှိဘူး ပိုးတုံးလုံးရ။ သူ့အဝတ်အစားတွေကို ပြန်စစ်မကြည့်ဘူးလား"

"ခင်ဗျားကလည်း ကိုယ့်ဆရာအကြောင်းကိုမသိဘူးလား။ သူက အဝတ်အစားတစ်စုံနဲ့ ဘောင်းဘီတိုနှစ်ထည်ရယ်၊ အင်္ဂလိပ်စာအုပ်ကြီးကြီး(၄)အုပ်ရယ် ဒါပဲရှိတာ။ အဲဒါတွေလည်း မတွေ့တော့ဘူးဗျာ။ ဒါဆိုရင်. . . ဒိုးပြီထင်တယ်။ မနေ့ညနေကလည်းဆရာတော်ဆီက ပိုက်ဆံတောင်းပြီး ပုဆိုးအသစ်တစ်ထည်ဝယ်ဝတ်တယ်။ အခု. . . ခင်ဗျားပုဆိုး ပုတ်စော်နံကြီးပြန်ပေးခိုင်းထားသေးတယ်"





"ပွတာပဲဟော့။ မင်းဆီကတစ်ထည်၊ ဆရာမဒေါင်းဆီကတစ်ထည်။ ထော့ပြီ. . . ဆရာချမ်းကလည်းကွာ ဘုန်းကြီးဆီကအလှူခံပြီး ပုဆိုးဝယ်ဝတ်ရတယ်လို့ ငရဲကြီးတော့မှာပဲ"

"လက်ထဲမှာ ငွေပိုထားတာ စွဲလန်းမှုတွေပိုများ ပိုဒုက္ခရောက်တယ်တဲ့။ ကျွန်တော်တို့ဆိုလည်း အဝတ်အစား၊ လက်ပတ်နာရီအကုန်ဝယ်ပေးထားခဲ့တယ်ဗျ။ လိုအပ်လို့ပတ်ရမယ်ဆိုပြီး မှာလိုက်သေးတယ်ဗျ။ နောက်ပြီး. . . ကိုရေချမ်းက ဆရာတော်ကြီးဆီမှာငွေတွေ ဘာတွေ အပ်ထားတယ်ထင်တာဘဲဗျ"

"ပွတာပဲ။ နာရီလည်းရ၊ ပုဆိုးအသစ်လည်းရ။ ပြစမ်း . . . ပြစမ်း"

"ကဲ. . . ဒီမယ် ကိုပုကွ။ ရှင့်ဆရာသင်တဲ့အထဲမှာ သူများပစ္စည်းလောဘမတက်ဖို့ဆိုပြီး လောဘသတ်တဲ့အကြောင်းတွေမပါဘူးလားရှင့်။ ပုဆိုးဟောင်းရပြီးတာတောင် ဘာကြောင့်ပုဆိုးသစ်တစ်ထည်ထပ်လိုချင်ရတာလဲ။ အခု နာရီတစ်လုံးလည်း ရပြီ"

"ဆရာမလေးတို့ကလည်း ကိုပုကွ. . . ကိုပုကွနဲ့ တအားခေါ်တာပဲ။ ဆရာမလေးဒေါင်းတို့မို့လို့ ထန်းရည်ဆက်ရောင်းတာနော်။ ကျွန်တော့်ကို ကိုပုကွလို့ခေါ်ရင် ဘယ်သူမှ ထန်းရည်မရောင်းတော့ဘူးလို့ဆိုင်းဘုတ်ရေးထားတော့မယ်"

"ဟယ်. . . ရှင်က ဘောင်းဘောင်းမျက်နှာနဲ့ ထန်းရည်ဆက်ရောင်းတာပေါ့လေ"

"ရပါတယ် မိဒေါင်းရာ။ အဲလိုဆို. . . ညည်းနဲ့ငါလည်းဆရာတပည့်ပေါ့။ ညည်းက တို့ရဲ့ဆရာကတော်။ ကဲ. . . ဆရာကတော် ကျွန်မတို့ဖို့အမြည်းလုပ်ထားတယ်ဆို"

"ဟုတ်ကဲ့. . . အိမ်ရှေ့မင်းထန်းတောပိုင်ရှင်ကတော်ကြီးအတွက် ကျွန်မဆတ်သားခြောက်တွေဖုတ်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကတော်က ဆရာ့အတိုင်းပဲ ဖွတ်တာ ကင်တာတော့ တအားကျွမ်းတယ်"

"ဟဲ့. . . အညစ်ပတ်အိုးမ မညစ်ပတ်နဲ့နော်"

"ကဲပါ. . . မဘောင်းဘောင်းတို့ရယ်။ဟိုမှာထန်းရည်အိုးနှစ်လုံးသယ်လာပြီ။ အဲဒါ ထန်းရည်အချိုတွေ အဲဒီအထဲကို အပြင်းတစ်ပုလင်းဝက်စီစပ်လိုက်ရင် ထန်းရည်ချိုပြင်းရပြီ"

"ကဲ. . အိမ်ရှေ့မင်းထန်းတောကတော်ကြီးရေ. . . ဆရာမ ကိုယ်တိုင်ပဲစပ်ပေးပါတော့"

"စပ်ပါ့မယ်. . . စပ်ပါ့မယ်"

"ဟင်း. . . အညစ်ပတ်အိုးမ။ ပါးစပ်က ယုတ်ကန်းဖြန်ပြီ၊ ဆရာပုကြည့်ပြောဦးနော်"

"ဟီး. . . ဟီး. . . ကျွန်တော်လည်း မပြောရဲဘူးဗျ. . .။ ဟော့ကောင်ပိုးတုံးလုံး. . . စာသံပေသံနဲ့လုပ်ကွာ ဆုံးမပေးဦး"

"ခင်ဗျားက ခင်ဗျားကို ကိုပုကွလို့ခေါ်တော့ မကြိုက်ဘူး။ ကျွန်တော့်ကိုကျတော့ ပိုးတုံးလုံးလို့ခေါ်တယ်။ ဆရာချမ်းဒဿနနဲ့ပြောရရင်. . . ခင်ဗျားဟာ အတ္တဘိုးအေသမားပဲ"

"မြတ်စွာဘုရား. . . အဲဒီလိုတော့ နာမည်မတတ်လိုက်ပါနဲ့ဗျာ။ ငါပြင်ခေါ်ပါ့မယ် မောင်ပျားထီးရာ. . . လုပ်ပါကွာ၊ ငါ့ရဲ့ မလိမ်မိုး မလိမ်မာ ဆရာမလေးတွေကို ဆုံးမစကားပြောပေးပါဦး"

"အဟမ်း. . . အဟမ်း. . ဆရာချမ်းက ပြောတယ် 'လူသားတွေဟာ၊ လူသားအချင်းချင်းဆက်ဆံပြောဆိုတဲ့အခါမှာ အဆင့်အတန်းခွဲခြားစရာမလိုဘူးတဲ့။ ဒါပေမဲ့. . . စကားပြောဆိုတဲ့အခါမှာတော့ အများလက်ခံအောင်ယဉ်ကျေးသိမ်မွေ့ရမယ်'လို့ပြောတယ်ဗျ။ အဲဒါ. . . ကျွန်တော်မှတ်မိသလိုပြောတာနော်။သူပြောတဲ့ အတိုင်းတော့ ဟုတ်ချင်မှဟုတ်မှာ"





"တဲ. . . မဆာဝါ၊ ငါတို့တော့ ဆရာပုနဲ့ ဆရာပျားထီးဆီမှာ ဖီလိုဆိုဖီဆက်သင်ရမယ်။ ဒါမှ. . . ဒီနှစ်တို့ယူမယ့် ဖီလိုဆိုဖီအတန်းကိုလိုက်နိုင်မှာ"

"ဟုတ်တယ်. . . ဆရာမလေးရေ့၊ ဆရာချမ်းဆီမှာရှိတဲ့ စာအုပ်အထူကြီးတွေဟာ ဖီလိုဆိုဖီကျမ်းစာအုပ်ကြီးတွေဗျ။ သူက ပြောတယ်၊ ငါ့အဖေပေးတဲ့အမွေတွေကို ဒီစာအုပ်လောက်မမက်ဘူးတဲ့။ အဲဒီဟာတွေစွန့်ပြီး ဒီစာအုပ်ထဲက အချက်အလက်တွေနဲ့ အမှန် တရားကိုရှာနေတာတဲ့။ အဲဒီအမှန်တရားကိုတွေ့တဲ့နေ့တာ မြန်မာလူမျိုးတွေ ချမ်းသာတဲ့နေ့ဘဲတဲ့။ အဲ. . . အဲ. . . မှားသွားလို့ မြန်မာလူမျိုးတွေလို့ပြောတာ ပုဂ္ဂလဒိဋ္ဌဆန်တယ်တဲ့ လူသားတွေ ချမ်းသာဖို့လို့ပြောရမယ်တဲ့။ နောက်ပြီး ဘာတဲ့. . . ဂလိုဘယ် လိုက်ဇေးရှင်းလုပ်ဖို့တဲ့၊ ဆရာတော်ကြီးနဲ့ တရားဆွေးနွေးတဲ့အခါ တိုင်း အမြဲထည့်ပြောတယ်"

"ဟဲ့. . . ကပ္ပိယလေးက အင်္ဂလိပ်စကားတတ်လှချည်လား ဘယ်နှစ်တန်းလဲ"

"ကျနော်က ဒီနှစ်ကျောင်းဖွင့်ရင် ဆယ်တန်းတက်ရမှာ ဗြော်. . . ဆရာပုကွ၊ ဆရာချမ်းက သူ့စက်ဘီးကို ခင်ဗျားပေး သွားတယ်၊ သူကြုံရင်လည်း စီးမယ်တဲ့။ တခြားလူလိုရင်လည်း ငှားတဲ့ ဒီစက်ဘီးက လူသားတွေပိုင်တာတဲ့"

"ပိုင်တယ်ဟေ့. . . ဆရာချမ်းက ကိုကြီးပုအကြောင်းသိလို့ စက်ဘီးကို အများပိုင်ဆိုတာ တစ်ခါတည်းကြေငြာလိုက်တာ။ အင်း သူ့ဒေါင်းဒေါင်းကိုလဲ အများပိုင်ကြောင်း ကြေငြာလိုက်ရင် ဒုတ္ခ"

ဘောင်းဘောင်းက ပါးစပ်ကို လက်နဲ့အုပ်ပြောရင်းစော်

"ဟဲ့. . . ယစ်ထုပ်ကြီးမ၊ အဲဒါ ဒေါင်းဒေါင်းကို အဖွပါလို့ ပြောလိုက်တာဘဲမဟုတ်လား၊ ညည်းကိုလည်း ဆရာပုက အဖွပါလို



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ကြော်ငြာဦးမှာ သိလား”

“ကောင်းတယ်၊ ဒါဆို. . . ဆရာချမ်းကလည်း ငါ့ကို ပိုင်ဆိုင်ခွင့်ရှိတာပေါ့၊ ကိုပျားထီးကလည်း ဘောင်းဘောင်းကို ပိုင်တယ်သိလား။ ကိုပျားထီးနဲ့ဆို. . . ကျွန်မက ပျားဘုရင်မလေးလုပ်မယ်”

ဟု ဆိုကာ ဘောင်းဘောင်းက တောင်ပံခတ်ပြ၏။

“ဆရာချမ်းကပြောသေးတယ်။ ဣတ္ထိယဆိုတဲ့ မိန်းမမျိုးဟာတဲ့ လိုချင်တောင့်တအပ်သော နှုတ်ခမ်းနှစ်လွှာနှင့် အတိပြီး၏တဲ့။ လိုချင်သော လောဘယိုဖိတ်နေသောစိတ်ဖြင့် အရာရာကို အလိုမကျတိုင်း လင်ယောကျ်ားကို ပြူစူစောင်းမြောင်းလေ့ရှိ၏တဲ့။ အဲဒါကြောင့်. . . မိန်းမတစ်ယောက်ကို ပိုင်ဆိုင်ရယူခြင်းဟာ ထောင်ဗူးဝတံခါးကို မိမိဖာသာ ဖွင့်ဝင်တာနဲ့ အတူတူပဲတဲ့။ ဒါကြောင့်မို့လည်း အိမ်ထောင်ကျတယ်. . . အိမ်ထောင်ကျတယ်လို့ ပြောကြတာဆိုတဲ့အကြောင်းကို ဆရာချမ်းက သင်ထားတယ်ဗျာ။ ဆရာသင်ထားလို့ ပျားဘုရင်မကိုလည်း မတွေ့ရဲတော့ဘူး။ ကျွန်တော် လစ်ပြီဗျို့။ ဪ. . . ဒါနဲ့ ဆရာပုကွ ထန်းရည်ကို တစ်ယောက်ထဲ မိုနိုပိုလိုက်စ်မလုပ်ပါနဲ့တဲ့။ တစ်ယောက်ထဲ မိုနိုပိုလိုက်စ်လုပ်ရင် ရောင်းသူအမြတ်များများရပေမယ့် ဝယ်တဲ့သူအတွက် ပစ္စည်းအရည်အသွေး ညံ့မယ်၊ ဈေးကြီးမယ်၊ အထူးသဖြင့် တိုင်းပြည်နစ်နာမယ်တဲ့။ ခင်ပျားအတွက် အကျိုးကတော့ ရွာသူရွာသားတွေ မခံမရပ်နိုင်ဖြစ်ရင် ထန်းပင်တွေမီးရှို့ခံရမယ်တဲ့”

“အံမယ်. . . ထန်းပင်မီးတိုက်ပစ်လို့ ထန်းရည်မရောင်းရတော့ ငါငရဲမကျတော့ဘူးပေါ့ကွာ။ အခုဆိုရင်. . . စက်ဘီး တစ်စီးရှိပြီ။ ငါကယ်ရီလိုက်လို့ရပြီ။ ထန်းရည်မရောင်းတော့ဘူး”

“အင်း. . . ဆရာချမ်းတပည့် ဒဿနသင်တန်းသားရဲ့





ရည်ရွယ်ချက်ကလည်း ကြီးပါပေ့တော်”

ထန်းတောထဲထွက်သွားသော ဒေါင်းဒေါင်းဝင်လာသည်။

“ကိုပုကွ. . . ထန်းပင်တွေ ခုတ်သေးလား”

“မခုတ်ပါဘူး. . . ဘာဖြစ်လို့လဲ”

“ဒီမှာ. . . ထန်းပင်သုံးပင်က ပေတစ်ရာကျော်စီလောက်ခွာပြီး အခုတ်ခံထားရတယ်”

“အင်း. . . ကိုရေချမ်းပြောသလို ငါလက်ဝါးကြီးအုပ်စီးပွားရေးလုပ်မိတာကို အမြင်ကပ်တဲ့သူနေမှာ. . . ဒုက္ခပါပဲ”

ဒေါင်းဒေါင်းကတော့ ဘာမှမပြော ခေါင်းတဆတ်ဆတ်ငြိမ့်ကာ ပြုံးလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဒေါင်းဒေါင်း. . . စက်ဘီးမြန်မြန်နင်းဟာ။ Class ပထမ အချိန်မီအောင်တက်ရမယ်ဟ"

"အေးပါဟ. . . ငါလည်း မြန်မြန်နင်းနေတာပဲ၊ နင်က နောက်ကထိုင်ပြီး မနင်းရတိုင်း ငှတ်ခိုင်းမနေနဲ့."

"ဟုတ်ကဲ့ပါ. . . ဆရာကတော်"

"ကောင်စုတ်မ"

ဟုရေရွတ်ရင်း. . . ဖိနင်းလိုက်သည်။ ဘောင်းဘောင်းက တစ်ယောက်တည်းနင်းတာဆိုတော့ ရှေ့ကို ကျော်တက်သွားသည်။ ဆရာရောက်လာသောအခါ အားလုံးမတ်တပ်ထ၍ နှုတ်ဆက်လိုက်ကြသည်။

"ဆရာကချောတယ်ဟေ့. . . နီကိုလက်စ်ကေ့ချ် ကျနေတာပဲ"ဟု တီးတိုးပြောကြဆဲ. . .

"ဟယ်. . . ဆရာချမ်းကြီးတော့"

"ဟုတ်တယ်. . . မိဒွန်း၊ ဒီလူကြီးက ကပ္ပိယဆိုပြီး တို့ကိုလိမ်သွားတာ၊ တွေ့ကြသေးတာပေါ့။ ရောင်ကြီးဗွေလည်း ပါမလာဘူး၊ အရင်ရောင်ကြီးဗွေက အတုနေမှာ သိလား"

"အေးဟ. . . တို့ Class ပြီးရင် ဆရာ့ကို လိုက်မေးကြမယ်"





"ငါလည်းလိုက်ခဲ့မယ်ဟာ"

"ချဲမှာလား. . . ချစ်မှာလား မိဒေါင်းရ"

"ကောင်စုတ်မ. . . တိတ်တိတ်နေ"

ဟု ပြောကာ သင်ခန်းစာထဲ စိတ်နှစ်မြှုပ်လိုက်ရသည်။

"ဘောင်းဘောင်းကတော့ ခပ်မဆိတ်။ ဒါပေမဲ့. . . ဒေါင်းဒေါင်းမျက်စိထဲတွင်တော့ ဆရာချမ်း၏ အနောက်တိုင်းဝတ်စုံနှင့် ခန့်ချောကြီးချောနေသည့် ယခုပုံအစား ထန်းရည်ကျည်တောက် နှစ်ခုကိုခါးချိတ်ရင်း ထန်းပင်ပေါ် ခွတက်နေသည့် ယောင်တစ်စောင်းနှင့် ယောက်ျားပီသမှုကို မြင်ယောင်နေသည်။

"မြန်မာဆန်ဆန်ပုံနဲ့ ပိုပြီးလိုက်ဖက်ပါတယ်. . . ဆရာချမ်းရယ်"

ဟု တီးတိုးပြောလိုက်မိသည်။

"ကောင်မလက်ချာလည်း မလိုက်ဘဲနဲ့ ငေါင်နေတယ်၊ ဝိန်းသွားမယ်နော်"

"ကလင်. . . ကလင်. . . ကလင်"

"ထ. . . ထ. . . မိဒေါင်း၊ ဆရာ့နောက်လိုက်ရအောင်"

ဟု ပျာပျာသလဲလိုက်သွားကြသည်။

"ဆရာချမ်း. . . ဆရာချမ်း၊ ဘာလို့ရောင်ကြီးဗွေကို ဖြတ်ပစ်ရတာလဲဗျ"

"ဩော်. . . ဩော်. . . အင်း. . အိုက်လို့ပါ"

"ဒါဆို. . . အိမ်ရှေ့မင်းထန်းတောကို ဆရာ မသွားဘူးလားဗျ။ ကိုပုကွကြီး မျှော်နေတယ်"

"ဩော်. . . ဟုတ်ကဲ့. . အဘွားကဆူလို့။ အဲဒီဘက်တို့ မသွားတာပါ။ ဒီကညီမတို့က အမြဲရောက်လို့လား"

"ဟာ. . . ဆရာကလည်း ထန်းတောဆိုတာ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေနေ့တိုင်းသွားလို့ဘယ်ရမလဲဗျ။ တစ်ခါတလေ ကျောင်းပိတ်ရက်တော့သွားမှာပေါ့။ ဘောင်းဘောင်းက ကိုပုကွကြီးနဲ့ ဦးပိန်တံတားကို အမြဲလွမ်းတတ်တယ်ဗျ"

"အဲဒါဆို. . . သဘက်ခါ နေ့လည်ပိုင်း Class ပြီးရင် သွားကြမယ်လေ။ ခင်ဗျားတို့ LCR ကနေ စောင့်နေကြ"

"တကယ်ပြောတာနော်. . . ဆရာ"

"ဆရာ. . . မနောက်တတ်ပါဘူးဗျာ"

"အိုခေ"

ဆရာချမ်း ထွက်သွားတော့ . . .

"ကောင်မ. . . သတိထားမိလား။ ဆရာချမ်းက တစ်ချိန်လုံး မိဒေါင်းကိုချည်းငမ်းနေတာဟဲ့။ ပြီးတော့. . . ဒေါင်းဒေါင်းလို့ မခေါ်ဘူး။ ခင်ဗျားနဲ့. . . ကျွန်တော်နဲ့. . . တစိမ်းဆန်ဆန်ပြောတယ်။ နောက်ပြီး. . . သဘောကောင်းလိုက်တာလည်း ခါတိုင်းနဲ့မတူဘူး"

"ဩော်. . . ဆရာလုပ်နေရလို့နေမှာပေါ့ဟ"

"အဲဒါဆို. . . ငမ်းတာကျတော့ရောကွာ"

"ဟာ. . . ဒါကတော့ ယောကျ်ားလေးတိုင်း ပိုင်ဆိုင်ခွင့်ရတဲ့ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်တွေပဲဟာ"

"ဒါပေမဲ့. . . ဆရာချမ်းထန်းတက်နေတုန်းကတော့ မိန်းမတွေကိုမငမ်းဘူးဟ"

"အောင်မယ်. . . ဒါဆို ငါတို့ကိုရော ပိုင်ဆိုင်ခွင့်လုပ်လိုက်ပါလား။ ဒီကလည်း လက်ကမ်းကြိုလျက်ပါ အာစရိချမ်းရယ်"

"သေလိုက်. . . တောင်သမန်အင်းထဲမှာ. . ."

"ကဲပါဟယ်. . . ပြန်ကြမယ်။ သဘက်ခါကျရင်သာ ကိုပုကွအတွက် ကိတ်မုန့်လေး၊ ဆတ်သားခြောက်လေးဝယ်သွားကြဖို့





သတိပေးကြအုံး"

"ဟဲ့. . . မိဘောင်း၊ ညည်းကဟိုရောက်ရင် ဆတ်သားဖုတ်ပြီးကျွေးမှာပေါ့နော်"

"မယုတ်မာနဲ့နော်. . . ငါအုပ်ထဲ့ပစ်လိုက်မှာ"

"ကဲပါဟာ. . . ရန်မဖြစ်ကြနဲ့၊ ဗိုက်ဆာပြီ ထမင်းဘူးဖွင့်ကြ"

LCR ထဲမို့ ဘေးမှာ ဆက်ရက်သံတွေဆူညံနေကြသည်။

"ဟယ်. . . ဒေါင်းဒေါင်း ပဲပြုတ်လေးတစ်ခွက်တည်းပါလာပါလား။ ညည်းတို့အဒေါ်ကလည်း သူဌေးဖြစ်ပြီး ကပ်စေးနဲလိုက်တာဟယ်"

"အမယ်လေး. . . ဒါတောင် ငါ့အစ်မက သူ့မုန့်ဖိုးထဲက ဝယ်ပေးလိုက်လို့ဟဲ့။ ငါ့အဒေါ်က မနက်ကိုးနာရီကျော်မှထတာ သူထမှ ဟင်းချက်စရာဝယ်တာ၊ ဝယ်ရင်လည်း ကွက်တိပဲ၊ ငါ့ဖို့ မနက်ထမင်းချိုင့်အတွက် ဘယ်တော့မှမပါဘူး"

"တစ်မျိုးကြီးပဲဟာ"

ဘောင်းဘောင်းက မဲ့ရွဲ့ပြောလိုက်သည်။

"မတစ်မျိုးဘူးဟ. . . ငါ့ကိုအဒေါ်ယောကျ်ားက ကျောင်းဆက်မတက်စေချင်ဘူးဟာ။ ပညာတတ်တစ်ယောက် မဖြစ်စေချင်ဘူးတဲ့လေ။ အဒေါ်ကလည်း ဦးလေးကြောက်ရတာဆိုတော့ . . . တသဘောထဲပေါ့ဟယ်"

"ဘာကြောင့်တဲ့လဲ"

"ဒါတွေက နင်တို့ကို ငါ့ဦးလေးအကြောင်း ပြောပြလို့ မကောင်းပါဘူးဟယ်"

ဟုပြောရင်း ဒေါင်းဒေါင်းထံမှ သက်ပြင်းရှိုက်သံလေးပေါ်လာသည်။

"ကဲ. . . ညီမတို့တက်ကြ"



www.burmeseclassic.com

www.burmeseclassic.com



LRC ရှေ့တွင် ရွှေအိုရောင်ပါဂျဲရိုးကားကြီးထိုးရပ်လိုက်ပြီး ကားနောက်ခမ်းတံခါးတွေ ဖွင့်ပေးလိုက်သည်။

"ဆရာကလည်း ဒေါင်းဒေါင်းတို့၊ မိဒွန်းတို့၊ ဘောင်းဘောင်းတို့ကို နာမည်မခေါ်ဘဲ. . . ညီမလို့ပဲခေါ်ခေါ်နေတော့ မရင်းနှီးသလိုချည်းဘဲနော်"

"ဩော်. . . ဟုတ်ကဲ့ မဒေါင်းဒေါင်း"

"ဟင်း. . . ဆရာချမ်းကလည်း အောက်လိုက်တာ . . . မဒေါင်းဒေါင်းဆိုရင် တကယ့်ကျေးတောသူဖြစ်သွားပြီသိလား၊ ဒေါင်းဒေါင်းလို့ပဲခေါ် ရမှာ၊ ဟိုမှာကြည့်. . . ဒေါင်းဒေါင်း နှုတ်ခမ်းစူပုတ်နေပြီ"

မိဒွန်းက အတို့အထောင်လုပ်၏။

"ဆောရီးဗျာ. . . ဆောရီး ဒေါင်းဒေါင်း"

ဆရာ့ခမျာ ပြာပြာသလဲ တောင်းပန်ရှာသည်။

"ကိုပုကွ. . . ကိုပုကွ"

ကိုပုကွတဲရောက်လာတော့ ဘောင်းဘောင်း အသံကျယ်လာသည်။

"ကြည့်. . . မိဘောင်းတို့ကတော့ မဏ္ဍပ်တိုင်တက်ပြီ"

"ဩော်. . . ဒါဘောင်းဘောင်းတို့အိမ်လား"

"ဆရာကလည်း တမှောင့်. . . ကိုပုကွနေတဲ့အိမ်၊ ဆရာ့တပည့်ရဲ့ ထန်းတောသိပြီလား"

"နောက်တာပါ ဘောင်းဘောင်းရဲ့. . . ဟဲ. . . ဟဲ"

ဟု ရယ်ကြဲကြဲလုပ်နေဆဲ . . . .

"ဝုတ်. . . ဝုတ်. . . ဝုတ်"

"ဟဲ့. . . မဲလုံးပြာ၊ ဆရာ့ကိုတောင်မမှတ်မိတော့ဘူးလားဟ"

ဟု ဒေါင်းဒေါင်းက ထအော်သည်။





ကိုပုကွ ကြိမ်လုံးတစ်ချောင်းနဲ့ ထွက်လာသည်။

"ဟဲ့ကောင်. . . မဲလုံးပြာ ဆရာချမ်းရဲ့လက်သုံးစကားနဲ့ ပြောရရင် မင်းရဲ့ချို့ယွင်းနေတဲ့ အစီအစဉ်မကျဖြစ်နေတဲ့ မှတ်ဉာဏ်တွေကို ဟောဒီကြိမ်လုံးနဲ့ ပြန်ပြီးနှိုးဆွတည့်မတ်ပေးရမယ်"

"ကဲ. . . သူ့ရဲ့မှတ်ဉာဏ်တွေကို နှိုးဆွတည့်မတ်ပြီးရင် ဒါလေးနဲ့ ပြန်ငြိမ်အောင်လုပ်ပေးရတယ်ဗျ"

ဟု ဆိုကာ ကိုပုကွ၏ထန်းထဲမှ ထန်းလျက်အချို့ကို မဲလုံးအား ပစ်ချကျွေးလိုက်သည်။ မဲလုံးပြာကား အမြီးတနန့်နန့်နှင့် ဆရာချမ်းဘေးမှာ ဝပ်ချလိုက်သည်။

"ကဲ. . . ဒီနေ့ အားလုံးတွေ့ဆုံတဲ့အထိမ်းအမှတ်နဲ့ ဆရာချမ်း ထန်းပင်ပေါ်တက်ပြီးချပေးတဲ့ ထန်းရည်ချိုနဲ့ ဧည့်ခံပါ့မယ်ဗျ"

မိဒွန်းက အခမ်းအနားဖွင့်ရာ. . .

"ဟာ. . . မလုပ်ပါနဲ့ဗျာ။ ကျွန်တော်ဘောလုံးကန်ရင်း ခြေသပ္ပတ်တိုင်လည်ထားလို့ပါ။ ကိုပုကွ ခင်ဗျားပဲ ထန်းပင်ပေါ်တက်ပြီး ထန်းရည်ချိုလုပ်ပေးဗျာ။ ကျွန်တော် ကျေးဇူးဆပ်ပါ့မယ်"

"ဆရာချမ်းကလည်းဗျာ. . . ဘာကျေးဇူးဆပ်စရာလိုလို့လဲ။ ကျွန်တော့်ဆီမှာ ဆရာ့ကျေးဇူးတွေ တစ်ပုံတစ်ပင်။ ဩော်. . . ဒါနဲ့ ဆရာတော်ကြီးဆီရော ရောက်သေးလား"

"မနက်ဖြန်မှ သွားမယ်စိတ်ကူးထားတာပဲဗျာ"

ကိုပုကွ ထန်းရည်ကျည်တောက်များထမ်းကာ ထွက်သွားသည်။ နောက်မှ ဆက်ရက်အုပ်ကပ်၍ပါသွားသည်။

"ဆရာကတော်. . . ကျွန်မတို့ဖို့ ထန်းရည်အကောင်းစားလုပ်ပေးနော်"

"စိတ်ချ. . . စိတ်ချ၊ ဆေးသကြားလျှော့ထည့်ပေးမယ်"

"ကောင်စုတ်မ. . . ထန်းတောဖြင့် မပိုင်သေးဘူး။ ဆေး



www.burmeseclassic.com

www.burmeseclassic.com



သကြားကထည့်ချင်နေပြီ။ သူ့သာထန်းတော တကယ်ပိုင်သွားရင်တော့ ငါတို့ဆေးသကြားစာမိမှာ သေချာတယ်” .

“ဒါမှ နင်တို့ယစ်ထုတ်မဖြစ်မှာပေါ့။ နင်တို့အတွက် ငါက အနစ်နာခံပြီး ဆေးသကြားစပ်ပေးမှာပါဟယ်”

“ကောင်စုတ်မ . . . လိုက်တီးကြဟာ”

ဟုလိုက်၍ ထုကြသောအခါ မဲလုံးပြာမနေသာတော့ နောက်ကနေထိုးဟောင်လိုက်သည်။

“ဝုတ် . . . ဝုတ် . . . ဝုတ်”

“ဟယ် . . . ဒီမှာထန်းပင် သုံးပင်လဲနေတယ်”

“ဟုတ်တယ် . . . ဆရာမဒေါင်းရေ၊ ဆရာချမ်းပျောက်တဲ့နေ့မှာပဲ ဒီထန်းပင်လဲနေတာ”

“ဆရာချမ်းကအရင်ပျောက်တာလား၊ ထန်းပင်ကအရင်လဲတာလား”

“အဲဒါ . . . ထန်းပင်ကမဖြေဘူး ဆရာမ”

“ဟုတ်တယ်တော့ . . . ထန်းပင်ရဲ့အလုံးကိုလည်း ဖောက်ပြီးရှာထားတဲ့ပုံနဲ့ အံ့သြစရာပဲ”

‘အပြန်ခရီးမှာတော့ ဆရာချမ်းက အိမ်ထိလိုက်ပါလာသည်။

ဒေါင်းဒေါင်းအဒေါ်က လောကွတ်ချော်ပြီး ဝင်ထိုင်ခိုင်းသည်။

“ဟဲ့ . . . မိဒေါင်း၊ ဆရာ့ဖို့ သံပုရာရည်လေးလုပ်ပါအုံးကွယ်”

အထဲဝင်သွားတော့ မမနှောင်းက အဆင်သင့် သံပုရာရည် ဖျော်ပြီးနေပေပြီ။ ပျာပျာသလဲပင် ဖန်ခွက်ထဲပြောင်းထည့်ပြီး ညီမလက်ထဲထည့်ပေးလိုက်သည်။ ဒေါင်းဒေါင်း နောက်လှည့်ကြည့်တော့ မမနှောင်းကား အထဲမှချောင်းကြည့်နေဆဲ။



## အခန်း (၉)

တောင်သမန်ရှိ ကိုပုက္ကထန်းတောကား မန်ကျည်းတောအနီးရှိ ထန်းတောနှင့်ယှဉ်လိုက်လျှင် အလွန်သေးငယ်သွားလေသည်။ ကိုရေချမ်းတစ်ယောက် ဗျတ္တလမ်းရှိ ထန်းတောစုကိုရောက်သည်မှာ ကြာပေပြီ။ ထန်းတက်လုပ်ငန်းကို စောစောစီးစီးလုပ်ကိုင်ပြီးနောက် နေ့လည်ခင်းနားရင်း စဉ်းစားနေလိုက်မိသည်။

“ဩော် . . . ငါ ဒေါင်းဒေါင်းတို့နဲ့ အဝေးဆုံးတစ်နေရာကိုရောက်နေပါပေါ့လား”

‘ငါထန်းသမားဘဝကို လေ့လာဖို့လား။ ဒေါင်းဒေါင်းရဲ့ပိုင်ဆိုင်မှုအမှတ်သင်္ကေတပါတဲ့အချစ်မျက်လုံးကြီးကို လန့်လို့ပဲလား။ ဘာကြောင့် ထွက်လာတာဖြစ်ဖြစ် . . . အခုပုပ္ပါးထန်းတောကိုတော့ထွက်လာမိပြီ’ဟု အတိတ်ဆီသို့ စိတ်အစဉ်ရောက်သွားမိသည်။

ဒဿနဆိုင်ရာအတွေးအခေါ်ရှင်များ စာအုပ်အပါအဝင် အင်္ဂလိပ်စာအုပ်(၄)အုပ်ကို လက်ဆွဲအိတ်အလတ်ထဲထည့်၊ အဲဒီအိပ်ကို ဆရာတော်မသိအောင် ညကတည်းက အပြင်မှာဝှက်ထား၏။ အာရုဏ်ဆွမ်းကပ်ပြီးတာနှင့် ကိုပုက္ကဆီခါတိုင်းကဲ့သို့ သွားရှင်ဟန်ဆောင်ကာ လစ်လာခဲ့သည်။ တောင်သမန်ကနေ မန္တလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြုံရာကားဖြင့်လာခဲ့သည်။ ခုတော့ မကွေး၊ မန္တလေး၊ အဝေးပြေးကားကြီးပေါ် ရောက်နေပေပြီ။ ဒေါင်းဒေါင်းကိုတော့ လွမ်းချင်သလိုလိုရှိသည်။ ဒါကိုက ငါ့ရဲ့အားနည်းချက်ဟု အပြစ်တင်ပြီး ဖြေဖျောက်လိုက်သည်။ ဒါပေမဲ့. . . ပူဆွေးသောကဗျာပါဒဟူသည် ယောက်ျားကောင်းတို့အား တုတ်နှောင်ထားအပ်သော ချည်တိုင်များဖြစ်သည်ဟူသောအဆိုကို လက်ခံထားမိသူဆိုတော့ နောက်ပြန်လှည့်ကြည့်လို့မဖြစ်သေး။

အမြင့်ကိုတက်တဲ့သူဆိုတာ အောက်သို့ဘယ်သောအခါမှ ငုံ့မကြည့်ရဆိုတဲ့ စကားဟာမှန်ပါတယ်လေ။ ငုံ့မကြည့်ဘဲ ဆက်တက်ထားဦးမှ. . .။

"အရင်က ပညာရှိကြီးတွေ၊ ခေါင်းဆောင်ကြီးတွေဟာ ပုပ္ပါးတောင်ကို အခြေခံခဲ့ကြတာပါပဲကလား။ ငါကတော့ ဘာလုပ်မယ့်ကောင်လဲ။ ဒါကတော့ ငါ့ကို ငါစမ်းရဦးမှာပေါ့လေ"

"ဟကောင်ကြီးမောင်မောင်စိုး"

"ဟဖိုးချမ်း. . . ဘယ်ကမျက်စိလည်လာတာတုန်း။ အခု. . မင်းမိဘလုပ်ငန်းတွေကို ဦးစီးနေပြီလား။ ဒါမှမဟုတ် အရင်တုန်းတလိုပဲ ဒဿနရှာပုံတော်ဖွင့်နေတုန်းပဲလား"

"အင်း . . . ဒဿနရှာပုံတော်အတွက်က ပန်းတိုင်ကို မရောက်သေးဘူးလေကွာ။ ပြေးပြီးရင်း ပြေးနေတဲ့ သံသရာအပြေးသမားဆိုပြီး တို့ရဲ့ဒဿနအရှင်သခင်ဗုဒ္ဓမိန့်ခဲ့တဲ့အတိုင်း ငါက အပြေးမရပ်နိုင်သေးပါဘူး သူငယ်ချင်းရာ"

"အပြေးမရပ်သေးလို့ အကြွေးဆပ်ဖို့ရောက်လာတာပေါ့ ဟုတ်လား"

"အကြွေးဆပ်ဖို့တော့ဟုတ်တယ် သူငယ်ချင်း၊ ဒါပေမဲ့. . မင်းဆီရောက်လာတာတော့မဟုတ်ဘူး။ မင်းဆီကနေထရန်စစ်လုပ်ရမှာ"





"ဘုရားရေ. . . ငါကမင်းလိုပုဂ္ဂိုလ်အတွက် ဘာများအကူအညီပေးနိုင်မှာမို့လဲကွာ"

"ဒီလိုကွာ. . . ငါထန်းတက်သမားဘဝကို လေ့လာမယ်။ ဒါကြောင့်. . . ထန်းတောပေါ်တဲ့ တောအရပ်ကို ငါသွားချင်တယ်။ အဲဒါကို မင်းစီစဉ်ပေး။ ငါ့နာမည်ကိုလည်း ဒီနေ့ကစပြီး ရေချမ်းလို့မခေါ်နဲ့ ငြိမ်းချမ်းလို့ခေါ်။ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်အောင်လို့ကွာ"

မောင်မောင်စိုး ရယ်ကြဲကြဲဖြင့် . . .

"ဆရာ့သဘော. . . ဆရာ့သဘော"

ဟု ပြောလိုက်လေသည်။ ကိုရေချမ်းအတိတ်ကို စီကာစဉ်ကာစဉ်းစားလိုက်တော့. . . ဒီဗျတ္တလမ်းကို ရောက်လာရသည့် ဇာတ်လမ်းကရေးရေးလေးပေါ် လာသည်။

မုဆိုးမလေးမိကျန်ဖြူအတွက် သူအကူအညီပေးစရာတွေရှိသည်။ သူအကူအညီပေးမှာတွေက မိကျန်ဖြူမှ ဗျတ္တခြံထဲရှိ ကိုရေချမ်းအတွက် နေ့စဉ်ချက်ပြုတ်ပေးပို့သော ထမင်း၊ ဟင်းတွေအတွက် ကျေးဇူးဆပ်တာမျိုးအဖြစ် မမြင်စေလို။ လူသားတစ်ဦးအတွက် အကူအညီပေးသင့်လို့ ပေးတာဆိုသော အသိမျိုးလောက်သာသိစေချင်သည်။ ဒီထက်ပို၍ နက်ရှိုင်းသွားလျှင်လည်း၊ ငါးမျှားချိပ်အသွား စူးဝင်သွားသလိုမျိုး ချွန်မြကာ အနုတ်ခက်တတ်သည့်မြားတစ်စင်းစူးဝင်သွားသလိုမျိုးဆိုရင်. . . ဒဏ်ရာတွေ ဘာတွေရနိုင်သည်။ ဒါတွေကို ကိုရေချမ်းမလိုလား။ ကိုယ့်အတွက်တော့ ဒီမြားတွေမစူးဝင်နိုင်အောင် ဒဿနဆိုသော လွှာဒိုင်းကြီးကိုင်ထား၍ မထောင်းသာ။ လူတို့မှာ ဘယ်လိုအကွယ်အကာမှမရှိ ဟင်းလင်းပွင့်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုရေချမ်းတစ်ယောက် စဉ်းစားခန်းနိဗ္ဗာန်လေးမှ လန့်ဖျတ်ခုန်ဆင်းလာရသည်။ "အစ်ကိုချမ်း"ဟု တောသံမပျောက် တပျောက်ခေါ်သံကို ကိုရေချမ်းတစ်ဖြစ်လည်း ကိုငြိမ်းချမ်း၏ အသိစိတ်ကတုန့်ပြန်လိုက်မိသည်။

"မိကျန်ဖြူ' ဒီအခေါ်အဝေါ်ကလည်း လိုက်ဖက်လှသည်။ မိကျန်ဖြူ၏မိဘနှစ်ပါးက ၎င်းကိုမွေးပြီးနောက် မိသားစုအားလုံးသည် ကံအားလျော်စွာပင် ဒီတောထဲမှာ တစ်ပြိုင်နက်တည်း သေဆုံးကြရသည်။ ငါးနှစ်သမီးလေးကို မိကျန်ဖြူဟု မှည့်ခေါ်ပြီး ဆရာတော်မှ ကျောင်းအနီးရှိ ယာတဲမှာ ခေါ်ယူကျွေးမွေးပြုစုခဲ့ရသည်။ အဲဒီမှကတည်းက ဘာမှမကျန်အောင် ဖြူခါပြာခါကျသည်မို့ . . . မိကျန်ဖြူဟု ခေါ်ခဲ့ရသည်တဲ့။

ဒါပေမဲ့ . . . ဘဝပေးကုသိုလ်ဟူသည် တစ်ဖက်ကဆိုးခဲ့သလောက် တစ်ဖက်က အလွန်ကံကောင်းနေခဲ့သည်။ သူမတူအောင်လှပသော ရုပ်ရည်ရူပကာယ၊ ဖွေးဖြူနေသော အသား၊ စိုပြေနုဖတ် နေသော မျက်နှာလေး။ ဒါကြောင့် . . . မိကျန်ဖြူဟု ခေါ်မိသည်။ ဒါတွေကြောင့် သားမှတ်မှတ်၊ မယားမှတ်မှတ်ပေါင်းနိုင်မည့် မောင်သက်ပြင်းနှင့် လူကြီးများက စီစဉ်ကာပေးစားခဲ့သည်။

ဒါပေမဲ့ . . . ပညတ်သညာအရ မောင်သက်ပြင်းသာဖြစ်ခဲ့သော်လည်း လက်တွေ့တွင် အသက်မပြင်းနိုင်ခဲ့၍ မိကျန်ဖြူကို ကိုယ်ဝန် (၃)လနှင့်ချန်ကာ ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ချေပြီ။ ဒါတွေကား . . . ဗျတ္တ၏ပန်းဆက်လမ်း မဖေါက်လုပ်ခင်က အခြေအနေ။ အခု . . . ဗျတ္တလမ်းဖေါက်သောအခါ မိကျန်ဖြူသည် လက်ဖက်ရည်ဆိုင်လေးဖွင့်သည်။ လမ်းဖေါက်စဉ်က ထမင်းလခပေးစားသူများအတွက် ထမင်းချက်၍ ထမင်းချိုင့်စီစဉ်ပေးသည်။ အခုတော့ . . . ယခင်လောက်အဆင်မပြေ။ ဗျတ္တလမ်းရှိ ထန်း





တောများအကြားတွင် ကိုမောင်မောင်စိုး၏ ယိုးဒယားဆီးသီးခြံရှိသည်။ အဲဒီခြံမှာ ကိုရေချမ်းနေတော့ မိကျန်ဖြူသည် ပန်းတော်မဆက်ရဘဲ စားတော်ဆက်နေရသည်။ ကိုရေချမ်းက ဖြစ်သလိုစားနိုင်သည်။ ဒါပေမဲ့ . . . မိကျန်ဖြူက ဖြစ်သလိုချက်မပေး။ တစ်ရက်နှင့်တစ်ရက် မထပ်ရအောင်ရှာကြံကျွေးလေသည်။ ကိုယ်ဝန်ကြီးတကားကားနှင့် ထမင်းလာပို့ရှာသည်။

မိကျန်ဖြူသည်ကား . . . မုဆိုးမဖြစ်လင့်ကစား သူ့ကိုကြိုက်သော၊ လယ်ယပ်ယိုမယော်ယောကျ်ားသားတွေ မြောက်များလှစွာ။ အမှန်တော့ . . . သူ့အလှကို စားသုံးလိုကြ၍ ယစ်မူးဝဲပျံနေကြသူများသာဖြစ်သည်။ ဒါကြောင့် . . . သူ့ယောက္ခမအေါ်သက်ပုံနှင့် အတူ တည်တည်တံ့တံ့ပင် အိမ်ထောင်မပြုဘဲနေရှာသည်။

အခု . . . ကိုရေချမ်းနှင့်လည်း ဘေးအမြင်သေးလောက်အောင်နေထိုင်ခြင်းမပြု။ တစ်ခုပဲရှိသည်။ ကိုရေချမ်းအတွက် ညမနက်စာကိုတော့ ကိုယ်တိုင်ထမင်းချိုင့်ဆွဲ၍ လာပို့သည်။ အခုလည်း နေ့လည်စာထမင်းကို (၁၁)နာရီမထိုးခင် ရောက်အောင်ပို့သည်။ ကိုရေချမ်းတစ်ယောက် ဇီးခြံဘေးရှိ ထန်းတောတွင် ထန်းပင်တက်နေစဉ်မို့ . . . အဲဒီထန်းပင်အနီးရှိ သစ်ပင်ရိပ်အထိ ထမင်းချိုင့်၊ ရေဘူးများ၊ လက်သုတ်ပုဝါတို့ အစီအရီချပြီးရောက်လာပြီ။ ထန်းပင်ခြေရင်းတွင် ထန်းရည်အိုးထဲမှ ထန်းရည်တွေကို ပလပ်စတစ်ဘူးကြီးထဲတွင် ပေါင်းထည့်ပြီး စဉ်းစားခန်းဝင်နေစဉ် ရောက်လာခြင်းဖြစ်သည်။ ထမင်းစားပြီးတော့ ပါလာသော သရက်သီးမှည့်ကို တစ်စိပ်ချင်းအရသာခံစားနေမိသည်။

"မိကျန်ဖြူရယ် . . . ကိုယ်ဝန်ကြီးတကားကားနဲ့ ထမင်းလာမပို့ပါနဲ့ကွယ်"

"အစ်ကိုချမ်း . . ညနေပိုင်း အိမ်လာလည်အုံးမှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ည စာရေးစရာတွေရှိသေးတယ်။ အစ်ကိုလာနိုင်မှာ မဟုတ်ဘူး"

"အစ်ကိုမလာရင် မိကျန်ဖြူက တစ်ညလုံးမျှော်နေရမှာ. . . အစ်ကို့ကို တယောထိုးခိုင်း၊ သီချင်းဆိုခိုင်းပြီး မိကျန်ဖြူက လရောင်အောက်မှာ ဇိမ်နဲ့နားထောင်မယ်လို့ စီစဉ်နေတာ"

"ဟင်း"

ကိုရေချမ်း သက်ပြင်းချမိသည်။

"ဟော. . . အစ်ကို သက်ပြင်းချပြန်ပြီ။ ဘာလဲ. . . မန္တလေးမှာ ကျန်ခဲ့တဲ့ရည်းစားဆီ စာရေးဖို့အရေးကြီးနေလို့မလာတာ မှတ်လား"

"မဟုတ်ပါဘူး. . . မိကျန်ဖြူရယ်။ အစ်ကို့မှာ သံယောဇဉ်တွယ်စရာမိန်းကလေးမရှိပါဘူးကွယ်။ အစ်ကို့ရဲ့အဘွားဆီ စာရေးမလို့ပါ"

"ဒါမျိုး နေ့လည်မှရေးပေါ့။ ညပိုင်းတော့ လာကိုလည်ရမယ်။ နောက်ပြီး. . . အစ်ကိုပြောတဲ့အတွေ့အကြုံလေးတွေ၊ အတွေးအခေါ်လေးတွေက ညီမအတွက်သိပ်ဗဟုသုတရတာပဲ. . . သိလား"

"ကဲ. . . ကဲ. . . မိကျန်ဖြူပြန်တော့။ အစ်ကို အဘွားဆီကို စောစောစာရေးမယ်။ စာရေးလို့ပြီးပြီးချင်း မိကျန်ဖြူဆီလာခဲ့မယ်"

"ဟုတ်ကဲ့ အစ်ကို"

■



## အခန်း (၁၀)

"နီလာမိုးတစ်ခွင်၊ ပျံ့ဝန်းနှံ့စင်၊
ရွှေစင်သီတ
စန်းလပုဏ္ဏမီ
နဝင်းလ သခ်ါညီ"

တယောကို လက်သံစမ်းရင်း ကိုရေချမ်းသီဆိုသည်။

"ညကြီးမိုးချုပ် တယောသံတအီအီ၊ သီချင်းသံတကျော်ကျော်နဲ့ လာဆူနေတာ ဘယ်ကောင်လဲကွ"

"ဟဲ့. . . ကိုယ့်အိမ်ထဲ ကိုယ်သီချင်းဆိုတာဘာဖြစ်လဲ။ နင်တို့အမူးသမားတွေလို ငါးပါးသီလချိုးဖောက်နေတာ မဟုတ်ဘူးဟော့"

မိကျန်ဖြူ ယောက္ခမဒေါ်သက်ပုံက ဒေါင်းတိမောင်းတိနှင့် ပြန်၍အော်လေ၏။

"ဒါ ဈေးဆိုင်တန်းကွ. . . မူးမယ်သောက်မယ်၊ ရမ်းမယ် ဘာဖြစ်လဲ။ အညှိမှာ တထောင်းထောင်းအုံနေတဲ့ ယင်ကောင်လို ကောင်မျိုးမဟုတ်ဘူးကွ။ မီးနေစောင့်ဖို့လာနေတဲ့ လှည်းကျိုးထမ်းနွားမဟုတ်ဘူးကွ"

"သတ္တိရှိတယ်. . . မိုက်တယ်ဆိုရင် ထွက်ခဲ့ကွ"

"ထွက်တယ်. . . ထွက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်ပုံက ထဘီစွန်ထောင့်ဆွဲ၍ ထွက်၏။

"ဟာ. . . ဒေါ်ဒေါ်မလုပ်ပါနဲ့၊ ရှက်စရာကြီးဗျာ"

ဟု ကိုရေချမ်းတား၏။

"ဟုတ်တယ်. . . အမေပုံ မလုပ်ပါနဲ့ သမီးတို့ကို ငဲ့ပါဦး"

'အောင်မယ်. . အဘွားကြီးက သတ္တိကောင်းပြနေ၊ ကဲ . . လာပြီကွ"

ဟု ဆိုကာ အမူးသမား(၃)ယောက် ပြေးလာကာ အဘွားကြီး ထံတိုးဝင်လာသည်။

"ဒီမယ် သူငယ်ချင်းတို့ မလုပ်ကြပါနဲ့ကွာ၊ တောင်းပန်ပါတယ်"

"အောင်မာ မင်းကဘာကောင်လဲ. . . ကောက်ရိုးပုံစောင့်တဲ့ ခွေးလား။ လှည်းကျိုးထမ်းတဲ့ နွားလား"

"ကောက်ရိုးပုံစောင့်တဲ ခွေးကော၊ လှည်းကျိုးထမ်းတဲ့ နွားကော နားမလည်ဘူးကွာ"

ဟုဆိုကာ ဝါးလုံးပိုင်းဖြင့် တစ်ယောက်က ပြေးရိုက်သည်။

ကိုရေချမ်းမနေသာတော့ဘဲ ကြို၍ဝါးလုံးသမားထံပြေးဝင်ကာ ငယ်စဉ်ကကျင့်သားရပြီးသော လက်ဝါးစောင်းဖြင့် ဝါးလုံးကိုင်တဲ့လက်ကိုခုတ်ချပြီး လက်သီးဖြင့် ပါးချိပ်ကို မိမိရရထိုးလိုက်သော အခါ ခြေလွတ်လက်လွတ် မှောက်လျက်သားကျသွားတော့သည်။

နောက်ကျန်နှစ်ယောက်က ရှန်းရင်းဆန်ခတ်ဝင်လာသော အခါ ကိုရေချမ်း၏ ညာခြေစောင်းသည် အရပ်ခပ်မြင့်မြင့်လူ၏ ဘယ်ဘက်နံကြားကိုလည်းကောင်း၊ ဘယ်ဝိုက်လက်သီးသည် နောက်ဆုံးကျန်နေသော ခပ်ပုပုဂင်တိုတို၏ နားအုံကိုလည်း ကောင်း တစ်ချက်စီခပ်ပြင်းပြင်းသွင်း၍ ပွဲသိမ်းလိုက်သည်။

"ဟေး. . . ဒါမှ တို့ဦးဦးကွ၊ နေထက်လင်းထက်သာတယ်





ဟေ့၊ ဒေါ်လေးကျန်ဖြူကို နေ့တိုင်းနှောင့်ယှက်နေတဲ့ကောင်တွေ သေပြီဟေ့"

"မိကျန်ဖြူ၏တူလေးက လက်ခုပ်လက်ဝါးတီးကာ အားပေး နေသည်"

"ကဲလာ. . မိကျန်ဖြူ ကျေးရွာလူကြီးတွေဆီ သွားဖြေရှင်းကြ မှဖြစ်မယ်"

ကျေးရွာလူကြီးဆီရောက်တော့ ဖြေရှင်းစရာပင်မလို၊ မျက်မြင်သက်သေတွေရဲ့ ပြောပြချက်အရပင် လုံလောက်နေပေပြီ။

"ရပါတယ်. . . သူဌေးလေးကိုငြိမ်းချမ်းရယ်၊ ဒီအမူးကောင် တွေက ဒီကလေးမလေးကို မုဆိုးမဆိုပြီး အမြဲနှောင့်ယှက်နေတာ ကွယ့်"

"ဟာဗျာ. . . ဘကြီးကလည်း ကျွန်တော်က သူဌေးလေး မဟုတ်ပါဘူးဗျာ။ စာရေးဆရာလုပ်မှာမို့ ဒီထန်းသမားဘဝတွေ လာ လေ့လာနေတာပါဗျ"

"အမယ်လေး. . . ဦးမောင်မောင်စိုးက ဟိုနေ့ကပဲ သူဌေး လေးအိမ်က ကားနဲ့ရောက်လာပြီး အကုန်ဖွင့်ပြောရင်း ဘကြီးကို လိုအပ်တာအကူအညီပေးဖို့အပ်သွားတယ်။ ရွာမူတန်းကျောင်း အတွက်လည်း သူဌေးလေးအိမ်က လာလှူဦးမယ်ပြောတယ်"

"ဗုဒ္ဓေါ. . . ကျွန်တော့်အိမ်က ဒီအထိလိုက်လာတယ်"

"ဟုတ်တယ်. . . မိန်းမယူမယ်ဆိုလည်း ဘကြီးတို့ရွာက အချောအလှရှိရင် ပေးစားလိုက် လို့ပြောတယ်။ မိကျန်ဖြူလေးက ကုသိုလ်ကောင်းပါတယ်ကွယ်။ မုဆိုးမဆိုပေမယ့် တည်တည်တန့် တန့်နေတတ်တယ်။ သူဌေးသားလို သနားတတ်တဲ့သူမှ အဆင်ပြေ မှာပေါ့။ နို့မဟုတ်ရင် မုဆိုးမဆိုတာ တစ်ပင်လဲလို့ တပင်ထူတာလဲ အိမ်သားမြဲဖို့မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဘကြီး ဘာတွေပြောနေတာလဲ။ ကျွန်တော်လာတာက ရန်ဖြစ်တဲ့အမှုအတွက်လာတာ၊ တခြားကိစ္စမပါဘူး"

"တခြားကိစ္စပါ တစ်ခါတည်းပါလိုက်တော့ ဆရာလေး။ မိကျန်ဖြူ. . . အဲဒီဆိုင်တန်းမှာရှိနေရင် သူ့ဘဝမလုံခြုံဘူး။ လက်ထပ်ပြီး တစ်ခါတည်းခေါ်သွားတော့"

"ဟာ. . . ဘကြီးတို့ရာ အဲဒီလိုတဇွတ်ထိုးမလုပ်ပါနဲ့ဗျာ။ မိကျန်ဖြူရဲ့သဘောကရှိသေးတယ်။ သူ့ခမျာ မုဆိုးမမို့မျက်နှာငယ်ရတဲ့အထဲမှာ"

"ဒါဆို လွယ်ပါတယ်။ ဟဲ့. . . ဟဲ့. . . မိကျန်ဖြူ ညည်းဆရာလေးကိုငြိမ်းချမ်းကို သဘောတူတယ်မဟုတ်လား"

"ကျွန်မကတော့ အမေ့သဘောပါပဲ"

"ကဲ. . . ဒေါ်သက်ပို၊ ခင်ဗျားက ယောက္ခမပေမယ့် အမေလိုပါပဲ။ သဘောတူတယ် မဟုတ်လား"

ဒေါ်သက်ပိုကလည်း ပြုံးပြုံးကြီးခေါင်းညိတ်လိုက်ချေသည်။

လသာသာတွင် ရေထွက်စမ်းကလေးဘေးကုန်းစောင်းတွင် ကိုရေချမ်းထိုင်ကာ စဉ်းစားနေမိသည်။

"ဟော့. . . အစ်ကိုချမ်း"

ဟုလှမ်းခေါ်ရာ ကိုရေချမ်းလန့်သွား၏။ ထိုစဉ် ခဲလုံးနင်းမိပြီး ခြေချော်ကာ ကုန်းစောင်းတွင်ထိုင်နေသော ကိုရေချမ်းအပေါ်သို့ အလိုက်သင့်ကျသွားသည်။ မိကျန်ဖြူက အလိုက်သင့်ဖက်တွယ်ထားလိုက်သည်။

"မိကျန်ဖြူရဲ့ ဖေဖေက ဘိုးရွှေမောင်နော်"

"ဟင်. . . အစ်ကိုချမ်းက ဖေဖေ့ကိုသိတယ်လား။ ဖေဖေ့ငယ်နာမည်က ဦးရွှေမောင်မဟုတ်ပါဘူး။ ကိုဘအောင်ပါ သူ့ဆရာဦးရွှေဦးက ပြောင်းခိုင်းလို့ ပြောင်းရတာတဲ့"





"ဩော်. . . ဩော်. . . အေး"

ဟု ဖြေရင်း အလိုက်သင့်ပြန်ဖက်ထားလိုက်သည်။

ကိုရေချမ်းရဲ့အလုပ်က ကျောက်ကိုစမ်းမှရမှာဆိုတော့ . . . ခင်တယ်ဆိုတဲ့အဆင့်ထက်ကျော်မှ ကျောက်ကိုစမ်းလို့ရမှာကိုး။ နောက်ကျောဘက်ကို တရွေ့ရွေ့စမ်းကြည့်လိုက်သည်။

"ဟိုက်. . . အစ်ကိုချမ်း၊ ယားတယ်ကွ"

"ကျောမှာ ဘာတွေရေးထားတာတုန်း. . . အဖုအဖုတွေနဲ့"

"အလကားပါ. . . ဖေဖေ အန္တရာယ်ကင်းအောင် အင်းကွက်တွေကို ဆေးမှင်ကြောင်ထိုးပေးထားတာ"

မိကျန်ဖြူသည် ကိုရေချမ်း၏ချော့မြူမှုအောက်တွင် မိန်းမောသွားမိသည်။

မိကျန်ဖြူပေးလိုက်သော ပစ္စည်းလေးရပြီးနောက် မိကျန်ဖြူကိုပေးမည့်စာကို ရေးသားလိုက်သည်။ မိကျန်ဖြူအတွက် ရေးခဲ့ရမည့်စာကို စီနေမိသည်။

*မိကျန်ဖြူရေ . . .*

*အစ်ကိုကတော့ ဘဂ**အတွက်** သံသရာခရီးရှည်ကြီးထဲမှာ ရွက်လွှင့်ရဦးမယ်။*

*သံသရာခရီးရှည်ကြီးဆို**တာ**. . . လူတွေဟာ မွေးလာတုန်းကလည်း တစ်ယောက်တည်း။ **ဘဝပြောင်းကြကူးကြ**တော့လည်း တစ်ယောက်တည်းပဲလေ။ သာမန်**အားဖြင့်** ကျွန်တော်တို့တစ်တွေဟာ ကိုယ့်ကိုယ်ကို ပိုင်ဆိုင်ကြတယ်လို့ထင်နေကြတယ်။ တကယ်ကတော့ မပိုင်ဆိုင်ကြပါဘူး။ ကံဇာတ်ဆရာရဲ့စီမံချက်အတိုင်း အဆုံးအစမရှိ။ လွှင့်ပါနေကြတဲ့ ရွက်ဝါကလေးတွေပါ အဲဒီလို ကိုယ့်ဖါသာကိုယ်တောင်ပိုင်ဆိုင်ခွင့်မရှိတဲ့ အစ်ကို့ကို မိကျန်ဖြူက ပိုင်ဆိုင်ချင်တယ်ဆိုတော့ ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စ တစ်ခုပါလေ။*



www.burmeseclassic.com

www.burmeseclassic.com



ရေထဲမှာ သူ့ဖာသာကူးခတ်နိုင်ခွင့်ရှိတဲ့ ငါးကလေး တွေကို ငါးမြှားချိတ်နဲ့တွဲထားတာမျိုး။ ကိုယ်လိုရာပျံကြတဲ့ ငှက်ကလေး တွေကို လှောင်အိမ်ထဲထည့်ထားတာမျိုးပဲဖြစ်မှာပေါ့။ ဒါ့အပြင်. . . အိမ်ထောင်ပြုခြင်းဆိုတဲ့ တခြားသူတစ်ဦးကို ဒုက္ခပေးဖို့ အလုပ် အတွက် စိတ်မရဲသေးဘူးကွယ်။ ညီမရဲ့ဘဝဖူလုံဖို့အတွက် အစ်ကို အကုန်လုံးစီစဉ်ခဲ့ပါတယ်. . .။

ပုံမှန်ဝင်ငွေရနေမယ့် ထန်းတောကြီးတစ်ခုရယ်၊ ယာကွက် ကေ (၂၀)ရယ်၊ နွားတစ်ရှဉ်းရယ်၊ အိမ်လေးတစ်လုံးရယ် အားလုံး စီစဉ်ခဲ့ပါတယ်။ သံသရာတစ်ကွေ့မှာ ပြန်တွေ့ကြဦးစို့လို့လည်း ညီမကို အတိတ်စိမ်းမပေးလိုပါဘူး။ ဘဝဆိုတာ မျဉ်းဖြောင့်တစ်ခု ပေါ်လျှောက်သွားသလိုပါပဲ။ တွေ့ရင်တောင်မှ ဟိုးအချိန်တော် တော်ကြာမှတွေ့နိုင်ကြတော့မယ်ထင်ပါရဲ့. . .။

တစ်ချိန်က. . . .

အစ်ကိုငြိမ်းချမ်း

■



## အခန်း (၁၁)

လူ့ဘဝသည်ကား ရှည်လျားလှသော ခရီးတစ်ခုပေတည်း။ ထို့ထက်ပို၍ သံသရာသည်ကား ထို့ထက်ပိုရှည်၏။ အဆုံးအစ မရှိနိုင်ချေ။ ဒါကို တွယ်ရာမဲ့ဖြစ်နေသည်ဟု အထင်နဲ့ သမုဒယ ဆိုသော ဒိုက်ဖတ်အတွယ်ကလေးတွေမှာ နားခိုလို့ကြည့် ကြသည်။ အမှန်တော့ ဒိုက်ဖတ်လည်း မိမိနှင့်အတူလိုက်မျောပါက အလွန် ကောင်းပါသည်။ သို့သော် ယင်းဒိုက်ဖတ်ကလေးများသည် မိမိအလို ကို ငြင်းဆန်၍ သူသွားလိုရာကိုနှင်တော့မည်။ ထိုသောအခါ အား နာခြင်း၊ သနားခြင်း၊ ကြင်နာခြင်း၊ ငဲ့ညှာခြင်းဟူသော တရားတွေ က ဘောင်ခတ်နေဦးမည်။ မိမိလည်း ထိုဒိုက်ဖတ်မျောလိုရာသို့ဆန္ဒ မပါဘဲ လိုက်ရချေဦးမယ်။ ဒါကို. . .သဘာဝဟု သတ်မှတ်မလား။ ကိုရေချမ်းက ဒီလိုသတ်မှတ်ခွင့်မပြုနိုင်ပါ။

အဲဒါကြောင့် ဒေါင်းဒေါင်း၏ဘေးမှ ထွက်ပြေးခဲ့သည်။ အဲဒီ နောက် မိကျန်ဖြူနဲ့တွေ့သည်။ မိကျန်ဖြူ၏ပတ်ဝန်းကျင်ကို ကျေနပ်မိသည်။ ဒါပေမဲ့. . . မိကျန်ဖြူသည် မိန်းမတို့ဝသီအတိုင်း ပိုင်ဆိုင်လိုချင်သည်။ ပိုင်ဆိုင်လိုချင်ဟန် ပွင့်ပွင့်လင်းလင်းပြနိုင် သည့် ဘဝမဟုတ်၍ ထုတ်ဖော်မပြခဲ့။ သို့သော်. . . မိကျန်ဖြူ၏ ပတ်ဝန်းကျင်ရှိ လူကြီးမိဘတွေက မရှိနိုင်သော အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ရှိသည်ဟုအထင်နှင့် ပိုင်ဆိုင်လိုခြင်းအား မိမိခွင့်မပြုနိုင်။ ဒါကို နားမလည်သူတွေအတွက် မိမိက အယူခံဝင်နေလည်း အပို ဖြစ်နေမည်။ ဒါ့ထက်ဆိုတာက ခေတ်သစ်လူ့အဖွဲ့အစည်း၏ သတ်မှတ်ချက်ပင်ဖြစ်သည်။ ခေတ်သစ်လူ့အဖွဲ့အစည်းတွင်ကား လူသားဆိုတာ ဒီလိုပါလားဟု ဖေါ်ထုတ်ပြသ၍ မရတော့ပေ။ လူသားအားဘွဲ့တံဆိပ်များ၊ အဆောင်အယောင်များ၊ ရာထူးနှင့် ဥစ္စာများ၊ ပညာသတ်မှတ်ချက်များ၊ စည်းစိမ်များ၊ ဝတ်စားဆင်ယင်နေထိုင်မှုများဖြင့်ကြည့်၍ တန်ဖိုးဖြတ်ကြ၏။

လူသားတစ်ဦးချင်း၏ လိုလားချက်၊ ဆန္ဒ၊ ဂုဏ်သိက္ခာ၊ အတွေးအခေါ်၊ အယူအဆအားလုံးကို ပြည်ဖုံးကားချထားလိုက်ကြပြီ။ လူသားဟူသည် စက်ယန္တရားတစ်ခု၏ ခွေးသွားစိတ်သဖွယ် ဖြစ်လာတော့သည်။ ထိုအခါ လူသားတစ်ဦးချင်း၏ စွမ်းဆောင်နိုင်မှုသည်မပေါ်လွင်တော့။ လူအများစုကြီး၏ စံနှုန်းသတ်မှတ်ချက်နှင့်မညီညီအောင် တန်းညှိခြင်းခံနေရချေပြီ။ ကိုရေချမ်း ထိုသို့အဖြစ်မခံနိုင်ပေ။

ဒီတော့. . . ဒိုက်ဖတ်နှင့်ဝေးရာသို့ ကူးခတ်ပေရဦးမည်။ နောက်ထပ်ဒိုက်ဖတ်တစ်ခု မတွေ့အောင်တော့ ရှောင့်ရရှားရပေဦးမည်။ ကိုရေချမ်းရဲ့အဘိုးဦးရွှေဦး ခိုင်းထားတဲ့အတိုင်း လုပ်ရမည်။ ဒါမှ. . . သူ့အဖေကို တွေ့ရမည်။ ဒါကို အကောင်အထည်ဖေါ်ဖို့ဆိုလျှင် မြေပုံတွေဆက်စပ်ဖို့ မိန်းကလေးတွေရဲ့ကျောကိုလှန်ရမည်။ ဒီလိုလှန်နိုင်ဖို့ဆိုရင် အလွန်ရင်းနှီးရုံနှင့်မရတော့။ (၅၂၈)မေတ္တာထက်ကျော်ရပေမည်။ (၁၅၀၀) မေတ္တာထိအောင်လည်း ကိလေသာထူပြောဟန်ပြပြီး ဒီအဆင့်ရောက်မှသာ ကျောကိုလှန်၍ ကြည့်နိုင်ပေမည်မဟုတ်လား။

ဒါပေမဲ့. . . ဘဝဆိုတာ ခက်သားကလား။ အဆုံးအစမဲ့





ဒီလမ်းခရီးမှာ သေခြင်း တရားကလွဲ၍ လူတွေပိုင်ဆိုင်ရမဲ့အရာဘာများရှိပါသေးသနည်း။ ဒါဆို သေခြင်းတရားကို မျက်ကွယ်ပြုဖို့ (ဝါ) အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ကျော်ခိုင်းဖို့ အပျော်အပါး၊ ချစ်ခြင်းမေတ္တာတရားတွေနဲ့ နားတွေမျက်စိတွေအသိတရားတွေကို ပိတ်ထားကြဦးမှာလား။ အဲဒီပိတ်ဆို့နေတဲ့ မြူအမှောင်တွေကို မိုးစက်တွေရွာချပြီး ပေးချင်ပါရဲ့။ ဒါပေမဲ့. . . မိမိကား ပါရမီရှင်တစ်ယောက်မဟုတ်။ လူတို့၏ပိတ်ဖုံးနေသော မြူအမိုက်အမှောင်များကို မိုးရေစက်များဖြင့် ပက်ဖျန်းသန့်စင်ပေးလိုသည်။ ဒါပေမဲ့. . . မိုးရေစက်ကို လူတို့၏ မြူအမိုက်အမှောင်တွေက လာရောက်ရန်မိတ်ဖွဲ့ရစ်ငင်နေကြသည်။

ဆောင်းရာသီတွင်ကား မှန်အလုံပိတ်ထားပါက တားအတွင်းအပူငွေ့ကြောင့် မှန်တို့အပေါ်တွင် မြူမှုန်ခိုးရစ်ပတ်နေကြသည်။ ဒါကို ကားဝိုက်ဘာမှန်ဖြင့် မသုတ်ခင် ဝိုက်ဘာရေစက်တို့ပက်ဖျန်းပေးရသည်။ ရေစက်ပက်ဖျန်းပြီးမှ သုတ်ပေးရသည်။ ဒီတော့. . . ကိုရေချမ်းတည်းဟူသော အနန္တမေတ္တာသမားတစ်ယောက်ထံသို့ မြူအမိုက်အမှောင်တို့သယ်ဆောင်ပြီး ဘယ်သူတွေလာကြဦးမလဲ။ ရင်မောမိစွာ သက်ပြင်းကိုထုတ်လိုက်မိသည်။

"ဟင်း. . ."

"ဟာ. . . ဆရာချမ်း သက်ပြင်းတွေချလှချည်လားဗျာ"

"ဒီမယ်. . . မိကျန်ဖြူတို့ဆီ မင်းရောက်လာတာလည်း ခပ်ကောင်းကောင်းကွာ"

"ဘာလို့လဲ ဆရာ"

"မဟုတ်ရင် ငါအဲဒီမှာ နည်းနည်းကြာနေဦးမှာကွ။ မင်းတဦးမင်းထင်သမီးကို ရှာတွေ့ပြီးဆိုတော့ ငါလည်းလုပ်ငန်းအသစ်တို့စရတော့မယ်ဆိုတာသိပြီး ငါ့ရဲ့မိကျန်ဖြူအတွက် သတ်မှတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ဘောင်ဝင်ရိုးကြီးကို တိကနဲ့လှည့်လိုက်တော့တာပေါ့ကွာ”

“အခု အချိန်ဘောင်က ဘယ်သူ့အတွက်လဲ ဆရာ”

“ဝါဆိုမေမောင်အတွက်ပေါ့”

“ဒါဆို ဘဝအသစ်တစ်ခုထပ်စပြီပေါ့”

“မင်းရော. . . ငါရော ဘဝအသစ်ပေါ့ကွာ”

“ဖိုးထောင်. . . ငါ့ကို ဒီနေ့ကစပြီး ဆရာချမ်းလို့ခေါ်နဲ့တော့ကွာ။ ငါ့နာမည်နိုးတူး. . မင်းခေါ်ချင်ရင် ဆရာတူးပေါ့ကွာ”

“အိုခေ. . . စိန်လိုက် ဆရာ”

နှစ်ယောက်သား ကျေနပ်စွာရယ်လိုက်မိသည်။

“ဆရာတူး. . . ထမင်းစားတော့မလား”

“ဟော့ကောင်. . . ဖိုးထောင်၊ ထမင်းကို တစ်နေ့ နှစ်နပ်စားရမယ်လို့ ဘယ်ကောင်သတ်မှတ်ထားတာလဲကွ”

“ကမ္ဘာဦးကတည်းကလေ ဆရာတူးရဲ့”

“မင်းမဆိုင်တဲ့ အရှုပ်ကို ဂလိုင်မလှုပ်နဲ့ကွာ။ ကမ္ဘာဦးလူတွေက သားကောင်ရတဲ့အခါ စားမယ်။ မရရင် ဗိုက်မှောက်နေမယ်။ ဒါပဲကွ. . . ဘယ်ကောင်မှ နှစ်နပ်စားရမယ် သုံးနပ် စားရမယ်. . . သတ်မှတ်မထားဘူးဟေ့”

“ဒါဆို. . . မြတ်စွာဘုရားသခင်နေမှာပေါ့ဗျာ”

“အောင်မာ. . . မြတ်စွာဘုရားအပါအဝင် သံဃာတော်တွေက ဆယ့်နှစ်နာရီထိုးပြီးရင် မစားတော့ဘူးကွ။ မင်းတို့လူတွေကိုယ့်ဖာသာ အလုပ်ရှုပ်နေကြတာ။ ဘရိတ်ဖတ်၊ လန့်ဖ်၊ ဒင်နာတို့ အလကား တန်ဖိုးရှိတဲ့အချိန်တွေ ဖြုန်းနေကြတာ”

“ကဲ. . . ဆရာ၊ ဒါတွေငြင်းနေလို့အပိုပဲ။ကျွန်တော်တို့ဗိုက်ပြဿနာအတွက် လုပ်ငန်းစကြစို့. . မဟုတ်ရင် ဂိမ်းသွားလိမ့်မယ်”

ဟုပြောကာ ဖိုးထောင်က ဘင်ကြီးငှမ်းပြီး အိတ်တစ်လုံး





လွယ်လိုက်သည်။ ဆိတ်သားရေခေါက်ကုလားထိုင်ကို ပခုံးပေါ်ချိတ်လိုက်သည်။ ဆရာချမ်းတဖြစ်လည်း ဆရာတူးက မြွေထည့်ထားသော ပချုပ်ကြီးကိုပခုံးပေါ် ထမ်းတင်လိုက်သည်။

“ဒိုး ချမ်း ချမ်း”

“ဒိုးချမ်း ဒိုးချမ်း ဒိုးချမ်း ဒိုး ဒိုး”

ဖိုးထောင်က ဘင်နှင့်လင်းကွင်းခြမ်းကို စည်းချက်ကျကျတီးနေသည်။

ခဏနေသောအခါ ဆရာတူး၏ ပလွေသံပေါ်လာသည်။ ဖိုးထောင်ဒုတ်ချောင်းဖြင့်သာ ဘင်၏သံအနားကွပ်ပေါ် တို့ကာတို့ကာ တီးနေ၏။

“တတ် တတ် တတ်”

ဟုအသံ တိုးတိုးသာထွက်တော့၏။

ပလွေသံရပ်သွားသောအခါ. . .

“ချမ်း. . . ချမ်း”

ဟု လင်းကွင်းခေါက်သံပေါ်လာသည်။

ပါးချိုပ်ထဲမှ မြွေပွေးကြီးက ‘တရှူးရှူး’အသံပြုရင်း . . . ပချုပ်ပေါ်သို့ ပါးပြင်းထောင်ထွက်လာသည်။

“အမလေး. . . မြွေကြီးတော့”

ပုလွေကို ဖိုးထောင်ထံသို့ ပစ်ပေးလိုက်ရာ. . .

ဖိုးထောင်က ဒူးညွှတ်ကာခါးကုန်းရင်း. . . မြွေ၏ရှေ့တွင် မျက်စိနောက်စွာ ဟိုယိမ်း. . . ဒီနွဲ့ဖြင့် မှုတ်နေ၏။ မြွေကြီးကတစ်ချက်တစ်ချက်လှမ်းပေါက်နေရာ ဖိုးထောင်က ကျင်လည်စွာရှောင်ပြနေ၏။

“ဇော်ကနီ၊ ဇော်ကနက်၊ ဝမ်းတွင်းသက်စုန်း၊ ဘယ်စုန်းမှ မကျန်၊ မဟန်ရင် နောက်ဆုတ်၊ ငုတ်တုတ်ထိုင်မဟန့်ကြေး ခိုနှစ်



www.burmeseclassic.com

www.burmeseclassic.com



သေးဖင်ခုံ၊ ဖနောင့်နောက်ပိတ်၊ အိတ်ထဲလက်မနှိုက်၊ လိုက်လိုလျှင် စိန်ခေါ်၊ တိမ်ပေါ်ကနိုးတူး၊ ဝမ်းတွင်းရှူးမနူးမနပ်၊ သတ်ဆရာသတ်၊ အပ်ဆရာအပ်၊ အဆိပ်ခါတ်နှုတ်၊ မြွေခိုးမှုတ်ပလေ့စေ၊ ရေအဆုံး မြေအဆုံး၊ ဆေးမြစ်ကတုံးနဲ့၊ အသုံးတော်ခံ၊ ရုံးတော်လှန်မဲ့၊ မြွေအန်မဲ့ဆေး၊ ငါ့ကိုပေးပါတော့၊ ပေးလော့၊ ငါ့ကိုပေးလော့"

နိုးတူးက ဟန်ပါပါလက်ခံလိုက်သောအခါ မြွေပါးစပ်ထဲမှ သစ်မြစ်ကလေးတစ်ခုထွက်ကျလာ၏။

"ဟယ်. . . သစ်မြစ်ကလေးတော့"

"ကဲ. . . စမ်းသပ်ချင်တဲ့သူကြွခဲ့ပါ။ ဒီသစ်မြစ်ကို ကိုယ်နဲ့ထိထားရင် မြွေမကိုက်ဘူး။ ဇော်ကနီ၊ ဇော်ကနက်အပါအဝင် စုန်းမပြုစားနိုင်ဘူး"

ဟု ဟန်ပါပါပြောလိုက်သည်။ ဘင်သံနှင့် လင်းကွင်းခေါက်သံပေါ်လာ၏။

"ချမ်း. . . ချမ်း. . . ချမ်း"

စမ်းသပ်မည့်သူပေါ်လာ၏။

သစ်မြစ်ကိုကိုင်ထားရင်း မြွေရှေ့မှာ လက်ကိုခံ၏။ မြွေက မပေါက်ဘဲ ရှောင်သွား၏။

"ကဲ. . . စမ်းချင်တဲ့လူတွေကြွပါ"

သုံး,လေးဦး ထွက်စမ်း၏။ မြွေမပေါက်တော့ လူတွေစိတ်ဝင်စားသွားချေပြီ။ ထိုအချိန် ဖိုးထောင်က သစ်မြစ်ကလေးတွေ လိုက်ဝေ၏။

"ကဲ. . . သစ်မြစ်တွေကိုကြည့်ပါ။ဘီလူးအစ်ကောင်သားပိုက်နေတဲ့ပုံပါတယ်။ ခေါင်းမှာအဖုအထစ်တွေနဲ့ လက်နှစ်ချောင်း၊ ခြေထောက်နှစ်ချောင်းအပြင် ကလေးငယ်ပိုက်ထားတဲ့ပုံ သေချာကြည့်ပါ. . . သေချာကြည့်ပါ။ ထုလုပ်ထားတဲ့ပစ္စည်းမဟုတ်ပါ။





သဘာဝပစ္စည်းစစ်စစ်ပါ"

ထိုစဉ် ရထားဆိုက်လာပြီး လူအုပ်ကြီးပြိုဆင်းထွက်လာသည်။

ကိုရေချမ်း ဆတ်ကနဲတွန့်သွား၏။

"ဟော့ကောင်. . . ဖိုးထောင်၊ ငါ့ကိုမေးရင် ဆရာနိုးတူးလို့ပဲဖြေနော်။ ငါခဏလစ်မယ်"

"ဟာ. . . ဒုက္ခပါပဲဆရာ၊ ပိုက်ဆံက မကောက်ရသေးဘူး"

"မင်း ဟသာကြည့်လုပ်၊ ငါသမ္ဘတရုံအောက်ကစောင့်မယ်"

"ဒုက္ခပဲ. . . ဆရာတူး မဂိမ်းဘဲ ငါဂိမ်းတော့မယ်ထင်တယ်"

"ဒီမယ်. . . ဒီမယ်"

"ဘာလဲ အစ်မ. . . ဘီလူးသားပိုက်ဝယ်မလို့လား"

"မဟုတ်ဘူး. . . ရှင်တို့ မျက်လှည့်ဆရာကိုရေချမ်းကိုတွေ့ချင်လို့. . ."

"ဟာ. . . ထပ်သရီး ဘယ်ကလာကိုရေချမ်းရှိလို့လဲ။ဒီမှာရေးထားတာတွေ့လား နိုးတူးတဲ့။ နှစ်ယောက်မရှိဘူးလို့ပြောတာ။ ဒါကျွန်တော်တို့ဆရာပဲ. . . ဆရာနိုးတူးတဲ့"

"ကဲ. . . အဲဒီ နိုးတူး ဘယ်သွားလဲ"

"ထမင်းသွားစားတယ်"

"ဒါဆို စောင့်မယ်"

"စောင့်လည်းအပိုပဲ။ ဒီကငွေတွေသိမ်းပြီးရင် ကျွန်တော်လည်း လစ်မယ်"

"ဘယ်ကို လစ်မှာလဲ"

"ဟိုး. . . မိုးကုတ်စက်ဝိုင်းထဲကို"

"ဗုဒ္ဓေါ်"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ခါးပိုက်နှိုက်ဗျို့ . . . ခါးပိုက်နှိုက်"

"ဟာ . . . ဟာ . . . ဟိုဘက်လမ်းချိုးထဲဝင်သွားပြီ . . . လိုက် . . . လိုက်"

နိုးတူးတဖြစ်လည်း ကိုရေချမ်းက အုတ်တံတိုင်းအကွေ့မှာ ကပ်၍ စောင့်နေလိုက်သည်။ တဖျတ်ဖျတ်နှင့် အတင်းထွက်ပြေးလာသူအား ခြေထိုးခံလိုက်သည်။

"အုန်း" ကနဲလဲကျသံနှင့်အတူ အမျိုးသမီးလက်ကိုင်အိတ်တစ်ခုက ကိုရေချမ်းလက်ထဲကို ရောက်သွားသည်။ လဲကျနေသူ၏ အင်္ကျီရင်ဘတ်ကို ဆွဲ၍မလိုက်သည်။

"တောင်းပန်ပါတယ် ဆရာရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ဆရာက မျက်လှည့်ဆရာနိုးတူးဆိုတာလည်း သိပါတယ်။ ကျွန်တော် ငတ်လွန်းလို့ ဒီတစ်ကြိမ်လုမိတာပါ"

"မင်း နောက်ဆိုမလုပ်တော့ဘူးလား"

"မလုပ်တော့ပါဘူး ဆရာ"

"သွား . . . ပြေးတော့"

ခဏနေသောအခါ လူအုပ်ကြီးဝေါကနဲရောက်ချလာသည်။

"ဟာ . . . ဒီမှာ ခါးပိုက်နှိုက်တွေ့ပြီဖမ်းကြဟေ့"





"ဟုတ်တယ် . . . ဖမ်းဟေ့ . . . ဖမ်း . . . ဖမ်း"

ထိုသို့ပြောသော စုတ်ချွန်းချွန်းကုလားဒိန်ပုံပေါက်နေသော လူနှစ်ယောက်ကို ကိုရေချမ်းက ညာဖြောင့်လက်သီးတစ်လုံးနှင့် ဘယ်ဝိုက်လက်သီးတစ်လုံးစီ 'ခွပ်' ကနဲ၊ 'ခွပ်' ကနဲ ထိုးသွင်းလိုက်သည်။

"မင်းတို့ဘိုးအေ . . . ခါးပိုက်နှိုက်က ပိုက်ဆံအိတ်ကို ဒီလိုကိုင်ပြီးစောင့်နေပါ့မလား။ မင်းတို့က ခါးပိုက်နှိုက်အဖွဲ့ထဲကကောင်တွေမဟုတ်လား"

ဟု ရင်ဘတ်ကိုဆွဲကာ ကိုင်ထားရင်း မေးလိုက်သည်။

ထိုစဉ် . . . တပည့်ကျော်ဖိုးထောင် မျက်လှည့်ဆရာလတ်စွဲဘင်တွေနှင့် မြွေပခြုပ်ကြီးထမ်းကာရောက်လာသည်။

"ဟုတ်တယ် . . . ဒါက ကျုပ်ဆရာနိုးတူး၊ မျက်လှည့်ဆရာပဲ"

ဟုအော်လိုက်သည်။

ထိုအခါ ကိုရေချမ်းလက်သီးမိ၍ ရှုံ့တွနေသော ကုလားဒိန်နှစ်ကောင်အား ရဲလက်သို့အပ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်။ ကျွန်မဆီက ပိုက်ဆံအိတ်လုပြေးတာ ဒီအစ်ကိုကြီးမဟုတ်ပါဘူး"

အရပ်မြင့်မြင့်၊ အနီရောင်ဝမ်းဆက်ဝတ်ထားသော အသက် (၂၀)ကျော်ခန့်ရှိ ပိုက်ဆံအိတ်ပိုင်ရှင်မိန်းကလေးမှ သက်သေထူလိုက်သည်။

"ကျေးဇူးပဲ မိန်းကလေး"

"အစ်ကိုကြီးနာမည်က နိုးတူးနော်။ ကျွန်မနာမည်က ဝါဆိုမေမောင်ပါ။ ဝါဆိုလို့ခေါ်ရင်ရပါတယ်။ အစ်ကိုကြီးတို့သွားမယ့်နေရာကို ကျွန်မကားနဲ့လိုက်ပို့ပါ့မယ်"

"အားကောင်းတယ် အစ်မ၊ ကျွန်တော်တို့လည်း ထမင်း



www.burmeseclassic.com

www.burmeseclassic.com



မစားရသေးတာနဲ့ အတော်ပဲ"

"ဟကောင် ဖိုးထောင်၊ ဘာတွေလျှောက်ဖွနေတာလဲ။ ရတယ်. . . ညီမလေး၊ အစ်ကိုတို့က ပစ္စည်းပစ္စယတွေနဲ့ မြွေပခြုပ်တွေနဲ့ဆိုတော့ ကားနဲ့အဆင်မပြေဘူး။ အစ်ကိုတို့ ဘာသာသွားပါ့မယ်"

"ရပါတယ်. . . အစ်ကိုရဲ့။ ညီမကားနောက်ဖုံးထဲမှာ ထည့်ရင်ရတယ်။ လာ. . . အစ်ကိုဖိုးထောင် တင်လိုက်"

ကိုရေချမ်းက ငြင်းချိန်ပင်မရလိုက်။ဖိုးထောင်၏ပစ္စည်းတွေက ကားပေါ်ရောက်နေချေပြီ။

"ကဲ. . . အစ်ကိုတို့ရေ ညီမလည်း ထမင်းမစားရသေးဘူး။ သူငယ်ချင်းတွေကို သူတို့ဘာသာပြန်ဖို့မှာခဲ့ပြီ။ အစ်ကိုတို့ကို ချစ်တီးထမင်းဆိုင်မှာ ကျွေးမယ်"

"ဟာ. . . ပွတာပဲ"

"ဟိတ်ကောင် ဖိုးထောင်၊ မင်းပါးစပ်ပိတ်ထား။။ ရတယ် ညီမ. . . အစ်ကိုတို့ မစားတော့ဘူး"

"မရဘူး. . . အစ်ကိုတို့ကျေးဇူးအများကြီးရှိတယ်။ဒီလက်ကိုင်အိတ်ထဲမှာက ညီမဖေဖေရဲ့ ဘဏ်ငွေစုစာအုပ်လည်းပါတယ်။ နောက်ပတ်စ်ပို့စာအုပ်တွေလည်းပါတယ်။ အဲဒါ. . . ခါးပိုက်နှိုက်လက်ထဲပါမသွားတာ အများကြီးကျေးဇူးတင်တယ်။ ဒါကြောင့် . . ထမင်းလိုက်ကျွေးတာပါ"

"ကဲ. . . စားကြ၊ အစ်ကိုတို့။ အစ်ကိုဖိုးထောင်ကြိုက်တာမှာ"

ဖိုးထောင်က ခွေးဘုရားပွဲတွေ့နေသည်။ ကိုရေချမ်းက သက်သတ်လွတ်သမားမို့ ချစ်တီးဆိုင်နှင့် အဆင်သင့်ဖြစ်နေသည်။

"အစ်ကိုက ဘာဟင်းမှာမလဲ. . . မှာလေ"

"ဒီမယ် ပဲဟင်းနဲ့ ဘာဂျီရပြီလေ"





"အသားဟင်းမမှာဘူးလား"

"ဆရာတူးက သက်သတ်လွတ်သမား အစ်မရဲ့"

"ဪ. . . လူကလည်း ရောင်တစောင်းနဲ့။ အသားလည်း မစားဘူးဆိုတော့ ဝိဇ္ဇာလုပ်မယ့်လူထင်တယ်"

"ဟုတ်တယ် အစ်မ. . . သူက ဝိဇ္ဇာလေ"

"ဟိတ်ကောင်. . . ဖိုးထောင်"

ဟု လက်သီးကို မျက်နှာနားဝဲပြလိုက်ရာ ဖိုးထောင် ထမင်းများသီးထွက်ကုန်သည်။

"အမလေး. . . အစ်ကိုလက်သီးကတော့ အစ်ကိုဖိုးထောင်တင်မဟုတ်ဘူး။ ခါးပိုက်နှိုက် နှစ်ယောက်တောင် တော်တော်လန့်သွားတယ်ထင်တယ်"

"သေချာတာပေါ့. . . အစ်မရာ။ အဲဒီနှစ်ကောင် နှာရိုးကျိုးချင်ကျိုးမယ်။ မဟုတ်ရင်. . . သွားကျိုးမယ်"

"ကဲ. . . ရှင်တို့နှစ်ယောက်ကို ဘယ်ပို့ရမလဲ"

"လောလောဆယ်တော့ ဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်းကိုပို့ဗျာ"

"ရှင်. . . ဘယ်လို"

"ဒီလိုဗျာ. . . ဒီလို။ ကျွန်တော်တို့ အညာကရောက်ခါစတုန်းက သရက်တောတိုက်မှာတည်းတယ်။ ဒါပေမဲ့. . . ကျွန်တော်တို့ဆီမှာ မြွေအလမ္ပာယ်ပြမယ့် အကောင်ရှည်တွေပါလာမှန်းသိလို့ ဒီနေ့တည်းခွင့်မပေးတော့ဘူး။ ဒါကြောင့်. . . အစ်မအသိရှိတဲ့ ဘုန်းကြီးကျောင်းကို ပို့ပေးဗျာ"

"ဒါဆို. . . ကျွန်မတို့အိမ်လိုက်ခဲ့ရှင်"

"ဟာ. . . အဲဒါကျတော့မဖြစ်ဘူး ညီမလေး။ အစ်ကိုတို့လို သူများအိမ်မှာမနေတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အစ်ကိုရဲ့။ အိမ်မှာ မေမေ့ကိုပြောပြပြီး ညီမတို့ခြံရှိတဲ့ဘောက်ထော်မှာထားမှာပါ။ အဲဒီမှာ လူစောင့်တောင်မရှိလို့ အခက်တွေ့နေတာ"

"သဘောဘဲ ညီမလေး. . . လူမရှိရင်တော့နေမယ်"

ဝါဆို့အိမ်သို့ရောက်သောအခါ. . . သူ့မိခင်ကြီးကလည်း သဘောကောင်းစွာဖြင့် ကျေးဇူးအထပ်ထပ်တင်နေသည်။

"အင်း. . . ငါ့တူကြီးကယ်လို့ပေါ့။ အဲဒီထဲမှာ ခြံစာချုပ်တွေ၊ လုပ်ငန်းလိုင်စင်တွေ အကုန်ပါသွားတာ၊ သူ့ဖေဖေက နိုင်ငံခြားမှာဆိုတော့ ဘာမှလိုက်လုပ်မပေးနိုင်ဘူး။ အခု တော်သေးတာပေါ့"

ဟု ပြောပြီး. . . ဘောက်ထော်ခြံကို လိုက်ပို့ခိုင်းသည်။ ခြံဝင်းကျယ်ကြီးထဲမှာမှ တိုက်ပုဟောင်းလေးတစ်လုံးသာရှိသည်။ ဆက်တီတစ်စုံ၊ စားပွဲအမြင့်တစ်လုံး၊ ကုတင်သုံးလုံး၊ ဘီရိုတစ်လုံး၊ ဒါပဲရှိသည်။

"ဟား. . . ပရိဘောဂတွေကလည်း အစုံရှိတာပဲ"

"ဟောတော့. . . ညီမက ပရိဘောဂမပြည့်စုံလို့ နောက်ထပ်တောင်အပို့ခိုင်းဖို့လုပ်နေတာ"

"အစ်ကိုတို့မှာက ဒါပဲပါတာ"

ဟု စာအုပ်သုံး၊လေးအုပ်နှင့် အဝတ်အစား အပိုတစ်စုံစီထည့်ထားသော ပလပ်စတစ်အိတ်ကို စားပွဲအမြင့်ပေါ်တင်ထားလိုက်သည်။

"ဟင်. . . အစ်ကိုတို့မှာ အိပ်ရာလည်း မပါဘူးနော်"

"အောင်မာ. . . အစ်မကလည်း ကုတင်ပေါ်က သုံးထပ်သားပေါ်ပုဆိုးခင်း၊ ဆရာတူးရဲ့စာအုပ်ကို ခေါင်းအုံး၊ အင်္ကျီကိုရင်ဘတ်ပေါ်တင်အိပ်ရင်ပြီးတာပဲ။ ကျောက်ခေတ်ကဆိုရင် လူတွေမှာ ပုဆိုးတောင်မရှိဘူး။ ကျွန်တော်တို့က သူတို့ထက်အများကြီး





သာတယ်လို့ ဆရာတူးက ပြောတယ်ဗျ"

"ဟယ်. . . ဘယ်ဖြစ်မလဲ။ ပေး. . . ပေး စာအုပ်တွေကဒီဘီရိုထဲထည့်။ အိပ်ရာတွေကို ဝါဆိုပို့ပေးမယ်။စာအုပ်တွေကနှမြောစရာကြီး"

ဝါဆိုက စာအုပ်တွေကို ဘီရိုထဲထည့်ရင်း ဖျတ်ကနဲဖတ်လိုက်သည်။ Phylosophy of $20^{th}$ Century ဆိုသော စာအုပ်မျက်နှာဖုံးတစ်ခုဖတ်လိုက်မိသည်။ သူမဉာဏ်မမီသော စာအုပ်တစ်အုပ်၊ ဒီလူတွေ သာမန်မဟုတ်တာကိုတော့ သတိထားမိသည်။

"ရော့. . . ညနေစာအတွက်ကတော့ မေမေထမင်းချိုင့်ထည့်ပေးလိုက်တယ်။ နောက်နေ့ကိုလည်း မနက်တစ်ခါ၊ ညနေတစ်ခါ ဒရိုင်ဘာက ထမင်းလာပို့ပေးလိမ့်မယ်"

"ဟာ. . . ညီမလေးမလုပ်နဲ့၊ အစ်ကိုတို့က သူများထမင်းဟင်း အလကားမစားတတ်ဘူး"

"ဟာ. . . ဝါဆိုကလည်း အစ်ကို့သဘောကိုသိပြီးသား။ အလကားမစားချင်ရင် ခြံကိုအခမဲ့စောင့်ပေး။ ဒီထဲက သစ်ပင်တွေကို ရေပိုက်နဲ့ နေ့တိုင်းရေလောင်းပေး။ ဒါဆို ဝါဆိုတို့ထမင်းကို အလကားစားဖို့တန်ပါတယ်နော်"

"အိုခေ. . . စိန်လိုက်"

"ဟိတ်ကောင်. . . ဖိုးထောင်"

ဟု ပြောကာ နှိုးတူးတာဖြစ်လည်း ကိုရေချမ်းလက်သီးကာဝဲသွားသည်။

"အစ်ကို ဒါပဲနော်၊ ဝါဆိုတို့ စေတနာကို မဖျက်ရဘူးနော်"

"အင်း. . . ကျွန်တော်ကလည်း စေတနာအကြွေးတင်မှာတအားကြောက်တယ်ဗျ။ ဒီလိုလုပ်. . . နက်ဖြန်ကျရင် ခင်ဗျားတိုက်ဟောင်းပြုပြင်ဖို့ ဘရပ်ရှ်တွေ၊ တံမြက်စည်းကြမ်းတွေ၊ ရေပုံး



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ဆေးသုတ်ဖို့ ဆေးနဲ့ပစ္စည်းကိရိယာပို့လိုက် ခင်ဗျားအိမ်ကို အသစ်ဖြစ်အောင် ပြုပြင်ပေးလိုက်မယ်။ ခြံထဲအတွက်လည်း လိုအပ်တဲ့စိုက်ပျိုးရေးသုံး ပစ္စည်းတွေပို့လိုက်၊ အလှဆုံးဖြစ်အောင် ပြုပြင်ပေးမယ်”

“စိန်လိုက်”

ဝါဆိုက အားပါးတရပြုံးကာ လက်ညှိုးလေးထောင်ကာပြော ရင်း. . . .

“အစ်ကိုတို့ မြေပခြုပ်တွေက ဘယ်လိုလုပ်မှာလဲ”

“ဒါကတော့ ဝါသနာဗျာ။ ဖျောက်လို့မရဘူး။ တစ်ပတ်ကို သုံးရက်လောက်တော့ အလမ္ပာယ်ပြမယ်။ မျက်လှည့်ပြမယ်။။ ဒါတော့ခွင့်ပြုဗျာ”

“အို. . . ဝါဆို ကန့်ကွက်စရာမရှိပါဘူး။ ဒါက အစ်ကိုတို့ အလုပ်ပါ။ ဒါပေမဲ့ တစ်ခါတလေတော့ သူငယ်ချင်းတွေလာတဲ့အခါ အစ်ကိုတို့က မျက်လှည့်ပြပေးရမယ်”

“စိတ်ချ. . . ဟောကြည့်နေ”

ဟုဆိုကာ ဖိုးထောင်သည် သူဆောင်းထားသော ဦးထုပ်ကို ချွတ်လိုက်ရာ ခိုဖြူလေးတစ်ကောင် ပျံထွက်သွားသည်။

“ဟယ်. . . မိုက်တယ်တော့”

“နောက်. . . စားပွဲပေါ်တင်ထားသော ဝါဆိုအိပ်ကို မလိုက် သည်။ လက်ကိုင်အိတ်အတွင်းမှ ကွပ်. . . ကွပ်ဟု မြည်သံကြားရ သည်။

“ဟယ်တော့. . . အိပ်ထဲက အသံထွက်နေတယ်တော့”

ဟုဆိုကာ လက်ကိုင်အိတ်ကို ဖွင့်လိုက်သည်။ ဖါးပြုတ်တစ် ကောင် ဆတ်ကနဲခုန်ထွက်ကာ ဝါဆို့ပခုံးပေါ် ခုန်တက်သွားသည်။

“အမေ”





ဟု အော်ကာ လန့်ဖျတ်ပြီး ရှေ့တည့်တည့်ရှိ နိုးတူးတဖြစ် လည်း ကိုရေချမ်း ရင်ခွင်ထဲလဲကျသွားသည်။

“ဟိတ်ကောင် ဖိုးထောင်. . . မင်း ကွိုင်ရှာပြီကွာ”

“ကွိုင်ရှာတာမဟုတ်ပါဘူး ဆရာချမ်း၊ ကွိုင်ပူလာတာ”

“ဘယ်လိုခေါ် လိုက်တယ် ဖိုးထောင်၊ ကဲကွာ”

ဟုဆိုပြီး ဖိုးထောင်၏ဇက်ပိုးကို ‘ဖြောင်း’ ကနဲ အုပ်ထည့် လိုက်သည်။ ဝါဆိုကတော့ နိုးတူးတဖြစ်လည်း ကိုရေချမ်း၏ လက် မောင်းထဲမှာ ဖက်တွယ်ထားဆဲ. . .။

“အစ်ကို. . . ဝါဆို ပခုံးပေါ်က ဖားကြီးဖယ်ပေးပါ”

“အစ်မရေ. . . ဖားကတော့ ဆင်းမှာမဟုတ်ဘူး။ ဒီအတိုင်း ပဲ နေလိုက်တော့”

“ဟေ့ကောင်. . . ဖိုးထောင်၊ မင်းဖားကို မင်းသိမ်း၊ မဟုတ် ရင် ငါချက်စားပစ်လိုက်မယ်”

ဖိုးထောင်က

“ဖားက တော်တော်၊ ဆရာတူးက ကဲနေ”

ဟု ဗျစ်တောက်. . ဗျစ်တောက်ပြောရင်း သူ့ဖားကို ကောက် ခါထွက်သွားလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဆရာတူး. . . အရင်ကောင်မလေးနှစ်ယောက်ကို လွတ်အောင်ရှောင်နိုင်ခဲ့တာ၊ အခုဝါဆိုလို့ခေါ်တဲ့ ပင့်ကူမလေးရဲ့ ပိုးမျှင်ထဲကတော့ လွတ်မှာမဟုတ်ပါဘူး ဆရာရဲ့"

"ဟော့ကောင်. . . ဖိုးထောင်၊ ဝါဆိုချောသလို ဒေါင်းဒေါင်းလည်း ချောတာဘဲ။ ပထမကတော့ ဒေါင်းဒေါင်းက ငါ့ကို မုန်းတယ်။ ဒါကြောင့်. . . ငါနေလို့ရနေတယ်၊ နောက်. . ဒေါင်းဒေါင်းရေနစ်တာတွေ့တော့ ဆယ်မိတဲ့အခါ သူက ငါ့ကို ချစ်တဲ့မျက်လုံးနဲ့ကြည့်တယ်။ ဒါကြောင့် ငါထွက်ပြေးတယ်"

"မိကျန်ဖြူကျတော့ရော. . . ဆရာတူး"

"အေး. . . မိကျန်ဖြူက ကိုယ်လေးလက်ဝန်နဲ့ဆိုတော့ ငါ့ကိုမကြိုက်တန်ကောင်းဘူးဆိုပြီး သူ့ဆီမှာ ထမင်းလခပေးစားမိတာ"

"နောက်တော့ကော. . . "

"မထူးပါဘူး ဖိုးထောင်ရာ။ မိန်းမဆိုတာ ဆောင်းနှင်းမြူလိုပဲ ဆောင်းနှင်းငွေ့ဟာ နွေးနေတဲ့ ကားမှန်တို့၊ ပြူတင်းမှန်တို့ကိုလာပြီးမြူဖွဲ့တာပါပဲကွာ။ ဒါကလည်း သူတို့မြူနှင်းတွေရဲ့အလုပ်ထင်ပါရဲ့။ မိန်းမတွေလည်း သူတို့အလုပ် သူလုပ်တာထင်ပါတယ်။





လူတွေဟာ တစ်ယောက်အခက်အခဲကိုကူညီဖို့ အားနည်းတဲ့သူ၊ အားနွဲ့တဲ့သူကို အားသာတဲ့သူက ကူညီဖို့ ငါကဒီလိုပဲမြင်တယ်။ ဒါကိုများ ယောကျ်ားသားတစ်ယောက်ကို အတ္တသားကောင်အဖြစ် သူတို့အသည်းနှလုံးအိမ်ထဲမှာ ဘာကြောင့်လှောင်ထားချင်ကြတာလဲ။ ဘာကြောင့်. . . ပိုင်ဆိုင်ချင်ကြတာလဲကွာ။ လူဆိုတာ ကိုယ့်ကိုကိုယ်တောင် မပိုင်တဲ့ကိစ္စ၊ တခြားသူတစ်ဦးတစ်ယောက်တို ထပ်ပြီးပိုင်ဆိုင်ချင်တယ်ဆိုတာ လောဘကြီးရာမရောက်ဘူးလား။ ဆင်ကိုသာ ထူးခတ်ပြီး ယဉ်ပါးအောင် အပိုင်သိမ်းရအောင် လုပ်လို့ရမှာကွ။ လူဆိုတာ ဆင်မဟုတ်တော့ ခက်သားလား။ အေးပါကွာ. . . ဘဝဆိုတာ အဆုံးအစမဲ့ရေပြင်ကျယ်ကြီးထဲကူးခတ်နေရတယ်ဆိုတဲ့သဘောကို မိန်းမတွေမသိသေးသရွေ့ ငါကတော့ ပြေးနေရဦးမှာပဲဟေ့"

"အခု. . . ဝါဆိုကိုတော ဆရာ"

"အေး. . . မြူခိုးအိမ်ဖွဲ့လာခဲ့ရင်တော့ မိုးရေစက်နဲ့ဆေးကြည့်မယ်ကွာ။ မရရင် ဝိုက်ဘာနဲ့သုတ်မယ်ကွာ။ မရရင် သူတို့နဲ့ဝေးတဲ့တစ်နေရာမှာ လူတွေကိုလေ့လာဖို့ ငါဆက်အသက်ရှင်နေရဦးမှာပဲဟေ့"

"ဆရာ ဒီမြူခိုးကတော့. . . ဆရာ့ကို ပင့်ကူအိမ်ဖွဲ့သလိုဖွဲ့မယ်ထင်တယ် ဆရာ"

"အေးပေါ့. . . ဖယောင်းလား၊ သံချောင်းလားဆိုတာ မီးနဲ့သေချာမြိုက်ကြည့်မှ သိမှာပေါ့ကွာ၊ အခုတော့. . . မင်းနဲ့ငါနဲ့ မြတ်ပေါက်လိုက်ကြဦးစို့ဟေ့"

"ဗုဒ္ဓေါ"

"ဘာလဲဟ. . . ဖိုးထောင်ရ"

"ဘင်တီးပြီး ပလွေမှုတ်တဲ့လက်က မြက်ပေါက်လို့ရပါ့မလား



www.burmeseclassic.com

www.burmeseclassic.com



ဆရာတူးရာ"

"ဟေ့ကောင်. . . လူဆိုတာ ဘယ်အလုပ်ဖြစ်ဖြစ် လုပ်လို့ရတယ်ကွ။ အဲဒီလိုတန်ရာတန်ကြေးပြန်လုပ်မပေးနိုင်ရင် သူတို့ပို့တဲ့ထမင်း မင်းမစားနဲ့။ ညကျတို့အစားတစ်ညလုံးစောင့်ပေးတဲ့ ခွေးမလေးမိစံကို အကုန်ကြွေးပစ်မယ်ဟေ့"

"ဆရာက. . . မိစံတော့ သဒ္ဒါတယ်ပေါ့လေ"

"ဟေ့ကောင်. . . အပိုတွေပြောမနေနဲ့ လာအလုပ်လုပ်။ အလုပ်မလုပ်သောလက်သည် သံချေးတက်၏တဲ့။ မတွေးဘဲနေသော ဦးနှောက်သည် ထုံထိုင်း၏တဲ့။ မင်းရဲ့သံချေးတက်နေတဲ့လက်ရယ်၊ ထုံထိုင်းနေတဲ့ ဦးနှောက်ရယ်ကို ဟောဒီကြိမ်လုံးနဲ့ဆေးကုပေးရမယ်ကွ"

"ဟာ. . . ဆရာ. . လုပ်ပါ့မယ်၊ လုပ်ပါ့မယ်"

နှစ်ယောက်သား ချွေးတလုံးလုံးဖြင့် ပေါက်ကြဆွကြသည်။ နိုးတူးတဖြစ်လည်း ဆရာချမ်းကား အုန်းပင်တွေကို တက်၏။ အုန်းလက်အခြောက်တွေကို ချိုင်၏။ အုန်းသီးအရင့်တွေကို ကြိုးဖြင့်ချ၏။ ကွမ်းသီးပင်ပေါ်သို့ တံချူဖြင့် ကွမ်းသီးခြောက်တွေ ချွေချ၏။ နောက်ဝါးရုံတွေရှင်း၏။ ဝါးအချို့ခုတ်ပြီး မြွေထားဖို့ ခြံလေးလုပ်၏။ ၎င်းမြွေခြံအောက်ခြေကို သွတ်ပြားများဖြင့် အပြီးကာ၏။ ခြံတစ်ဝက်ခန့် မြက်ရှင်းပြီးသောအခါ ညနေ (၃) နာရီထိုးချေပြီ။

"ဟေ့ကောင်. . . ထမင်းစားမယ်"

ဟု ပြောပြီး ရေမိုးချိုးကာ ထမင်းစားကြ၏။

"ဟယ်. . . ဒီဆရာတပည့် အခုမှ ထမင်းစားကြတယ်"

"ဟုတ်တယ်. . . အစ်မရေ၊ ဆရာတူးက သူပိုင်ခြံကျနေတာပဲ၊ ထမင်းအငတ်ခံပြီးတော့ကို လုပ်တာတွေ့လား"

"အစ်ကိုရယ်. . . နားနားနေနေလုပ်ပါ။ အစ်ကိုတို့က လူနု





တွေပဲ။ ဒီလိုအလုပ်ကြမ်း ဘယ်လုပ်နိုင်ပါ့မလဲ"

"ဟာ. . . ညီမကလည်းကွာ။ ယောကျ်ားဆိုတာ နုတာရယ်၊ ကြမ်းတာရယ်. . . သီးခြားခွဲပြီး မွေးကတည်းကပါ မလာပါဘူး။ ယောကျ်ားဆိုတဲ့ စိတ်ဓာတ်ပါလာကတည်းက နုချင်နု၊ ကြမ်းချင်ကြမ်း၊ ဘယ်အလုပ်ဖြစ်ဖြစ် လုပ်နိုင်ရမယ်လို့ အစ်ကို့ကွန်ဆက် (Concept) ကရှိပြီးသား"

"အလို. . . မျက်လှည့်ပြတဲ့ အစ်ကို့ (Concept) ကလည်း ဆိုကရေးတီးစ်ကျနေတာပဲ"

"အမလေး. . . မမဝါဆိုရယ်၊ တစ်ညလောက်လာနေကြည့်စမ်းပါ။ ဆိုကရေးတီးရော၊ ယန်းပေါ့ဆက်ရော၊ ပလာတာရော စုံနေအောင် ကြားရမယ်"

"မနေပါရစေနဲ့ အစ်ကိုဖိုးထောင်ရယ်၊ ပလာတာဆိုရင် ညီမက ကြိုက်တတ်လို့ပါ"

"ကြိုက်ရမယ်. . . ကြိုက်ရမယ်။ ဆရာတူး ပလာတာတပဲမများဘူး. . . ဘွင်းဘွင်းပဲ"

"ဟေ့ကောင်. . . ဖိုးထောင် ထမင်းစားမလား၊ မစားရင် မိစံကို ကျွေးလိုက်မယ်"

"တွေ့လား အစ်မ. . . ဆရာတူးက အစ်မနဲ့ပတ်သက်တာဆို သိပ်အလေးထားတာ။ မိစံတောင် သူ့ကျော့စားပြီးကျွေးတာ လက်တွေ့. . . လက်တွေ့"

"အခု အစ်မကိုယ်တိုင် ထမင်းလာပို့တာလား"

"ဟုတ်တယ်. . . ကိုဖိုးထောင်၊ အိမ်မှာရှိတဲ့ ဒရိုင်ဘာက ဆေးကုရမယ်ဆိုပြီး အညာကို တစ်လလောက်ပြန်သွားတယ်။ ဒရိုင်ဘာကလည်း အမေနဲ့တည့်မည့်ဒရိုင်ဘာရှာဖို့ ခပ်ခက်ခက် ဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . အစ်မ မပူနဲ့။ ဆရာတူး မောင်းတတ်တယ်။ လိုင်စင်လည်းရှိတယ်"

"ရှင့်ဆရာက မာနကြီးသားလား. . . ဖြစ်ပါ့မလား"

"လစာနဲ့သာမပြောနဲ့။ အစ်မတို့ဆီမှာ အခက်အခဲတွေ့တယ်လို့သာပြော။ အဲဒီလိုသာဆိုရင် ဘယ်သူ့ဖြစ်ဖြစ်ကူညီတယ်စိတ်ချ"

ထိုစဉ် ကိုရေချမ်း ပေါက်ချလာသည်။

"ဟော့ကောင်. . . ဖိုးထောင်၊ ဘာတွေဖွနေပြန်ပြီလဲ"

"ဒီလို. . . ဆရာရေ့. . ဒီလို၊ တဲပါ. . . အစ်မပဲ ပြောလိုက်ပါတော့"

"ဟုတ်တယ်. . . အစ်ကို၊ ဝါဆိုတို့ ဒရိုင်ဘာက အညာပြန်သွားတယ်။ ကြာဦးမယ်။ အဲဒါ. . . အစ်ကိုကပဲ အိမ်ကဒရိုင်ဘာမရောက်ခင် ကူညီပေးပါလားလို့"

"ကျွန်တော် ကားမောင်းတတ်တယ်လို့ ဒီကောင်ပြောတာလား"

"ဟုတ်တယ်. . . အစ်ကိုရေ့၊ သူ့ဆရာက ကားတင်မဟုတ်ဘူး လေယာဉ်ပျံတောင် မောင်းခွင့်ရရင် မောင်းပြတတ်တယ်တဲ့။ ဆိုကရေးတီးစ်တို့၊ ပလေတိုတို့တင်မကဘူး ဘွဲ့လွန်ကျောင်းသားတွေတောင် စာသင်တတ်တယ်တဲ့"

"ဒီကောင်. . . အကုန်ဖွပြီ"

"ဟာ. . . ဆရာတူး မှားမယ်။ ဆရာတူးပြောသလိုပဲ တပည့်ပြောတာယုံမှာလား။ မမဝါဆို ပြောတာယုံမှာလား"

"ထားတော့၊ အခု ကျွန်တော်ကူညီမယ်။ ဒါပေမဲ့ . . . အခကြေးငွေပေးရင် လက်မခံဘူး။ ခင်ဗျားအမေလည်း ပြောလိုက်၊ အကျိုးအကြောင်းဆီလျော်မှုမရှိဘဲ ကဂျိကဂျောင်ကျရင် ကားကို





ခါတ်တိုင်နဲ့တိုက်ခွဲပစ်မယ်လို့ ပြောလိုက်"

ထိုစဉ် ဖိုးထောင်ထွက်သွားသည်။ ဝါဆို ခြေထောက်ပေါ်ကို ပြောင်ချောချောအရာတစ်ခုတက်လာသည်ကိုတွေ့၍ ငုံ့ကြည့်လိုက်ရာ. . .

"အမလေး. . . မြွေကြီးတော့"

ဟု အော်ကာ ကိုရေချမ်းရင်ခွင်တွင် မှေ့သွားသည်၊ ကိုရေချမ်းကျောဘက်ကိုစမ်းရင်း ပထဝီကြောကိုနှိပ်၏။ အားကိုနည်းနည်းယူ၍ မျက်နှာကို လေဖြင့်မှုတ်လိုက်သည်။

"အမလေး. . . မြွေကြီးရှိသေးတယ်"

ဟုဆိုကာ ဆက်ပြီး ကိုရေချမ်း ရင်ခွင်မှာ ခေါင်းအားဝှတ်ထား၏။

"ကဲပါ. . . ဝါဆိုရယ်၊ မြွေကြီးကို ပချုပ်ထဲထည့်လိုက်ပါပြီ မကြောက်ပါနဲ့တော့"

ဝါဆို ဖိုးထောင်ကို မျက်စောင်းထိုးလိုက်သည်။

"ဒါဆို. . . ဒီနေ့ဘဲ လိုက်မောင်းပို့အစ်ကိုရာ"

"ညီမ. . . ဘယ်သွားမှာလဲ"

"မိန်း (Main)ထဲကို သွားမယ်။ စာကြည့်တိုက်မှာ စာအုပ်သွားယူမယ်"

ကိုရေချမ်း Main ထဲရှိ စာကြည့်တိုက်ကို လမ်းမညွှန်ရဘဲ မောင်းလိုက်သည်။ ဝါဆိုတစ်ယောက် စာကြည့်တိုက်ထဲသွားနေစဉ် ကိုရေချမ်းက ကားပေါ် ထိုင်စောင့်နေခဲ့၏။

"ဟော့ကောင်. . . ရေချမ်း"

"ဗုဒ္ဓေါ"

"ဟာ. . . ရဲမောင်. . မင်းက"

"ငါက ဒီဌာနမှာစာပြနေတယ်ကွာ။ အစစ်စတင့်လက်ချာရာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ မင်းလို သူဌေးသားမဟုတ်တော့ လုပ်ရတာပဲ"

"ဟေ့ကောင်. . . ပေါက်တတ်ကရတွေမပြောနဲ့။ဒီကားပိုင်ရှင်ထွက်လာရင် ငါ့ကို လူမှားနှုတ်ဆက်တာလို့ပြော။ ငါက အခုဒရိုင်ဘာဝင်လုပ်နေတယ်"

"မင်းကတော့ကွာ။ အခုထိ ဒီညာဥ်ကမဖျောက်သေးဘူး။ မိန်းမကလည်း စွံနေတုန်း။ မိန်းမယူဖို့လည်း စိတ်မကူးတော့ဘူးလား။ မင်းတတ်ထားတဲ့ မဟာဝိဇ္ဇာဘွဲ့ ဘာလုပ်ဖို့လဲကွာ။ နောက်ဆုံး Ph.D ဆက်ဖြေရင်တောင် အောင်နေလောက်ပြီ"

"အေးကွာ. . . အဲဒီ Ph.D ကျမ်းပြုဖို့အတွက် ငါလူတွေထဲဆင်းပြီး လေ့လာနေတယ်။ ငါပြုတဲ့ကျမ်းဟာ လူတွေအတွက်တော့ အကျိုးဖြစ်ချင် ဖြစ်ထွန်းလာမယ်။ Ph.D အတွက်တော့ သပ်သပ်လုပ်မနေတော့ဘူး"

"စားဝတ်နေရေးအတွက် ရှာစရာမလိုတော့ လုပ်ချင်သလိုလုပ်လို့ရတာပေါ့ကွာ"

"ဟေ့ကောင်. . . လူတွေဟာ ဘယ်လောက် ချမ်းသာချမ်းသာ ထမင်းနှစ်နပ်ပဲစားရတာကွ။ ဒါကို စားဝတ်နေရေးဆိုပြီး ဘောင်ကျဉ်းကျဉ်းလေးထဲဝင်ပြီး လခစားလုပ်ကြရမယ်ဆိုတဲ့ အလုပ်က လူတွေကို စက်ပစ္စည်းထဲက ပင်နီယံတစ်ခုအနေနဲ့ သုံးတာဘဲကွ။ ဒါက. . . နယ်ချဲ့ရဲ့လက်ကျန်အမွေဆိုးတွေပဲ။ လူဟာ ကိုယ့်ရဲ့ယုံကြည်ချက်တစ်ခုအတွက် အသက်ရှင်မယ်။ ကိုယ့် Concept နဲ့ကိုယ်မှန်ကန်အောင် ဘဝကို အကောင်အထည်ဖော်မယ်။ ဒါက အနှစ်သာရပဲ။ အေးကွာ. . သွားတော့ ကောင်မလေးလာပြီ"

"ဆောရီးဗျာ. . . ကျွန်တော်လူမှားသွားလို့ ခွင့်ပြုဦး"

ဟု ဆရာကိုရဲမောင်သည် မျက်စိတဖက်မှိတ်ပြရင်း . . .





စာကြည့်တိုက်ထဲဝင်သွားတော့သည်။

"အစ်ကို၊ အဲဒါ. . ညီမတို့ရဲ့ ဆရာပဲ"

"ဟုတ်တယ်. . . ညီမရာ၊ အဲဒါ အစ်ကို့ကို လူမှားခေါ်နေလို့"

"လူမှားရအောင်ကလည်း အစ်ကိုက ရောင်တစောင်းနဲ့၊ သူ့သူငယ်ချင်းထဲမှာ ရောင်တစောင်းနဲ့ လူရှိလို့လား"

"မသိပါဘူးကွယ်"

"ကေန္တ. . . လူတူမရှား နာမည်တူမရှားလို့ မြန်မာစကားပုံရှိတယ်။ နာမည်မတူတာဖြစ်ရမယ်။ ဟုတ်တယ်ဟုတ်၊ နာမည်မှားရုံနဲ့တော့ ဒီလောက် အကြာကြီးရပ်စကားပြောမနေနိုင်ဘူး။ ညီမစာကြည့်တိုက်ထဲက ကြည့်နေတာ ကြာလှပြီ"

"ဒီဆရာက လေကိုရှည်တာ။ အရေးထဲ ဆားပုလင်းနှင်းမောင်နဲ့တွေ့နေပြန်ပြီ"

"ဟုတ်တယ်. . . ဝါဆိုက ဆားပုလင်းနှင်းမောင် ဘယ်ပြေးမလဲ ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား ဟုတ်တယ်. . . ဟုတ်"

"အင်း. . ဘုရားဟောတာမှန်တယ်။ ပုထုဇနော ဥမ္မတကော ဆိုတာ"

"ဒါဆို. . . အစ်ကိုလည်းပါတယ်ဟေ့. . . ပါတယ်"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဝါဆိုတို့အိမ်တွင် ကားမောင်းသောအခါတွင်လည်း အိမ်ထဲတွင် ဘယ်တော့မှဝင်မထိုင်၊ ကားထဲမှာပင်ထိုင်၏။ ကော်ဖီတိုက်လည်း မသောက်။ ရေကိုကား ကားထဲမှ ရေဘူးဖြင့်သောက်၏။

"အစ်ကို. . . အိမ်ထဲလာဖို့မဟုတ်ပါဘူး။ ဒီဘက်ဘေးပေါက် ခဏလေးလာခဲ့ပါဦး"

ဝါဆို တောင်းတောင်းပန်ပန်ခေါ်၍ လိုက်သွား၏။

"ဒါက ဝါဆိုတို့ ကိုယ်ပိုင်စာကြည့်တိုက်လေးလေ။ အစ်ကိုဖတ်ချင်တဲ့ Phylosophy စာအုပ်တွေများကြီးဘဲ"

"ဪ . . . အင်း. . သိပ်မဖတ်တတ်ပါဘူး"

"ဝါဆို သိပါတယ်. . . အစ်ကို။ အစ်ကို ဖတ်နေတဲ့စာအုပ်တွေ ဘယ်လောက်မြင့်တယ်။ နောက်ပြီး. . . အစ်ကို ပြုစုနေတဲ့ကျမ်း Thesis ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာလဲ သိပါတယ်"

"ဖိုးထောင်. . . ဖွပြန်ပြီထင်တယ်"

"ဖိုးထောင်မဟုတ်ပါဘူး. . အစ်ကို၊ အစ်ကိုနဲ့အမေ လေဆိပ်သွားကြတုန်း. . . ညီမ အစ်ကိုတို့နေတဲ့အခန်းသွားရှင်းရင်း ဖတ်ထားတာလေ။ အဲဒီအထဲက နီရှီဒါရဲ့အဆင့်သုံးဆင့် ဖြစ်စဉ်သုံးရပ်ကို ညီမဖတ်ကြည့်ပြီး မရှင်းတာရှိနေလို့"





"ဒါဆို. . . ညီမက"

"ဒသနိကဘွဲ့လွန်အတွက် ကျမ်းပြုနေတာလေ။ ဗုဒ္ဓ၏ အနှိုင်းမဲ့တွေးခေါ် မြော်မြင်မှုများကို လေ့လာပြီး ကျမ်းပြုရမှာ။ နောက်နှစ်အပြီးတင်ရင်ရမယ်"

"ကဲ. . . အစ်ကိုသိသလောက် ရှင်းပြမယ်။ မသိတာမေး"

"စေတနာစိတ်ဆန္ဒကိန်းဝပ်နေတဲ့ အတ္တဆိုတဲ့ မိမိကိုယ်မှာ မဖြစ်ခြင်းသဘော Nothingness (ဝါ) သုညသဘောက အန္တိမလို့ ပြောတယ်။ အဲဒီမှာ. . . အနတ္တသဘောတို့ အသင်္ခတသဘောတို့၊ အဆုံးအစမရှိခြင်းသဘောတို့က တစ်ခါထဲပါဝင်နေသလားလို့"

"အင်း. . . ဒါက ရှင်းပြရင်ရှည်လိမ့်မယ်။ အလွယ်ပြောရရင် အသင်္ခတဆိုတဲ့သဘောကို နီရှီဒါတို့ကဲ့သို့ ဗုဒ္ဓဘာသာဝင်မဟုတ်သူ၊ အထူးသဖြင့် ထေရဝါဒဗုဒ္ဓဘာသာဝင်မဟုတ်တဲ့သူတွေ မသိဘူး။ ဒါကိုလည်း သုညသဘော နတ္ထိသဘောနဲ့ သွားပြီးမရောယှက်စေချင်ဘူး။ Abs te Zero ဆိုရင်တော့ နည်းနည်းနီးစပ်တယ်။ အရာရာတိုင်းဟာ ချုပ်ငြိမ်းခြင်းသဘောရှိတယ်။ ချုပ်ငြိမ်းခြင်းသဘောဟာ တစ်ခုခုပြောင်းလဲဖို့ ချုပ်ငြိမ်းခြင်းပဲရှိကြတယ်၊ သိကြတယ်။ အဲဒါက သံသရာရဲ့အဖြေပဲ။ သံသရာမှာ ဘဝတစ်ခုပြောင်းပြီးရင် နောက်ဘဝတစ်ခုပြန်စကြတယ်။ ဒါက ရုပ်ရော၊ နာမ်ရောပါတဲ့သဘော။ ရုပ်ချည်းပဲဆိုရင်တော့ Absolute Zero ဖြစ်အောင်လုပ်လိုက်ရင် သံသရာဆိုတာမရှိတော့ဘူး။ နာမ်တိုတော့ ဘယ်လိုလုပ်မလဲ။ ရုပ်နဲ့နာမ်နဲ့ခွဲခြင်းဆိုလည်း Ideal ပဲ၊ ဘုရားဟောတဲ့အတိုင်း မဖြစ်မပျက်(ဝါ)အသင်္ခတကို တည်အောင်လုပ်ရမှာ။ ဒါတော့. . . ဉာဏ်မမှီသေးလို့ မပြောကြဦးစို့ရဲ့။ ညီမပြောတဲ့ အဆုံးအစမဲ့သဘောဟာ သံသရာပဲ။ သံသရာမှာ နတ္ထိလို့ပြောရသုံးရမဲ့အစား အနတ္တဟာ ပိုပြီးနီးစပ်တယ်။ အနတ္တ



www.burmeseclassic.com

www.burmeseclassic.com



ဟာ အစိုးမရခြင်းဘဲ။ နတ္ထိသဘောဟာ သတ်မှတ်ချက်အခြေအနေ တစ်ခုအတွက်ပဲ ကိုက်ညီတယ်။ သိပ္ပံပညာမှာပဲကြည့်လေ။ နတ္ထိ သဘောဆောင်တဲ့ဟာ ဘာမှမှမရှိဘဲ၊ Absolute Zero ဆိုတာ Ideal ပဲလေ။ Idealဆိုတာတောင်မှ ကန့်သတ်ချက်တစ်ခုကို ဖော် ပေးနိုင်ရင်ရပြီပေါ့။ အဲဒီ Absolute Zeroမှာ ရုပ်ဝတ္ထုပစ္စည်းတစ်ခု ဟာ လုံးဝပျက်သုဉ်းပျောက်ကွယ်နေပေမယ့် Absolute Zero အခြေအနေပျက်ယွင်းသွားရင် နတ္ထိမဟုတ်တော့ဘူးလေ။ ဒါကြောင့် နတ္ထိဟာ ကာလကန့်သတ်ချက်၊ အခြေအနေ ကန့်သတ်ချက်တစ်ခု ရှိခြင်းဟာ နတ္ထိလို့ပဲမှတ်"

"ဟဲ့. . . သမီး၊ ညည်းစာတမ်းအတွက် ဆရာက လာပြနေ တာလား။ ဒါဆို. . . ကော်ဖီလာပို့ဦးမှပေါ့"

"ဟုတ်တယ်. . . အမေ။ ဆရာတော့ ဆရာပဲ။ ဒါပေမဲ့ ဆရာနိုးတူးတော့ မဟုတ်ဘူး၊ ဆရာကိုရေချမ်း"

"ဘုရားရေ. . . မောင်နိုးတူးက သမီးကို စာပြပေးတယ်"

"ဟုတ်တယ်. . . မေမေ။ သမီးရဲ့ဘွဲ့လွန်စာတမ်းအတွက် ရှုပါဘိုက်ဆာ Supervisor ဆရာက ကျောင်းကဆရာအပြင် ဆရာ ကိုရေချမ်းကို အကူအညီခေါ် ရမယ်။ ဉာဏ်ပူဇော်ခကတော့ . . . တစ်နေ့ကို ကော်ဖီတစ်ခွက်နော်. . . မေမေ။ မိနော်ကို ကော်ဖီ ပို့ခိုင်းလိုက်ပါ"

"အေး. . . အေး"

"အခု. . . အစ်ကိုကတော့ လူတွေထဲကို တိုးဝင်နှစ်မြုပ်ပြီး လောကအမြင်တစ်ရပ်ကို ရှာနေတာလား။ ဒါတွေကို ရှာပြီးရင် လူသားတွေအတွက် ဘယ်လိုအကျိုးပြုမှာလဲ။ အစ်ကို့အတွက် အစ်ကိုလည်း ဘယ်လိုအကျိုးပြုမှာလဲ. . . အဲဒါရှင်းပြပါအုံး"

"အင်း. . . လူသားတွေဟာ Wisdom ဆိုတဲ့ အသိပညာကို





ပိုင်ဆိုင်ထားကြပြီးပြီဆိုရင်တော့. . . အစ်ကိုလိုက်လေ့လာနေ လို့အပိုပါပဲကွယ်။ ဒါပေမဲ့. . . လူတွေဟာ မိမိအတ္တ (ဝါ) ပုဂ္ဂိုလ် အဖြစ် မူရင်းပင်မ တကယ့်အစစ်အမှန်သဘောကို နားမလည်ကြ သေးဘူးလေ"

"နားမလည်ကြသေးတော့. . . ဘယ်လို ဖြစ်ပျက်နေကြ သလဲ. . . အစ်ကို"

"အဲဒီအခါမှာ လူသားတွေဟာ အာရုံခံစားမှုလောကကြီး ထဲမှာ တဝဲလည်လည်ဖြစ်နေတယ်။ ကာမဂုဏ်အာရုံလှည့်ဖျားမှု တွေ၊ မာယာများမှုတွေနဲ့ ဖုံးကွယ်ထားတဲ့အရာတွေကို အစစ် အမှန်ထင်ပြီး၊ မီးပုံကိုရွှေတောင်ထင်ပြီး တိုးဝင်နေတဲ့ ပိုးဖလံတွေ လိုပဲ။ တစ်ကောင်ပြီး တစ်ကောင်၊ တစ်ယောက်ပြီး တစ်ယောက် ဒီသမုဒယဆိုတဲ့ ဝဲဩယထဲမှာ ကျဆုံးကုန်ကြတော့တာပေါ့"

"ဒါဆိုရင်. . . လူတွေပြောပြောနေတဲ့ သစ်ကိုင်းတစ်ကိုင်း၊ သစ်ပင်တစ်ပင်ကို နတ်ဘုံနတ်နန်းတမျှ ဖန်ဆင်းနေတဲ့ ပြိတ္တာဘုံနဲ့ ဘာခြားတော့လို့လဲ အစ်ကို"

"အင်း. . . သဘောသဘာဝအားဖြင့်တော့ အတူတူပါပဲ။ ဒါပေမဲ့. . . အနှစ်ချုပ်အားဖြင့်တော့ကွာတယ်။ အဲဒီပြိတ္တာဘုံသား တွေက ရုပ်ဝတ္ထုပစ္စည်းကိုလိုတရတယ်။ သို့သော်. . . ကုသိုလ်စိတ် ကြောင့် ဒါနသီလဘာဝနာပိုင်းလုပ်မယ်ဆိုတဲ့အခါ ကိုယ်တိုင်လုပ် လို့မရတာတွေရှိတယ်။ သုံးဆယ်တစ်ဘုံမှာ လူသားဟာ ဒါန သီလ ဘာဝနာကို ကိုယ်တိုင်ကျင့်ကြံအားထုတ်နိုင်ပြီး ကိုယ်တိုင်နိဗ္ဗာန်ဝင် နိုင်တယ်။ ဒီအနှစ်သာရတော့ ကွာခြားတယ်"

"ဒါဆိုရင်. . . အစ်ကိုရေချမ်းက ရဟန်းဝတ်ပြီး နိဗ္ဗာန် ရောက်ကြောင်းတရားကို ကျင့်ကြံအားထုတ်တော့ပေါ့"

"အင်း. . . လုပ်ချင်တယ်။ ဒါပေမဲ့. . . လူ့ဘဝအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်တာလေးတွေ နည်းနည်းကျန်နေသေးတယ်။အဲဒါတွေ လုပ်ကိုင်အောင်မြင်ရင်၊ နောက်ပြီး. . . ကိုရေချမ်းကို နိဗ္ဗာန်ရောက်ကြောင်းတရားလက်တွေ့ပြသနိုင်မယ့်ပုဂ္ဂိုလ်. . သို့မဟုတ် ရဟန်းရှိခဲ့ရင် ဒီမှာပဲ. . . ကိုယ်တိုင်ကျင့်ပြီး ကိုယ်တိုင်တွေ့ခဲ့တဲ့ ဆရာရှိခဲ့ရင် ကိုရေချမ်း ရဟန်းအဖြစ်နဲ့ကျင့်မယ်"

"ဒါဆို အမှောင်တွေဖုံးနေတဲ့ ကာမဂုဏ်အာရုံထဲကနေ ရုန်းထွက်တော့မယ်ပေါ့။ ဝါဆိုရဲ့ Thesis လေးပြီးအောင်တော့ စောင့်ပါဦးနော်။ အဲဒီအတောအတွင်းမှာတော့ ဝါဆိုကိုလည်း လမ်းကြောင်းမှန်၊ Concept အမှန်လေးတွေလည်း ပြပေးဦးနော် အစ်ကိုရေချမ်း"

"ဒါလည်း. . . ကန့်သတ်ချက်တစ်ခုတော့ရှိတယ်။ အစ်ကိုရေချမ်းဆိုတဲ့ အဖြူရောင်မှန်အကြည်ပေါ်မှာ မြူနှင်းမြူမှုန်ဖွဲ့တဲ့ သမုဒယတွေအုပ်ဆိုင်းလာမယ်ဆိုရင်တော့. . . အစ်ကိုရေချမ်း လွတ်လမ်းကိုရှာရမှာပဲ"

"တစ်ကိုယ်ကောင်းဆန်ရာ မကျလွန်းဘူးလား . . . အစ်ကိုရေချမ်းရယ်"

"သြော်. . . ကျန်သေးတယ်။ နှင်းမြူမှုန်ဖွဲ့လာတဲ့ ငွေ့ရည်တွေကို မိုးရေစက်ဆိုတဲ့ သတိတရား၊ အသိတရားတွေနဲ့ ဆေးကြောကြည့်မယ်။ ဆေးကြောလို့မရနိုင်ဘူးဆိုရင်တော့ ဝေးရာကိုပြေးရမှာဘဲ"

"ဒီလိုပြောလာတာကော. . . ဘယ်နှစ်ဘဝရှိပြီလဲ ကိုရေချမ်းရယ်"

"ဘယ်နှစ်ဘဝဆိုတာတော့ ဇာတိဿရဉာဏ်မရလို့ မပြောနိုင်ဘူး။ ဒီဘဝမှာတော့ ပြေးခဲ့ရတာနှစ်ခါရှိပြီ။ ဒီတစ်ခါတော့ မပြေးပါရစေနဲ့လို့ အမြဲဆုတောင်းနေရတာပါပဲကွယ်"





[illegible] နော်၊

[illegible]

[illegible]

[illegible]

[illegible]

ငါကားမပြေးသင်သည်သာ သံသရာအဆက်ဆက်ပြေးပြီး [illegible]

နေသော သံသရာအပြေး [illegible] လို့ [illegible] လေ၊

[illegible] အစ်ကို [illegible] ပြောရင်

ညီမက အင်္ဂုလိမာလဖြစ် [illegible]

[illegible] ပါ၊ [illegible] အစ်ကိုရယ်"

[illegible] Created [illegible]

"ညီမကတော့. . . တကယ် [illegible]

[illegible] အစ်ကိုနဲ့ [illegible] ပြီး

သံသရာအဆုံးအပြေးရပ်စေမယ့် [illegible]

[illegible] ညီမရဲ့

[illegible]

[illegible]

ပေါ့။ ဒါပေမဲ့. . . အစ်ကို့ဘဝကတော့ အ[illegible]

[illegible] တယ်။

အဲဒါ [illegible]

တစ်ယောက်သစ္စာပြုနေကြ [illegible] ညီမရာ၊

အဲဒီအထဲမှာ အစ်ကိုရေချမ်းမပါ ပါရစေနဲ့"

"အဲဒီလိမ်နေပါတယ်ဆိုတဲ့ [illegible] ရားဟာ အခု နှစ်ဆယ့်တစ်ရာစု အတွက် မှန်ကန်ပါသေးတယ်ဆိုရင်ကော အစ်ကိုလက်ခံမလား"



www.burmeseclassic.com

www.burmeseclassic.com



"လက်မခံနိုင်ဘူး. . . ညီမ၊ အသိဉာဏ်ရှိနေတဲ့အရွယ်မှာ မစင်ကိုမွှေးရနံ့တွေ ဖုံးကွယ်လည်း မစားကြပါဘူး. . . ညီမရယ်။ အဲဒီတော့. . . အစ်ကိုလည်း အစ်ကို့လမ်းကိုသွားပါ့မယ်။ညီမ တတော့ အသိတရားရှိတဲ့သူဆိုတော့ အစ်ကိုသံသရာလမ်းကို ပြန် လျှောက်မယ်ဆိုတဲ့အခါ အသိပေးပါ့မယ်ဆိုတဲ့ ကတိတစ်ခုတော့ ပေးခဲ့ပါတယ်"

"တကယ်နော်. . . အစ်ကိုရေချမ်း"

"စိတ်ချပါ ညီမလေးဝါဆိုရယ်၊ အစ်ကိုရေချမ်း ညီမလေးကို အသိမပေးဘဲ ဘယ်မှထွက်မပြေးပါဘူး"

"ဒါဆို. . . တစ်ခုတော့တောင်းဆိုမယ်။ ညီမ Thesis မပြီးခင်အတောအတွင်း မျက်လှည့်ပြတဲ့လုပ်ငန်း ရပ်ထားဖို့ရယ်၊ အဲဒီအတောအတွင်း ဒီမှာပြောင်းနေဖို့ရယ်၊ အဲဒါ. . . အစ်ကို လိုက်လျောပေးနိုင်မလား"

"ပထမအချက်ကတော့ လိုက်လျောနိုင်ပါတယ်။ဒုတိယ အချက်က လိုအပ်မှုရှိလို့လား"

"ရှိတယ်. . . အစ်ကိုရေချမ်း၊ အိမ်မှာစောင့်ရှောက်နေတဲ့ ဘကြီးတင်အေးတို့မိသားစုက တောမှာရှိတဲ့ ခြံတွေစောင့်ရှောက်ဖို့ သွားနေရမယ်။ အိမ်မှာအိမ်ဖော်မိန်းကလေးနှစ်ယောက်နဲ့ ဝါဆို တို့ သားအမိပဲရှိတယ်"

"လိုအပ်တယ်ဆိုရင်တော့နေမယ်။ ဒါပေမဲ့ . . . နောက်ဖေး က အိမ်တလေးမှာပဲနေမယ်။ အဲဒါခွင့်ပြုရင် ပြောင်းခဲ့မယ်"

"အစ်ကို့သဘောပါ အစ်ကိုရယ်"

■



## အခန်း (၁၅)

တက္ကသိုလ်ဖွင့်ရက်တွင် ဒေါင်းဒေါင်းတို့တစ်တွေ နောက် ဆုံးနှစ်(ရှစ်)လခန့်တက်ပြီးလျှင် ဘွဲ့ရတော့မည်။

"ဘာလိုလိုနဲ့ တို့ခွဲကြရဖို့ ရှစ်လပဲလိုတော့တယ်နော်"

"အမလေး. . . ဒေါင်းဒေါင်းရယ်၊ တျုပ်တို့တိုခွဲရမှာ ကြောက်လို့လား။ ဆရာချမ်းကို ခွဲရမှာကြောက်လို့လား"

"သူနဲ့ခွဲရမှာ မကြောက်ပါဘူးဟယ်။ ဒါပေမဲ့ . . . စိတ်ထဲမှာ တော့ တစ်ခုခုတော့ တစ်ခုခုပဲလို့ သံသယရှိနေမိတယ်"

"ဘာဂလို တိုတိုဖြစ်နေတာပေါ့ဟယ်"

"နှင်နဲ့ ကိုပုကွ ဖြစ်သလိုများ အောက်မေ့လို့လား"

"ကောင်မ. . . ပြောရင်းနဲ့ဖောက်လာတယ်"

"ကိုပုကွဆီ တစ်ရက်လောက် သွားရအောင်တယ်"

"အလွှမ်းပြေလေးလား"

"မဟုတ်ဘူး. . . ဆရာချမ်းတော လိုက်မလားလို့မေးချင် တာ"

"အေး. . . လာ သွားမေးကြမယ်"

ထမင်းစားချိန်သွားရှာတော့မတွေ့။ ညနေပိုင်းတစ်ချိန်တော် ပြီးတော့ ဒေါင်းဒေါင်း တစ်ယောက်တည်းသွားရှာသည့် အခန့်



www.burmeseclassic.com

www.burmeseclassic.com



သင့်စောင့်နေတာတွေ့ရ၏။

"ဒေါ်ငြိမ်းဒေါ်ငြိမ်း. . . ဘာခိုင်းမလို့လဲ"

"ဆရာ့ကို ခိုင်းရဲပါ့မလားရှင်ရယ်။ မေးစရာရှိလို့ပါ"

"ကဲ. . . စာမေးမှာလား. . . မေး"

"စာမဟုတ်ပါဘူး ဆရာရယ်။ နွေရာသီကျောင်းပိတ်ရက်က ရန်ကုန်ဘူတာကြီးနားမှာ ဆရာ့ကိုမျက်လုံးပြူးပြနေတာ တွေ့ရတယ်။ အဲဒါဆရာလား"

ဆရာချမ်း တွေကနဲစဉ်းစားယောင်ပြု၏။

ကျောင်းဆရာနာမည်ကြီးနဲ့ ပြလို့ ရမလားကွယ်



အကျိုးရှိမှာလဲကွယ်"

ပြန်မဆင်းတော့ဘူးထင်တယ်နော်. . .

တတ်တာပဲလေ။ ဘာလဲ. . . ကိုပုကွက စိတ်မကောင်းဖြစ်နေပြီလား

"အင်း. . . တစ်ခုတော့ရှိတယ်။ အရင်ဆရာချမ်းရဲ့ကြည့်ပုံက ဒေါ်ငြိမ်းတို့

အခုဆရာချမ်းကြည့်ပုံတွေ

တွေပါနေတယ်။

www.burmeseclassic.com



"ဟင့်အင်း. . . ဒေါင်းဒေါင်းကတော့ ဆရာချမ်း ထန်းသမားတုန်းကအကြည့်မျိုးကိုပဲ သဘောကျတယ်။ ရိုးသားတယ်၊ ပွင့်လင်းတယ်၊ တပ်မက်မှုမပါဘူး။ တပ်မက်ခြင်းဆိုတာပါလာရင် တဏှာပေါ့။ တဏှာပါလာရင် ပူလောင်တယ်ကွယ်။ အဲဒီတော့ အေးမြထဲ့အကြည့်ကိုပဲ ဒေါင်းဒေါင်းရင်ထဲက လိုလားတယ်။တမ်းတတယ်. . . တကယ်ပဲ"

"ပေါ်ပြီဟေ့. . . ပေါ်ပြီ။ ဒီကောင်မ,မရိုးတော့ဘူး"

"အောင်မယ်. . . အိမ်ရှေ့မင်းထန်းတောကတော်ကလုပ်ပြီ။ ညည်းကတော့ (၁၅၀၀)အကြည့်ကိုပဲ ကြိုက်တာဟုတ်"

"ဟုတ်တယ်လေ (၁၅၀၀)ဆယ်ခါလောက်အကြည့်ခံရရင် တစ်နေ့ကို (၁၅၀၀၀) ဘယ်လောက်ကိုက်သလဲ"

"ဘောင်းဘောင်း. . . ညည်းကတော့ ပိုက်ဆံရမယ်ဆိုရင် ဘာမဆိုလုပ်မယ့်ဟာမ. . . မသိတာမှတ်လို့"

"အောင်မယ်. . . ဒေါင်းဒေါင်းရယ်၊ ငါ့ကိုအဌပါလီလို့ပြောလိုက်တာပေါ့။ ငါပြောတာက ပိုက်ဆံရမယ်ဆိုရင် ထန်းရည်ထဲလည်း ဆေးသကြားထည့်သင့်ထည့်ရမယ်လို့ ပြောတာပါကွယ်။ တစ်မျိုးမထင်ကြပါနဲ့"

"ဟုတ်တယ်တော့. . . နင့်ဥစ္စာက တစ်မျိုးထင်ချင်စရာကြီးကို"

"ဟဲ့. . . တို့က ဆရာချမ်းပစ်ပြီး ဒီမှာလေကန်နေကြတာ ဆရာချမ်းကော. . . ဆရာချမ်း"

"တော့ ဆရာချမ်း ငါးမြှားနေလေရဲ့"

"ဗုဒ္ဓေါ. . . ခါတိုင်းဆိုရင် ဆရာချမ်းက ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲတာ။ အခု. . . ဘယ်လိုဖြစ်ပါလိမ့်"

"တစ်ခုခုတော့. . . . တစ်ခုခုပဲ"





တောင်သမန်ကမ်းဘေးရောက်တော့ ဆရာချမ်း၏ဘေးတွင် ငါးခြောက်ကောင်ခန့် ရ၍ သီထားလေပြီ။

"ကိုပုကွ. . . ငါးကြော်လုပ်ပေးဗျာ"

"ကျွားသားမိုးကြိုး. . . ဆရာချမ်းက ပါဏာတိပါတာကံတွေ ကျူးလွန်ရတယ်လို့ဗျာ"

"ဩော်. . . အရင်ကတော့ ဘုန်းကြီးကျောင်းမှာနေတော့ ရောမနေရင် ရောမလိုကျင့်ရတာပေါ့ဗျာ။ အခုတော့ လွတ်လတ်လပ်လပ်ပါပဲ။ ငါးကြော်နဲ့ ထန်းရည် ဘယ်လောက်ကောင်းသလဲ"

မဒေါင်းဒေါင်း. . . ဘယ့်နှယ်ရှိစဟူသော အမူအရာဖြင့် ဘောင်းဘောင်းက မျက်စပစ်ပြ၏။

"ကဲ. . . ကိုပုကွလာ။ ငါးကို ကျွန်မကိုင်မယ်။ ဒေါင်းဒေါင်းက ငါးရရင် ထပ်ယူရအောင် ဆရာချမ်းကို စောင့်ပေးလိုက်"

ဟု ပြောပြောဆိုဆို ငါးတွဲကိုဆွဲကာ ထွက်သွားကြချေသည်။

"ဒေါင်းဒေါင်း. . . ထိုင်လေကွယ်"

"ဒေါင်းဒေါင်းက ငါးများတဲ့သူကိုကူပေးရင် ဒေါင်းဒေါင်းဝါ ပါဏာတိပါတာကံထိုက်မှာပေါ့ ဆရာရယ်"

"အမယ်လေး. . . ဘုရားဖြစ်မယ့် အုတ်နီခဲမလေးရယ်၊ ကျွန်တော်တစ်ယောက်တည်း ဒီအကုသိုလ်ကိုခံပါ့မယ်တဲ့ဗျား ကဲ. . . ထိုင်တော်မူ'

ဟု ဆိုကာ သူ့ဖင်အောက်ရှိ ထန်းရွက်ခြောက်ကို ရွှေ့ခင်းပေးသည်။

"ဆရာချမ်း. . . ဘာကြောင့် ဒီအကုသိုလ်အမှုတွေကို ပြုရတာလဲ ဟင်"

"ကျွန်တော်က တစ်ခါတရံ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလွှား "ဆရာချမ်းအား ထွတ်တွတ်လုပ်လေမ်း မြေချိပျော်ရွှင်ရွှင်နေဖို့ အတွက် ဟိုသတ္တဝါ ဖျော်ဖြေတာ အသိတ်ရှုန်ပေးနိုင်တယ်ဆိုတဲ့ စိတ်အား မစဉ်းစားမိဘူးလားဟင်" ဗြူးပခဲပိုဟုင်ကြီးခါ ... လာပုဂ္ဂိုလ်

လွှခက် "ဖြေပြီ ဒီလေသါတာ အစဲ့ရှုထူတို့ ဟားဖြိုဖွိုးအကုသိုလ်ကံနဲ့ သူတို့လူသားတွေ အစားခံရမယ့် ဘဝဖြစ်နေကြ ရတာနေမဲ့။ ကျွန်တော်တို့ ဖမ်းပြီး ရှုပြား ဖြိုးမှိုတေးလှဲ လူများအလယ်မ်းပြီး ချိုအမြီး" ကြော် ယူလာတဲ့ ဟင်းတွေ့ထိုးစားနေကြတာ ပဲမိုဟုတ်လား" ဒီမှနဲ့ခမရာခ

"ဟယ်" ဒါတော့ ... ဆရာချမ်းရှယ်သူများကိုပြီ အတွက်ငါးအရှိုင် ကိုခြားစမ်းပြီး ကြော်ပြုမယ်ဖိုလိုနဲ့ ပြုပြီး ခိုင်းခဲ့တာမှိုမ်ဆုတ်တာ။ သူတို့ဖာသာ ကြော်ပြီး ရောင်းစားတဲ့ ဥစ္စာဆိုရင်တော့ ထိုးဆိုစာ ကိုသိုးပါ။ ထာစ်ခဲ့မှုမရှိပြောရိုက်ဘူးဖြစ်ဖြိ" ။လေလွှာပုဂ္ဂိုလ် ... လ"

"ကဲဒါဖြင့်ခေဒ်ရခေါ်နှိုတွဲဟားဒူ ကျွန်တော်တို့ လူတွေစားဖို့ဖြစ် လာကြမယ်။ ဒြီးလို့ဖြဲ လေ့ကျက်တိုထူးဆိုတဲ့ မိန်းကလေးတွေပုံ လည်း ယောကျ်ားလေးတွေရဲ့ (ဂိုဝ်ာ) မေဖြွတိုတွေ ကာမရသဖို့ ဖြူဖြစ်လာ ကြတယ်လေ။ မဟုတ်ဘူးလား ... ဒေါင်းဒေါင်းဒါနဲဒါင"

"မဟုတ်ဘူး ... ဆရာချမ်း။ သတ်ရှိသတ္တဝါတိုင်းမှာ သူတို့ တဲ့ဘဝ အလိုက်လွတ်လပ်ပိုင်ခွင့်ရှိတယ်။ ကျွန်မတို့ ရခိုင်အမျိုးသားကြီး များတဲ့ သူတွေအစ်ကိုကြီး ဒူတို့ရဲ့လွတ်လပ်ပိုင်ခွင့်ထဲ ချိုးဖောက်ပြီး ကိုယ်လုပ်ချင်ရာမလုပ်နိုင်ဖို့ ပြဌာန်းချက်က 'လွတ်လပ်ခွင့်ပေးထား တယ်။ ဒီလိုပဲ မြေမိန်းမတွေ ဆေးတွေမှာလည်း လွတ်လပ်ပိုင်ခွင့်ရှိ တယ်။ ဒီလွတ်လပ်ပိုင်ခွင့်အပေါ် ယောကျ်ားလေးတွေရဲ့ အာဏာ ခိုင်ခြုံပုံ ရှုပ်ခမိန်းကလေးတွေမှာ ရှိသွားတော့ ပိုင်ခွင့်ဆိုတဲ့ ကိုယ်ပိုင် အခွင့်အရေးရှိနေတယ်လေ။ အဲဒါကို ဆရာယုံသလား" ဟလေ

ငံပြခင်ပြီ "အခေါ်ဟယ် ဖတ်ယူဘွဲ့လွတ်တဲ့ သူ့ဘာ ဆရာတစ်ခု Concept ပိုကောင်းနေတော့ ဆရာအရှုံးပေးရမှာပေါ့ဗျာ။ ဒေါ်မြဲ့ဒေါင်းဗျ





ဗုဒ္ဓဘာသာရဲ့အယူဝါဒကို အခြေခံပြီးပြောနေတာကိုး။ ဒါပေမဲ့ ကမ္ဘာပေါ်မှာရှိတဲ့ သန်းခြောက်ထောင်အနက် ကိုးဆယ်ရာခိုင်နှုန်း က ဗုဒ္ဓအယူဝါဒအတိုင်း မရှိကြဘူးလေ"

ကျွန်မကတော့ ကျန်တဲ့ဆယ်ရာခိုင်နှုန်းထဲမှာပါတယ်။ ဗုဒ္ဓ အယူဝါဒအတိုင်းလက်ခံတယ်။ ဒါကြောင့် ... ဘယ်ကိစ္စမှာမှ ဘယ်အလုပ်မှာမှ အကုသိုလ်ကို ကံသုံးပါးနဲ့မကျူးလွန် မိအောင် ဆင်ခြင်တယ်။ ဆရာချမ်းကလည်း ဒီဆယ်ရာခိုင်နှုန်းထဲမှာ မပါဘူး လားဟင်"

"ဘုရားရေ ... ကျွန်တော့်ကို ဒိဋ္ဌိလို့ဆိုလိုတာလား ဒေါင်း ဒေါင်းရယ်"

"ဒေါင်းဒေါင်း ... အဲဒီလိုမဆိုလိုပါဘူး။ ဆရာများ ကျန်တဲ့ ကိုးဆယ်ရာခိုင်နှုန်းထဲပါနေသလားလို့ပါ။ အဲဒီလိုစောစောက သိရင်လည်း ဒေါင်းဒေါင်းက မင်္ဂလာတရားတော်နဲ့အညီနေမျှ ထိုင်ရအောင်လို့ပါ"

"ဟောဗျာ ... ပိုဆိုးနေပါပြီဗျာ။ အသေဝနာစတာလာနဲ့ လုပ်တော့မှာပေါ့။ အရှုံးပေးပါတယ်ဗျာ။ ငါးမျှားနဲ့ဆို မမျှားတော့ ပါဘူး"

"ရပါတယ် ... ဆရာရဲ့။ ကိုယ့်ဝါသနာနဲ့ကိုယ်မျှားပါ။ ဒေါင်းဒေါင်း ဟိုနားက ထိုင်ကြည့် နေပါ့မယ်"

"ကဲပါဗျာ ... ပြန်ကြရအောင်"

"ဒေါင်းဒေါင်း ... ဆရာ့ကို အထင်များသေးသွားသလား ဟင်"

"ဒေါင်းဒေါင်း ... ဆရာ့ကို အထင်သေးတဲ့စကားမျိုး မပြောမိပါလား ဆရာရယ်"

"ဒေါင်းဒေါင်းက စကားကြီးဆယ်ခွန်းကို အကုန်တတ်တယ်

www.burmeseclassic.com



နော်။ ဆင့်ဇော့ရန်ရှောင်လည်း ပြောတတ်တာပဲ"

"ဒါကတော့ . . . ဆရာရယ်၊ မိန်းကလေးဆိုတာ ကိုယ့်ရဲ့ အိမ်ခြေသိက္ခာကို အသက်ထက်တန်ဖိုးထားရတယ် မဟုတ်လား"

"ကျွန်တော် လေးစားပါတယ် ဒေါင်းဒေါင်းရယ်။ ဒါကြောင့်လည်း ဒေါင်းဒေါင်းကို လက်တွဲ ဖော်အဖြစ် ဆရာဖွင့်ပြောချင်မိတာပါ"

"မစောလွန်းဘူးလား ဆရာ။ ဆရာက ဒေါင်းဒေါင်းဘဝ အကြောင်းကို ဘယ်လောက်သိလို့လဲ"

"သိပါတယ် ဒေါင်းဒေါင်းရယ်။ ဒေါင်းဒေါင်းက မိဘနှစ်ပါး မရှိတော့ဘူး။ အမွေတွေကို ဦးလေးက ထိန်းထားတယ်။ ဦးလေးက ဒေါင်းဒေါင်းအဒေါ်ရဲ့ယောက်ျား၊ ဒေါင်းဒေါင်းအဒေါ်က အိပ်ရာထဲလဲနေတယ်။ အဒေါ်သေရင် ဒေါင်းဒေါင်းတို့အမွေကိစ္စက မရေရာတော့ဘူး။ ဒါလည်းမပူပါနဲ့ဒေါင်းဒေါင်းရယ်၊ ဆရာ့မှာ စည်းစိမ်ဥစ္စာပူစရာမလိုပါဘူး"

"ဆရာက အိမ်ထောင်ရေးကို ဈေးတွက်တစ်ခုတည်းနဲ့ ပေသီးခေါက်နေတာကိုး ဆရာရဲ့။ ဒို့ထက် အဓိကကျတဲ့အချက်တွေကို ဆရာက မေ့လျော့ထားသေးတယ်။ ဒါကိုက ဆရာနဲ့ ဒေါင်းဒေါင်းခံယူချက်ခြင်း လွဲနေကြပြီပေါ့။ ဒေါင်းဒေါင်းက အမွေတစ်ပြားမှ မရလည်းမယူဘူး။ ဘွဲ့တစ်ခုရပြီးရင် ကိုယ့်တစ်ဝမ်းတစ်ခါးအတွက် ကိုယ့်ဖာသာရှာစားမယ်။ နောက်ပြီး . . . သိပ္ပံမောင်ဝပြောသလို အပူမရှာသေးဘဲ ဘူတာကလေးလုပ်နေမယ်လို့"

"ဟဲ့ . . . ဒေါင်းဒေါင်း၊ ဘူတာကလေးဆိုတာ ဆရာချမ်းကို ပြောတာလား"

ဘောင်းဘောင်းက တဲထဲမှနေ၍ ဝင်ထောက်၏။





"မဟုတ်ဘူးဟေ့ . . . ဘူတာကလေးဆိုတာက ပုပုကွကွနဲ့ ကိုပုကွကိုပြောတာ"

"ဝုတ် . . . ဝုတ် . . . ဝုတ်"

"အမယ်လေး . . . မဲလုံးပြာက သူ့ဆရာကတော်လိုပဲ၊ သူ့ဆရာထိတော့ ဟောင်ပြီ"

"ကိုက် . . . ကိုက် . . . မဲလုံးပြာ . . ကိုက်"

"ဩော် . . . ငါတို့ တဲထဲပြန်လာတာကို မကြိုက်လို့ ကိုက်ခိုင်းတာပေါ့"

"အမယ်လေး . . . ဒေါင်းဒေါင်းရယ်၊ ညည်းတို့ဆရာတဝည့်ပြန်မလာချင်သေးရင်လည်း ပြောပါ။ ငါးကြော်ကို တောင်သမန်ကမ်းဘေးပို့ပေးပါ့မယ်။ တို့ကိုတော့ ရမယ်မရှာပါနဲ့"

"ကဲ . . . ကဲ . . ပြောချင်တာပြောဟေ့ . . . တို့ကတော့ ညည်းဖုတ်ထားတဲ့ဟာပဲစားတော့မယ်"

"ဒေါင်းဒေါင်း . . . မညစ်ပတ်နဲ့နော်"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဝါဆို၏အမေ ဒေါ်မေမေခင်က မေးခွန်းတွေထုတ်နေသည်။

"ငါ့သားမောင်နိုးတူး. . . အဲယောင်လို့ မောင်ရေချမ်းက ဘယ်ဇာတိလဲ"

"ကျွန်တော်က တောရွာကပါအမေ။ ပြင်ဦးလွင်မြို့နယ်နဲ့ မိုင်သုံးဆယ်လောက်ဝေးတဲ့ နေရာကပါ"

"ဪ. . . ဪ. . မိဘများကကောကွယ်"

"မိဘနှစ်ပါးစလုံးမရှိတော့ပါဘူးခင်ဗျာ"

"အခုဒေါက်တာဘွဲ့အတွက် စာတမ်းတင်ဖို့လေ့လာနေတာဆို. . ."

"ဒေါက်တာဘွဲ့အတွက် အဓိကမဟုတ်ပါဘူးခင်ဗျာ။ လူသားတွေအကျိုးပြုနိုင်မယ့် လူသားဘဝပန်းတိုင်နှင့် အနှိုမလမ်းဆုံးအတွက် ဖြေဆိုတာပါ။ လူတွေဟာ မွေးချိန်မှမသေခင်အချိန်အတောအတွင်း လမ်းဆုံးကို ဘယ်လိုသွားကြမလဲဆိုတဲ့အချက်ကို လူတောထဲတိုးဝင်ပြီး ရှာနေတာပါ"

"စားဝတ်နေရေးကကောကွယ်"

"အခုတော့. . . မျက်လှည့်ပြပြီးစားနေတာပေါ့အန်တီ"

"ဟယ်. . နှမြောစရာ။ တက္ကသိုလ်မှာ ဆရာ,မလုပ်ဘူးလား"





"မဟုတ်ဘူး အန်တီ။ တက္ကသိုလ်မှာ ဆရာလုပ်ရင်. . . ဘာ
တစ်ခုပဲလေ့လာလို့ရမယ်။ အခုက ဘဝမျိုးစုံကို လေ့လာလို့
အောင် ကျွန်တော်က အနည်းနည်းအဖုံဖုံသော အလုပ်တွေ
ပြောင်းလဲလုပ်ပြီး အဖြေရှာနေတာပါ အန်တီ"

"အို. . . ကျွတ်ကျွတ်. . သနားစရာ။ မိဘတွေရှိရင် ဘာ
လောက်ရင်နာကြမလဲမသိဘူး"

"ခင်ဗျာ. . ဘာကို ရင်နာမှာလည်း ခင်ဗျာ"

"ဟာ. . . မေမေ ဒုက္ခပါပဲ။ ဆရာ့အခန်းထဲလာပြီး ဘာလု
နေတာလဲ။ ဆရာ့ကို ဟိုဟာမေး ဒီဟာမေးနဲ့ ဒုက္ခမပေးပါနဲ့. .
မေမေရာ။ လာ. . . လာ. . ဘုရားခန်းထဲသွားမယ်"

"အမယ်. . . မိဝါဆို၊ ညည်းဘာသိလို့လဲ ကိုယ့်အိမ်မှာလ
နေတဲ့လူဆိုတာ ဇာတိပုညကို ကိုယ်သိအောင် စုံစမ်းထားရတယ်
ကိုယ်က သမီးရှင်၊ မတော်လို့များ အိုးချင်ထား အိုးချင်းထိခဲ့ရ
အဘက်ဘက်ကမနစ်နာအောင်တားရမယ်ဟဲ့"

"ဪ. . . မေမေကလဲ၊ သမီးတို့က ဘာတွေများဖြစ်
ကြလို့လဲ ပြောပါဦး"

"အေး. . . အခုမဖြစ်ပေမယ့် နောင်ဖြစ်လာမဲ့ အလာ
အလာတွေအများကြီးတွေ့နေရတယ်။ ကြက်တူရွေးက တော်တော
မယ်ဘော်ကကဲဆိုတဲ့ အဆင့်ရောက်နေပြီး ကိုယ့်ပညာကိုအသုံ
မချတတ်တဲ့လူတစ်ယောက်နဲ့တော့ ငါ့သမီးကို စိတ်ချလက်
လွှတ်မပေးနိုင်ဘူး. . . ဒါပဲ"

ဟုဆိုကာ ဒေါ်မေမေခင်တစ်ယောက် ခြေသံပြင်းပြင်းနဲ့
ကာ အခြားအိမ်သို့ ထွက်သွားလေတော့သည်။

"ကဲ. . . ညီမရေ၊ အခြေအနေကတော့ အစ်ကိုနေပြီ
ကန့်ကွက်နေပြီ။ အဲဒီတော့. . . အစ်ကို့ကိုလွှတ်လပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခွင့်ပြုပါတော့ကွယ်"

"အစ်ကို. . ညီမကို ကတိပေးထားတဲ့အတိုင်း ညီမ Thesis ပြီးတဲ့အထိတော့နေပေးပါ။ ဒီမှာနေဖို့ စိတ်အနှောင့်အယှက်ဖြစ်ရင် ဘောက်ထော်အိမ်ပြောင်းနေပေါ့။ ကားမောင်းဖို့ကလည်း ညီမ သွားစရာရှိရင် ကားမောင်းပြီး ဘောက်ထော်ကိုလာခဲ့မယ်။ အစ်ကို့ ကိုခေါ်ပြီး သွားစရာရှိတာဆက်သွားတာပေါ့"

"အေးလေ. . . အစ်ကိုက ကတိပေးထားပြီးပြီဆိုတော့ အဲဒီအတိုင်းဆက်နေပါ့မယ်။ ဒါပေမဲ့. . . သမုဒယဆိုတဲ့ ဥပါဒါန် ကိုတော့ အစ်ကို့အတွက် ဖွဲ့နှောင်မထားဖြစ်အောင်နေပေးပါလို့ အစ်ကိုတောင်းပန်ပါတယ်"

"အစ်ကိုတစ်ယောက်အနေနဲ့ဆိုရင်ကော"

"ဘယ်လိုအနေနဲ့ဖြစ်ဖြစ်၊ သမုဒယထားပိုင်ခွင့်၊ ချစ်ခြင်း မေတ္တာပိုင်ဆိုင်ခွင့်ရှိတာ လူသားတစ်ဦးရဲ့ အခွင့်အရေးပါ။ ဒါပေမဲ့ အစ်ကိုဆိုတဲ့ ရုပ်ဝတ္ထုအစု၊ နာမ်ဝတ္ထုအစုကြီးကြောင့် ဝါဆိုဆိုတဲ့ ညီမတစ်ယောက် အပင်ပန်းခံနေရတာ မကောင်းပါဘူးကွယ်။ လောကကြီးမှာ ရေထဲမျောတဲ့ဒိုက်တွေလိုပဲ. . . ထိလိုက်တွေ့လိုက် အတူမျောပါလိုက် ရေစီးကြမ်းတဲ့အခါ ကွဲကွာသွားလိုက်ဆိုတဲ့ သဘောလိုထားနိုင်အောင် ကြိုးစားပါလို့ ပြောချင်တာပါ"

"ညီမက မိန်းမသားပါဆိုတာကော ထည့်မတွက်တော့ဘူး လား. . . အစ်ကို။ မိန်းမသားဆိုတာ မှီတွယ်ရာ အားကိုးရာရှာပြီး အဲဒီလိုမှရပ်တည်တတ်တဲ့ ပျားအုံလို အိမ်ဖွဲ့တတ်တဲ့အမျိုးလိုပဲ တင်စားလိုက်ချင်တယ် အစ်ကို"

"အစ်ကို ညီမနဲ့စတွေ့တုံးက ပြောဖူးတယ်မဟုတ်လား။ အစ်ကိုရေချမ်းဆိုတဲ့ အဖြူရောင်မှန်အကြည်ပေါ်မှာ မြူနှင်းမှုန်ဖွဲ့ တဲ့ သမုဒယတွေအုပ်ဆိုင်းလာရင် ခါတိုင်းမှာတော့ လွှတ်ရာလမ်း





ကို ထွက်ပြေးတော့တာပဲ။ အခု . . ညီမကို တွေ့တဲ့အခါမှာတော့ ငဲ့ညာစိတ်လေးတွေကြောင့် မှန်အကြည်ကို အဝတ်ဖြူနဲ့သုတ်သင် တဲ့နည်းသုံးပြီးတော့ သန့်စင်ကြည့်ပါဦးမယ်ကွယ်။ ညီမလည်း အစ်ကို့ကိုခွင့်လွှတ်ပေးပေါ့နော်"

"အစ်ကိုဟာလေ. . . လူသားတစ်ယောက်၊ လူသားမှာမှ ပုထုဇဉ်လူသားတစ်ယောက်ဖြစ်ပြီး ဘာကြောင့် အိမ်ယာထူထောင် ခြင်းဆိုတဲ့သမုဒယတွေကို သေမလောက် ကြောက်နေရတာလဲဟင်"

"ဒါဆို ညီမကိုတစ်ခုမေးမယ်။ လူသားရယ်လို့ စတင်ပေါ် ပေါက်လာတုန်းကတည်းက အိမ်ယာထောင်ခြင်း၊ တစ်ဦးနဲ့တစ်ဦး ချစ်ကြိုက်ပေါင်းစည်းခြင်းဆိုတာရှိလာကြပြီလား။ ဒါမှမဟုတ်. . နောက်မှတစ်ဖြည်းဖြည်းအသိဉာဏ်မြင့်မားလာရင်း၊ ဒီယဉ်ကျေးမှု တစ်ရပ်ပေါ်ထွန်းလာတာလား"

"ဒါတော့. . . အစ်ကိုရယ်၊ အဲဒီယဉ်ကျေးမှုထွန်းကားလာ ခြင်းတွေကို ဝေဖန်မှုမပြုခင် အဖိုနဲ့အမဆိုတဲ့ သဘာဝကိုပဲကြည့် ပါ။ သံလိုက်အဖိုနဲ့အမဟာ ဆွဲငင်ကြတယ်။ လျှပ်စစ် အဖိုနဲ့အမ ဟာလည်း ဆွဲငင်ကြတယ်။ သူတို့ချည်း သီးခြားရပ်တည်ခွင့်မရှိ နိုင်ဘူး။ လူကိုမဆိုထားနဲ့ အပင်တိရစ္ဆာန်တောင်မှ အဖိုချည့် သတ်သတ်၊ အမချည့်သတ်သတ် မရပ်တည်ကြဘူး။ တစ်ချိန်ချိန် မှာပေါင်းစည်းကြသေးတာပဲ. . . ဟုတ်တယ် ဟုတ်"

"ကဲပါ. . . ညီမရယ်၊ အဖိုချည့်သပ်သပ်၊ အမချည့်သပ်သပ် ရှိစေတဲ့ လျှပ်စစ်ညို့ခြင်းတွေ ပေါ်နေပါပြီ။ အမက အင်အား များရင် အဖိုတွေပြောင်းလဲသွားတာလည်းပေါ်နေပါပြီ၊အဖိုတွေ ချည့်သပ်သပ်နေတော့ အဲဒီလျှပ်စစ်ညို့ခြင်းကနေ လူကိုတက်ကြွ ရွှင်လန်းခြင်းတွေ ဖြစ်ပေါ်စေတယ်။ အဲဒီလိုဘဲ အမဓာတ်နဲ့ လုံးဝ မရောယှက်ဘဲ လေ့ကျင့်မှသာ တရားထူး၊ အကျင့်ထူးရနိုင်တာမို့



www.burmeseclassic.com

www.burmeseclassic.com



အပြဟ္မစရိယာဆိုတဲ့ သိက္ခာပုဒ်တစ်ခုကို ဘုရားကလူတွေလိုက်နာကျင့်ကြံနိုင်ဖို့ထည့်ထားရတယ်။ တစ်ချိန်ချိန်မှာ အဲဒီလိုကျင့်နိုင်အောင်အခုကတည်းက အစ်ကို့ကိုယ် အစ်ကိုမြိုးခြံနေတာပါဆိုရင်ဘာပြောမလဲ"

"အစ်ကို့လို ဘုန်းကြီးတစ္ဆေ ကမ္ဘာ့ပြုတ်ပြနေတဲ့သူကို ညီမမနိုင်တော့ပါဘူး။ အရှုံးပေးပါသတဲ့ရှင်။ မိဝါဆို အရှုံးပေးပါသတဲ့"

"သြော်. . . ညီမရယ်၊ မစွဲလန်းအပ်တဲ့ ဥပါဒါန်တွေကို အခုကတည်းက လွှတ်ချလိုက်ပါတော့လားကွယ်"

ဟု တိုးတိုးညည်းညူရင်း ဝါဆို၏ခေါင်းကို ပွတ်ကာနှစ်သိမ့်လိုက်လေတော့သည်။ ဝါဆိုသည် ရှိုက်သံမျှင်မျှင်လေးရှိုက်ရင်းကိုရေချမ်း၏ ရင်ခွင်ထဲတိုးဝင်လိုက်သည်။ ကိုရေချမ်းက အလိုက်သင့်ပွေ့ ဖက်ထားရင်း. . .

"ညီမနဲ့အစ်ကို ဘယ်အချိန်မှ တွေ့ရဦးမလဲမသိဘူးနော်"

"ဖေဖေပြန်လာရင် ပြောပြီးလိုက်ခဲ့မယ် အစ်ကိုချမ်းရယ်"

"ညီမဖေဖေက ဦးရွှေခေါင်နော်"

"ဟင်. . . အစ်ကိုချမ်းက သိတယ်. . . ဟုတ်လား"

"လေ့လာထားရတာပေါ့ကွယ်"

"ဒါဆို ဖေဖေက သဘောတူမှာ သေချာတယ်"

ဟုပြောရင်း တိုးလို့ဖက်လာသည်။ ကိုရေချမ်းက ကျောကိုပွတ်သပ်၍ ချော့လိုက်သည်။

"ကျောမှာ ဘာတွေလဲ ဟင်"

"ဖေဖေက သူ့သမီးပျောက်သွားရင် ရှာတွေ့လို့လွယ်အောင်ဆိုပြီး ကျောမှာထိုးကွင်းထိုးထားတာ"

"ကြည့်ရအောင်နော်"



## အခန်း (၁၅)

"နေရစ်တော့. . . မိန်းကလေးရယ်"

ဟုသာ ရင်ထဲမှစိတ်မကောင်းစွာ ညည်းညူရုံမှတစ်ပါးမတတ်နိုင်တော့ပါ။

"အစ်ကိုရေချမ်း. . . ဘယ်ကိုသွားမှာလဲဟင်"

"အစ်ကိုတို့ဗုဒ္ဓရဲ့ တရားသဘောနဲ့ အဖြေပေးရရင် မွေးဖွားခြင်းဆိုတဲ့ အရပ်ကနေ သေဆုံးခြင်းဆိုတဲ့ အန္တိမလမ်းဆုံးကိုရောက်အောင်သွားရမှာပေါ့ကွယ်"

ဟု ဖြေခဲ့ရသည်။

"အဲဒီရောက်ရင် ညီမကို အဆက်အသွယ်လုပ်ပါဦးလို့မေးရင်လည်း အနတ္တဆိုတဲ့ ကိုယ့်ကိုယ်ကိုအစိုးမရတဲ့ သံသရာကြီးထဲက အစက်အပျောက်ကလေးတစ်ခုဟာ ဘာကြောင့် ဘယ်နေရာမှာ ဘာလို့ဆုံစည်းရမှာလည်းလို့ မရေရာတဲ့အဖြေပေးရမဲ့အတူတူမတွေ့ကြတော့တာအကောင်းဆုံးပဲလို့သာ အစ်ကိုဖြေမှာ မဟုတ်လား"

"ဒါတွေသိရဲ့သားနဲ့ ဘာကြောင့်မရေရာတဲ့အဖြေတွေတိုတောင်းချင်ရတာလဲကွယ်။ ဟိုက်ဇင်ဘတ်ရဲ့ညီမျှခြင်းလိုပဲ ဘို့တစ်တွေရဲ့ ရေရာလှပါတယ်ဆိုတဲ့ ကိန်းဂဏန်းတွေဟာ မရေရာမှု



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ အစိတ်အပိုင်းတွေပဲလို့သိရရင်၊ သံသရာထဲက အစက် အပြောက်ကလေးတစ်ခုကို ပျောက်ပျက်သွားအောင် လုပ်ချင်ကြမှာ ပေါ့ကွယ်။ ဒါပေမဲ့ . . . အဲဒါဟာ အခက်ဆုံးလမ်းစဉ်တစ်ခုပဲ၊ မိုးစက်ကလေးတွေဟာ ပျောက်ပျက်ကွဲကြေသွားရင် ပြီးပြီဆိုစတမ်း နဲ့ ရရောလားကွယ်။ အဲဒါကို မပျောက်ပျက်မကွဲကြေချင်လို့ ဒိုင်း လေးတွေကာထားကြလို့ကော ဘယ်လိုရမှာလဲ။ ကွဲကြေသွားတော့ ကော လုံးဝပျောက်ပျက်သွားတာလား။ ဒါတွေက မခိုင်မြဲတဲ့ ပညတ် သဘောတွေပါ ညီမရယ်။ မိုးစက်ကလေးတွေကွဲကြေသွားတော့ အမှုန်အမွှားလေးတွေဖြစ်တယ်။ နေပူလာတော့ ရေခိုး ရေငွေ့ဖြစ် တယ်။ ရေခိုးရေငွေ့တွေကနေတိမ်ဖြစ်ပြီး၊ မိုးစက် ကလေးတွေ ပြန်ဖြစ်ကြတာပဲမဟုတ်လား။ အဲဒီအထဲမှာ ပြန်လည်ဆုံစည်းခြင်း ဆိုတာ ကံဇာတ်ဆရာရဲ့ လှည့်ကွက်တစ်ခုလေ။ ဒီဆုံစည်းမှုတွေက ပရမတ်သဘောမဟုတ်ပါဘူး။ သံသရာမှာ ဆုံလိုက်၊ တွေ့လိုက်၊ ကွဲလိုက်၊ ပေါင်းစည်းလိုက်နဲ့ရယ်လို့ ဆရာကြီးဦးသုခက ဘဝ သံသရာသီချင်းနဲ့ သံဝေဂရအောင် မီးမောင်းထိုးပြခဲ့သေးတယ် လေ။ ဒါပေမဲ့ . . . လူတွေက သံဝေဂလို့မမြင်ဘဲ လွမ်းဆွေးတသသ ရင်ဖိုလှိုက်မောဖွယ်ဇာတ်ကားတစ်ခုအနေနဲ့ပဲ သိခဲ့ကြတာ မဟုတ် လား။ အစ်ကိုလည်း ဆရာကြီးဦးသုခလိုပါရမီရှိရင် လူတွေကို သံဝေဂတရားမီးမောင်းထိုးပြချင်လိုက်တာ”

ဟုပြောရင်း . . . ဝါဆိုကို သံသရာရဲ့ဆုံမှတ်တစ်ခုထဲချန် ထားရစ်ခဲ့ရတော့သည်။ ဒါပေမဲ့ . . . ရွေ့လျားနေတဲ့ စကြာဝဠာ သံသရာကြီးထဲမှာ ဘယ်ဟာကကော မြဲခြင်းတရား ဆိုတာရှိပါလိမ့် မလဲ။ အနိစ္စသည်သာ နိစ္စဟုသာပြောကြရစတမ်း မဟုတ်လား၊ အခုလည်း ကိုရေချမ်းဆိုတဲ့ အစက်အပြောက်ကလေးတစ်ခုဟာ ရထားလေးနဲ့ တောင်အတက်ခရီးကိုကျော်ပြီး ပြင်ဦးလွင်မြို့





ဘူတာကို ရောက်ခဲ့ရပြီကော။ ပြင်ဦးလွင်မြို့တွင် နာရီဝက်ခန့် နားပြီး ရထားက ဆက်ထွက်ဖို့ ဥသြဆွဲနေချေပြီ။ ကိုရေချမ်းတာ မလဲရသေးတာကြာပြီဖြစ်သော အကျီကိုချွတ်၍လဲဖို့လုပ်လိုက် သည်။

“ငါ့တူက ရင်ဘတ်မှာမှဲ့နီကြီးသုံးလုံးနော်။ အဲဒီဘေးမှာတ စာတန်းထိုးထားတာလားဟင်”

“အရုပ်လို့ ထိုးထားတာပါ ဦးလေး”

ထိုစဉ် ဘူတာထဲမှ မိန်းကလေးသုံးယောက်ပြေးထွက်လာ သည်။ မိန်းကလေးတစ်ယောက်၏အော်သံက ကိုရေချမ်း၏ရင်ထဲ ကို လှုပ်ခတ်သွားစေခဲ့သည်။

“ကိုရေချမ်း . . . ကိုရေချမ်း”

ဒီအသံကို ကိုရေချမ်းကောင်းကောင်းမှတ်မိခဲ့သည်။ အကျီ အသစ်ဝတ်ဖို့မေ့လျော့ကာ ရင်ဘတ်ဟောင်းလောင်းဖြစ်နေစဉ် မိမိအား ‘ကိုရေချမ်း . . . ကိုရေချမ်း’ဟု ခေါ်ယူသော မိန်းကလေး က လက်ညှိုးတစ်ထိုးထိုးနှင့် နီးကပ်လာသည်။ ရထားကြီးက အရှိန်မြင့်၍ တရှူးရှူး . . . တရှဲရှဲထွက်ခွာသွားလေပြီ။ သံသရာ ရထားကြီးထဲမှာပါသွားပြီပဲ မိန်းကလေးရယ်။ အတိတ်ဆိုတာ သံသရာရဲ့အစိတ်အပိုင်းတစ်ခုမဟုတ်လားကွယ်။ ဒါပေမဲ့ . . . အတိတ်ဆိုတာ ပစ္စုပ္ပန်အတွက် သိုလှောင်ရယူကောင်းသော အရာ မဟုတ်ဟု သိထားသည်မဟုတ်လား။

အတိတ်ဆိုတာ ပစ္စုပ္ပန်ကနေတစ်ဆင့် အနာဂတ်အထိသယ် ဆောင်သွားလျှင် ပုတ်သိုးဆွေးမြေ့တတ်သည်တဲ့။ ဒါဆိုလျှင် ပစ္စုပ္ပန်ဆိုတာ သူ့အစက်အပြောက်နေရာမှာ သူ့ဖါသာ ရှိနေတာ အကောင်းဆုံး။ ဒါကြောင့်မို့ . . . သုံးဘက်မြင်သဘာဝမှ လေးဘက် မြင်၊ ငါးဘက်မြင်သဘာဝသို့တိုးတက်လာသောအခါ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ဒိုင်ခင်းရှင်းတစ်ခုက ကတ်သီး ကတ်သပ်ပါလာတာပေါ့။ မိမိရှေ့က စီးဆင်းနေသောရေကိုပင်ကြည့်လိုက်လျှင် အဖြေပေါ်ပေသည်။ အခုစီးဆင်းနေသောရေစက်မှုန်ကလေးတွေ ချောင်းရေမြစ်ရေတွေသည် အတိတ်ကရေမဟုတ်။ ထို့အတူ နောက်ငါးမိနစ်ခန့်ကြာသွားသောအခါ ယခင်က ကြည့်ခဲ့သော ရေလည်းမဟုတ်တော့။ ဒါဆို. . . 'ကိုရေချမ်း၊ ကိုရေချမ်း'ဟုခေါ်ခဲ့သော ဒေါင်းဒေါင်းသည် ယခင်ဒေါင်းဒေါင်းမဟုတ်တော့။ပညတ်အရတော့. . . ယခင်က ဒေါင်းဒေါင်းဟုတ်တန်ရာ၏။ သံသရာရဲ့ အစက်အပျောက်ထဲမှာကြည့်လိုက်တော့. . . နေရာတွေ၊ အချိန်တာလတွေ၊ ရုပ်ဝတ္ထုဖွဲ့စည်းမှု၊ စိတ်သဏ္ဍာန်၏ ဖွဲ့စည်းမှုအားလုံး တွာခြားခဲ့ပါပြီ. . . ဒေါင်းဒေါင်းရယ်။ အနိစ္စရဲ့ဝါးမြိုမှုက ရုပ်နာမ်ခန္ဓာမှန်သမျှကို ပြောင်းလဲစေခဲ့ပြီကောကွယ်။

ဒေါင်းဒေါင်းတို့သည် ကိုရေချမ်းစီးသွားသော သံသရာရထားကြီးဝေးကွာသွားတာကို တမေ့တမောငေးကြည့်နေမိသည်။

"ဒီတစ်ခါတော့ ငါအဖြေတစ်ခုရပြီ ဘောင်းဘောင်း"

"ပြောလေ. . . ဒေါင်းဒေါင်း၊ တို့ဘာလုပ်ပေးရမလဲ"

"လာ. . . ကားဆီပြန်သွား၊ ညည်းအစ်ကိုကို ရထားနောက်အမြန်လိုက်မောင်းခိုင်းရမယ်"

"ဗုဒ္ဓေါ"

ကားဆီရောက်တော့. . . ဘောင်းဘောင်းအစ်ကို လက်ဖက်ရည်သွားသောက်နေသဖြင့် ခဏစောင့်နေရသည်။ ရောက်လာတော့ ကားကချက်ချင်းမနိုး၍ ဟိုက်နှိုက်ဒီနှိုက်နှင့် နာရီဝက်ကျော်ကျော်ခန့် အချိန်ကုန်သွားသည်။

"ကဲ. . . သွားကြမယ်"

"ခါတ်ဆီဝယ်ထည့်ရဦးမယ်"





"ကဲပါ. . . လုပ်တော့ မြန်မြန်လေး"

ကားဖြင့် ဒလကြမ်းမောင်းထွက်ခဲ့ကြသည်။

'ဖြည်းဖြည်းလုပ်ပါ. . . အစ်ကိုရဲ့၊ ဟိုကောင်မရှူးတာနဲ့ တို့ပါ ဂိမ်းကုန်ဦးမယ်ဟေ့"

"ငါ့ကို ဒီတစ်ခုတော့ကူညီကြပါဟာ။ဒါက သေရေးရှင်ရေးမို့ပါ"

"ဘယ်သူကကော မကူညီလို့လဲ ညီမရယ်"

"ဟုတ်ပါရဲ့ဒေါင်းဒေါင်းရယ်၊ ညည်းဟာလေ. . . အနစ်နာခံပြီး ကူညီတတ်တဲ့သူကြတော့ အသိအမှတ်မပြုဘူး။ ကိုယ့်တိုရှောင်ပြီး ပုန်းနေတဲ့သူကိုကျတော့ အသေအလဲလိုက်နေ။ နောက်မှ . . . နောင်တမရနဲ့နော်"

"ငါ့အကြောင်းနဲ့ ငါပါ. . . ဒွန်းဒွန်းရယ်၊ ဖိုစိတ်မွှန်နေတာမဟုတ်ပါဘူးဟယ်။ ငါ့ကို နားလည်ပေးကြပါ"

"အိုကေ. . . အခုခရီးအတွက် ကားခက ဈေးကြီးတယ်နော်"

"ဘယ်လောက်လဲ"

"ထောင့်ငါးရာ"

"ညည်းပေးလိုက်။ ဘောင်းဘောင်းကနေတစ်ဆင့်ပေးလိုက်"

"ဒါကတော့. . . ငါ့အစ်ကိုသဘောတူတဲ့သူဆီက ယူရမှာသူ့ကိုမေးဦးမယ်"

"တို့မပါ. . . တို့မပါ"

ဒေါင်ဒေါင်းက နားပိတ်အော်၏။

"တို့က နံပါတ်ဝမ်း၊ နံပါတ်ဝမ်း"

ဒွန်းဒွန်းက အော်လိုက်သည်။

"ဟင်း. . . လိုတာမရ၊ ရတာမလိုဖြစ်နေလို့ အစ်ကိုက ကားကို ချောက်ထဲမောင်းချနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . ဝက်စံရောက်ပြီ၊ မေးကြည့်အုံး"

"ရထားထွက်သွားတာ ကြာပြီတဲ့"

ဆက်မောင်းလာကြရာ တောင်အဆင်းလမ်းအတိုင်း ချိုင့်ဝှမ်းပြန့်ပြန့်ကို ကျော်ဖြတ်လာခဲ့သည်။ ကြံတွေစိုက်ပျိုးသော အုန်းမသီးကို ရောက်ကြသည်။ မမီကြပြန်၊ လိမ္မော်တွေစိုက်ပျိုးသော အုန်းမခါးကို ရောက်ကြသည်။ ရထားထွက်သွားတာ မကြာသေးတဲ့တားကိုအပြင်းမောင်းလာတော့ ကျောက်ကြမ်းအကျော်တွင် ရထားတိုမြင်လိုက်ရသည်။

"နောင်ချိုကိုသာ မောင်းတော့ဟေ့"

နောင်ချိုမှာ ရထားက နည်းနည်းကြာကြာရပ်သည်။

"ဘယ်တွဲလဲ. . . ဒေါင်းဒေါင်း"

"တွဲသုံးဟေ့. . . တက်ကြည့်ရအောင်"

မရှိတော့။ ၎င်းထိုင်ခုံတွင် ရှမ်းအဖိုးကြီးတစ်ယောက်ထိုင်နေချေပြီ။

"အဘ. . . ဘယ်ဘူတာက တက်စီးလာတာလဲ"

"ငါ နောင်ချိုဘူတာကနေ တက်စီးတာ"

"ဒါဆို ဘေးနားလူတွေမေးကြည့်ဟာ"

"ရေရေရာရာ မှတ်မိတဲ့သူမရှိတော့ဘူးဟ။ ကျောက်ကြမ်းမှ ဆင်းသလိုလို၊ အုန်းမသီးနဲ့ အုန်းမခါးမှာ ဆင်းသလိုလိုပြောနေကြတာပဲ"

"ဒါဆို လွယ်ပါတယ်ဟာ။ အသံချဲ့စက်ငှားပြီး လိုက်အော်ကြတာပေါ့"

"နင့်အဖေကြီးက ပုန်းနေပါတယ်ဆို အသံချဲ့စက်နဲ့ လိုက်အော်လို့လာပါလိမ့်မယ် အားကြီးကြီး"

"အင်း. . . အဲဒါဆိုရင် ဧည့်စာရင်းလိုက်စစ်ပါလားတော်ရေ့"





"အေ. . . အေး. . နင်အဲဒီအုန်းမသီးရွာကသူကြီးသားနဲ့ယူပြီး တော့မှ ငါ့ကိုဧည့်စာရင်းကူစစ်ပေးပေါ့"

"ဗုဒ္ဓေါ. . . သူကောင်းကျိုးရဖို့ ကျုပ်ကသူကြီးသားနဲ့ယူပေးရမယ်။ မဒေါင်းဒေါင်း ညာညာတာတာလည်း လုပ်မါရှင်။ ယူခြင်းယူရင် မဘောင်းဘောင်းအစ်ကိုကိုပဲ ယူမယ်"

"သဘောမတူနိုင်ပါဘူးရှင့်။ ယစ်ထုပ်ကြီးမဒွန်းဒွန်းတို ငြင်းပယ်ပါကြောင်း"

"ဘာကြောင့်လဲ"

"ကျမ်းဂန်နဲ့ မညီလို့ဖြစ်ပါကြောင်း"

"ညည်းတို့ကလည်းအေ။ ကိုရေချမ်းကို ပိုပြီးသတိရအောင်လုပ်နေပြန်ပါပြီ။ ငါကတော့ ကိုရေချမ်းကိုတွေ့ရင် ရင်ဘတ်ကမှည့်ကြီး ထုထုပြီးမေးကြည့်ချင်လိုက်တာ။ ကျွန်မ ဒေါင်းဒေါင်းတို့တဂျောင်းဂျောင်းနဲ့ ရှောင်ပြေးနေတာ နူနေလို့လား၊ ဝဲနေလို့လားလို့ တစ်ခါတည်း ဘယ်ညာထုတဲ့ပြီး မေးလိုက်ချင်ပါသေးရဲ့"

"ကျမ်းဂန်နဲ့မညီလို့ ရှောင်ပြေးပါကြောင်း"

"ညည်းကလည်း တစ်ခါလာလည်း ဒီကျမ်းဂန်နဲ့ပဲ တိုင်ပေါက်နေ ချောဂန်လေးဘာလေးလည်း ညှိပေးပါဦး"

"ချောဂန်ကတော့ မဒေါင်းဒေါင်းကိုမေးမှသိရမှာဖြစ်ပါကြောင်း"

"ယုတ်မာပြီ. . . ထန်းရေသည်မက တစ်ခါတစ်ခါ စရိုက်ပေါ်ပေါ်လာပြီ။ ကိုပုက္ကနဲ့ တိုင်ပြောလိုက်လို့ ပုက္ကသွားမယ် ဘာမှတ်လဲ"

"အဲ. . . ဟုတ်ပြီ၊ ငါသတိရပြီ ဒေါင်းဒေါင်းရေ့"

"ဘာလဲပြော"

ဘောင်းဘောင်းက ဒေါင်းဒေါင်း၏နားနားကပ်မြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တိတ်. . . လျှို့ဝှက်တာဆို ငါ့ကိုလည်းပြော ချန်မထားနဲ့"

"ဟုတ်ပါတယ် အမိရယ်။ အမိကိုပဲ ဒီလျှို့ဝှက်တဲ့ကိစ္စခိုင်းမှာပါ။ ဘာလို့လည်းဆိုတော့ မိဒွန်းဒွန်းက ဇက်ရဲလက်ရဲဆိုတော့ ကျမ်းဂန်နဲ့ညီပါကြောင်း"

"ကောင်မစုတ်တွေ"

■



BURMESE CLASSIC .com

## အခန်း (၁၈)

"ဒါ. . . စိုင်းသီဟတို့အိမ်လားခင်ဗျာ"

"ဟုတ်တယ်. . . ပီအိုက်. . ထိုင်၊ ပေါ့ထောက်နဲ့မ
ထောက်ကိုခေါ်လိုက်ဦးမယ်"

"ငါ့ညီမက ခမ်းမွန်မဟုတ်လား"

"ဩော်. . . ပီအိုက်က နောင်ရင်းကိုသိတယ်ဟုတ်လား
နေဦး. . . ပေါ့ထောက်နဲ့ မယ်ထောက်ကိုသွားခေါ်လိုက်ဦးမယ်

ခဏနေတော့ ပေါက်ပြားကိုင်ထားသော ရှမ်းအဖိုးကြီးတ
ယောက်နဲ့ တောင်းတစ်လုံးကိုင်ထားသော ရှမ်းအဖွားကြီးတစ်
တို့ ရောက်လာကြသည်။

"ဟာ. . . ပီအိုက်ကိုမှတ်မိပြီ၊ ကိုရေချမ်း. . . ဟုတ်တ
မဟုတ်လား"

"ဩော်. . . သိပြီ. . . သိပြီ။ ဒါ. . . အကြိုင်းရဲ့ သူငယ်ချ
ပဲ။ လာ. . . အိမ်ပေါ်တက်။ မင်းဓာတ်ပုံကို အဘတို့ပြမယ်"

"အိမ်ပေါ်ရောက်သောအခါ စိုင်းသီဟနှင့် ကိုရေချမ်း နှ
ယောက်တွဲဓါတ်ပုံကြီးကို အကြီးချဲ့ထားသောပုံကိုပြလိုက်ရာ ကို
ချမ်း အံ့သြတကြီးဖြစ်သွားသည်။

"အတော်ပဲ. . . ပီအိုက်၊ စိုင်းလည်း နက်ဖြန်ပြန်လာမယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို. . ကိုရေချမ်းနဲ့တွေ့ရတာပေါ့။ ဒီမှာ. . . ညအိပ်နော်”

“ဟုတ်ကဲ့ပါ. . . မယ်ထောက်။ ကျွန်တော့်မှာ တခြားသွားစရာ အိပ်စရာနေရာလဲမရှိဘူး”

“ဟုတ်ပါ့. . . ဒီမယ့်ထောက်နှယ်၊ ဒီအိမ်မှာပဲ တည်းရမည့်တာ ဘာကြောင့်အပိုပြောရတာလဲ”

ခမ်းမွန်လုပ်ကျွေးသော ခေါက်ညိုနှင့် မဖျစ်ငါးကြော်တို့ဖြင့် လွေးကာ ချမ်းချမ်းဖြင့် ကွေးလိုက်ရတော့သည်။

“မယ်ထောက်၊ မယ်ထောက်”

“ဟော. . . ပီအိုက်. . . စိုင်းလာပြီ၊ အစ်ကိုရောက်နေတာ မပြောနဲ့ဦး။ သူအံ့သြသွားအောင်”

“အကြိုင်း. . . လာလာ၊ အပေါ်တက်”

“ဟ. . . ခမ်းမွန်။ ဟိုမီးဖိုချောင်ဘေးကကောင်က ညည်းအကောင်လား”

“မဟုတ်. . . ပီအိုက်ဖါသာသေချာကြည့်. . . မှတ်မိအောင်ကြည့်ပေါ့”

“ဟာ. . . ခွေးမသား ရေချမ်း၊ လာ. . . လက်လှဲမယ်”

စိုင်းသီဟကတော့ ထုံးစံအတိုင်း ဗလအားကိုးသူဖြစ်၍ သူ့ဝသီအတိုင်း လက်လှဲဖို့ပြောသည်။

“မြို့သားကွ. . . ကြိတ်ထား။ အကြိုင်းစိုင်းသီဟကွ။ ရှမ်းသွေးမလျော့နဲ့”

သူတင်ကိုယ်တင် လက်ဖျံနှစ်ခုထောင်ကာ ဆယ်မိနစ်ခန့် တောင့်ထားကြသည်။

“ဟော. . . ဟော. . ပီအိုက် ရေချမ်းမျက်နှာကြီးနီလာပြီ. . ပီအိုက်စိုင်း. . . လှဲတော့. . လှဲတော့”

ပြောနေစဉ်မှာပင် ကိုရေချမ်းက အံကြိတ်၍ တစ်ချက် ကြီး





သွင်းကာ ဆတ်ကနဲလှဲချလိုက်သည်။ စိုင်းသီဟ၏လက်အောက်

သို့ဖြုတ်ကနဲကျသွားပြီ။ ဒါပေမဲ့ စားပွဲခုံ မျက်နှာပြင်နှင့် မထိသေး

မေးရိုးကြီးများထောင်အောင်အံကြိတ်၍ လက်ကိုပြန်၍ မတော်

သည်။ မရတော့။

“ဒုန်း”ကနဲလက်ကအောက်သို့ကျသွားသည်။

“ကဲ. . . ပီအိုက်စိုင်းရှုံးပြီ”

“ကဲ. . . သီဟရော၊ ကျောင်းမှာတုန်းက တစ်ခါမှမင်းတို

မနိုင်ခဲ့ ပေမဲ့. . . အခု နိုင်ပြီကွ။ ဒါက အချိန်ရဲ့မတူညီမှုကြောင့်ပဲ

အဲဒီတော့ ငါတောင်းတာ မင်းပေးရမယ်”

“ပြော”

“ငါ ဒီအိမ်မှာ ပျော်တဲ့အထိနေမယ်။ ပေါ့ထောက်နဲ့ မယ်

ထောက်ကို လုပ်ကျွေးမယ်”

“အမလေးကွာ။ ဒါများ လက်လှဲပြီးမှ တောင်းဆိုနေရသေ

တယ်။ ဒီအတိုင်းရိုးရိုးပြောလည်းရပါတယ် ရေချမ်းရာ”

ခဏနေတော့ စိုင်းသီဟတို့မိသားစု ရှမ်းလိုပြောနေကြ

သည်။ တစ်ခုခုကို အကြိတ်အနယ်ဆွေးနွေးနေကြပုံပေါ်သည်

ခမ်းမွန်ဘက်သို့လှည့်ပြီး ခဏခဏဆူတာကိုလည်း တွေ့ရသေ

သည်။ မိုးလင်းတော့ ခေါက်ညိုစားရင်း စိုင်းသီဟက စကားသည်

“ရေချမ်းရေ. . . နက်ဖြန်နောင်ချိုသွားရအောင်ကွာ။ မင်း

လည်းလိုက်ခဲ့”

“ရတယ်. . . သူငယ်ချင်း။ မန္တလေး၊ ရန်ကုန်ရယ်ဆာလွဲရင်

အကုန်သွားလို့ရတယ်”

သူငယ်ချင်းနှစ်ယောက် ကုန်ကားကြီးတစ်စီးပေါ်တွင်

တအိအိနှင့်လိုက်ရင်း နောင်ချိုသို့တက်ခဲ့သည်။ ရောက်ကာန်

ကြီးမားသော အိမ်ဝင်းကြီးတစ်ခုသို့ ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်းမောင်တင့်ရှိလား"

"ဘာကိစ္စရှိလို့လဲ"

"သူ့ သူငယ်ချင်းတွေပါ"

"စိုင်းမောင်တင့်တော့မရှိဘူး။ သူ့ညီစိုင်းအောင်ညွန့်ပဲရှိတယ်"

"ဘယ်သွားလဲ"

"ဘာကိစ္စရှိလို့လဲဟေ့"

အိမ်မြင့်ကြီးပေါ်မှ ဘောင်းဘီရှည်နှင့် စပို့ရှပ်အကြွပ်ဝတ်ထားသော လူငယ်တစ်ယောက်မျက်နှာတင်းတင်း လေသံပြင်းပြင်းနဲ့လှမ်းမေးကာ အောက်သို့ဆင်းလာသည်။

"ဆွေးနွေးစရာရှိလို့"

"အစ်ကို့ကိစ္စဆိုရင် . . . ကျွန်တော်နဲ့ ဆွေးနွေးလို့ရတယ်။ ဘာကိစ္စလဲ"

"အေး . . . ငါ့ညီမခမ်းမွန်ကိစ္စပဲ"

"အင်း . . . ခင်ဗျားညီမကိစ္စဆိုရင်တော့ အေးအေးဆေးဆေးပြန်ပါလို့ပြောချင်တယ်။ အစ်ကိုက မိုးကုတ်ကကျောက်တွင်းသူဌေးသမီးတစ်ယောက်နဲ့ လက်ထပ်ဖို့တက်သွားပြီ"

"အဲဒီလိုပြောလို့ရမလားဗျ။ ကိုယ့်ကိစ္စကိုယ်ရှင်းပြီးမှသွားပေါ့"

"ဩော် . . . ပိုက်ဆံဘယ်လောက်လိုချင်လို့လဲ ပေးလိုက်မယ်။ ဟေ့ကောင် . . . အိုက်ခမ်း ပိုက်ဆံငါးသိန်းသွားယူကွာ။ ငါးရာတန်အုပ်တွေယူခဲ့။ မနေ့က . . . နန်းမူကိစ္စရှင်းသလိုပဲ ရှင်းရတော့မှာပေါ့"

ကိုရေချမ်း စိုင်းသီဟကို လှမ်းကြည့်သည်။ ဘယ်လိုလဲဆိုသည့်သဘော။ စိုင်းသီဟ လက်သီးဆုပ်ကာလက်မကိုအောက်သို့





စိုက်ကာညွှန်လိုက်၏။ ကိုရေချမ်းနားလည်ကြောင်း ခေါင်းတိုဆတ်ပြလိုက်သည်။ အိုက်ခမ်းက ပိုက်ဆံငါးသိန်းကို ဂုန်နီကြိုးဖြင့်ချည်ပြီး . . .

"ဟောဒီမှာ ပိုက်ဆံငါးသိန်း နောက်ထပ်မလာနဲ့တော့ပေါ့ဗျာ"

"အေး . . . ငါက ပိုက်ဆံလိုချင်လို့လာတာမဟုတ်ဘူးရော့ . . . မင်းတို့ပိုက်ဆံမင်းတို့ယူ"

ဟုဆိုကာ စိုင်းအောင်ညွန့်ထံ ပိုက်ဆံဖြင့် ပစ်ပေါက်လိုက်သည်။ ထိုသို့ စိုင်းသီဟက ပိုက်ဆံဖြင့် ပစ်ပေါက်စဉ် ကိုရေချမ်းမှ စိုင်းအောင်ညွန့်ထံပြေးဝင်ကာ ညာဖြောင့်လက်သီးတစ်လုံးနှင့် အရှိုက်ဆီသို့ ဒူးပျံတစ်လုံးပစ်သွင်းလိုက်သည်။

"အင့် . . . ခွပ်"

ဟူသောအသံနှင့်အတူ စိုင်းအောင်ညွန့်တစ်ယောက် မှောက်နေချေပြီ။ ထို့အတူ နှစ်ချက်ဆင့်ထိုးလိုက်သော စိုင်းသီဟ၏လက်သီးချက်ပြင်းပြင်းနှင့်အတူ အိုက်ခမ်းတစ်ယောက်မထနိုင်တော့ချေ။ အိမ်အပေါ်ထပ်မှ ပြေးဆင်းလာသော ကလန်ကလားလန်ဘားကိုတော့ ကိုရေချမ်း၏ညာခြေပြင်းပြင်းဝင်သွားရာ 'အုန်း'ကနဲမြည်ကာနောက်မှ တိုင်နှင့်ဆောင့်မိပြီး ထိုင်ကျသွားစဉ် နောက်ထပ်ဝင်လာသော ဒူးချက်က ထိုလူ့မေးကိုထိသွားသည်။ နောက်ဘက်မှပြေးထွက်လာသော တုတ်ကိုင်နှစ်ယာက်ကို သုံးမိနစ်အတွင်း ညာခြေဖျား၊ ဘယ်ဒူး၊ ဘယ်ဝိုက်လက်သီးတွေဖြင့် မြန်မြန်သွင်းကာ အိမ်တံစက်မြိတ်အောက်မှ ထွက်လိုက်သည်။ နောက်မှ စိုင်းအောင်ညွန့်၏အဒေါ်ဟုထင်ရသူအား ငွေငါးသိန်းစလုံးပြန်အပ်သည်။ စိုင်းသီဟငွေပြန်အပ်နေသည့်ပုံကို ဓာတ်ပုံရိုက်ယူကာ ပြန်ထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကို အနုကြမ်းဝင်စီးပါတယ်လို့တိုင်လို့ မရဘူးနော်။ ခင်ဗျားငွေတွေလည်း ပြန်အပ်ပြီ။ ကျွန်တော်တို့က နှစ်ယောက်၊ သူတို့က ငါးယောက်၊ ခင်ဗျားတူတော်မောင်တွေ ရွာဘက်ကိုလိုက်လာရင် ကျွန်တော်တို့အဆိုးမဆိုနဲ့"

"မယ်ထောက်နားလည်ပါတယ် အကြိုင်းရယ်။ ဒီကောင်တွေ ဆိုးတာပါ။ ပိုက်ဆံရှိတိုင်း မိန်းကလေးတွေ ဖျက်ဆီးနေတာ။ စိုင်းမောင်တင့်ရှိရင် ဒါ့ထက်ပြဿနာပိုကြီးဦးမှာ။ ပြန်ကြ. . . ပြန်ကြ။ အဒေါ်က သူတို့အမှုမလုပ်ဖို့တာဝန်ယူတယ်"

"နောက်နောင်လဲ မိန်းကလေးတွေကို မဖျက်ဆီးနိုင်အောင် မယ်ထောက်က ဆုံးမပေါ့ဗျာ"

သူငယ်ချင်းနှစ်ယောက်ထွက်လာကြသည်။ လမ်းတွင် ပရုပ်ဆီ ပုလင်းဝယ်ပြီး လက်ဖျံနှင့်ခြေထောက်တို့တွင် ထိထားသော တုတ်ဒဏ်ရာများကို လိမ်းကြသည်။

"ရေချမ်း. . . မင်းလက်ရည်မကျသေးပါလား"

"အမှန်တရားအတွက်ဆို လက်ကယားနေတုံးပဲဟေ့"

"အေးကွာ. . . ခမ်းမွှန်တို့က ရိုးသားလွန်းတော့ခက်တယ်"

"အခု အခြေအနေက တော်တော်လွန်နေပြီလား"

"ကိုယ်ဝန်က သုံးလလောက်ရှိနေပြီကွ။ ဒီအခြေအနေ အတိုင်းဆို စိုင်းအောင်ညွှန့်နဲ့လဲ ပေးစားလို့မဖြစ်တော့ဘူးကွ"

"ငါ့တာဝန်ထားသူငယ်ချင်း၊ ခမ်းမွှန်ကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ရင်း ငါဝင်ပြီး အနစ်နာခံပါ့မယ်"

"ဘယ်ဖြစ်မလဲ ရေချမ်းရာ၊ မင်းရဲ့ Concept မှာက မိန်းမတစ်ယောက်ယူပြီး အကျဉ်းအကျပ်နေရတဲ့ဘဝမျိုးကို လက်ခံတာမှမဟုတ်ဘဲ။ ငါက ဘယ်ဒုက္ခပေးရက်ပါ့မလဲကွာ"

"ဒါတွေတွက်မနေနဲ့ကွ။ ကလေးမွေးပြီးရင် ကြိုက်တာတွေ





စီစဉ်ပေးပြီး ငါသွားချင်တဲ့ဆီသွားခွင့်ပြုရင် တော်ပါပြီကွာ"

"ငါ့အနေနဲ့ကတော့. . . မင်းရဲ့ပင်ကိုယ်စိတ်ဓာတ်တို့ သိပြီးသားဆိုတော့ ငြင်းစရာမရှိပါဘူး။ ဒါပေမဲ့. . . ပေါ့ထောက်နဲ့ မယ်ထောက်ကို တိုင်ပင်ရမယ်။ နောက်ညီမလေးကိုလည်း တိုင်ပင်ရဦးမယ်"

"ဟာကွာ. . . ဘယ်သူ့ကို တိုင်ပင်စရာလိုသေးလဲ။ မင်းညီမ လိုရိုးသားတဲ့မိန်းကလေး နဲ့ စိုင်းမောင်တင့်တို့လိုကောင်တွေနဲ့ လည်း မတန်ပါဘူးကွာ။ ငါနဲ့လက်ထပ်ပြီးလို့ သူ့စိတ်သဘောနဲ့ ကိုက်ညီ တဲ့သူရှိရင်လည်း ပေးစားလိုက်တာပေါ့ကွာ"

"ဟေ့ကောင်. . . ရေချမ်းရာ၊ အကောင်းဆုံးကတော့ ငါ့ညီမလေးခမ်းမွှန်ကိုလက်ထပ်ပြီးတော့ ဒီမှာလိမ္မော်ခြံလုပ်၊ တောမှာပဲတစ်သက်လုံးအခြေချလိုက်တော့ပေါ့ကွာ"

"ကဲပါကွာ၊ ရေရှည်ကိစ္စတော့ မစဉ်းစားနဲ့ဦး။ မင်းတို့ မိသားစု စိတ်ချမ်းချမ်းသာသာဖြစ်အောင်လုပ်၊ လောလောဆယ် လက်ထပ်ဖို့ကိစ္စလိုအပ်တာငါ့ကိုပြော၊ ငါစီစဉ်ပေးမယ်"

"ကဲပါကွာ. . . ဒါ့ထက်ကောင်းတာတောင် ဒါလောက် မကောင်းဘူး။ စိုင်းမောင်တင့်တို့တောင် ကျေးဇူးတင်ရဦးမယ် ယောက်ဖကြီးရေ"

"ကဲ. . . ဒီနေ့ကစပြီး ငါ့နာမည်ကို စိုင်းစံထွန်းလို့ ပြောင်းပြီဟေ့။ ပေါ့ထောက်နဲ့ မယ်ထောက်တို့ကိုပြောပြ . . . ဟုတ်လား"

"အေးကွာ. . . မင်းတို့မှာရှိတဲ့ တောင်ခြေစောင်းက အကွက်တွေကို တောင်ခါးပန်းရေထွက်ကနေ ရေကြောဆက်သွယ် ပြီး လိမ္မော်စိုက်ဖို့လုပ်ရဦးမယ်"

"မင်းတစ်ယောက်ထဲတော့ ဘယ်ဖြစ်ပါ့မလဲကွာ ရေချမ်းရာ"

"ဟိတ်ကောင်. . . ငါ့နာမည် စိုင်းစံထွန်းလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ. . . ဆောရီး. . . ဆောရီး. . . စိုင်းစံထွန်း"

"ငါ့တပည့်ဖိုးထောင်ကို လှမ်းခေါ်ရမယ်။ ဒီကောင်နဲ့ နှစ်ယောက်ဆိုရင်ရပြီကွ"

"သူငယ်ချင်းသဘောပဲ။ ငါ့အမေ. . . အဖေ. . . ညီမလေးကို မင်းလက်အပ်ပြီးရင် ငါလည်းသွားစရာရှိတာ သွားတော့မယ်ကွာ"

"မင်းက. . ."

"ထုံးစံအတိုင်း သူဌေးဖြစ်ဖို့ ခန္တီးကျောက်တွင်းကို ဒိုးမယ်လေကွာ"

"ဖွတ်သရှူးကောင်"

■



## အခန်း (၁၉)

"အု. . . အု. . . အု"

"အမယ်. . . မဲလုံးပြာက ဒီတစ်ခါတော့ ဆရာချမ်းတို့ မပေါင်တော့ပါလား"

"ဟုတ်တယ်. . . မဘောင်းဘောင်းရေ။ ဆရာချမ်းက မဲလုံးပြာကို ထန်းလျက်အမြဲကျွေးနေတော့ ရင်းနှီးသွားကြပြီလေ"

"အင်း. . . ဆရာချမ်းက မဲလုံးပြာကိုတော့ ပိုင်နေပြီပေါ့"

"မဲလုံးပြာကိုသာ ပိုင်တာပါဗျာ။ ကျန်တာတွေတော့ . . . ကျွန်တော်ပိုင်တာ ဘာမှမရှိပါဘူး"

ဆရာချမ်းက ညည်း၏။

"ကဲ. . . ညည်းမနေနဲ့။ လာ. . . ကျွန်တော်နဲ့အတူ ပုဇွန်လုံးနှိုက်မယ်၊ ငါးရှဥ့်နှိုက်မယ်။ လာ. . . အင်္ကျီချွတ်၊ ဘောင်းဘီတိုနဲ့ လိုက်ခဲ့"

"ဟာဗျာ. . . ကမ်းဘေးရောက်မှချွတ်မယ် ကိုပုကွ"

"ဆရာပုကွ. . . ကျွန်မတို့လည်း လိုက်မယ်ရှင့်"

"စားဖို့ဆောင်တာဝန်ယူသူမှအပ. . . ကျန်သူများ လိုက်စေသတည်း"

"ကျမ်းဂန်နဲ့ ညီပါပေ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကမ်းဘေးရောက်တော့ ဆရာချမ်းက အပေါ်အင်္ကျီကို ချွတ်၏။ စွပ်ကျယ်ကိုပါ ချွတ်၏။ ဒေါင်းဒေါင်းနဲ့ မိဒွန်းတို့ တိုးတိုးတိုးတိုးနှင့် ပြောကြသည်။

"ဒေါင်းဒေါင်းနဲ့ ဒွန်းဒွန်း ရယ်စရာရှိရင် ကျွန်တော်ကိုပြောအုံးဗျ"

"ဟုတ်တယ်. . . ရယ်စရာတော့မဟုတ်ဘူး. . မေးစရာ"

"မေးစရာဟုတ်လား. . . ကဲ. . မေးပါဗျာ။ ကျွန်တော် မောင်ပုကွ ဘာကြောင့်အရပ်ပုရတဲ့အကြောင်းလား"

"မဟုတ်ဘူး. . ကိုပုကွရဲ့။ ဆရာချမ်းကို မေးမလို့ပါ"

"ဗုဒ္ဓေါ. . . ကျွန်တော်ပါ ဘုရားတတတ်နေပြီ"

"အဲဒါ. . . ဆရာချမ်းရင်ဘတ်က 'မှည့်နီကြီးသုံးလုံးရယ်၊ အရယ်ဆိုတဲ့ ဆေးမှင်ကြောင်စာတွေရယ် ဘယ်ရောက်ကုန်ပြီလဲ"

"ဗုဒ္ဓေါ. . . ဘုရားကယ်မါ"

"အာ. . ဖြစ်သွားတာလဲ. . . ဆရာချမ်း၊ မှည့်နီကတော့ အတုတပ်ထားလို့ ဖြုတ်ထားတယ်ဆိုပြီး ပြောရင်ရမှာပေါ့။ အရယ်စာလုံးဆေးမှင်ကြောင်ကတော့. . . အတုဆိုးဆေးတဲ့လူရယ်လို့ ဒေါင်းဒေါင်းတို့နိုင်ငံမှာ မရှိဘူးနော်"

"အင်း. . . ကိုယ့်အဖြစ်ကိုယ်ပဲ ကိုယ့်ဖါသာအပြစ်ပြောပါ့မယ်။ ကျွန်တော့်နာမည်၊ ကျောင်းနာမည်မှာပါတဲ့ မောင်ချမ်းအေးဆိုတာအမှန်ပါ။ ဒါကတော့. . . ကျွန်တော်မှန်သော်ဒဲစွာ စကားကိုဆိုတာပါ"

"ဒါဆိုရင် ကိုရေချမ်းအာနေနဲ့ ရောင်တစ်စောင်းထုံးပြီး တွေ့တွေ့နေတာ ဆရာချမ်းအေးမဟုတ်ဘူးပေါ့"

"မှန်ပါတယ်. . . ကျွန်တော်ဆရာချမ်းအေးဆိုတာကလွဲပြီး ဘယ်မှာမှ သီးခြားသရုပ်ဆောင်တာမရှိပါဘူး"

ကြည်လှမောင်စာပေ



"ဒါဆိုရင် ကိုရေချမ်းတို့၊ နိုးတူးတို့ဆိုတာ ဆရာချမ်းအေးနဲ့ မပတ်သက်ဘူးပေါ့"

"မပတ်သက်ပါဘူး. . . ဒေါင်းဒေါင်းရယ်"

ကိုပုကွတစ်ယောက် ဆရာချမ်းကိုကြည့်လိုက်၊ ဒေါင်းဒေါင်းကိုကြည့်လိုက်နဲ့ နားမလည်သလိုဖြစ်နေသည်။ နောက် သူ့နားထင်ကို လက်မနှင့်ထောက်ပြီး လက်ဝါးကိုပင်ခါပြနေသည်။

"ဘာမှနားမလည်ဖြစ်မနေနဲ့ ကိုပုကွရေ။ ရှင့်ဆီမှာ ထန်းတက်သင်သွားတဲ့ ကိုရေချမ်းကတစ်ယောက်၊ ဆရာချမ်းအေးက တစ်ယောက်ပဲ"

"ဒါဖြင့်ရင် ဆရာချမ်းအေးက ဘာကြောင့် ကိုရေချမ်းအဖြစ် ဝင်ပြီးသရုပ်ဆောင်ရတာလဲဟင်"

"ဒါကတော့. . . ဒေါင်းဒေါင်းနားလည်ပါတယ်"

"ကောင်မ. . . ငါ့ကိုအမှန်အတိုင်းပြော ညည်းသိတာတွေ မချွင်းမချန်ပေါ့"

"ဘာမှညည်းတို့ထက်ပိုပြီးမသိပါဘူးအေ။ တစ်ခုတော့ ရှိတယ်။ ကိုရေချမ်းရဲ့မျက်လုံးနဲ့ ဆရာချမ်းအေးရဲ့မျက်လုံးမတူတာ တော့သိတယ်"

"ပါဝါချင်းမတူတာကို သိတာပေါ့လေ။ ကိုရေချမ်းရဲ့မျက်လုံး က ပါဝါမြင့်တယ်. . . ဟုတ်"

"မဟုတ်ဘူး. . . ကိုရေချမ်းရဲ့မျက်လုံးကအေးပြီး ဆရာချမ်း အေးရဲ့မျက်လုံးကပူတယ်"

"ကဲပါ. . . ဒါတွေထားပါအုံး။ အခုမှုခွန်လုံးတို့ ငါးရှဉ်တို့ ဆက်နှိုက်ရမှာလား"

"နှိုက်ကြ. . . နှိုက်ကြ. . . တို့တော့ပြန်မယ်"

ဟုဆိုကာ ဒွန်းဒွန်းကလှည့်ပြန်၏။

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . မိဒွန်းမညစ်ပတ်နဲ့ ငါလည်းလိုက်ပြီး ပြန်မှာပေါ့"

"ကဲ. . . ဆရာချမ်းနဲ့ ကိုပုကွ၊ ရတာတွေကို ဒီတောင်းလေး ထဲထည့်ပြီး ပြန်နှင့်ကြ။ ကျွန်မတို့အဆင်သင့်လုပ်ထားမယ်"

"ကျမ်းဂန်နဲ့ညီပြီပေါ့လေ"

"ရှင်တို့ဖာသာ ပုရွန်နှိုက်တာ ကျမ်းဂန်နဲ့ဘာမှမဆိုင်ဘူး။ လာသွားကြမယ် . . . ဒေါင်းဒေါင်း"

ဘောင်းဘောင်းတစ်ယောက်အလုပ်ရှုပ်နေသည်။ ထန်းရည်ကို ရောစပ်နေသည်။

"ထန်းတော သင်ခင်မ. . . ထန်းတော သခင်မ"

"ဟဲ့ ပလုတ်တုတ်. . . ဖြည်းဖြည်းလုပ်ပါ မိရွှေဒေါင်းရယ်"

"မဖြည်းနဲ့ မြန်မြန်လုပ်၊ ဒီမှာ ပေါ်နေပြီ"

"ပေါ်နေရင်လဲ ဆရာချမ်းကို အဖုံးခိုင်းလိုက်"

"အဲဒါကို ပေါ်နေပြီပြောတာဟဲ့"

"ဩော်. . . ဆရာချမ်းပေါ်တာလား။ ဒါဆိုရင်လည်း ဒေါင်းဒေါင်းပွတာပေါ့ဟဲ့"

"ညည်းဖာသာပွပြီးပုတ်နေ။ အခု. . . ဆရာချမ်းဆိုတာက ကိုရေချမ်းမဟုတ်တော့ဘူး။ ငါတို့တော့ အလုပ်တစ်ခုတိုးပြီ"

"ဘာအလုပ်တစ်ခုတိုးမှာလဲဟယ်။ ကိုရေချမ်းမဟုတ်ရင်လည်း ဆရာချမ်းက ဒေါင်းဒေါင်းကိုကြိုက်နေတာပဲ မဟုတ်လား"

ဒေါင်းဒေါင်းစိတ်ထဲမှာ ကိုယ့်ဖာသာပြောနေမိသည်။ ကိုရေချမ်းနဲ့ ဆရာချမ်းနဲ့က ရုပ်သဘောအရအပြင် ဗဟိဒ္ဓသဏ္ဌာန်သာတူတာပါ။ စိတ်ဓာတ်ရေးရာ၊ အမူအကျင့်၊ မြင့်မြတ်မှုတွေ ဘာမှမတူပါဘူးကွယ်။ ငါတို့ ကိုရေချမ်းကိုရှာပြီး. . . ဒါတွေအားလုံး ပြောပြမယ်နော်။ ကိုရေချမ်းကို ပြောပြမယ်ဟု စဉ်းစားနေလိုက်ရင်း အသံထွက်သွားမိသည်။





"ဟဲ့. . . ဒေါင်းဒေါင်း ဘာတွေရွှတ်နေတာလဲ။ ညည်းဝေါက်သွားမယ်နော်"

"ငါ. . . ငါ. . . ဘာပြောလို့လဲဟဲ့"

"ကိုရေချမ်းကို ပြောပြရမယ်တဲ့။ ဘာတွေပြောပြမှာလဲ . . . ဒေါင်းဒေါင်းရဲ့။ ကိုရေချမ်းကိုဘယ်လောက်ချစ်ရ၊ ဘယ်လောက်လွမ်းရတဲ့အကြောင်း. . . ဟုတ်တယ် ဟုတ်"

"ဩော်. . . မိဒွန်း ညည်းက ဒီလောက်တောင်ဖြစ်နေပြီလား"

"မဟုတ်ပါဘူးဟယ်။ ဒေါင်းဒေါင်းအစားပြောပေးတာပါ"

"မှတ်ပြီလား"

အားလုံးရသော ဂဏန်းတွေ၊ ငါးရှဉ့်တွေကိုကြော်ပြီး ရွှယ်ထန်းရည်နှင့် မြည်းကြသည်။

"ကိုရေချမ်းကြီးတွေ့ရင်တော့ ကျမ်းဂန်နဲ့ မညီဘူးလို့ပြောဦးမှာ . . ဟိ. . . ဟိ"

မိဒွန်းက တိုးတိုးလေးညည်း၏။

"အင်း. . . ကြက်တူရွေးကတော်တော် မယ်ဘော်တဲနေဟိုကမိန်းမတောင်ရနေပြီလားမသိ"

ဘောင်းဘောင်းက ပေါင်တွင်းကြောဆိတ်ရင်း ဟန့်လိုက်သည်။

"နိမိတ်မရှိ နမာမရှိ ဖွဟဲ့လွဲပါစေ. . . ဖယ်ပါစေ"

အားလုံးကို ဆရာချမ်းအေးကားနဲ့ ပြန်ပြီးပတ်ပို့ပေးတာ ပြန်လာကြရင်း. . . .

"မဒေါင်းဒေါင်း. . . အအေးသောက်ရအောင်နော်"

"အိမ်ကျတော့ သံပုရာရည်အေးအေးလေးတိုက်ပါ့မယ် ဆရာချမ်းအေးရယ်။ လမ်းဘေးတော့ မဝင်ပါရစေနဲ့။ အချိန်နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



နေရင် အဒေါ်က ဆူတတ်တယ်"

"အေးလေ. . . သွားကြတာပေါ့"

အိမ်ရောက်လျှင် ဒေါင်းဒေါင်းအဝတ်လဲရင်း သံပုရာရည် ဖျော်မည်ဟုဆိုကာ အထဲဝင်သွားသည်။ ခဏနေထွက်လာသော အခါ ကားပေါ်ကအမူအရာနှင့်လုံးဝကွဲပြားနေသော ဒေါင်းဒေါင်း ကိုတွေ့ရသည်။ ဆံပင်ပုံစံကအစ ပြောင်းလဲသွားပြီ။ ဆရာချမ်း အေး ထူးဆန်းလှချည်လားဆိုတဲ့အကြည့်နဲ့ ကြည့်လိုက်မိသည်။ ပြောတော့လဲ. . . .

"အင်း"

ဟု တစ်ခွန်းတည်းသာပြောကာ သံပုရာရည်ခွက်ထိုးပေး ပြီး ဘေးမှာရှိ မဂ္ဂဇင်းကိုကောက်ဖတ်နေသည်။

"ဒေါင်းဒေါင်းက အခုလိုဝတ်လိုက်တော့လည်း ပိုတောင်လှ နေသေးတယ်"

"အင်း. . . အင်း"

ဟု နှစ်ခွန်းသာအသံထွက်ပြီး ပြုံးယောင်ပြုံးတုံ့လုပ်နေ လိုက်သည်။

"ဒေါင်းဒေါင်း. . . ကျွန်တော့်ကို ဘယ်တော့အဖြေပေးမှာ လဲဟင်"

ဟု ဆရာချမ်းက လူနာအမဲခြောက်တောင်းသလို မေးမိ သည်။

Time out ဟူသော အဓိပ္ပါယ်ရသည့် အားကစားကွင်းမှာလုပ် သလို လက်ဝါးကိုမှောက်ထားပြီးအောက်မှ အခြားလက်ညိုးတစ် ချောင်းဖြင့် ထောက်ထားကာ ပြလိုက်သည်။

"ခဏစောင့်ရမယ်လား"

"အင်း"





ဆရာချမ်း သံပုရာရည်ကို တစ်ကျိုက်တည်းမော့လိုက်သည်။

"ဘယ်လောက်ကြာကြာစောင့်ရမှာလဲ ဒေါင်းဒေါင်း"

လက်ခြောက်ချောင်းထောင်ပြသည်။

"ခြောက်လလား"

"အင်း" ဟုသာဖြေ၏။

"ဒါဆိုသွားမယ်. . . ဒေါင်းဒေါင်း"

"အင်း. . . အင်း. . . အင်း"

ဟု ရယ်ရွှင်ပြုံးတုံ့လုပ်ပြလိုက်သည်။ ဆရာချမ်းစိတ်ထဲမှာ အားမလိုအားမရဖြစ်မိသည်။ ကြာကြာထိုင်နေလျှင် ထ၍ဆွဲဖက်မိ မှာသေချာသည်။ ဒါတောင်. . . ဒေါင်းဒေါင်း၏လက်ဖဝါးလေးကို အုပ်ကိုင်ကာ. . .

"ကျွန်တော်ပျော်နိုင်မယ့် အဖြေလေးဖြစ်ပါစေဗျာနော်. . . ဒေါင်းဒေါင်း"

"အင်း. . . အင်း"

ဟု ပြောရင်း ပြုံးယောင်ပြုံးတုံ့လုပ်ပြလိုက်သည်။ ဆရာချမ်း က ကားကိုဝူးကနဲ့မောင်းထွက်သွားသည်အထိ စိတ်က ဒေါင်း ဒေါင်းထံကျန်နေဆဲ၊ ဒေါင်းဒေါင်းကလည်း လက်ကလေးပြနေဆဲ။

"ဟိတ်. . . မမ၊ ဘာတွေလက်ပြနေတာလဲ"

သျှင်နှောင်းဝေ ကားဆီကို လက်ညှိုးထိုးပြလိုက်သည်။

"ဩော်. . . ဟိုဘဲကြီးဆရာချမ်းကို ပြတာလား"

"အင်း. . . အင်း"

ခေါင်းငြိတ်ပြ၏။

"မမ. . . သူ့ကိုကြိုက်နေပြီလား"

"အင်း"

ဟု တစ်ချက်တည်းခေါင်းငြိမ့်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီညီမနှစ်ယောက် ညှိုသည်ပြန်သွားတာတောင် အိမ်ထဲ မဝင်သေးဘူးလား. . . သွားကြ"

"ဦးလေးကလည်း မူးနေရင်အေးအေးနေတာမဟုတ်ဘူး"

"ငါ့ကိုဆရာမလုပ်နဲ့။ ညည်းတို့ယောကျ်ားတစ်ယောက် တည်းကို နှစ်ယောက်ပေါင်းယူဖို့ကြံနေတာမဟုတ်လား"

"ဒါ . . . ဦးလေးလုပ်တဲ့လူ ပြောစရာလား။ ဦးလေး အရက် သောက်ချင်ရင် ထမင်းစားခန်းထဲသွား၊ ဒီမှာ ညှိုကောင်း ဆောင် ကောင်းတွေနေတဲ့နေရာထိထွက်မလာနဲ့။ ထွက်လာချင်ရင် အရက် မသောက်နဲ့ ဒါဘဲ"

"အောင်မာ. . . မိဒေါင်း ညည်းကစွာတေးလန်နေ။ ဟို အစ်မကလည်း သူ့ညီမလုပ်တာအဟုတ်မှတ်။ နင်တို့အဒေါ် သေရင် ငါပဲ နင်တို့ကိုအုပ်ထိန်းရမှာ။ အခုကတည်းက အပိုး ကျိုးအောင် လုပ်ထားမှ"

"အပိုးကျိုးစေချင်ရင် ဦးလေးလည်း လူကြီးဂုဏ်သိက္ခာနဲ့ ညီအောင်နေ။ ကလေးတွေ အထဲဝင်မပါနဲ့ ဒါပဲ"

"အောင်မာ, . . မိဒေါင်း လူပါးဝလို့ ငါရိုက်လိုက်ရ"

"ရိုက်ရဲရိုက်ကြည့်လေ။ မိဒေါင်းကလည်း အသားထိလို့ တတော့ မီးပွင့်သွားမယ်မှတ်"

ဒေါင်းဒေါင်းနဲ့ ဦးသက်တင်ရန်ဖြစ်နေတာကြည့်ပြီး သျှင် နှောင်းဝေက ဒူးတွေတဆတ်ဆတ်တုန်ပြီး ကြောက်လန့်နေသည်။

"ဟဲ့. . . ဘာဖြစ်နေတာလဲ။ ကိုသက်. . . ရှင်ကလေးတွေ ကိုမဆူပါနဲ့ . . . အဟွတ်. . . ဟွတ်"

ဒေါင်းဒေါင်းအဒေါ်ဒေါ်ခင်ပိုက အားယူကာလှမ်း၍မန် သည်။

"အင်း. . . ငါဒီလူမမာကြောင့် အလျှော့ပေးထားတယ်မှတ်





လိုက်။ နောက်တခါ ငါ့လက်နဲ့အတွေ့ပဲ"

ဟုအော်ရင်း ထမင်းစားခန်းဘက် လှမ်းဝင်သွားသည်။ ဒေါင်းဒေါင်းက

"မမနှောင်း. . . ဘာကို ဒီလောက်ကြောက်နေရတာလဲ။ မမ. . . ဘာမှမဖြစ်စေရဘူး။ ညီမအသက်နဲ့လဲပြီးကာကွယ်မယ်"

သျှင်နှောင်းဝေကတော့ လက်ကလေးနှစ်ဖက်ကို အတင်း ကာရင်း ခေါင်းတရမ်းရမ်းနှင့်တားကာ မျက်ရည်များစီးကျလျှက် ငိုရှိုက်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ညည်းအစ်ကိုကားက ဒီတစ်ခါတော့မပျက်ပါဘူးနော်"

"စက်ပစ္စည်းပဲအေ. . . အစိုးရတာမှတ်လို့ လူတောင်ပျက်တဲ့အခါ ပျက်သေးတာ"

"အင်းပါ. . . ဘောင်းဘောင်းရာ။ ညည်းပဲ တစ်ခါတလေ ပျက်ချင်ပျက်မှာ တို့ကတော့မပျက်ဘူးဟေ့"

ဒေါင်းဒေါင်းက ဆံပင်ကို ဆတ်ကနဲမတင်ရင်းပြောလိုက်သည်။

"အေးပါ. . . မိဒေါင်းရာ။မပျက်တဲ့လူမို့လို ယောကျ်ားရင့်မာကြီးတစ်ယောက်ကို အပျိုလေးက လိုက်ရှာရတာပေါ့။ဦးတိုးကတော့ လင်ပျောက်ရှာပုံတော်ဖွင့်တဲ့ ရကန်ကိုစပ်တယ်။ညည်းကတော့ အပျိုလေးတစ်ယောက်ရဲ့ဖွင့်မပြောရသေးတဲ့ ရည်းစားပျောက်ရှာပုံတော်ပေါ့အေ"

"မဟုတ်သေးပါဘူး. . . သူငယ်ချင်းတို့ရယ်။ ကိုယ့်ဝမ်းနာကိုယ်သာသိပါ။ ကိုယ့်အကြောင်းနဲ့ ကိုယ်မို့လို့ပါ။ မပြီးခင် ဗမာမမြင်စေနဲ့လို့ စကားပုံရှိတယ်မဟုတ်လား"

"တဲ. . . ကဲ. . . သဘောပေါက်ပါပြီတဲ့ မိဒေါင်းရယ်။ သွားကြမယ်. . . မောင်းတော့ အစ်ကိုရေ"





ပြင်ဦးလွင်မြို့၏တောင်တက်လမ်းကလေးကား မြေပြန့်၏ပူလောင်ပြင်းပြမှုကို ငြိမ်းသတ်ပေးသည့် မြင်းကွင်းပသာဒလေးတစ်ခုပင်။ ပူလောင်နေသည့် အပြင်ဗဟိဒ္ဓခံစားမှုတွေသည် တောင်ပေါ်ဒေသလေး၏အေးစိမ့်မှုကြောင့် အတော်လေးနေသာထိုင်သာရှိသွားကြရသည်။ ဒါပေမဲ့. . . ရင်ထဲရှိပူလောင်ပြင်းပြသော ခံစားမှုတွေကတော့ ဘယ်လိုမှအေးချမ်းငြိမ်သက်၍ မသွားနိုင်သေး။ အစ်ကိုရေချမ်းကိုတွေ့၍ ရင်ဖွင့်လိုက်ရလျှင် ဒေါင်းဒေါင်း ရင်ထဲရှိ မရှင်းလင်းသောအချက်တွေ ငြိမ်းအေးသွားမည်လား၊ ဟု ဆိုလျှင် . . .

"အုန်းမသီးမှာတော့ ကိုရေချမ်းပုံမျိုးညှိသည် မရောက်ဘူးတဲ့။ ရှေ့ဆက်သွားကြတာပေါ့"

ခဏလေးကြာသာမောင်းရသည်။မျက်စိတဆုံးရှည်လျားသော ကတ္တရာလမ်းနှင့် ကျယ်ပြောသောလယ်ကွင်းများရှိသည့် ရှေ့ရွာကလေးရောက်တော့ . . .

"အုန်းမခါးမှာလည်း ရက်ရှည်တည်းတဲ့ဧည့်သည်မရှိဘူးတဲ့"

ဆက်သွားရန် နောင်ချိုဘက်ကို ကျောက်ကြမ်းအတိုင်း ဆက်တက်ကြသည်။

"ဒီနေရာက ဓါးပြတအားပေါတယ်"

"အင်း. . . ခုနေများ ဓါးပြတိုက်ရင်တော့. . . မိဒေါင်းနဲ့ မိဒွန်းကို ဓါးပြနောက်ထည့်လိုက်ရမှာပဲ"

"တော်ကြာ. . . ဓါးပြမိုက်က ကိုရေချမ်းဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ"

"အဲဒါဆိုရင် လိုက်မယ်ဟေ့"

ဟုဘောင်းဘောင်းကထအော်၏။

"ကောင်မ၊ သူကပါ ကိုရေချမ်းဘက်ခပ်ပါပါ ဖြစ်နေတာဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ. . . ကျမ်းဂန်နဲ့ညီပါပေ့"

ဘောင်းဘောင်းအစ်ကိုက . . .

"ကျောက်ကြမ်းရောက်ပြီ"

ဟု ပြောကာ. . . ကားရပ်ပြီး ဆင်း၍စုံစမ်းသည်။ အိမ်ခြေ အနည်းအကျဉ်းသာရှိ၍ ဘောင်းဘောင်း၏အစ်ကို,ကိုမြင့်ဝေ နာရီဝက်ကျော်ကျော်ခန့်ကြာသောအခါ ပြန်ရောက်လာသည်။

"ဒီမှာလည်း လူစိမ်းမတည်းဘူးတဲ့။နောင်ချိုဘက်ဆက်လိုက် သွားရမှာပဲ"

နောင်ချိုအဝင် မြို့ဝင်ဂိတ်ကြေးကောက်နေရာ၌ ကားရပ်ပြီး မြို့ဝင်ကြေးပေးနေစဉ် ဒေါင်းဒေါင်း၏အော်သံပေါ်လာ၏။

"အစ်ကို. . . ဟိုရှေ့နားက အပင်ရိပ်မှာကားကိုရပ်ထား။ ဟိုဘက်တွန်းလှည်းတွန်းတဲ့သူကို ညီမသွားတွေ့လိုက်ဦးမယ်"

"ဟယ်ကောင်မ. . . လိုင်းပြောင်းသွားပြီ"

ဒေါင်းဒေါင်းလှည်းသမား၏ကျောကိုလှမ်းပုတ်ပြီး. . .

"ကိုဖိုးထောင်. . . နေပါဦး"

ထိုလူလှည့်ကြည့်၏၊ အံ့သြပြီး ဝါးစပ်ကြီးဟနေ၏။

"ကျနော့်နာမည် အိုက်လုံပါဗျ"

"ကိုဖိုးထောင်ရယ်. . . ရှင့်ရုပ်တိုခွေးချီသွားတောင်မှတ်မိ တယ်"

"ဒီမှာ ရှမ်းဘောင်းဘီနဲ့ ရှမ်းခမောက်နဲ့ ဘယ်ကလာ ဖိုးထောင်ရမှာလဲဗျာ။ ကျောက်ကြမ်းရဲ့အတွင်းဘက်က နမ့်ခုံရွာမှာ နေ တယ်။ လိမ္မော်စိုက်တယ်"

"ရှင့်လက်ဖျံက နဘယ်ဆိုတဲ့ ဆေးမှင်ကြောင်ကလည်း ရှမ်း တွေမှာလည်း ထိုးတာဘဲလား"

"ဗုဒ္ဓေါ"





"ရှင့်ဆရာလည်း ကိုနိုးတူး မဟုတ်တော့ဘူး မဟုတ်လား"

"ဟာ. . ခင်ဗျားအကြားအမြင်ရတယ်ထင်တယ်။ ကျွန်တော့် ဆရာနာမည်က စိုင်းစံထွန်းလေ"

"ဒါဆို ရင်ဘတ်မှာ ရှင့်လိုဘဲ အရုပ်ဆိုတဲ့ ဆေးမှင်ကြောင် ရယ်၊ ဒီအလယ်မှာ မှဲ့နီကြီးသုံးလုံးတန်းပြီးရှိနေတာရယ်၊ အဲဒါတို့ လည်း ကျွန်မကိုအကြားအမြင်ရတယ်လို့ ပြောဦးမှာလား"

"ဗုဒ္ဓေါ. . . ဘုရားကယ်တော်မူပါ"

"လာ. . . ကိုဖိုးထောင်၊ ဟိုဘက်လက်ဖက်ရည်ဆိုင်မှာ ခဏ ထိုင်ရအောင်"

"ဟာ. . . မလုပ်ပါနဲ့အစ်မရယ်၊ ဆရာစိုင်းသိရင် ကျွန်တော့် ကို လက်သီးနဲ့ထိုးမှာအစ်မရဲ့။ ကျွန်တော့်ကို သနားပါ"

"ကျွန်မ တာဝန်ယူပါတယ်ရှင်။ လာပါ. . . ကျွန်မမှာ သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ အခက်အခဲတွေရှိနေလို့ပါ"

"ကဲဗျာ. . . ဒါဆိုလဲ လိုက်ခဲ့ပါ့မယ်"

ဆိုင်ထဲရောက်သောအခါ အကြောင်းစုံရှင်းပြသည်။ ဖိုး ထောင်တဖြစ်လဲ အိုက်လုံ ပြောပြ၍ ကိုရေချမ်းတစ်ယောက် ပုပ္ပါးမှ မိကျန်ဖြူနဲ့တွေ့ခဲ့တာ၊ ရန်ကုန်တွင် ဝါဆိုမေမောင်နဲ့တွေ့ခဲ့တာ တွေအပြင်၊ ယခု ခမ်းမွန်နဲ့လက်ထပ်ရသောကိစ္စတွေကိုပါ သိရ တော့သည်။ ဒါ့အပြင် တောင်သမန်တုံးက ရေနစ်စဉ် ကိုရေချမ်း အား ချစ်ရည်ရွှန်းလဲ့သောမျက်လုံးများဖြင့်ကြည့်မိ၍ ကိုရေချမ်း ထွက်ပြေးရကြောင်းတို့ကိုသိရတော့သည်။ ဒေါင်းဒေါင်းက ဟတ် ဟတ်ပက်ပက်ရယ်မောရင်း. . .

"ငှက်မသိတော့ ဆက်ရက်ကို ဂျိုးထင်တာပေ့ါ ကိုဖိုးထောင် ရာ။ အဲဒီတုန်းက သူရေထဲကဆယ်ခဲ့တာ ဒေါင်းဒေါင်းမဟုတ်ဘူး ဒေါင်းဒေါင်းရဲ့အစ်မ နှောင်းနှောင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဗျာ. . . လွဲကုန်ပြီ။ ဒါပေမဲ့. . . အခုတော့ အချိန်တွေ လွန်ကုန်ပြီ အစ်မရာ။ ခမ်းမွန်နဲ့ ဆရာချမ်းလက်ထပ်လိုက်ပြီလေ"

"သိပါတယ် ကိုဖိုးထောင်ရာ။ ရှင့်ဆရာကိုယ်တိုင် ရေထဲက ဆယ်ခဲ့ရတဲ့သူက ဒေါင်းဒေါင်းမဟုတ်ပါဘူး။ နှောင်းနှောင်းလို့ပဲ ပြောပြလိုက်ပါ။ သူလိုက်လာလိမ့်မယ်။ နက်ဖြန်မှာ ဘီအီးဖေါ(လ်) အောက်က အအေးဆိုင်မှာ မနက်(၁၀)နာရီတိတိ စောင့်နေမယ်။ လာဖြစ်အောင်လာခဲ့ဖို့ ပြောလိုက်ပါ။ အစ်ကိုရေချမ်း မလာဘဲ လည်းနေမှာ မဟုတ်ပါဘူး။ ဒါပဲ. . . ကိုဖိုးထောင်"

ဒေါင်းဒေါင်းတို့တစ်တွေ သူငယ်ချင်းတစ်ယောက်အိမ်မှာ စု၍တည်းကြသည်။ မနက်(၉)နာရီထိုးတော့ ဘောင်းဘောင်းတို့ အုပ်စုလိုက် ဘောင်းဘောင်းအစ်ကိုမောင်းသောကားဖြင့် ဘီအီး ဖေါ(လ်)သို့ဆင်းခဲ့သည်။

"ဘောင်းဘောင်းတို့ကားက ပြန်အတက်မှာ တက်နိုင်ပါ့ မလား"

"မတက်နိုင်လဲ၊ အရေးလား။ ကိုရေချမ်းတစ်ယောက်လုံး အားကောင်းမောင်းသန်ကြီးပါနေမှာပဲဥစ္စာ"

"သူ့မှာ ကာမပိုင်ရှိနေပြီလေ ဘောင်းဘောင်း။နောက် ပြောင်ဖို့မသင့်တော့ပါဘူး"

"ဒါလဲ သူ့အကြောင်းတစ်ခုခုကြောင့် ဝင်ပြီးအနစ်နာခံတာ နေမှာပါ။ သူ့ရဲ့ပင်ကိုယ်သဘာဝက အိမ်ထောင်ပြုချင်တဲ့စိတ်မှ မရှိဘဲဟာ"

"ဟော. . . ဟော. . . ဟိုမှာ ကိုရေချမ်း"

ဘီအီးဖေါ(လ်)အအေးဆိုင်မှာ ကားရပ်ပြီးလှမ်းကြည့်တော့ ပန်းခြံတစ်ခုဘေးရှိခုံတွင် ကိုရေချမ်းထိုင်နေသည်။ ဆွယ်တာ လက်ရှည်၊ ရှမ်းဘောင်းဘီဝတ်ပြီး. . . ရောင်တစောင်းထုံးကာ





နေလောင်၍ညိုနေသောအသားရောင်တို့ကြောင့် မနည်းရုပ်ဖမ်း ယူရသည်။

"အစ်ကိုချမ်း"

ဒေါင်းဒေါင်း၏ပြောင်းလဲခေါ်ဝေါ်လာသော အခေါ်ကြောင့် ကိုရေချမ်း အံ့သြတကြီးကြည့်လိုက်သည်။

"ဒေါင်းဒေါင်း"

"အမလေး. . . ကိုရေချမ်းရယ်။ ရှာလိုက်ရတာ တစ်ပြည် လုံးကိုနှံ့နေတာပဲ"

"ဘာကိစ္စများရှိနေလို့လဲဟင်။ အစ်ကို ဘာလုပ်ပေးရမလဲ ပြော"

"ညီမကိစ္စက ဒုတိယဦးစားပေးထားလိုက်။ ဟောဒီမှာ ကိုရေချမ်းအတွက် စာတစ်စောင်။ ပိုးတုံးလုံးဆီကရောက်နေလို့"

စာကိုဖွင့်ဖတ်ကြည့်လိုက်သည်။

*ငါ့မြေးမောင်ရေချမ်း. . .*

*အခုလာမည့်မေလထဲတွင် ဂြိုလ်(၆)လုံး ရာသီတစ်ခုထဲ တွင်ပူးမည်။ အချိန်မတူညီသည့် ဘောင်နှစ်ခုဆုံရပ်တစ်ခုမှာ ဖြတ်တော့မည်။ အချိန်မီသွားဖို့ပြင်ဆင်ပါ။ သမီးလေးဒေါင်းဒေါင်း ရဲ့အကူအညီရယူပါ။ အဲဒီမသွားခင် သမီးလေးဒေါင်းဒေါင်းလိုအပ် တဲ့ အကူအညီကိုလည်း ဆောင်ရွက်ပေးလိုက်ပါ။ သူတို့ကိစ္စက လည်း သေရေးရှင်ရေးတမျှဖြစ်နေတယ်။သမီးလေးဒေါင်းဒေါင်းနဲ့ လိုက်သွားပြီး သူတို့ကိစ္စအရင်ဖြေရှင်းပေးလိုက်ပါ။*

*အဘိုးရွှေ*

"ဟိုက်. . . ဒုက္ခပဲ"

"ဘာကိုပြောတာလဲဟင်. . . ကိုရေချမ်း။ ဒေါင်းဒေါင်းတို့ အကူအညီမပေးနိုင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . အစ်ကို မပြောခဲ့ရလို့ပါ"

"သိတယ်။ အဲဒါကြောင့် ဖိုးထောင်ကိုလည်း ဘီအီးဖေါ(လ်) လိုက်လာဖို့မှာထားတယ်။ သူလိုက်လာရင် မှာသင့်တာမှာပြီးတော့ ကိုရေချမ်း လိုက်ခဲ့ပေါ့"

"ဒေါင်းဒေါင်းတို့ကိစ္စက ဘယ်လောက်ကြာမယ်ထင်လဲ"

"ဒါကတော့ မှန်းလို့မရသေးဘူး။ တစ်လကြာရင်ကြာမယ်။ တစ်နှစ်ထိကြာရင်လည်း ကြာမယ်။ အဲဒါထက် ကြာချင်လည်း ကြာမယ်"

"ကဲပါ. . . ဘယ်လိုပဲဖြစ်ဖြစ် အဘိုးရွှေမှာတာဆိုတော့ ဖြစ်အောင်လုပ်ပေးရမှာပဲ။ ဖိုးထောင်ကို အကျိုးအကြောင်းစာရေးမှာပြီးလိုက်ခဲ့မယ်လေ"

ဒွန်းဒွန်းသွား. . . ညည်းဖိုးထောင်ကို သွားခေါ်လိုက်။

"ဘုရားရေ. . . ဆရာချမ်းကျတော့ သူနဲ့ပတ်သက်ထားပြီး၊ ဖိုးထောင်ကျတော့ ညည်းဖိုးထောင်တဲ့ မှတ်ကရော . . . ခေါ်မပေးနိုင်ဘူး"

"စတာပါဟယ်. . . ဒွန်းဒွန်းရယ်။ သွားရှာပြီး ခေါ်လိုက်ပါ။ ညည်းကိုစောင့်နေမှာ"

"ဗျစ်တောက်ဗျစ်တောက်ပြောပြီး. . . ဒွန်းဒွန်းနဲ့ဘောင်းဘောင်း ထွက်သွားကြသည်။

"အဘိုးရွှေခိုင်းတာမို့ ဒေါင်းဒေါင်းကို လုပ်ပေးရမှာဆိုရင် လုပ်မပေးနဲ့တော့. . . အစ်ကိုချမ်း"

"ဗျာ. . . ဘယ်လိုပြောလိုက်တယ်"

"ဟုတ်တယ်လေ။ ဒေါင်းဒေါင်းကို စေတနာမရှိဘဲနဲ့တော့ လုပ်ပေးမနေနဲ့တော့လို့ပြောတာ"

"ကဲပါ. . . ဒေါင်းလေးရယ်၊ သိပ်လည်းအနိုင်ယူမနေပါနဲ့။





အဘိုးမခိုင်းလည်း လုပ်ပေးမှာပါ။ ကဲ. . . ဘာလုပ်ပေးရမလဲပြော။ မိုးကိုဒူးနဲ့တိုက်ရမှာလား။ ဒါမှမဟုတ် သိကြားမင်းဖင်ကို ခေါင်းနဲ့ဆောင့်ရမှာလား"

"ကဲပါ. . . အဲဒါနောက်မှပြောမယ် အစ်ကိုချမ်းမိန်းမဆီ စာရေးပေးလိုက်ဦး"

"အဲလိုမပြောပါနဲ့. . . ဒေါင်းဒေါင်းရယ်။ အစ်ကိုချမ်းက အသက်တစ်ချောင်းဝင်ကယ်တာပါ"

"ဟိုက ခမ်းမွန်လေးက လှလို့ ဝင်ကယ်တာမဟုတ်လား"

"ဘုရားပေးပေး၊ ကျမ်းပေးပေးပါ ညီမရယ်။ ဖိုးထောင်ကိုမေးကြည့်ပါ။ အိမ်မှာ တသီးတခြားစီနေကြတာပါ"

"သိပြီးသား. . . သိပြီးသား"

"ပေး. . စာရွက် စာရေးရအောင်"

ကိုရေချမ်းစာရေးလိုက်သည်။ အလုပ်ကိစ္စပေါ်လာပြီ၊ တစ်လကြာခန့်လိုအပ်တာတွေ ပြင်ဆင်စုဆောင်းရမည်။ စိုင်းသီဟကိုလည်း ရှာမှာပြန်ခေါ်ထားဖို့ရေးလိုက်ပြီး လိုအပ်တာတွေသုံးစွဲနိုင်ဖို့ ဖိုးထောင်နဲ့ငွေတစ်ကြိမ်ပို့ပေးလိုက်မည့်အကြောင်းပါ ရေးပေးလိုက်သည်။ အဲဒီအထဲမှာ ခြံထဲမှထန်းပင်ကို အစ်ကိုချမ်းလှဲသွားတဲ့အကြောင်းပါ ထည့်ရေးလိုက်ရသည်။

"ကဲ. . . သွားကြမယ်ဟေ့"

"ဘယ်ကိုမောင်းရမလဲ"

"တရားရုံးကိုမောင်း၊ လက်ထပ်စာချုပ်ချုပ်ဖို့"

"ဘာရယ်. . . ဘယ်လို"

ဟု ကိုရေချမ်းနားမလည်စွာမေးလိုက်မိသည်။

"ဘယ်သူနဲ့ ဘယ်သူ လက်ထပ်ကြမှာလဲဟင်"

"ဆရာချမ်းက ဘာမှမမေးနဲ့။ ဆရာချမ်းပဲ ခုနက မိုးကို



www.burmeseclassic.com

www.burmeseclassic.com



ဒူးနဲ့တိုက်မယ်တို့၊ သိကြားမင်းဖင်ကို ခေါင်းနဲ့ဆောင့်မယ်တို့ ပြောထားတယ်မဟုတ်လား။ အခုမှ ကြောက်ပါပြီလည်း ပြောမနေနဲ့"

သည်တွင် ဒေါင်းဒေါင်းအစား ဘောင်းဘောင်းကဝင်၍ ရှင်းပြသည်။ ဒေါင်းဒေါင်းတို့အိမ်တွင် ဒေါင်းဒေါင်း၏အဒေါ် သေလုဆဲဆဲဖြစ်နေသည်။ ဒါကလည်း ဒေါင်းဒေါင်းအဒေါ် ယောကျ်ားဦးသက်တင်လက်ချက်ဟု ယူဆတားကြသည်။ ထို့အတူ ဒေါင်းဒေါင်းအဖေနှင့် အမေသေတာလည်း ဦးသက်တင်လက်ချက်ဟု ယူဆထားကြသည်။ အခုလည်း ဒေါင်းဒေါင်းတို့အမွေအားလုံး သူဆက်ခံဖို့ကြိုးစားနေသည်။ ဒါတွေမဖြစ်ခင် ကြိုတင်တားမြစ်နိုင်ဖို့ ယခင်က ဖြစ်မှုဟောင်းတွေဖော်ပေးနိုင်ဖို့ အစ်ကိုချမ်းကသာ တတ်နိုင်မည်။ ဒါကြောင့် အစ်ကိုချမ်းကိုလိုက်ရှာဖို့ အဘိုးရွှေက ပြောသည်။ ဒါ့အပြင် အစ်ကိုချမ်းနဲ့ ဒေါင်းဒေါင်း လက်ထပ်ဖို့လည်း ဒေါင်းဒေါင်းအဖေနဲ့ အစ်ကိုချမ်းအဖေတို့က အဘိုးရွှေကို မှာခဲ့ပြီးသား။ အခုလို လက်ထပ်ထားတော့မှ ဒေါင်းဒေါင်းတို့အိမ်ထဲမှာ အစ်ကိုချမ်းနေလို့ရမည်။ အစ်ကိုချမ်း အဲဒီအိမ်မှာလိုက် နေရင်း ဒေါင်းဒေါင်းအဖေနဲ့ အမေကိုသတ်တဲ့ တရားခံဖော်ရမည်။ နောက်. . ဦးသက်တင်ယူထားသော ရေခဲတောင်ရှိ တွင်းထဲက မာတ်လေ့ကားလျှို့ဝှက်ခလုတ်အိမ်ကို ရှာယူရမည်။ ဒီတော့နှစ်ဦးသား တရားရုံးမှာအမြန်လက်ထပ်ပြီး ဘောင်းဘောင်းအစ်ကိုရဲ့ ကားနဲ့ပင် ဒေါင်းဒေါင်းတို့အိမ်ဝင်ကြသည်။

"ဒီယောင်ထုံးနဲ့ မြေလျှောက်ဝိဇ္ဇာက ဘာကိစ္စကြောင့် အိမ်ထဲဝင်လာရတာလဲ"

"ဒါ. . . ဒေါင်းဒေါင်းယောကျ်ားလေ။ ဒေါင်းဒေါင်းအိမ်ကို ဝင်တာ ဘာဖြစ်လဲဦးလေး"

"အောင်မာ. . . နင့်ယောကျ်ားဖြစ်ကြောင်း ပါးစပ်က





ပြောရုံနဲ့ ယုံရမှာလား"

"ဟောဒီမှာ တရားရုံးကလက်ထပ်စာချုပ်။ ဦးလေးတို့လို အတုတွေ အလိမ်တွေ မလုပ်တတ်ဘူး"

"အဲဒါဆိုလည်း နင်တို့လင်မယားအိမ်ပေါ်ကဆင်းကြ။ ဒါ ငါ့မိန်းမခင်ပိုရဲ့အိမ်"

"ဒါက ဦးလေးတို့ကို အမွေထိန်းအနေနဲ့ထားတာ။ အခု ကျွန်တော့်မိန်းမရော. . . နှောင်းနှောင်းရော အသက်ပြည့်ပြီ။အိမ်ကို သူတို့နာမည်နဲ့တရားဝင်ပြောင်းဖို့ ဂရမ်ရုံးမှာလျှောက်လွှာတင်ခဲ့ပြီ။ ဟောဒီမှာ ရွှေ့နေလည်းပါလာတယ်"

"အေးပေါ့ကွာ။ ဘယ်ကမှန်း မသိတဲ့ကောင်ကိုလည်း ခေါ်လာ တယ်။ ငါ့ကိုလည်း ကလန်ကဆန်လုပ်နေတယ်။ ဒါ. . . ခါတိုင်းလာနေတဲ့ ကျောင်းဆရာတော့မဟုတ်နိုင်ဘူး။ ဟိုဆရာက လူအေးပဲ။ ဒီကောင်က အတုဖြစ်ရမယ်"

"ကျောင်းဆရာတုတာတွေ၊ စစ်တာတွေက ဒေါင်းဒေါင်းကိစ္စမဟုတ်ဘူး။ ဒေါင်းဒေါင်းယောကျ်ားတုသလား၊ စစ်သလားတာ အရေးကြီးတယ် ဒါပဲ"

"အေး. . . နင်တို့နေတဲ့အပေါ်ထပ်မှာတော့မနေဘူး။ ငါ့ ဘာသာအောက်ထပ်မှာဆင်းနေမယ်"

ဟု ပြောပြီး ပစ္စည်းတွေရွှေ့ကုန်၏။ မမနှောင်းက မျက်နှာငယ်လေးနဲ့ဖြစ်နေသည်။ သူချစ်သောအစ်ကိုရေချမ်းကို သူ့ညီမကလက်ထပ်လာတာတွေ့ရသဖြင့် ကတုန်ကယင်ဖြစ်နေပုံလည်း ပေါ်နေသည်။

"မတတ်နိုင်ဘူး အစ်ကိုချမ်းရယ်။ မမနှောင်းကို နောက်မှ ညီမလေးရှင်းပြမယ်"

နောက်တစ်နေ့တွင် ကိုရေချမ်း၏အသိသူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောဂါကုဆရာဝန်နှင့် မမနှောင်းကိုပြကြည့်သည်။ မမနှောင်းသည် လူမှန်းသိတတ်စအရွယ်က ကြောက်လန့်ဖွယ်ရာရက်စက်ကြမ်းကြုတ်မှုတစ်ခုကို မြင်ခဲ့ဖူးခြင်း (သို့မဟုတ်) လူမှန်းသိတတ်စအရွယ်တွင် ကြောက်လန့်ဖွယ်ရာကောင်းလောက်အောင်ခြိမ်းခြောက်ပြစ်တင်ခံရခြင်းတို့ကြောင့် Self Punishment အနေနှင့် မိမိကိုယ်ကိုစကားဆွံ့အအောင် အပြစ်ပေးမှုပြုလုပ်လိုက်ခြင်းဖြစ်ကြောင်းတို့ကို သိလိုက်ရသည်။ ထိုသို့သိလျှင် အစ်ကိုချမ်းက

"ဖျောက်"ကနဲလက်ဖျောက်တစ်ချက်တီးလျက်

"အကြံရပြီ"

ဟုပြောကာ သူ့ကျောင်းနေဘက်သူငယ်ချင်းရဲအရာရှိကိုဘတင်ထံသွားရောက်တိုင်ပင်လေတော့သည်။

"ဟုတ်ပြီ. . . ကိုရေချမ်းပြောတဲ့အကြံဉာဏ်ကောင်းတယ်"

ဟုဆိုကာ အကောင်အထည်ဖော်ရန် ရဲတပ်ဖွဲ့နှင့် ခေါင်းချင်းဆိုင်ကြတော့သည်။

တကယ်ပင်သဏ္ဍာန်လုပ် သရုပ်တူအောင် သရုပ်ဆောင်ခိုင်းရတော့သည်။

အကာလ ညအခါ။ နှောင်းနှောင်းအိပ်နေသော အိပ်ခန်းထဲတွင် နှောင်းနှောင်း၏အဖေ ဦးရွှေဆောင်နှင့် ဇနီးဒေါ်ခင်ချိုတို့ကိုကြိုးဖြင့်တုတ်နှောင်ကာ ထိုင်ခိုင်းထားသည်။ ဘေးတွင် ဦးသက်တင်က ဂေါ်ရမ်း ဓါးကောက်ကြီးကိုရမ်းလျက်. . .

"ဟေ့ကောင်. . . ရွှေဆောင်။ ရတနာသိုက်ထားတဲ့ အခန်းကိုဖွင့်ဖို့ ခလုပ်အတုံးဘယ်မှာလဲ။ နောက်အဲဒီယူသွားတဲ့ မြေပုံဘယ်မှာလဲ။ ခါတ်လှေကားလျှို့ဝှက်ခလုပ်တုံးဘယ်မှာလဲ"

ဟုမေး၏။ မေးရင်း. . ပါးကိုလည်း ဘယ်ပြန်ညာပြန်ရိုက်၏။

"မသိဘူးသက်တင်။ ငါ့ကိုသတ်ချင်သတ်လိုက်။မင်းကခွေးလို





ကျင့်တဲ့ကောင်။ အဲဒီလိုကောင်ကို ဒီရတနာသိုက်နဲ့ပတ်သတ်တာတွေ မပေးနိုင်ဘူး"

"ဟေ့ကောင်. . , မင့်သမီးနှောင်းနှောင်းကိုရော သတ်လိုက်ရမလား"

"ဟေ့ကောင်. . . ငါ့ကိုသတ်ချင်သတ်။ ငါ့သမီးကိုဘာမှမလုပ်နဲ့။ ငါ့ဆီက ရတနာသိုက် နဲ့ပတ်သက်တာ ဘာမှမရဘူးမှတ်"

"ကဲကွာ. . . ကဲကွာ"

ဟု ပြောရင်း ဒေါ်ခင်ချိုကိုအရင် လည်ပင်းအား ဓားဖြင့်လှီး၏။ သွေးတွေပန်းထွက်၏။နှောင်းနှောင်းအိပ်ရာထိ သွေးတွေစင်ကုန်၏။ ဒေါ်ခင်ချိုငယ်သံပါအောင်အော်၏။ နောက်ဦးရွှေဆောင်ကိုပါ လည်ပင်းလှီး၏။ ဦးရွှေဆောင်က

"သတ်လိုက်. . . ခွေးမသားသက်တင်၊ မင်းကို ငါနောက်ဘဝထိမကြေဘူးကွ မှတ်ထား"

ဟုအော်ရင်း ခေါင်းငိုက်စိုက်ကျသွား၏။

"ဟိုကောင်မလေး မိနှောင်း။ နင်ဘယ်သူ့ကိုမှ ဒီကိစ္စမပြောနဲ့။ ပြောရင်နင့်ကိုပါသတ်မယ်"

ဟု သရုပ်ဆောင်လိုက်သောအခါ. . . နှောင်းနှောင်းဆီကအသံထွက်လာသည်။ ယင်းအသံကား. . .

"လုပ်ကြပါဦး. . . လုပ်ကြပါဦး . . . ဖေဖေ့ကို သတ်နေပြီ"

ဟု အသံထွက်၍ အော်ပြောကာ နှောင်းနှောင်းတစ်ယောက်မေ့မြောသွားတော့သည်။

"တဲ. . . နှောင်းနှောင်းစကားပြောတတ်လာပြီဗျို့။ဦးသက်တင်ကိုသာအရင်ဖမ်းတော့"

ဟုဆိုကာ ခေါင်းရှိမျက်နှာပုံအတုကိုချွတ်၍ ရဲအုပ်ကိုဘတင်က ပြောလိုက်သည်။ ဦးသက်တင်ကား အပေါ်တွင်ဘာတွေဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မသိ။ ဘုမသိ၊ ဘမသိအမှုအရာ။ ဖမ်းလျက်အပေါ်ထပ်သို့ပါလာသည်။ ထိုစဉ် နှောင်းနှောင်းသတိရလာသည်။

"ဖေဖေနဲ့မေမေကို သတ်တာဦးလေး။ ဦးလေးကို ဖမ်းကြပါ။ သူ့ကိုမဖမ်းရင် သူက ကျွန်မကိုသတ်လိမ့်မယ်"

ဟု အော်တော့၏။

"ညီမလေး မကြောက်နဲ့ အစ်ကိုတို့ ရှိတယ်။ ဦးသက်တင်ကို အစ်ကိုတို့ ဖမ်းမှာပါ။ ညီမလေးသိတာ အကုန်ပြော"

ဟု ကိုဘတင်က နှစ်သိမ့်၏။

"ဦးလေးက ဖေဖေနဲ့မေမေကိုသတ်တာ ရတနာသိုက်နဲ့ပတ်သက်တာတွေလိုချင်လို့။ ဒါပေမဲ့. . . ဖေဖေက မပေးတော့ သူအသေသတ်ပစ်တယ်။ သမီးကိုလည်း သတ်ပစ်မလို့ဘဲ။ ဒါပေမဲ့ သမီးကစကားမပြောနိုင်တော့လို့။ နောက်သမီးက မှတ်လည်းမမှတ်မိတော့လို့ မသတ်ဘဲထားခဲ့တာ။ ဒေါ်လေးခင်ပိုကိုလည်း သူပဲသတ်တာနေမှာ။ ဒေါ်လေးခင်ပိုသောက်တဲ့ဆန်ပြုတ်ထဲမှာ နေ့တိုင်း အိပ်ထောင်ထဲကနေ ပုလင်းတစ်ခုကိုထုတ်ပြီး အဆိပ်တွေ ထည့်ထည့်နေတာတွေ့တယ်"

"ကဲ. . . စခန်းမှူးကြီး။ နှောင်းနှောင်းက အကုန်ပြောပြနေပြီပဲဗျာ။ တရားခံကို လက်ထိပ်ခတ်လို့ရပါပြီ"

ဟု ဆရာဝန်ဦးသန်းမောင်က ပြောလိုက်သည်။

"ဟ. . . ဟော့. . . ဦးသက်တင်မရှိတော့ဘူး"

"ရှေ့ကတော့ ဆင်းမသွားဘူး"

"နောက်ဘက်မှာ ရှာ. . . နောက်ဘက်မှာ ရှာ"

နောက်ကျသွားချေပြီ။ ဦးသက်တင်ကား မကောင်းမှုလုပ်သူဖြစ်၍ ထွက်လမ်းရရန် ရေချိုးခန်းဘက်မှ သံတံခါးကို အရှင်လုပ်ထား၏။ ရေချိုးခန်းအဝင်တံခါးကို ဂလန့်ဖွင့်နေရ၍ မိမိတို့အချိန်





လင့်နေတုန်း နောက်ဘက်အဖီခေါင်မိုးအတိုင်း တဒုန်းဒုန်းနဲ့ဆင်းပြေးလေပြီ။

"ဝရုး. . . ဝရုး"ကနဲ နောက်ဘက်မှ ဆိုင်ကယ်မောင်းထွက်သွားသံကြားရသည်။

ရှေ့ဘက်မှကားတွေ စက်နှိုးကာ လိုက်ဖို့ပြင်ကြသည်။

"လိုက်မနေနဲ့တော့ဗျာ။ ဒီလူ့ကိုမိမှာပါ။ မန္တလေးတနေ့လွတ်အောင် မပြေးနိုင်ပါဘူး"

"မဟုတ်ဘူး. . . စခန်းမှူးကြီး။ ဦးသက်တင် နောက်ကွယ်မှာ အဖွဲ့အစည်းတစ်ခု အုံနဲ့ကျင်းနဲ့ရှိနေတယ်။ လေလောဆယ်တော့ မန္တလေးရဲ့အပြင်ဘက်ကိုထွက်ဦးမှာမဟုတ်ဘူး"

"ကဲပါ. . . အစ်ကိုချမ်းရယ်။ ဘယ်လိုဖြစ်ဖြစ် မမနှောင်း စကားပြောတတ်လာတာကိုပဲ ကျေးဇူးတင်ရဦးမယ်။ နောက်ပြီး ဒေါ်လေးကိုလည်း ဆေးရုံတင်ပြီးဆေးကုရဦးမှာ မဟုတ်လား"

အိမ်တွင်တရားခံ ဖမ်းမမိလိုက်ရသော်လည်း ဒေါ်လေးမခင်ပိုကိုဆေးရုံတင်ဖို့ကိစ္စအတွက် တော်တော်လေးအလုပ်ရှုပ်သွားသည်။ ဘောင်းဘောင်းနဲ့ဒွန်းဒွန်းပါ အိမ်မှာ အိပ်ပျော်၍တော်သေးသည်။

"မမနှောင်း။ မမတို့ အဖေနဲ့ အမေသတ်တဲ့တရားခံလည်းမိပြီ။ ဘာလို့ငိုနေသေး တာလဲ တရှုံ့ရှုံ့နဲ့"

ဟု ဘောင်းဘောင်းကမေး၏။

"အမလေး. . . ဘောင်းဘောင်းရယ်။ ညည်းကမသိဘဲဝင်ပါနေတယ်။ သူက သူ့ချစ်သူကိုရေချမ်းကို ဒေါင်းဒေါင်းယူသွားတယ်အောက်မေ့လို့ဟော့"

ကိုရေချမ်းက 'ဟဲဟဲ ဟဲဟဲ' နှင့် ရယ်နေ၏။

"ဗုဒ္ဓေါ. . . အဲဒါဆိုရင် ကိုရေချမ်းက တတိယအကြိမ်



www.burmeseclassic.com

www.burmeseclassic.com



မြောက်တရားရုံးမှာ လက်ထပ်ရဦးမှာပေါ့နော်"

ဟု ဒွန်းဒွန်းကပြော၏။

"ဒီတစ်ခါတော့ ဒေါင်းဒေါင်း ကန့်ကွက်တယ်ဟေ့။ သူယူရမှာ အကိုချမ်းတော့. . . အစ်ကိုချမ်း။ ဒါပေမဲ့. . . ကိုရေချမ်း မဟုတ်ဘူး။ ကိုအေးချမ်းကိုယူရမှာ"

ဟု ပြောလိုက်တော့မှ နှောင်းနှောင်းခမြာအဖြစ်မှန်ကိုသိပြီး ဒေါင်းဒေါင်းကို လိုက်ထုနေလေတော့သည်။

■



## အခန်း (၂၁)

နှောင်းနှောင်းက ကိုအေးချမ်းအား ဇာတ်ကြောင်းပြန်ပြောမှသာ ကိုအေးချမ်း မျက်စိမလည် နားမရှုပ် ဖြစ်ရပေတော့သည်။

"ရတနာ့ဂူနတ်ပွဲမှာ နတ်ဝင်ပြီး ပြောခဲ့တာ နှောင်းနှောင်းလေ ကိုချမ်းရဲ့"

"ဟောဗျာ. . . ဘယ်က နှောင်းနှောင်းကပေါ်လာရပြန်တာလဲ မဖုရားရဲ့"

ဒေါင်းဒေါင်းနဲ့ နှောင်းနှောင်းသည် အမွှာညီအစ်မလိုတူကြောင်း၊ တက္ကသိုလ်တွင် ဆရာအေးချမ်းနဲ့တွေ့ခဲ့သူမှာ ဒေါင်းဒေါင်းဖြစ်ကြောင်း နှောင်းနှောင်းသည် ဘဒွေးဦးသက်တင်၏ မိမိ မိဘတွေကို ရက်စက်စွာသတ်ဖြတ်မှုကိုမြင်ပြီးကတည်းက စကားမပြောနိုင်ခဲ့ ကြောင်း၊ ရတနာ့ဂူပွဲတွင် ဟာစ်စတီးရီးယားလို အဖြစ်အပျက်ဖြစ်ပေါ်စဉ်ကသာ စကားအနည်းငယ်ပြောတတ်ကြောင်း၊ နောက်ကို ရေချမ်းနဲ့ ရဲအုပ်ဘတင်တို့ စီစဉ်ပေးသော နောက်ကြောင်းပြန်ပြကွက်ကြောင့် စကားပြန်ပြောတတ်ကြောင်းသိခဲ့ပေသည်။

နောက်ပြီး ထိုစဉ်က ပြောခဲ့သလို မင်းလက်ဝဲနန္ဒာမှာ အစ်ကိုချမ်းဖြစ်ကြောင်း၊ အစ်ကိုချမ်းလည်း ဖခင်(ဝါ)ဖခမည်းတော်ကိုရှာဖို့ ခရီးထွက်ရမှာဖြစ်ကြောင်း၊ သွားရမည့် လုပ်ရကိုင်ရမည့်



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်အားလုံးကို ဒေါင်းဒေါင်းတို့ထံမှ လူအားလုံးသိပြီးဖြစ်ကြောင်း၊ နှောင်းနှောင်း၏အိပ်ခန်းထဲရှိ အံဝှက်ထဲထည့်ထားသော ပစ္စည်းများအတုဖြစ်သည်ကိုလည်း သူသိရှိကြောင်း အစစ်နဲ့မခြား လူထုတ်ယူပြီး ပုံတူလုပ်ပြီးကြောင်းတို့ပြောပြလိုက်ပေ၏။ ထိုအခါ

"ဒါကြောင့်. . . နှောင်းနှောင်းကို လက်ထပ်လိုက်တာ ကိုယ်မှန်ပါတယ်လို့ ကိုယ့်ဖာသာ ဂုဏ်ယူနေတာ"

"မှားပါတယ်ဆိုရင်ကော ဘာလုပ်ဦးမလို့လဲ၊ ဒေါင်းဒေါင်းကို သွားကြိုက်မလို့လား"

"အမယ်လေး အထင်တော်မလွဲမှားလိုက်ပါနဲ့ မဖုရားရယ်၊ မဖုရားက လွဲပြီး ဘယ်သူ့မှ မချစ်နိုင်ကြောင်းပါဖျာ့"

"ဒါဆို. . . အ, အ မကြီးဖြစ်နေရင်ကော ချစ်မှာလား"

"ချစ်မှာပဲ"

"စဉ်းစဉ်းစားစားပြောနော်"

"စဉ်းစားပြီးမှ လျှောက်တာပါဖျာ့"

"ဒါဆို ပုပ္ပားအရပ်မှာနေတဲ့ ပန်းစားဘီလူးမဆိုရင်ကော"

"ချစ်ခင်ရင်းစွဲပါ မဖုရား"

"ပိုနေလိုက်တာ"

တကယ်ပဲ ကိုအေးချမ်းရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ပြောပြ ဖွင့်ထုတ်ပြလိုက်သောအခါ စန္ဒဒေဝီတဖြစ်လည်း၊ ဝဏ္ဏရာဇကလျာ တဖြစ်လည်း နှောင်းနှောင်းသည် မောင်တော်မင်းလက်ဝဲနန္ဒရာဇာ တဖြစ်လည်း ဗျတ္တတစ်ဖြစ်လည်း ကိုအေးချမ်းကိုပိုလို့သာ အချစ် စစ်တို့ထပ်ထပ်ရစ်ပတ်ချည်နှောင်ခဲ့ပေတော့သည်။

"မောင်တော်အတွက်ဆို နှမတော်က အသက်စွန့်ဖို့ ဝန်မလေးပါဘူး"

"မောင်တော်ကလည်း နှမတော်အတွက်ဆို အသက်ပေးဖို့





မနှေးပါဘူး. . . မဖုရား"

အဲဒီနောက် ကိုအေးချမ်းနှင့် နှောင်းနှောင်းတို့သည် ရတနာဂူအဉ်ရှိရာ ပုတာအိုဖြစ်၏အရှေ့မြောက်ဘက် ရေခဲတောင်ဒေသသို့ ခရီးသွားရန် အစစအရာရာပြင်ဆင်ကြရပေတော့သည်။

တပည့်တပန်းစုဆောင်းရန်အတွက် ကိုအေးချမ်း၏တက္ကသိုလ် ရှိဘွဲ့ရပြီး တပည့်များထဲမှ လက်ရွေးစင်(၁၅)ဦးကို ရွေးထုတ် လိုက်သည်။ နှောင်းနှောင်းအဖော်ရစေရန်အတွက်လည်း တက္ကသိုလ်မှ ဒီဂရီဘွဲ့တန်းအောင်ပြီး အလုပ်မဝင်သေးသော သဥ္စာမြင့်ကို ခေါ်ယူလိုက်ပေသည်။

အစစအရာရာ လေ့ကျင့်ပေးခဲ့ကြရ၏။ ရေခဲတောင်ပေါ် ရေခဲတောင်တက်ဖိနပ်များစီး၍လေ့ကျင့်ကြရပေသည်။ တစ်ယောက်နှင့်တစ်ယောက် ခါးကြိုးချည်ပြီး ညအချိန်လမ်းမပျောက် အောင်သွားနည်း၊ ရေခဲမြစ်ပေါ်သွားလျှင် တစ်ယောက်ခြေရာပေါ် တစ်ယောက်က ထပ်၍သွားနည်းတို့ အပါအဝင် အစစအရာရာ လိုလေသေးမရှိ ကိုအေးချမ်းမှသင်ကြားပေးခဲ့၏။

မိမိတို့အဖွဲ့သည် ကိုရေချမ်းတို့ကဲ့သို့ ပေါ်ပေါ်ထင်ထင် သွားနိုင်ခွင့်ရှိသည့် အဖွဲ့မဟုတ်ပေ။ ထိုသောအခါ မိမိတို့အဖွဲ့ သွားလာလှုပ်ရှားနေကြောင်းကို ကိုရေချမ်းတို့အပါအဝင် မည်သည့် အဖွဲ့မှ မသိရှိနိုင်အောင် သိုသိုသိပ်သိပ်လှုပ်ရှားရမည်ဖြစ်၍ စည်း ဝါးကိုက်လေ့ကျင့်ထားကြရပေသည်။

ထို့ပြင် တောထဲမှာ မီးခိုးမထွက်ဘဲ စားသောက်နိုင်မည့် စည်သွတ်ရိက္ခာများ၊ ရေစိမ်စားလျှင်ရနိုင်သည့် အသားခြောက် တစ်ချို့၊ မုန့်ကြွပ်ကဲ့သို့ အသင့်စားသုံးအစာအဟာရများ၊ ပေါက် ပေါက်ဆုပ်၊ နှမ်းဖြစ်၊ မြေပဲယိုတို့ကဲ့သို့ ကြာရှည်အထားခံအစား အသောက်များ၊ နောက်. . . တောတွင်းသုံး ကွန်ပတ်များ၊ ဒေးများ



www.burmeseclassic.com

www.burmeseclassic.com



အချက်ပြမီးများ၊ မိမိအသက်အန္တရာယ်ကာကွယ်ရမည့် လက်နက်များ အားလုံးစုဆောင်းရချေတော့၏။

"မောလိုက်ပါဘိ နှမတော်လေးရယ်"

ကိုအေးချမ်းက လေပူကြီးမှုတ်ထုပ်ရင်းထိုင်လိုက်၏။

"အောင်မလေး. . . တိုင်းပြည်ကို အုပ်ချုပ်မယ့် မင်းသားတစ်ပါးလုပ်ပြီး ဒီလောက်ကလေးကိုများ ညည်းပါတယ်လို့"

ဟု နှောင်းနှောင်းက နဖူးလက်ထောက်ကာ အပြစ်တင်တော့၏။

"အမယ်လေး. . . မောလာသမျှ နှမတော်ရဲ့မျက်နှာမြင်ရင် အမောပြေပါပြီတဲ့ဗျား"

"ဒီတစ်ခါ ရှိစေတော့. . . ရှိစေတော့"

"ရှိစေဗျား. . . ရှိစေဗျား"

ဟု ဆိုရာ နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ တွတ်ထိုးနေကြလေတော့သတည်း။

■



## အခန်း (၂၂)

"ကဲ. . . အစ်ကိုချမ်း၊ နှောင်းနှောင်းနဲ့ အစ်ကိုအေးချမ်းနဲ့ နီးစပ်အောင် ဘယ်လိုလုပ်ရမလဲဟင်"

ကိုရေချမ်း ခေတ္တမျှစဉ်းစား၏။

"လွယ်ပါတယ်ကွာ။ ဟော့ကောင်ဖိုးထောင်. . . ဆေးမှင်ကြောင်ထိုးတဲ့ လူတစ်ယောက်သွားရှာချေ"

"ဟုတ်ကဲ့ဆရာ"

ကိုရေချမ်းက နှောင်းနှောင်းကျောတွင်ထိုးရမည့် မြေပုံတစ်ခု၏ပုံကို စာရွက်ပေါ်တွင်ရေးပြသည်။

"ကဲ. . . ဒေါင်းဒေါင်း။ မမနှောင်းကျောမှာ ဒါကိုဆေးမှင်ကြောင်ထိုးပေး"

"ဒီတစ်ပတ် နှစ်ပတ်အတွင်း ကိုအေးချမ်းလာရင် ဘယ့်နှယ်လုပ်မလဲ"

"ဒေါင်းဒေါင်းက ကိုယ်စားတွေ့ပေးပေါ့"

"စိတ်ချတယ်ဟုတ်"

"ဒေါင်းဒေါင်းကို ယုံပါတယ်"

"ပြီးရော. . . ပြီးရော"

"ဟာ. . ဒါဆိုကျန်တဲ့ မြေပုံတွေလည်း ဒုက္ခရောက်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါင်းဒေါင်းက ထပ်ပြောလေသည်။

"ဟုတ်တယ်။ ဒေါင်းဒေါင်းစဉ်းစားမိလို့ပဲ။ အစ်ကိုချမ်းမေ့နေတယ်ကွ"

"ကဲ. . . အဲဒါဆိုရင် မမနှောင်းကိုကျောမှာ ဆေးမင်ကြောင်အတုထိုးပေးပြီးရင် ဖိုးထောင်ခေါ်ပြီး ဒေါင်းဒေါင်းဆက်လုပ်လိုက်မယ်နော်"

"အင်း. . . ကောင်းသားပဲ။ ကိုအေးချမ်းလာရင် ဒေါင်းဒေါင်းကိုမတွေ့မှ အဆင်ပြေမှာ"

ဟုပြောနေစဉ် ဆေးမှင်ကြောင်ထိုးမဲ့သူရောက်လာသဖြင့် မမနှောင်းကို အကျိုးအကြောင်းပြောပြကာ အကူအညီတောင်း၍ ဆေးမင်ကြောင်အတုထိုးပေးလိုက်သည်။

ထိုစဉ်အတွင်း ကိုအေးချမ်းရောက်လာသည်။ ကိုရေချမ်းအတွင်းမှ နေ၍ကြည့်နေရဆဲ။

"ဟာ. . . ငါနဲ့တစ်ရုပ်ရည်တည်းပါလား"

ဟု မှန်ထဲတွင်ကိုယ့်ရုပ်ကိုပြန်ကြည့်ရင်း အာမေဋိတ်သံပင်ထွက်သွားမိသည်။

ဒေါင်းဒေါင်း နေမကောင်းဟုသိရသဖြင့် အိမ်အပေါ်ထပ်အိပ်ခန်းထဲထိတက်၍တွေ့သည်။ ဖေါက်ထားသောချောင်းကြည့်ပေါက်မှကြည့်ရာ အခြေအနေကောင်းကြောင်း အထင်းသားတွေ့နေရသည်။ နှောင်းနှောင်း၏လက်ဖဝါးလေးကို တယုတယကိုင်ကာ ကိုအေးချမ်းရင်ဘတ်၌ တမြတ်တနိုးအပ်ထားတာတွေ့ရတော့ ငါကိုယ်ပွားများလားဟု ကိုရေချမ်းကိုယ့်ရင်ဘတ်ကိုစမ်းကိုင်မိသည်။

"နောက်အပတ်လောက်ဆို. . . ဒေါင်းဒေါင်းနေကောင်းပြီကိုရေချမ်းရဲ့"





"အစ်ကို့ကို အစ်ကိုချမ်းလို့ပဲ ခေါ်ပါကွယ်"

ကိုအေးချမ်း ထွက်သွားသောအခါ . . .

"မမနှောင်းမျက်နှာကလည်း ပျားရည်အိုးထဲလိမ့်ကျထားတဲ့အတိုင်းပဲ"

"ဘာလို့လဲ ဘောင်းဘောင်းရဲ့"

"ပြုံးချိုပြီး ဘေးက ကျွန်မတောင်မနေနိုင်ဘူး"

"မနေနိုင်တော့ဘူး"

"မမမျက်နှာကို ပြေးပြီးလျှာနဲ့လျက်ချင်တာပေါ့လို့"

"ဒီကောင်မလေးပေါက်ပေါက်ရှာရှာ"

ဟု ပြောခဲ့လေတော့သည်။

နောက်အပတ်မှာတော့. . . နှောင်းနှောင်းနဲ့ ကိုအေးချမ်းအပေါ် ထပ်မှာပဲတွေ့သည်။ တွေ့ရင်း တစ်ယောက်နဲ့တစ်ယောက်ထွေးပွေ့လိုက်ရာ နှောင်းနှောင်း၏ကျောမှ ဆေးမှင်ကြောင်တွတ်များကိုစမ်းမိသွားသည်။ နှောင်းနှောင်းကိုလည်းမှာထားသည်။ ကိုအေးချမ်း၏ရင်ဘတ်ကိုစမ်းကြည့်ဖို့ . . .

ကိုအေးချမ်း၏ရင်ဘတ်မှာလည်း ဆေးမှင်ကြောင်နှင့် မှဲ့(၃)လုံးတွေ့သည်ဟု မမနှောင်းကပြန်ပြောသည်။ ဒေါင်းဒေါင်းပြန်ရောက်လာတော့ တိုင်ပင်ကြရသည်။

"မမနှောင်းကို လက်ထပ်ချင်တဲ့အကြောင်း ဒေါ်လေးတိုဖွင့်ပြောနေပြီ"

"နာမည်က ဘယ်လိုပြောမလဲ"

"နာမည်အမှန်က နှောင်းနှောင်း။ ဒါပေမဲ့ ဒေါင်းမလေးနဲ့တူလို့ အိမ်မှာဒေါင်းဒေါင်းလို့ခေါ်ကြတယ်လို့ ပြောလိုက်တယ်တဲ့"

"တစ်ခုတော့ရှိတယ်နော်။ အရင်က အေးချမ်းရင်ဘတ်မှာ ဆေးမှင်ကြောင်မရှိဘူး၊ မှဲ့သုံးလုံးမရှိဘူး။ အဲဒါစဉ်းစားရသာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . အစ်ကိုချမ်း။ မမနှောင်း လက်ထပ်လိုက်ပြီးရင် အန္တရာယ်များရှိလာနိုင်မလားဟင်"

"နှစ်မျိုးစဉ်းစားလို့ရတယ်လေ။ မမနှောင်းကို လည်လည်ဝယ်ဝယ်စည်းရုံးနိုင်ရင် ကိုယ့်အတွက်တောင် အကျိုးရှိနိုင်တယ်။ ဒါမှမဟုတ်. . . သူတို့အတွက် နိုင်ဖဲပေးလိုက် သလိုလဲဖြစ်သွားနိုင်တယ်"

"ဒါပေမဲ့. . . အစ်ကိုချမ်းရယ်။ မမနှောင်းက ကိုအေးချမ်းကိုမှမရရင်. ထပ်ပြီးစိတ်ဖောက်သွားနိုင်တယ်။ အဲဒီတော့ မျက်စိမှိတ်ပြီး ပေးစားရမှာပဲ"

"ကဲ. . . ဒါဆိုလဲ၊ ဒေါင်းဒေါင်းတို့ဆီမှာရှိတဲ့ ဒေါင်းဒေါင်းအဖေရဲ့ပစ္စည်းတွေကို အကုန်နီးပါး ပုံစံတူအောင်လုပ်ပြီး သူ့အံဝှက်ထဲမှာ ပြန်ထည့်ထားရလိမ့်မယ်။ ဒီနည်းနဲ့ ကိုအေးချမ်းတို့ကို လှည့်ကွက်သုံးရတော့မှာပဲ"

"အစ်ကိုပဲ ကြည့်စီစဉ်လေ။ နောက်ပြီးတခြားလူတွေမှာရှိတဲ့ပစ္စည်းတွေကော"

"အဲဒီအတိုင်းပဲ အတုတစ်စုံစီပုံစံတူလုပ်ပြီး အပ်ထားလိုက်ကြပေတော့ ဒေါင်းဒေါင်းရယ်"

"ဖိုးထောင်ကို ခိုင်းထားပြီးပါပြီ အစ်ကိုချမ်း။ လိုလိုမယ်မယ် ပိုးတုံးလုံးလည်း ဒီမှာခေါ်ထားတယ်"

"ကောင်းတယ်။ဒီကလေးကလည်း အခုလူကောင်ထွားကြီးဖြစ်နေပြီ၊ အစ်ကိုတို့ တောထဲဝင်ရင် ဒီကောင့်ကိုသုံးလို့ရတယ်"

ကိုအေးချမ်းနှင့်နှောင်းနှောင်းလက်ထပ်ပေးပြီးနောက် သူတို့ကိုလည်း အပေါ်ထပ်မှာပင်ထားခဲ့သည်။ တစ်ရက်၌ ကိုအေးချမ်းတို့အခန်းထဲမှ ဝုန်းဒိုင်းကြဲအောင်ဆူညံနေသံကြား၍ ကိုရေချမ်းနှင့်ပိုးတုံးလုံးတို့ တံခါးကိုရိုက်ချိုးကာ ဖွင့်ဝင်ခဲ့ကြရသည်။





တံခါးရိုက်ချိုးသံကြားတော့ နှောင်းနှောင်းတို့အခန်းထဲမှလူများဆင်းပြေးသံကြားရသည်။

"ကိုအေးချမ်း ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော်တို့အိပ်ပျော်နေတုန်း လူဆိုးလေးယောက် ဘယ်ကဝင်လာမှန်းမသိဘဲနဲ့ ရောက်လာတာဘဲဗျာ။ ကျွန်တော့်ကိုစောင်နဲ့အုပ်ပြီး ရေရေလည်လည်နှာတာဗျ"

"အခု ဘယ်ရောက်ကုန်လဲ"

"အဲဒီကြမ်းပြင်က အံဝှက်ကိုဖွင့်ပြီးဆင်းသွားတာ"

ဟု ပြော၏။

နှောင်းနှောင်းက အံဝှက်တံခါးကိုဖွင့်ပြလိုက်သည်။ ဒီတော့ကိုရေချမ်းသိလိုက်ပြီ။ ဟိုအံဝှက်ထဲထားသော ပစ္စည်းတွေလည်းနှောင်းနှောင်းဖွင့်တတ်မှာသေချာပြီ။ အားလုံး ညီမတစ်တွေတိုင်ပင်ကြသည်။ နှောင်းနှောင်းအတွက် ခွဲပေးသင့်သော အမွေတိုခွဲပေးလိုက်ဖို့လုပ်ရသည်။ ဒေါင်းဒေါင်းလည်းလိုအပ်တာ ခွဲခြမ်းယူသည်။ အိမ်ကိုတော့ ဒေါင်းဒေါင်းနှင့် နှောင်းနှောင်းနှစ်ယောက်ပိုင်အဖြစ်ထားပြီး ဒေါ်လေးခင်ပိုက စောင့်ရှောက်မည်။

"နောက်ရက် လျှို့ဝှက်အံဖုံးထဲရှိရတနာသိုက်နှင့် ပတ်သက်သော အချက်များ၊ စာရွက်စာတမ်းများရှာကြည့်သည်။ မရှိတော့။ ဒေါင်းဒေါင်းက အမိပ္ပာယ်ပါပါပြုံးပြသည်။

"ဟိုးအဝေးက လျှို့ဝှက်ပစ္စည်းတွေကော ဒီလိုအတုတွေထည့်ထားလိုက်ပြီလေ"

"လူတွေကော"

'လူတွေလည်း နှောင်းနှောင်းလိုပဲ အစားထိုးထားလိုက်ပြီးတွေ့ချင်သေးလား"

"နိုး. . . နိုး။ ဦးလေးသက်တင်အဖွဲ့နဲ့ အေးချမ်းတို့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



မတွေ့တာတော့သေချာသွားပြီ။ အေးချမ်းတို့အဖွဲ့က တို့လှည့်စားလို့ရတယ်ထား။ ဦးလေးသက်တင်အဖွဲ့ကို ဘယ်လိုလှည့်စားမလဲ။ အဲဒါတော့. . . တော်တော်စဉ်းစားရဦးမယ်"

"ဘယ်လိုဖြစ်ဖြစ်လေ. . . အေးချမ်းအဖွဲ့ကို ကသာဘက်ထိလမ်းကြောင်းပြလိုက်တော့ အနည်းဆုံးနှစ်ပတ်လောက်အချိန်ရတယ်။ ဦးလေးသက်တင်အဖွဲ့က အဲဒီလောက် ဝေးဝေးထိလမ်းကြောင်းလွဲပြလို့ရမှာမဟုတ်ဘူး"

"မတတ်နိုင်ဘူးလေ။ ဆွမ်ပရာဘွမ်လောက်ထိပြပြီး အဲဒီကနေ တစ်ဖက်ဖက်ဆွဲထုတ်သွားရမှာပဲ"

"ဘယ်သူက ဆွဲထုတ်သွားမလဲ။ ဒါကို သေသေချာချာစဉ်းစား"

"အင်း. . . ဦးနှောက်သုံးရတာဆိုတော့ အစ်ကိုချမ်းတောင်ပျော်လာပြီ"

"အင်း . . . ဦးနှောက်သုံးရမယ်ဆိုရင်၊ အစ်ကိုချမ်းကောင်မလေးတွေထဲက တစ်ယောက်ယောက်ကိုသုံးရမှာပဲ။ တကယ်လို့အခြေအနေမပေးရင် သူတို့အစားသုံးထားတဲ့ ကောင်မလေးတွေကို အသုံးပြုရမှာပေါ့"

"ယုံတ္တိတန်အောင်ဆိုရင် အဲဒီနားတစ်ဝိုက်မှာ ရေအိုင်ကြီးတို့၊ တွင်းဂလိုဏ်အနက်ကြီးတို့ရှာပြီး တူးချင်ယောင်ဆောင်နေခိုင်းရမယ်။ ဒီလိုပဲ ကသာဘက်က အေးချမ်းတို့အဖွဲ့ကို ယောင်ပြလုပ်ဖို့လည်း အဲဒီအတိုင်းပေါ့။ ဒါတွေရှာဖို့အတွက် အင်း . . . အစ်ကိုချမ်းရဲ့ တပည့်တွေကိုသုံးဖို့လိုလာပြီ"

"ဘယ်သူတွေသုံးမလဲ. . . အစ်ကိုချမ်း"

"ပိုးတုံးလုံးတို့၊ ကိုပုကွတို့ပေါ့။ သူတို့ကို အရောင်ပြနေရာအတုတွေရှာဖို့ရယ်။ နောက်ပြီး. . . အဲဒီနေရာတွေမှာ ယောင်ပြ





လုပ်ငန်းတွေအတွက် အစီအစဉ်တွေကြိုလုပ်ထားဖို့ရယ်ပေါ့. . . မကောင်းဘူးလား"

"ကောင်းတယ်။ ဒါကြောင့်. . . အစ်ကိုချမ်းကို ချစ်တာ"

ဟု မဆီမဆိုင် ဒေါင်းဒေါင်းက အော်နေလိုက်သေးသည်။

"ဒေါင်းဒေါင်းလည်း လိုအပ်တာတွေ ကြည့်စီမံပေးဦးပေါ့"

"ဟုတ်ကဲ့. . . ဆရာချမ်း"

ဟု အမူအရာနှင့်အော်ပြနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com

=

## အခန်း (၂၃)

မန္တလေး-မြစ်ကြီးနားပြေးဆွဲသော XYADX လေယာဉ်တွင် ဒေါ်င်းဒေါ်င်းနဲ့ ကိုရေချမ်းတို့ပါလာကြသည်။ ကိုရေချမ်းသည် ထောင်ထောင်မောင်း မောင်းအရပ်နှင့်လိုက်ဖက်ညီစွာ. . . စပို့ရှပ်အညိုရင့်ရောင်နှင့် ဘောင်းဘီရှည်အနက်တို့ ဝတ်ဆင်ထားသော်လည်း ဦးခေါင်းထက်မှ ရောင်တစောင်းပုံစံသည် လူတိုင်းစိတ်ဝင်တစား လှည့်ကြည့်ချင်စရာဖြစ်နေသည်။ ထို့ထက်. . . ၎င်းနှင့်အတူပါလာသော ဇာအကျီအပြာနုရောင်၊ ချိတ်ထဘီမိုးပြာရောင်တို့ဝတ်ထားသော ဒေါ်င်းဒေါ်င်း၏အလှကား ပိုမိုပေါ်လွင်လှ၍လည်း ဂရုတစိုက်ကြည့် ကြဟန်တူပေသည်။

"အစ်ကိုချမ်းစိတ်ထဲတော့ အန္တရာယ်တစ်ခုခုကပ်ပါလာတယ်ထင်တာပဲ. . . . ဒေါ်င်းဒေါ်င်းရယ်"

"ဘာအန္တရာယ်ပဲဖြစ်ဖြစ်. . . အစ်ကိုချမ်းရှိနေရင် ဒေါ်င်းဒေါ်င်းတော့မကြောက်ပေါင်. . . ရင်ဆိုင်ရဲတယ်"

"ပြီးရော. . . ပြီးရော"

ဟုပြောရင်း လေယာဉ်ပေါ်တွင် နေရာယူလိုက်ကြသည်။ မြစ်ကြီးနားသို့ရောက်ခါနီး၍ လေယာဉ်တစ်ပတ်ဝဲလိုက်သည်။

"မြစ်ကြီးနားမှာကော ကောင်မလေးတွေဘာတွေရှိသေးလား"





"ဟာ. . . ဒေါ်င်းဒေါ်င်းကလည်း အစ်ကိုချမ်းများ ချဉ်ပေါင်ရွက်သယ်မောင်မှိုင်းမှတ်နေလို့လား။ ဟိုဒေါ်င်းဒေါ်င်းနဲ့တွေ့ပြီးတဲ့နောက်. . . အဘိုးရွှေရဲ့အစီအမံအရ ကောင်မလေးတွေ လိုက်ရှာပြီး မြေပုံစုဆောင်းရတာလေ"

"ဟင်း. . . မြေပုံစုဆောင်းရတာက နည်းနည်းရယ်။ အခုကောင်မလေးတွေက အစ်ကိုချမ်းကို မခွဲနိုင်ပါဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"အစ်ကိုချမ်းကတော့ ခွဲထားနိုင်ခဲ့တာချည့်ပါပဲကွယ်"

"သေချာပါတယ်နော်"

"ပြီးရော. . . ပြီးရော"

"ဟော. . . လျှော့ချသွားပြီ"

လေယာဉ်ဘီးနှင့်လေယာဉ်ပြေးလမ်းထိတွေ့ပြီး ငြိမ့်ကနဲဖြစ်သွားသည်။ ခဏနေတော့ လက်ဆွဲအိတ်ကို ကိုယ်စီဆွဲပြီးဆင်းလာကြသည်။ လေဆိပ်ထဲဝင်လာချိန်တွင်. . .

"အစ်ကိုချမ်း. . . အစ်ကိုချမ်း"

"ဗုဒ္ဓေါ"

ကိုရေချမ်း ပခုံးတွန့်ကာ ရေရွတ်လိုက်သည်။

"မမဒေါ်င်း. . . မမဒေါ်င်း"

"ဟ. . . အဲဒါမှ ပြဿနာပဲ"

"အစ်ကိုချမ်း. . . ဒါဘာဖြစ်တာလဲ"

"ဒါ. . . မိကျွန်ဖြူရဲ့အသံပဲ"

"ဟုတ်တယ်လေ. . . ဖြူဖြူ့ အသံပေါ့"

"သူက ဘယ့်နှယ်ဒီရောက်လာရတာလဲ"

"အစ်ကိုချမ်းပြဿနာကို ဒေါ်င်းဒေါ်င်းက ကြိုတင်ဖြေရှင်းထားနှင့်တာလေ။ ဟုတ်ပြီလား။ ပြီးရော. . . ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



"ကျေပြီ. . . ကျေပြီ"

"ဘာကျေတာလဲ"

"ညီမလေးဖြူဖြူလာ။ သားလေးဖိုးချမ်းရောဟင်"

"ကားပေါ်မှာ မမဒေါင်း။ ဟင်း. . . အစ်ကိုချမ်းကြီးက စကားလည်းမပြောဘူး"

"ဝမ်းသာလို့ပါ မိကျန်ဖြူရဲ့။ သားသားကောပါတယ်ဟုတ်လား"

ဘက်ဂေ့ချ်လုပ်ထားသော ပစ္စည်းများရွေးပြီးနောက် ကားပေါ်သို့တင်လိုက်ကြသည်။

"ကဲ. . . ကိုဘကျော်အိမ်ကိုမောင်း"

"ဟ. . . မိကျန်ဖြူက ဒီမှာနေလို့လား။ တည်းခိုခန်းမတည်းဘဲ။ ဘာကြောင့်အိမ်ကိုမောင်းရတာလဲ"

"အိမ်တစ်လုံးကြိုတင်ငှားထားတယ် အစ်ကိုချမ်းရေ"

"ဟဲ့ . . . ဒေါင်းဒေါင်းတို့က တော်လှချည်လား"

"ဟိုရောက်တော့ တွေ့မှာပေါ့"

နှစ်ထပ်တိုက်အိမ်ကလေးက မြို့ပြင်ခပ်ကျကျဖြစ်ပြီး ကြီးမားသော ခြံဝန်းကျယ်ကြီးအလယ်တွင်ဖြစ်နေ၍ နေချင့်စဖွယ်ဖြစ်နေသည်။ ပန်းမျိုးစုံကို အကွက်ကျကျစိုက်ပျိုးထား၍ မွှေးကြိုင်ပျံ့သင်းနေသည်။ အိမ်၏အပေါ်ထပ်တွင် ပစ္စည်းများကို နေရာချထားလိုက်သည်။

"ဟ. . . ဘယ်လိုလဲဟ။ ဒေါင်းဒေါင်းက တစ်ခန်း အစ်ကိုချမ်းက တစ်ခန်းပါလား"

"ဟုတ်တယ်လေ အစ်ကိုချမ်း။ မိကျန်ဖြူကလည်း တစ်ခန်းသပ်သပ်နေတယ်လေ"

"တစ်မျိုးကြီးပဲ"

ကြည်လှမောင်စာပေ



အောက်ထပ်ဆင်း၍ ထိုင်ကာစကားပြောနေစဉ် လာချသော သံပုရာရည်ကိုသောက်လိုက်သည်။ အရသာကိုမှတ်မိနေသည်။ ဘယ်သူ့လက်ရာဆိုတာသိလိုက်ပြီ။

"အစ်ကိုချမ်းကြိုက်တဲ့ သံပုရာရည်လေးသောက်လိုက်ပါအုံးရှင်"

"ဘုရားကယ်တော်မူပါ"

ဟု ယောင်ရမ်းအော်ရင်း . . . .

"ဘာလဲ. . . မိဝါဆိုတဲ့ သူရဲလာခြောက်တယ်ထင်လို့လား"

"အင်းလေ. . . မိဝါက ဘယ်ကနေဘယ်လိုရောက်လာ"

"မမဒေါင်းရဲ့အစီအမံလေ။မိဝါကအရင်ရောက်အောင်လာပြီး အိမ်ရှာငှားထားရတယ်။ ခရီးစဉ်အတွက် လိုအပ်တာတွေကိုဝယ်ထားနှင့်ရတယ်လေ"

"မရွှေဒေါင်း. . . ခင်ဗျားကတော့ တကယ့်ညွှန်ကြားရေးမှူးကြီးပေါ့လေ"

"ဟုတ်တယ်လေ. . . အစ်ကိုချမ်းရဲ့။ ဒီလုပ်ငန်းကြီးတအောင်မြင်ဖို့ထက် ကျရှုံးဖို့များတယ်ဆိုတာရယ်၊ နောက်ကျရှုံးဖို့ထက် အသက်ပေးရဖို့များတယ်ဆိုတော့ အစ်ကိုချမ်းတို့တကယ်ချစ်တဲ့သူတွေဟာ အတူပူးပေါင်းပြီးလုပ်ကိုင်ကြရမယ်။ နောက်သူတို့နဲ့လည်း သက်ဆိုင်နေတယ်လေ။သက်ဆိုင်နေတယ်ဆိုတာက မနဥစ္စာကိုသက်ဆိုင်ခြင်းထက် အစ်ကိုချမ်းကို သက်ဆိုင်ခြင်းဆိုတဲ့ နှလုံးသားရေးရာတွေပါ ပါဝင်ပတ်သက်နေလို့ပေါ့"

"ဒါဆို. . . ခမ်းမွန်ကော"

"ပါပါတယ်ရှင်။ အစ်ကိုချမ်းရဲ့ ခမ်းမွန်နဲ့စိုင်းသိဟာက ပူတာအိုကနေ သပ်သပ်စောင့်ပြီး လမ်းပြတို့ အထမ်းသမားတို့ ဝန်တင်လားတို့ စီစဉ်နေတယ်လေ"

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အကွက်စေ့ပါပေ့. . . ဒေါင်းဒေါင်းရယ်"

"ဒါက ညီမလေးမိဝါရဲ့အရည်အချင်းနဲ့ ငွေကြေးက အဓိက ပါနေတာပေါ့။ နောက်အကိုချမ်းပြောတဲ့ ဂြိုလ်(၆)လုံးတစ်တန်း တည်းကျနေမယ့်အချိန်က သိပ်မဝေးတော့ဘူးလေ။အချိန်တိုတို အတွင်းအချိန်မီအောင်လုပ်ရမှာဆိုတော့ စိတ်ချရတဲ့သူတွေ အကူ အညီယူရတာပေါ့ရှင်"

ဒေါင်းဒေါင်း၊ မိကျန်ဖြူ ဝါဆိုနှင့် ခမ်းမွန်တို့၏ ကျောမျှား မှ ကူးယူထားသော မြေပုံများနှင့် ဒေါင်းဒေါင်းအိမ်တွင် ဒေါင်း ဒေါင်းအဖေထားခဲ့သော ဓာတ်လှေကားအခန်းသော့တို့ကို သူ့ နေရာနှင့်သူ သုံးရန်အစီအစဉ်ဆွဲကြရတော့သည်။

နောက်သုံးရက်ခန့်တွင် ဆက်၍ခရီးထွက်ဖို့ပြင်ကြရသည်။

"မြစ်ကြီးနား-ပူတာအို ခရီးစဉ်ကားကြမ်းတမ်းလှသည်ဖြစ် ၍ ကိုရေချမ်းနှင့်ကားမောင်းသူအပြင် အပိုဒရိုင်ဘာတစ်ယောက် သာပါမည်ဟု ကိုရေချမ်းကြေငြာသည်။ သို့သော် အများကန့်ကွက် ချက်အရ ပယ်ခဲ့ရသည်။ ဝါဆိုက ဒီလမ်းကိုကျွမ်းကျင်ပြီးသား။ ထို့ပြင် ကားနဲ့ပတ်သက်၍ပျက်ခဲ့ပါကလည်း ဝါဆိုကသာကျွမ်း ကျင်သည်။ ဒီလမ်းရှာတွေ မှာ အိပ်ရန်တည်းခိုရန်အတွက်လည်း ဝါဆိုကစီစဉ်ထားသည်တဲ့။ ဒါကြောင့်. . . ဒေါင်းဒေါင်းနဲ့ မိကျန်ဖြူက လေယာဉ်နဲ့သွားရမည်ဟု အတည်ပြုကြသည်။ ဒေါင်း ဒေါင်းက ကိုယ်ဝန်နဲ့မို့ မိကျန်ဖြူက ကလေးငယ်နဲ့မို့တဲ့ ကိုရေချမ်း တစ်ယောက် ခေါင်းညိတ်ရုံမှတစ်ပါး ဘာမှမတတ်နိုင်တော့ချေ။ မြစ်ကြီးနားမှ ကားဖြင့်စထွက်လျှင်ထွက်ခြင်း လမ်းကား ချောမွေ့ သေးသည်။

"ဒါက. . . တန်ဖရဲလို့ခေါ်တယ် အစ်ကိုချမ်းရဲ့"

"သိပါတယ်. . . ကချင်မလေးရယ်"

ကြည်လှမောင်စာပေ



"အံမယ်. . . အစ်ကိုချမ်းက ကချင်မလေးကို သတိရနေပြန် ပြီထင်တယ်"တဲ့။

ဆွမ်ပရာဘွမ်အထိ လမ်းကကျောက်ကြမ်းလမ်းဖြစ်နေ၍ အဆင်တပြေသွားလို့ရသေးသည်။ ကားကလည်း ဂျစ်ကားပေမယ့် အင်ဂျင်အကောင်းစားလဲပြီးတင်ထားသည်မို့ ပြဿနာမရှိ။ ဆွမ် ပရာဘွမ်ကား တောင်ကုန်းအမြင့်ပေါ်တွင် အနောက်တိုင်းဆန် ဆန်ဆောက်ထားသော အိမ်ကလေးများအစီအရီနှင့် နေချင့်စဖွယ် ရှိလှသည်။ ဆွမ်ပရာဘွမ်တွင် တစ်ညအိပ်ရသည်မှာ အနောက် နိုင်ငံမှာအိပ်ရသည်ဟုပင် စိတ်ထဲကထင်နေမိသည်။ နှင်းတွေက ဖြာဖြာကျပြီး အလွန်အေးလှသည်။ အလယ်မီးဖိုခမ်းထဲရှိ မီးဖိုထဲသို့ ခြေသလုံးခန့်ထင်းတုံးကလေးတွေကိုထည့်လိုက်သောအခါ ထိုအပူ ငွေ့များသည် အိမ်ကိုပတ်၍ထားသော ပိုက်လုံးတစ်လျှောက်စီးဝင် သွားပြီး အိမ်ကလေးကနွေးနေသည်။ ကားဒရိုင်ဘာနှစ်ယောက် ကတော့ ၎င်းတို့အိပ်ယာအောက်တွင် မီးသွေးမီးဖိုများထား၍ အိပ် ကြသည်။ ဝါဆိုက ဧည့်ခန်းမီးဖိုဘေးအိပ်ချင်သည်ဆို၍ ဧည့်ခန်းမှာ ထားသိပ်ရသည်။ တစ်ယောက်တည်းမအိပ်ရဲဟုဆို၍ ကိုရေချမ်းက ပက်လက်ကုလားထိုင်တစ်လုံးဖြင့် စောင့်၍အိပ်ရသည်။

"အစ်ကိုချမ်းလည်း ဒီအောက်ဆင်းအိပ်ပါ။ ဒါမှ ဆွမ်ပရာ ဘွမ်ရဲ့ညက အမှတ်တရရှိမှာပေါ့"

ဟု ဝါဆိုအပြောလေးကိုသနားပြီး ဆင်းအိပ်လိုက်သည်။

ကျောချင်းကပ်ကာ အိပ်ရင်းမှနေ၍ မနက်မိုးလင်းတော့ ဝါဆိုတစ်ယောက် ကိုရေချမ်းရဲ့ ရင်ခွင်ထဲရောက်နေသည်။ ကိုရေ ချမ်းတစ်ယောက်အိပ်မောကျနေဆဲ။ ဝါဆိုက အရင်နိုးလာဟန်တူ သည်။ ဝါဆို၏ တင်းတင်းကျပ်ကျပ်ဖက်လာမှုကြောင့်သာ ကိုရေ ချမ်းနိုးလာမိသည်။

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ညီမလေးဝါဆိုရယ်"

ဟု ညည်းတွားရင်း အစ်ကိုချမ်းက နဖူးကို ဖွဖွလေးနမ်းမိသည်။

"ညီမလေးတဲ့လား. . . အစ်ကိုရယ်၊ မိဝါကို ပြင်မခေါ်တော့ဘူးလားဟင်. . အစ်ကိုချမ်း"

"မိဝါကို အစ်ကိုချမ်း ဘယ်လိုခေါ်ရမလဲဟင်"

"ဒေါင်းဒေါင်းကို ခေါ်သလိုပေါ့"

"ကဲ. . . ဝါဝါလို့ခေါ်ရင် ကျေနပ်ဟုတ်လား"

"တစ်ဘဝလုံးအတွက် ကျေကျေနပ်နပ်ကြီးယူသွားပါ့မယ် အစ်ကိုချမ်းရယ်"တဲ့။

ဆွမ်ပရာဘွမ်ကနေ နှင်းကွဲသော အချိန်နံနက်(၁၀)နာရီလောက်မှ ထွက်ခဲ့ကြသည်။ ဆွမ်ပရာဘွမ်က ထွက်ကတည်းက မြို့ခံလူတွေပြောပြချက်အရ ပေါက်ပြား၊ သံတူရွင်း၊ တူ၊ သံ၊ သစ်တိုသစ်စတွေကားပေါ်တင်ခဲ့ရသည်။ တံတားတွေက ရွှံ့နေပျက်နေသည်မို့ သွားရင်းပြင်ခဲ့ရသည်။ ဝါဝါ ကြိုတင်၍ဝယ်ထားသော နှစ်လုံးပြူးသေနတ်နှစ်လက်ကိုလည်း ဝါဝါတစ်လက် ကိုရေချမ်းတစ်လက်လွယ်ထားကြရသည်။ နှစ်လုံးပြူးမှစိတ်ချရသည်တဲ့ တောကောင်ကြီးတွေပေါ်များစွာဖြတ်သန်းနေကြ၍တဲ့။ လက်ရှိတံတားမှ သံစူး၍ လမ်းတွင် ကားဘီးတစ်လုံးပေါက်သည်။ ဘီးအပိုကိုလဲ၍မောင်းလာရသည်။ အချိန်က အလွန်ဖင့်သည်။ ထိန်နန်ရွာပျက်ရောက်တော့ ညာဘက်လမ်းကွဲအတိုင်း (၃)မိုင်လောက်အရောက်တွင် ကားဘီးတစ်လုံးထပ်ကွဲပြန်သည်။

"ကျွန်တော်တို့နှစ်ယောက် ဆွမ်ပရာဘွမ်ပြန်ပြီး ကားဘီးလဲရမယ် ဆရာ"

"ဟာ. . . ဒါဆို တို့နှစ်ယောက်တည်း နေခဲ့ရမှာပေါ့"





"ဟာ. . . ကောင်းတယ်။ ဝါဝါ တို့နှစ်ယောက်တည်းနေရမှာ ဟုတ်လား"

ဟု လက်ခုပ် လက်ဝါးတီးပြီးပျော်နေသည်။

"မှောင်နေမှာဆိုတော့. . .ကျွန်တော်တို့က မနက်မှပဲ ပြန်လာမှာ။ ကားတာယာအပိုတစ်လုံးပါထပ်ဝယ်ခဲ့ရမယ်"

"ကဲကွာ. . . လွတ်ရမှာပေါ့။ ဘယ်တတ်နိုင်မှာလဲ"

မမှောင့်ဟမှောင်တွင် ဘေးနားရှိ တောင်ယာတဲအပျက်တစ်လုံးပေါ် တက်ကာ ရှင်းလင်းလိုက်သည်။ တဲတွင်းရှိ ကြမ်းများ မပြည့်စုံ၍ ဘေးဝါးရုံမှ ဝါး(၃)လုံးခုတ်ကာ သယ်ခိုင်းလိုက်သည်။ အကာအရံကတော့မဆိုးလှ။ ထီးရိုးဝါးကို အလုံးလိုက်ကပ်ပြီး တုပ်ထားသည်။ တံခါးကလည်း အထဲကနေ ဝါးကပ်ကြမ်းအချပ်လိုက်ကို ကြိုးဖြင့်ဝါးလုံးရှိုပြီး ပိတ်ရသည်။

"ကဲကွာ. . မင်းတို့သွားလို့ရပြီ။ လက်နှိပ်ဓာတ်မီးတစ်လက်ယူသွား။ တို့ဖို့ မီးအိမ်တစ်လုံးထားခဲ့"

အိပ်ယာခင်းခြင်ထောင်ထောင်ပြီး စကားပြောနေကြစဉ် ဖုန်းဆိုးဘေးရှိ ဝါးတောများက တဖြောင်းဖြောင်းမြည်လာကြသည်။ ဝါးကို တုတ်ဖြင့်ခေါက်သောအသံများ ဆူညံသွားသည်။ အဝေးမှ မြည်လာပြီး တဖြည်းဖြည်းနီးလာသည်။ နောက်ဝေးသွားသည် နောက်တဖြည်းဖြည်းနီးလာပြန်သည်။

"ကြောက်တယ်. . . ကိုကို"

"ဟာ. . . အစ်ကိုချမ်း တစ်ယောက်လုံးရှိနေတာ"

"အဲဒီ. . . အစ်ကိုချမ်းက ကြောက်စရာကောင်းရင် သိပ်ကောင်းမှာ"

ဟုပြောရင်း တုန်တုန်ယင်ယင်နှင့် ကိုရေချမ်းရင်ခွင်ထဲဝင်လာသည်။ ကိုရေချမ်းကိုတိုးဝှေ့ဖက်ကာ အပေါ်က ကွမ်းခြံကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖိချုံထားသည်။

"ဟဲ့. . . မိဝါ၊ အသက်ရှူကြပ်တယ်ဟဲ့"

"ဟင့်အင်. . . ရှက်တယ်"

ကိုရေချမ်း ခေါင်းမြီးခြုံဖွင့်လိုက်သောအခါ မှန်အိမ်လေးကား လေကြောင့်ငြိမ်းနေချေပြီ။ အပြင်တွင် မှောင်နေဆဲ။ ထို့အတူ ထိန်နန်ရွက်ပျက်အနီးတောင်ယာတဲ ကလေးတွင်လည်း မှောင်နေဆဲ။

■



## အခန်း (၂၄)

ပွတာအိုရှိ တည်းအိမ်သို့ရောက်လာသောအခါ . . .

"အစ်ကိုချမ်းတို့ဆွမ်ပရာဘွမ်ကထွက်တော့ ရွာပျက်လမ်းတွဲ အလွန်မှာ ကားဘီးပေါက်သေးတယ်ဟုတ်"

"အင်း"

"နောက်အဲဒီမှာ ညအိပ်တော့တောခြောက်သေးတယ်ဟုတ်"

"ဟုတ်ပ"

"အီကိုလုပ်တာ"

ဟုပြောကာ ဒေါင်းဒေါင်းရယ်လေတော့၏။

"မမဒေါင်း. . . နောက်တောက်တောက် ဘာတွေလျှောက် ပြောနေတာလဲ"

"ကိုကိုနော်. . . မမဒေါင်းကို ဆုံးမပေးဦး"

"အမလေး. . . မဝါရယ်။ မဝါပဲ ကိုရေချမ်းကို ချစ်တယ်ဆို အဲဒါ ကိုရေချမ်းအသေးစား တစ်ယောက်ပေးခဲ့ဖို့လုပ်တာလေ။ အခု. . . ခရီးစဉ်ကအန္တရာယ်ဘယ်သူ့အပေါ်ရောက်မှန်းမသိဘူး။ တို့မအောင်မြင်ရင်. . . ဒေါင်းဒေါင်း ကလေးရယ်၊ မဝါ ကလေး ရယ်က ဆက်ပြီးကြိုးစားကြရမှာမဟုတ်လား"

"ကိုကို့. . . မမဒေါင်း ရှက်စရာတွေလာပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှက်စရာမဟုတ်ပါဘူး. . . မဝါရယ်"

"လူသားတွေဆိုတာ စွန့်စားပြီးအသစ်အသစ်ကို ရှာကြတာ မဟုတ်လား။ အခုလည်း. . . ကိုရေချမ်း (သို့မဟုတ်) ဒေါင်းဒေါင်း တစွန့်စားခဲ့ရင် ကျန်တဲ့သူတွေကို မဝါက ဦးဆောင်ရမယ်။နောက် မဝါက ပြီးပြတ်အောင်မလုပ်နိုင်ရင် ကျန်တဲ့မျိုးဆက်တွေကဆက် ပြီး အောင်မြင်အောင်ကြိုးစားရမယ် မှတ်လား"

"တော်ပြီ. . . မမဒေါင်းတို့အနား မနေတော့ဘူး"

ဟုဆိုကာ ဝါဝါတစ်ယောက် အိမ်ပြင်သို့ထွက်သွားတော့သည်။

"အလကားပြောတာပါ။ နောက်ကလိုက်လာတဲ့ ဦးလေး သက်တင်တို့ကို လမ်းလွှဲပေးတာလေ။ အဲဒါကို ဖြူဖြူ လိုက်ပြောပြ လိုက်ဦး"

ဟုတ်သည်။ အဲဒီကထွက်တော့ ဒရိုင်ဘာတွေယူလာသည့် လင့်ရိုဘာဖြင့် တခြားလမ်းမှ မောင်းထွက်ခဲ့ကြသည်။ ဒရိုင်ဘာတွေ နှင့်အတူပါလာသောစုံတွဲနှင့်အတူ ဒရိုင်ဘာကို ယင်းကားနှင့် ထား ခဲ့သည်။ အဲဒီတောလမ်းအတိုင်းဆင်း၍ သူတို့တစ်တွေ တောပစ် ကြမည်။ တောပစ်ပြီး (၃)ပတ်လောက်ကြာမှ ဆွမ်ပရာဘွမ်သို့ပြန် ဝင်ကြမည်။ ဒါဆိုလျှင် ဦးလေးသက်တင်တို့အဖွဲ့ကို ခြေရာဖျောက် ဖျက်၍ရပေပြီ။ အဲဒီအချိန်မှာ ကိုရေချမ်းတို့အဖွဲ့က ရေခဲတောင် တွေ၏အတွင်းပိုင်းကို ရောက်နေလောက်ပြီဖြစ်၏။

ကိုရေချမ်းပြောသော ဥတ္တရဖလရုနီနက္ခတ်နှင့်တည့်သော အချိန်မှာ ဂူစခန်းမှထွက်ခဲ့ကြသည်။

"အစ်ကိုချမ်းကလည်း ညီမတို့ကိုညာပြန်ပြီ။ ကောင်းကင် မှာ ဘာနက္ခတ်မှလဲမတွေ့ရဘဲနဲ့ ဥတ္တရဖလရုနီနက္ခတ်လေး ဘာ လေးပြောနေသေးတယ်။ မိဝါတို့များ ကလေးတွေ အောက်မေ့လို့ ထင်တယ်"





"အင်း. . . ပြောရမှာခပ်ခက်ခက်ပဲ။ ကဲ . . . အလွယ်ဆုံး ဥပမာပေးမယ်။ ကမ္ဘာမြေကြီးမှာ သဘာဝသံလိုက်တုံးကြီးရှိတယ်။ အဲဒါကိုမြင်ရလား"

"မမြင်ရဘူး"

"မမြင်ရဘူးဆိုလို့ မယုံဘူးလား"

"အဲဒါကို လက်တွေ့ပြနိုင်တယ်လေ"

မချမ်းဘာမှထွက်ခွါခဲ့သည်။ နှစ်ညအိပ်ခရီးလွန်ခဲ့ပြီဖြစ် သည်။ ယခု တတိယညမြောက်ခရီးအတွက် တောင်မကြီးလွင်ပြင် အား မြင်နေရသောတောင်ထွဋ်ကမူတစ်ခုဆီသို့ ရောက်ရှိနေကြ ချေပြီ။ ဒေသခံအထမ်းသမားလဗျဂန်၏အပြောအရ ဝက်ဝံ တောင်ဟုခေါ်ကြောင်းသိရသည်။ ယခင်က ဝက်ဝံအလွန်ပေါသည့် နေရာဟုသိရ၍ လုံခြုံမှုအမိကထားကာ ဝက်ဝံမရှိသော ဂူဟောင်း တစ်ခုတွင် မီးဖိုကာ ရပ်နားလိုက်ကြသည်။ အခုတွင်ကား ကား လမ်းသုံးသောအဖွဲ့နှင့် လေယာဉ်ဖြင့်သွားသောအဖွဲ့၊ အဖွဲ့နှစ်ဖွဲ့ ပြန်လည်ပေါင်းမိပြီဖြစ်၍ ကိုရေချမ်းအတွက် စိတ်အနည်းငယ် သက်သာရာရမိပေသည်။

ယခင်ကအဖွဲ့နှစ်ဖွဲ့ခွဲခဲ့ရာ ပြောခဲ့ပြီးသောအဖွဲ့တွင် ကိုရေ ချမ်းမှ ဦးဆောင်ပြီး အခြားအဖွဲ့တွင် စိုင်းသီဟမှ ခေါင်းဆောင် ခဲ့ပေသည်။ စိုင်းသီဟအဖွဲ့ကား နန်းတိယုချောင်းဖျားမှာရှိသည်။ ကိုရေချမ်းတို့အဖွဲ့ ဒင်းဂျန်းခေါင်သို့ရောက်သောအခါ ၎င်းရွာရှိ အသုဘာတွင် မိမိတို့အဖွဲ့အား အိပ်ဆေးခတ်ပြီး လျှို့ဝှက်သော့နှင့် အရေးကြီးသောပစ္စည်းများ လုယက်ယူငင်ဖို့ရှိကြောင်း. . . နဝိ ကတည်းကသိထားရသည်။ သို့သော် ဖြစ်ချင်တော့ ရွာမှာအသုဘာ က နှစ်ခုဖြစ်နေသည်။ ဘယ်လိုဖြစ်ဖြစ် ပထမတွေ့ သောအသုဘာ မှာပင် ရွာရှိလူမျိုးတို့၏ ဓလေ့ထုံးတမ်းအရ ဝင်၍စားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် မှာထားသည့်အတိုင်းအစားအသောက်ကို ကြမ်းပေါက်မှဖြဲချထားလိုက်ကြသည်။ နောက်ပြီး အိပ်ပျော်ချင်ယောင်ဆောင်နေသောအခါ မိမိတို့ထံရှိသော သော့အတုနှင့် အရေးကြီးပစ္စည်းအတုများကို အိပ်ဆေးခတ်သူများမှ ယူ၍ထွက်သွားကြသည်။ ထိုသူ တို့ထဲမှ တစ်ယောက်ကိုဖမ်းမိရာ သူ၏ပြောစကားအရ မိမိတို့အဖွဲ့တွင် ယခုရှိနေသော စိုင်းသီဟနှင့် ခမ်းမွန်မှာအတုဖြစ်ကြောင်း သိလာရသည်။

ဒီတော့မတတ်နိုင်သည့်အဆုံး စိုင်းသီဟတို့အား မူလလာလမ်းဖြစ်သော နန်းတိယုချောင်းအားစွန့်လွှတ်၍ ရှိုနိုင်းဂါးတောင်တန်းနှင့် ရှိုနိုင်းဂါးရေတံခွန်ကိုကျော်ဖြတ်ကာ မိမိတို့ရောက်မည့်တမေ့ချောင်းဖျား အစစ်လောင်းရွာပျက်အနီးလာခဲ့ရန် ခိုစာပို့လိုက်သည်။

နောက်နှစ်ရက်ခန့်ကြာသောအခါ အစစ်လောင်းအနီးမှ ခြုံခိုစောင့်ကာ ခိုစာရပြီး ကြိုတင်စောင့်နေသော စိုင်းသီဟအတုနှင့် ခမ်း မွန်အတုကို ဖမ်းဆီးလိုက်သည်။ စိုင်းသီဟနှင့် ခမ်းမွန်အစစ်ရှိသောနေရာကို အတော်လေးစစ်မေးယူရသည်။ စိုင်းသီဟအတုမှာကား သောင်းကျန်းသူအဖွဲ့ထဲလုပ်ဖူးသူဖြစ်၍ အတော်ကလေး ခေါင်းမာသည်။ မတတ်နိုင်သည့်အဆုံး နည်းစနစ်သုံး၍ မေးသောအခါတွင်မှ စိုင်းသီဟအစစ်နှင့် ခမ်းမွန်အစစ်တို့အား ဂပိုင်ချောင်းဖျားတောင်ထိပ်ရှိ ဂူထဲတွင် ဝက်ဝံသတ်ချင်သတ်ပေ့စေဟု ငုတ်ရိုက်၍ချည်ထားခဲ့ကြောင်း ပြောပြကြသည်။ သူတို့နှစ်ယောက်အား လမ်းပြစေပြီး ခရီးပြင်းနှင်ခဲ့ရာ တစ်ရက်နှင့် တစ်ညအိပ်ခရီး ကြာသောအခါ မျော့မျော့သာ ကျန်တော့သော စိုင်းသီဟနှင့် ခမ်းမွန်တို့ကိုတွေ့ခဲ့ရသည်။ သူတို့ကို ချည်နှောင်ထားသော ဂူ၌ပင် မတော်သူ့ထိပ် တော်သူ့ထိပ်သဘောထား





လျက် စိုင်းသီဟအတုနှင့် ခမ်းမွန်အတုနှစ်ယောက်အား မြေပြင်တွင် ကားကျက်ကာ ငုတ်ရိုက်လျက် ချည်နှောင်ထားခဲ့ကြသည်။

လောကတွင် တူသောအကျိုးကား ချက်ခြင်းအကျိုးပေးသည်ကို စိုင်းသီဟနှင့်ခမ်းမွန်အတုနှစ်ယောက် သဘောပေါက်လောက်ကြပြီဖြစ်လေသည်။

ဂပိုင်တောင်ထိပ်သည်ကား ဆာလာအပ်ရေအိုင်ကြီးတိုအစအဆုံးမြင်ရ၏။ ဆာလာအပ်ရေအိုင်ကို ဖြတ်ကျော်လိုလျှင် ဂပိုင်တောင်ထပ်ရှိ ယခုလမ်းကိုမဖြတ်ဘဲ မဖြစ်နိုင်ချေ၊ သို့ဖြစ်၍ စိုင်းသီဟနှင့်ခမ်းမွန်အတုနှစ်ယောက်ကို ချုပ်နှောင်ထားသည့် တောင်ထိပ်တွင်ကား ဂူအကျယ်ကြီးတစ်ခုရှိ၏။ မြင်ကွင်းသည် ရှင်းလှ၏။ အေးသောဒေသဖြစ်၍ ရေအဖြစ်နှင်းကို အပူပေးယူလျှင် ရေကိုလိုသလောက်ရ၏။ သို့သော် ထင်းကားအလွန်ခက်ခဲ၏။ ယခု ဂူအနီးတဝိုက်တွင်ထင်းပေါလှသည်ဖြစ်ရာ စိုင်းသီဟနှင့် အလေးအပင်ပစ္စည်းအားလုံးကိုလည်းကောင်း၊ ပိုသောအထမ်းသမားအားလုံးကိုလည်းကောင်း နောက်ချန်အဖြစ်ထားခဲ့မည်ဖြစ်သည်။ ထို့ပြင်တိုက်ခိုက်မှုဖြစ်ပါက လိုအပ်သလိုကာကွယ်ရန် လိုင်စင်ရယူထားသည့် နှစ်လုံးပြူးသေနတ်နှင့် ပွိုင့်တူးတူးသေနတ်၊ ရိုင်ဖယ်အပါအဝင် စုစုပေါင်းသေနတ်ရှစ်လက်နှင့်ကျည်များကို ချန်ထားခဲ့ပေသည်။

မိမိတို့ဆာလာအပ်ရေအိုင်ကိုဖြတ်ပါက ရေခဲနေသော ရေခဲပြင်အမာပေါ်ရှိ လူသွားလမ်းအတိုင်း သွားရမည်ဖြစ်ပြီး နှင်းတျခြင်းနည်းပါးသည့် နေ့လည်(၂)နာရီခန့်တွင် မြင်ရသောအစက်အပြောက်ကလေးကို လက်ညှိုးထိုးပြပြီး ၎င်းနေရာ၌ မီးခိုးလုံးအဝါတွေများစွာမြင်က စစ်ကူလာရန်နှင့် မီးခိုးလုံးခရမ်းပြာရောင်



www.burmeseclassic.com

www.burmeseclassic.com



တွေမြင်က ဂပိုင်တောင်ထိပ်ကို စွန့်ခွာ၍ လုံးဝပြန်သွားရန် နှစ်ချက်ကို မှာထားနိုင်ခဲ့ပေသည်။ လုံးဝပြန်သောအခါ ဆုံရပ်နှင့် စကားဝှက် တစ်ခါတည်းပေးထားခဲ့သည်။

အသုံးအဆောင်ရှိသောရွာမှ ကူညီလိုက်သည့် လား(၅)ကောင်အပါ အဝင်ပစ္စည်းအားလုံးလိုလိုသည် စိုင်းသီဟထံတွင်သာ ထားခဲ့ရမည်ဖြစ်ပေသည်။ မိမိတို့ဆာလာအပ်ရေအိုင်အတွင်း စုန်းစုန်းမြုပ်သွားပါကလည်း တစ်လခန့်ကြာပြီးသောအခါ စိုင်းသီဟတို့သည် တောင်ထိပ်ကိုစွန့်ခွာပြီး ပြည်မကြီးသို့ပြန်ကြရမည်ဖြစ်သည်။ မိမိတို့အဖွဲ့ ဆာလာအစ်ရေအိုင်အတွင်း မျက်စိလည်နေပါကလည်း မိမိတို့အချက်ပြသည့်နေရာကိုလာရောက်လျက် ရိက္ခာနှင့်စစ်ကူများ လာပို့ရန်ဖြစ်ပေသည်။

"ကဲ. . . သူငယ်ချင်းစိုင်းသီဟ စိတ်ချပါရစေကွာ"

"စိတ်ချပါ. . . ရေချမ်းရာ။ ငါအသက်နဲ့လဲပြီး မင်းရဲ့လုပ်ငန်းတွေကိုဆက်လက်ဆောင်ရွက်ပေးပါမယ်။ ငါ့ကတိသစ္စာကို ယုံသောအားဖြင့် ငါ့ညီမလေးခမ်းမွန်ကိုလည်း ဂရုစိုက်ပါကွာ"

"ဒါကတော့ မင်းပြောစရတောင်မလိုပါဘူးကွာ။ခမ်းမွန်က ငါ့ရဲ့တရားဝင်အကြင်လင်မယားဖြစ်တဲ့အပြင် ငါ့ရဲ့ ရဲဘော်ရဲဘက် commarate လည်း ဖြစ်နေပြီကွ"

"ရပါတယ်. . . အစ်ကိုချမ်းက ဒီလိုလိုက်ပါခွင့်ပေးထားတာနဲ့ကို ညီမဝမ်းသာလှပါပြီ အစ်ကိုချမ်းရော။ ညီမရဲ့ဘေးအန္တရာယ်အားလုံးကို ကိုယ့်ဖာသာကာကွယ်နိုင်ပါတယ်။ နောက်ပြီး ညီမရဲ့အသက်ကို အစ်ကို့အတွက်ပေးဆပ်ပြီးသားဆိုတော့ သေဘေးကြုံမှာအတွက်လည်းမပူတော့ဘူး"

"ပြောတတ်လိုက်တာ ခမ်းမွန်လေးရယ်"

ဟု ညည်းတွားရင်း ခမ်းမွန်လေး၏ ပခုံးလေးကို ဖျစ်ညစ်





လိုက်သည်။

"ဆာလာအပ်ရေအိုင်နဲ့ ဟောဒီဘက်တောင်တန်းကြီးတွေကို ဂပိုင်တောင်ထွဋ်တစ်ခုက စည်းခြားထားသလိုခြားထားတယ်. . ညီမတို့ရေ။ အဲဒီတော့. . . ကြောက်တတ်သူတွေအားလုံး ဟောဒီဂပိုင်တော်ထွဋ်အခြေမှာနေခဲ့ကြ။ အစ်ကိုနဲ့အတူ သေရဲတဲ့သူတွေပဲ။ ဟိုဘက်ကို ဆက်လိုက်ခဲ့ကြ"

ဟု ဖြည်းဖြည်းလေးလေးပြောလိုက်ရာ. . .

"ဟ. . . ဟ. . . အဲလိုဆိုရင် ငါကကြောက်လို့ ဂပိုင်တောင်ထိပ်ဂူမှာကျန်ခဲ့သလိုဖြစ်နေပြီကွ. . . မနေဘူး. . မနေဘူး။ ငါ လည်းလိုက်မယ်"

"ငါခွဲခြားပြီးပြောပါတယ် စိုင်းသီဟရယ်။ ဂပိုင်တောင်ထွဋ်ရဲ့တောင်ခြေဟာ စည်းတားထားတယ်လို့ပြောတယ်လေကွာ။ မင်းက တောင်ခြေမှာနေတာမဟုတ်ဘူး။ ဂပိုင်တောင်ထိပ်မှာ အရေးကြီးတာဝန်အရနေရတာလေ"

"အေး. . . အဲဒါဆိုရင်ပြီးရော"

"ကဲ. . . ဘယ်သူမျှတောင်ခြေမှာ မနေခဲ့ဘူးဆိုရင် အစ်ကိုချမ်းနဲ့ အကုန်အတူလိုက်မှာလား"

"ဟုတ်"

ဟု တစ်ခွန်းတည်းအော်ပြီး ခေါင်းလေးတွေငုံ့ထားလိုက်ကြသည်။

"မိန်းကလေးတွေများ အချစ်နဲ့ပါတ်သက်လာရင် သတ္တိရှိလိုက်ကြတာ။ သေသေကြေကြေရင်ဆိုင်ဝံ့ကြတယ်နော်"

ဟု စိုင်းသီဟက တိုးတိုးညည်းလိုက်၏။

"ဟုတ်"

ဟုသာ ကောင်မလေးလေးယောက်က ပြိုင်တူထပ်အော်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အာ ဟုတ်တာလဲဟ"

"ဟုတ်"

"နင့်မေဂလိန်းမှပဲ"

ဟု ပြောရင်း. . . ကိုရေချမ်းဦးဆောင်လျှက် နှင်းခဲပါးပါး ကျနေသော လမ်းအတိုင်းတိုက်ပွဲဝင်မည့်စစ်သည်များပမာ၊ တက်ကြွစွာချီတက်သွားကြလေတော့သည်။

■



## အခန်း (၂၅)

မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်၊ ပူတာအိုနှင့် မချမ်းဘောအဝါ အဝင် ဆာလာအပ်ရေအိုင်အထိ လာသောလမ်းသည် ကိုရေချမ်း ကိုယ်တိုင်ထန်းတော လေးခုမှ လှဲယူခဲ့သည့် ကြေးပြား လေးပြား ပေါ်မှ မြေပုံများအတိုင်းဖြစ်သည်။

ကိုရေချမ်းကိုယ်တိုင် ထန်းတောလေးခုမှ လှဲယူခဲ့သည့် ကြေးပြားကို ဝှက်စာဖော်အပြားအဖြစ် သုံးရသည်။ ၎င်းကြေးပြားကို ဖြန့်ပြီး ရွှေရောင်တော်သခင်မလေးဦး၏ ကျောမြေပုံပေါ် ထပ်တင်လိုက်သောအခါ မိမိတို့ သွားရမည့် အဓိကနေရာများကို သိရှိရမည်ဖြစ်သည်။

ယခုတဖန် ဆာလာအပ်ရေအိုင်ကြီးကို ဖြတ်ကျော်ရမည်ဖြစ်သည်။ ဆာလာအပ်ရေအိုင်ကြီးကား အေးမြသောရာသီဉတုကြောင့် ရေအိုင်၏အပေါ် မျက်နှာပြင်များမှာ မာကြောလျက်ရှိပေသည်။ အချို့မျက်နှာပြင်များသည် လူတို့ဖြတ်သန်းနိုင်လောက်သည်အထိ မာကြောသော်လည်း အချို့ကား လူသားတို့ဖြတ်သန်းနိုင်သည်အထိ မာကြောခြင်းမရှိပေ။

ဒေါင်းဒေါင်း၏ ကျောရှိ မြေပုံအတိုင်း ရေခဲပြင်ပေါ် သွားရန် အဖြေထုတ်ယူရပေသည်။ ရေအိုင်တွင်းရှိ မာခဲနေသော ရေမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပေါ်ဖြတ်ရန်အတွက်လည်း မြေပုံပါအတိုင်းဖြတ်သွားမှသာ အန္တရာယ်ကင်းမည်ဖြစ်သည်။ သို့မဟုတ်ပါက ခဲနေသောရေမျက်နှာပြင်မှ ကျွံကျပြီး ရေအောက်တွင်နစ်မြုပ်၍ သေသွားရမည်ဖြစ်သည်မှာမလွဲတည်း။ ထိုသို့မဖြစ်စေရန်အတွက် ကံကောင်းသည်မှာကား ဆံပင်ဖြူဖြူ၊ မုတ်ဆိတ်ဖြူဖြူ၊ ဝတ်ဖြူစင်ကြယ်နှင့် အဘကျုတ်ဆိုသော အဘိုးကြီးကလာရောက်ပြောပြခြင်းကြောင့် လမ်းကိုသိရ၏။ နောက်ပြီး. . . ဆာရာအပ်ရေအိုင်အတွင်းကို စိုင်းသီဟကို လက်ညှိုးထိုးပြီးပြစဉ်က မြင်နေသောအစက်အပြောက်တောင်ကုန်းကလေးတွင် သူနေကြောင်း ၎င်းနေရာရောက်လျှင် ကိုရေချမ်းတို့ထံပါသော လျှို့ဝှက်ပစ္စည်းအား လုံးကိုလည်းကောင်း၊ ပါဝင်သည့်လူအားလုံးကိုလည်းကောင်း စစ်ဆေးမည်ဖြစ်ကြောင်း။ သို့ဆိုလျှင် ပစ္စည်းအားလုံး၊ လူအားလုံးစုံ အောင် ဂပိုင်တောင်ထွဋ်မှ မထွက်ခင်ကတည်းက အသေးစိတ်စစ်ဆေးဖို့လိုကြောင်း သတိပေးခဲ့ရသည်။ အဘကျုတ်၏မှာကြားချက်အရ ရေအိုင်ထဲရှိရေခဲမျက်နှာပြင်ပေါ်တွင် ဖြတ်သောအခါ ရှေ့ခြေရာကို နောက်မှလိုက်သော ခြေရာကတစ်ထပ်တည်းလိုက်ရမည်ဖြစ်ကြောင်း သေချာစွာပြောခဲ့၏။ သို့သော်တစ်ကြိမ်တွင် ထိုသို့လိုက်ရင်း ခြေချော်လက်ချော်ဖြစ်သွားပြီး အထမ်းသမားဝဲလ်ဖုန်းသည် ရေအိုင်ထဲသို့ကျသွား၏။ တော်ပေသေးသည်။ ကိုရေချမ်းက လူအားလုံး၏ခါးကို ကြိုးဖြင့်ချည်ကာ ရှေ့လူ၏ခါးကြိုးကို နောက်လူမှကိုင်ထားသည့် စနစ်ဖြင့်ဆောင်ရွက်သောကြောင့် တော်ပေသေးသည်။ ဝဲလ်ဖုန်းရေအိုင်အထဲ,ထဲ ကျလျှင်ကျခြင်း နောက်မှကြိုးကိုင်ထားသော မိဝါက ဆွဲတင်လိုက်၏။ ဆွဲတင်မှုမြန်ဆန်၍သာ ဝဲလ်ဖုန်းအသက်ရှင်လျှက် ပါလာခြင်းဖြစ်ပေသည်။ ဒါတောင်မှ နှုတ်ခမ်းတွေပြာလောင်ပြီး သတိလစ်သွားသောကြောင့် အတော်





လေး ဆေးကုယူလိုက်ရသည်။

"ကဲ. . . ဒါနမူနာပဲဟေ့။ ဝဲလ်ဖုန်းကိုအတုယူကြ။ရှေ့ခြေထောက်က ခြေရာအတိုင်း နောက်ကမလိုက်နိုင်ရင် ရေခဲအိုင်ထဲမှာ ရေနစ်ပြီးသေမှာမုချပဲနော်"

ဟု အော်ပြောလိုက်သည်။ ဆာလာအပ်ရေခဲအိုင်ကို ဖြတ်သောအခါ သဘာဝအန္တရယ်များကို ထပ်မံတွေ့ကြုံရသေးသည်။ (၂)ရက်နှင့် (၂)ညတာအတွင်း မီးလုံးလုံးဖိုလို့မရသလို အိပ်ရမည့်နေရာလည်း မရှိပေ။ အစက်အပြောက်နေရာကလေးသည် ဆာလာအပ်ရေအိုင်အလယ်တွင် အပေါ်သို့ထိုးထွက်နေသည့် ကျွန်းအနေအထားလေးဖြစ်ပါသည်။ ထိုအပေါ်အိပ်သော တစ်ညတွင်သာ သူတို့နှစ်နှစ်ခြိုက်ခြိုက်အိပ်လို့ရသည်။ ထို့ပြင် မီးဖို,ဖိုလို့ရသဖြင့် ရေနွေး၊ ကော်ဖီစသည်တို့ကြို၍သောက်နိုင်သဖြင့် တော်တော်လေးအင်အားပြည့်ဖြိုး၍ လန်းဆန်းသွားကြသည်။

အစက်အပြောက်ရှေ့ရှိ ချောင်းပေါ်မှ ခေါက်တံတားမှာ လျှို့ဝှက်တံတားဖြစ်ပြီး ချောက်ကမ်း ပါးတစ်လျှောက် မိကျန်ဖြူကျောမှမြေပုံဖြင့် အခြေခံထားကာ ရှာဖွေယူရသည်။ ရှေ့မှာရှိသော ခေါက်တံတားကိုဖြတ်ရန် လူစစ်ဆေးခြင်းကိုလည်းကောင်း။ မီးသေတောင်ကလပ်ပေါ်တက်မည့် Cabel carကို ဖွင့်သည့် ခြောက်မြှောင့်သော့ဝိုင်းပုံကို တစ်ဦးချင်းလေ့လာမှရမည်ဖြစ်ကြောင်း အပြန်တွင်လည်း ၎င်းခြောက်မြှောင့်သော့ကို ပြောင်းပြန်ထည့်၍ အသုံးပြုရမည်ဖြစ်ကြောင်းကို ကိုရေချမ်း အိပ်ပျော်နေစဉ် အိပ်မက်လိုလို၊ တကယ်လိုလိုဖြင့် ဦးထုပ်နီဆောင်းထားသောလူထွားကြီးမှလာရောက် ရှင်းပြလေသည်။ ထို့ပြင်မီးသေတောင်နှုတ်ခမ်းဝသို့ရောက်သောအခါ မီးသေတောင်၏ တောင်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းနှုတ်ခမ်းဝမှ အောက်ခြေသို့ ခါတ်လှေကားဖြင့် ဆင်းရလေသည်။ ထိုခါတ်လှေကားဖွင့်၍ အသုံးပြုရန်အတွက်လည်း တစ်ဦးစီ၏လည်ပင်းတွင် ဆွဲထားသောသော့များက အသုံးဝင်မည်ဖြစ်သည်။ ယင်းသော့ များဖြင့်ဖွင့်မှသာ ခါတ်လှေကားသည် မိမိတို့အလှည့်အလိုက် ဖွင့်လို့ရမည်ဖြစ်သည်။ လေးဦးစီးပါက သော့ပေါက်လေးခုတွင် သော့လေးခုထည့်၍ လှည့်ဖွင့်ရန်ဖြစ်ပြီး ငါးဦးလိုက်ပါစီးနင်းပါက သော့ပေါက်ငါးခုတွင် သော့ငါးခုထည့်၍ လှည့်မှသာ ခါတ်လှေကားက ခုတ်မောင်းလို့ရမည်ဖြစ်သည်။

ထို့ပြင် ခေါက်တံတားသို့ရောက်သောအခါ မိမိတွင်ပါလာသော အထမ်းသမားအားလုံးခေါက်တံတား၏ အပြင်ဘက်ကမ်းတွင်ရှိ ဂူတွင်ချန်ထားခဲ့ရပေမည်။ ခေါက်တံတား၏ တစ်ဖက်ရှိ အတွင်းပိုင်းသို့ကား သတ်မှတ်ထားသူများသာ ဝင်ရမည် ဖြစ်သည်ကိုလည်း အိမ်မက်ထဲတွင် ယင်းဦးထုပ်နီကြီးမှပင် ရှင်းပြပေသည်။ လိုက်ရမည့် သူတို့မှာတော့ ကိုရေချမ်း၊ ဒေါင်းဒေါင်း၊ ဝါဆို၊ မိကျန်ဖြူနှင့် ခမ်းမွန်တို့ဖြစ်သည်။ ထို့အပြင်ချွင်းချက်အနေဖြင့်ကား ကိုချမ်းအေးပါလျှင် ခွင့်ပြုရမည်ဟု သီးခြားအမိန့် ထုတ်ပြန်ထားကြောင်းသိရသည်။

ယင်းကိစ္စအား အဘကျုတ်တို့အခေါ် နောင်တော်ကြီး (ဝါ) မင်းလက်ျာ(ခေါ်) ကိုရေချမ်းက အတင်းအမွေကန့်ကွက်၏။ အမျိုးကိုဖျက်သော (ဝါ) အမျိုးကိုဖျက်မည့် မင်းလက်ဝဲ (ခေါ်) ကိုချမ်းအေးအား မိမိတို့က ခေါ်ယူမသွားနိုင်သလို အဘကျုတ်က ကြည်ဖြူစွာသွားလာခွင့်ပေးမည်ကိုလည်း မလိုလားကြောင်း အတင်းကန့်ကွက်ခဲ့သည်။

သို့သော် . .

"ဒါဟာ ကံစီမံရာအတိုင်းပဲ နောင်တော်ကြီးရယ်။ကံဇာတ်





ဆရာရဲ့စီမံမှုကို ဘာကြောင့်ဆန့်ကျင်ချင်ရတာလဲ နောင်တေ ကြီးရယ်။ ဘုရားရဟန္တာသော်မှ ကံဇာတ်ဆရာရဲ့ ဆန္ဒကိုမလွန်ဆ ခဲ့ကြဘူးလေ။ နောင်တော်ကြီးကျတော့မှ လွန်ဆန်မယ်ဆိုရ ဘုရားအလိုဆန္ဒနဲ့ ပြောင်းပြန်ဖြစ်သွားမှာပေါ့"

ဟု တရားပြရှာ၏။

"ကဲ . . ဒီဋ္ဌိတော့အဖြစ်မခံတော့ဘူး. . . ညီမတို့ရေ တံ မံရာအတိုင်းပဲ ဆက်ပြီးကပြကြရတော့မှာပေါ့ ဟုတ်လား"

ဟု လှမ်းပြောရင်း အစက်အပြောက်နေရာမှ ဆက်လ ထွက်ခွာလာပေတော့သည်။

ကိုရေချမ်းအပါအဝင် သူတို့ငါးယောက်တံတားကြီး ကျော်ဖြတ်ပြီးသွားချိန်မှာတော့ နေလုံးကြီးကလည်း တောင်စွယ် ကို ဝင်သွားတာလား။ ဒါမှမဟုတ်တိမ်တိုက်တွေကပဲ နေကိုဖုံးသွ တာလား။ နှင်းတွေကပဲ တိမ်ကိုပိန်းပိတ်အောင် ကာဆီးပစ်တ လားမသိနိုင်ပါ။ ဒါပေမဲ့. . . နေရဲ့အလင်းရောင်ကတော့ အမှော ထုရဲ့ ဝါးမြိုမှုကို ခါးသီးစွာခံစားနေရချေပြီ။ အချိန်ကတော့ ည (၅)နာရီပင်မရှိသေး။ အမှောင်ထုကို ထွင်းဖေါက်သွားတဲ့အသ ကတော့ အဘကျုတ်ရဲ့အသံ။

"တစ်ယောက်"

"နှစ်ယောက်"

" - - - "

" - - - "

"ငါးယောက် . . . ဒါပဲလား"

"ဒါပဲမဟုတ်လို့ ဘယ်နှစ်ယောက်ဖြစ်ရဦးမှာလဲ အဘ"

"နောင်တော်ကြီးသိပါတယ်ဗျာ၊ နောင်တော်လေးတ သေးတယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ကို ကျွန်တော်အသိအမှတ်မပြုနိုင်ဘူး အဘ"

"မရဘူးလေ၊ နော်တော်ကြီးရဲ့ ခမည်းတော်ရှိသေးတယ်။ သူ့အလုပ်က ဆွေတော်မျိုးတော်တွေစုံမှလုပ်လို့ရမှာ"

"ကဲပါ. . . အဘကျူတ်ကသာ ခမည်းတော်မှာတဲ့အတိုင်း ည(၁၂)နာရီထိုးတာနဲ့ တံတားကိုခေါက်တင်ထားလိုက်တော့"

"စိတ်ချ. . . စိတ်ချ။ နောင်တော်ကြီး. . . အဘကျူတ်ဘက်က မပျက်ကွက်စေရဘူး"

ညအမှောင်ထု၏ နှင်းဖုံးသောနှင်းမှုန်တောထဲသို့ သက်ရှိသတ္တဝါ(၅)ဦးသည် တရွေ့ရွေ့နှင့် ထွက်ခွာသွားကြလေသည်။ အတိတ်သည် တံတား၏ဟိုဘက်တွင် ကျန်နေခဲ့သလို၊ အနာဂတ်သည်လည်း ဒီလမ်း၏အဆုံးမှာရှိသော မရဏတွင်းနက်ကြီး ထဲမှာရှိနေသည်။ အတိတ်၏ခါးသီးသော၊ လွမ်းမောတသဖွယ်ကောင်းသော ဂမ္ဘီရဆန်လွန်းသော၊ သံယောဇဉ်တို့ရစ်ပတ်တွယ်နှောင်ထားအပ်သော၊ ချစ်မေတ္တာတို့ရောပြွမ်းအပ်သော စသည် စသည် အိမ်မက်တစ္ဆေအားလုံးသည်လည်း တံတား၏ဟိုမှာဘက်ရှိ အဘကျူတ်၏ တောင်ဖေါက်ဂူလေးဘေးတွင် ပုံထားရစ်ခဲ့ရပေတော့သည်။ အိမ်မက်တစ္ဆေအားလုံးသည် ကိုရေချမ်းမှလွဲ၍ ကျန်လေးဦးသော ကိုတ္တိယတို့ရင်ဝယ်ကပ်ငြိ ကောင်းကပ်ငြိနေကြပေမည်။ ဒီလိုကပ်ငြိနေလို့ကော အနာဂတ်ရှိမရဏတွင်းနက်ကြီး၏ အနာဂတ်ယန္တရားမောင်းတံကြီးက လာရောက်ထိုးနှက်မှုမရှိတော့ဘူးတဲ့လား။ ဝေးပါသေးရဲ့ ပြန်ခြင်းမပြန်ခြင်း၊ သေခြင်းရှင်ခြင်း၊ ကွဲကွာခြင်းဆုံဆည်းခြင်း၊ မျှော်လင့်ခြင်း၊ လက်လျှော့ခြင်းအားလုံးတို့ကို ဒီယန္တရားကြီးကပဲ အချိန်မှန်မှန်လွှင့်ထုတ်ပေးနေမှာ မြင်ယောင်နေသေး။

ဒါ့ထက်သေချာတာကတော့. . . ကိုရေချမ်းအပါအဝင်





သခင်မလေး (၄)ပါးဟာ မသေချာမရေရာခြင်းတို့ ပြွမ်းတီးနေတဲ့ အမှောင်ထုထဲမှာ တစ်လှမ်းခြင်း ရွေ့လျားနေကြလေရဲ့။ အဲဒီ တစ်လှမ်းတိုင်း,တစ်လှမ်းတိုင်းဟာ မသေချာမရေရာမှုရဲ့ တိန်းဂဏန်းတွေကို ပိုလို့တန်ဖိုးမြှင့်ပေးနေတာပါဆိုတာသိရင်၊ ဒေါင်းဒေါင်းအပါအဝင် သခင်မလေး(၄)ပါးတို့ နောက်ပြန်လှည့်ပြေးကြမှာ သေချာနေပေသည်။ ထို့ထက်များစိတ်ဓာတ်အားငယ်တတ်သူဆိုရင် ကြူကြူပါအောင်ထိုင်ငိုနေကြဦးမှာမလွဲပေ။ ဒါပေမဲ့. . . ကိုရေချမ်းအပါအဝင် ဒေါင်းဒေါင်း၊ မဝါ၊ ခမ်းမွန်၊ မိကျန်ဖြူတို့သည် ကံကြမ္မာဟူသည့် ချားရဟတ်သံလိုက်စက်ကွင်းကြီး၏ ဆွဲငင်ခြင်းကြောင့် မသေချာမရေရာခြင်းတို့ ပြွမ်းတီးနေသည့် မရဏတွင်းနက်ကြီး၏ဆွဲငင်ရစ်ပတ်နှောင်ဖွဲ့ရာဆီသို့ မီးတိုးပိုးဖလံလေးများပမာ တစ်လှမ်းခြင်း တရွေ့ခြင်းတိုးဝင်နေသည်ကို အဘတာ မျက်စိတစ်ဆုံးကြည့်ရင်း . . .

"သွားပေဦးတော့. . . ကလေးတို့ရေ"

ဟု တိုးတိုးသာရေရွတ် လိုက်ပေသည်။

ကိုရေချမ်းတို့ငါးဦးကတော့ လူတို့ဖေါက်လုပ်ထားသည် ထက်ပင် ထူးဆန်းလှသည့် ခရုပတ်ပုံသဏ္ဍာန်တောင်လက်မောင်းကြီးအဆင်းလမ်းအတိုင်း တစ်လှမ်းချင်းဆင်းနေကြသည်။ ယင်းခရုပတ်လမ်းကြီးကား ဝင်္ကဘာလမ်းအသွင်လုပ်ထားရာ မြေပုံမပါလျှင် မိမိစထွက်သောနေရာကို ပြန်ရောက်နေတတ်သည်။ ဝါဆို၏ကျောမြေပုံပါလာ၍သာ တော်သေးသည်။ နှင်းခဲတို့ ထူထပ်စွာကျရောက်နေသော နှင်းခဲလွှာချပ်များပေါ်တွင် သံချွန် Crampon ပါသည့် ရေခဲပြင်စီးဘိနပ်ကြီးများဖြင့် တဖွားဖွားနင်းချလျှောက်လှမ်းသွားသံကိုကြားရသည်။ ထို့အတူ သူတို့၏ အသည်းနှလုံးများထဲတွင်လည်း စိုးရိမ်ထိတ်လန့်မှု မသေချာ



www.burmeseclassic.com

www.burmeseclassic.com



မရေရာမှုတည်းဟူသော မိုးစက်မှုန်မြားချွန်များသည် ရင်ထဲအသည်းထဲတိုင်အောင် တဖွားဖွားနှင်းချေထိုးဖေါက်ခံနေရပြီဖြစ်ကြောင်း သူတို့၏မျက်နှာများကသာ သက်သေခံလျက်ရှိပေသည်။

ညဏ်ဘုရင်ဇီးကွက်တစ်ကောင်၏ ထိတ်လန့်စွာ အော်ဟစ်သံနှင့်အတူ ဟိုးအဝေးဆီမှာ နှင်းတောပျော်ဝက်ဝံတို့၏ တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့အော်ဟစ်တိုက်ခိုက်သံများသည် ညအမှောင်ကိုဖေါက်ထွင်း၍ ကိုရေချမ်းတို့၏ နားထဲတွင်စူးစူးရှရှဝင်ရောက် စိုးမိုးလျက်ရှိသည်။

ဘေးနားရှိသစ်ရွက်မရှိတော့သော ကိုင်းခြောက်သစ်ပင်ကြီးများပေါ်တွင် ယိုးလေးခိုနေသောနှင်းခဲတို့သည် နောက်ထပ်ကျရောက်လာသည့် နှင်းခဲမှုန်တို့၏အလေးချိန်ကြောင့် အောက်သို့တဖြောဖြော တဖြုတ်ဖြုတ် ပြုတ်ကျလျက်ရှိနေသည်မှာ စည်းနရီသံတစ်ခုပဲမို့. . . ပတ်ဝန်းကျင်၏တိတ်ဆိတ်မှုကို ဖြိုခွင်းလျက်ရှိဆဲ။ ခရုပတ်သဏ္ဍာန် တောင်လက်မောင်းကြီး၏အနားစွန်းတွင်ကားကျောက်တုံးဝိုင်းဝိုင်းပြားပြားကြီးများသည် တစ်တုံးအပေါ်တစ်တုံးဆင့်လျှက်ရှိချေသည်။ ယင်းအနားသတ်ထားသော ကျောက်တုံး၊ ကျောက်ပြားများကြောင့် လူသော်လည်းကောင်း၊ ယာဉ်တစ်ခုခုသော်လည်းကောင်း၊ ခရုပတ်လမ်းအတိုင်း ဆင်းသွား၊ တက်သွားခဲ့ပါက ဘေးသို့လိမ့်မကျစေရန် ထိမ်းကွပ်ပေးထားသလိုဖြစ်နေသည်မှာ သေချာလှ၏။ ဟိုးရှေးယခင်က ယခုခရုပတ်လမ်းအတိုင်းကားများ သို့မဟုတ် ကားကဲ့သို့သော ယာဉ်များအတက်အဆင်းပြုလုပ်ခဲ့မည်ဖြစ်ကြောင်းသိသာ၏။ ဒါကြောင့် ဆင်းသောအခါမတ်လွန်းခြင်း မရှိသောကြောင့် တက်၍ ဆင်း၍ချော်ခြင်းပြုခြင်းမရှိ။





"အစ်ကိုချမ်း. . . သွားရမယ့်ဆီမရောက်သေးဘူးလား"

မိကျန်ဖြူက တိတ်ဆိတ်ငြိမ်သက်မှုကို သည်းမခံနိုင်တော့၍ ထုတ်ဖော်မေးမြန်းလိုက်သည်။ ကိုရေချမ်းထံမှ စကားပြန် လုံးဝထွက်မလာချေ။

"အဟင့်"

မိကျန်ဖြူထံမှ ရှိုက်သံလိုလိုထွက်လာ၏။

"ညီမလေးဖြူကလည်းကွာ၊ အစ်ကိုချမ်းကရှေ့မှာဦးဆောင်ပြီးသွားနေရတာ ဘယ့်နှယ်လုပ်အဖြေပေးနိုင်မှာလဲ"

ဟု ဒေါင်းဒေါင်းကကြားထဲကဝင်အဖြေပေး၏။

"အခုမှအစပဲရှိသေးတယ်ဟေ့"

ဟု ကိုရေချမ်းက လှမ်း၍အော်၏။

"ဟောကြည့်. . . မမဒေါင်းကျတော့ ပြန်ပြောတယ်. . ဟင့်ဟင့်"

ဟု ငိုပါတော့၏။

"ဟဲ့. . . ဖြူမ၊ နင့်အသံတွေလျှောက်ထွက်မနေနဲ့။ ဒီလကဝက်ဝံတွေမိတ်လိုက်တဲ့လ၊ တော်ကြာ ဝက်ဝံအကုတ်ခံနေရမယ်"

ထိုစဉ် ခမ်းမွန်က မဝါ၏ကျောကိုပုတ်၍ပြောလိုက်ရာ. . .

"အမလေးတော့. . . ဝက်ဝံပုတ်တယ်တော့"

ဟုဆိုကာ မဝါက ကိုရေချမ်းကျောပေါ်သို့ နောက်ကနေခုန်ဖက်လိုက်၏။

"အမလေး. . . မိဝါတို့များ ယောင်ပြီးဖက်တာဘဲဟာ. . သူ့ရှေ့က လူကိုကျော်ပြီး. . . အစ်ကိုချမ်းဆီထိကျော်ပြီး ဖက်ရတယ်လို့ စံနမူနာပါဘဲတော်"

"ဟင်း. . . မမဒေါင်းကျောပေါ် ခုန်ဖက်လိုက်ရင် ငှစ်ယောက်စလုံးအောက်ပြုတ်ကျမှာပေါ့လို့"

www.burmeseclassic.com



"အစ်ကိုချမ်းကျတော့ရော"

ခမ်းမွန်က. . .

"နွေးတာပေါ့နော"

"ငြိမ်ငြိမ်နေကြ. . . ခုနှစ်စဉ်ကြယ်ပြောင် အမြီးမထောင်ခင် တောင်ကလပ်အထဲဆင်းနိုင်အောင်သွားရမှာ"

"ခုနှစ်စဉ်ကြယ်က ဘယ်လိုမြင်နိုင်မှာလဲ။အပေါ်မှာနှင်းတွေ ပိတ်နေတဲ့ဟာ"

"ဩော်. . . ခက်ပါ့ဟာ၊ ခုနှစ်စင်ကြယ်ပြောင် အမြီးထောင် တယ်ဆိုတာ ညသန်းခေါင်ယံ(၁၂)နာရီကိုပြောတာဟေ့။ ဒါကြောင့် နာရီတကြည့်ကြည့်နဲ့ လျှောက်နေရတာ"

"ခမ်းမွန်. . . ညောင်းလာပြီအကို"

"မဝါလည်း ညောင်းတယ်"

"ကဲဒါဆိုလည်း. . . အစ်ကိုချမ်းပခုံးပေါ်တက်လိုက်ကြ"

ဟု ဒေါင်းဒေါင်းက ကိုရေချမ်း ပခုံးကိုပုတ်ပြ၏။

ကိုရေချမ်းကား စကားမပြောတော့ဘဲ ခပ်သွက်သွက်လေး လျှောက်၏။ ကိုရေချမ်း ခပ်သွက်သွက်လျှောက်သောအခါ. . . မိနစ်ကလေး(၄)ယောက်သည် အပြေးတပိုင်း အမောတကော လျှောက်နေရချေတော့သည်။ ခရီးပတ်လမ်းအတိုင်း (၁)နာရီကျော် ခန့်လျှောက်မိသောအခါ. . .

"တွေ့ကြလား. . . ရှေ့မှာတောင်ကလပ်တစ်ခု"

"ဟင့်အင်း. . . မတွေ့ပေါင်"

ဟု ပြိုင်တူဆိုလိုက်ကြ၏။

"မိုးကုတ်စက်ဝိုင်းကိုနောက်ခံထားပြီး မြေကြီးပေါ်လေးဘက် ထောက်၊ နောက်အပေါ်ကိုမော့ကြည့်လိုက်ကြ"

ဟု ကိုရေချမ်းက ပြောလည်းပြော ကြည့်လည်းကြည့်ပြ၏။





"ဟယ်. . . ဟုတ်တယ်၊ ပုပ္ပါးတောင်ကလပ်ကြီးကျနေတာပဲ"

"ကဲ. . . ခွေးမလေးတွေထကြ။ နှင်းထုပေါ်လက်အကြာ ကြီးထောက်ထားလို့ လက်ကို နှင်းကိုက်သွားဦးမယ်"

"ဟုတ်ကဲ့ပါ. . . ခွေးထီးကြီးရှင့်"

ဟု မဝါကနှင်းစများခါထုတ်ရင်း ခါးထောက်ကာ ဟန်ပါပါ ပြောလိုက်သည်။

"ညီမတို့က အဲဒီတောင်ကလပ်ပေါ်ကို ဘယ်လိုတက်ရမှာ လဲဟင်"

"ဟိုရောက်တော့ သိလိမ့်မယ်"

တောင်ကလပ်ဆင်တူလေးခုရှိနေပြီး၊ ယင်းတောင်ကလပ် လေးပွင့်ဆိုင်ထဲမှ အဓိကတောင်ကလပ်ကိုလည်းကောင်း၊ တောင် ကလပ်ပေါ်ရောက်သောအခါ ရွေးချယ်ရမည့် ဝင်ပေါက်ကိုလည်း ကောင်း၊ ခမ်းမွန်၏ကျောမြေပုံဖြင့် ရှာရမည်။ ဝင်ပေါက်များပါက အသက်အန္တရာယ်ရှိ၍ အချိန်ယူကာ ရှာဖွေခဲ့ရတော့သည်။

တောင်ကလပ်အခြေရောက်သောအခါ တောင်ကလပ် အခြေရှိ တံခါးပိတ်ထားသော ဂူခန်းလေးတစ်ခုထဲအားလုံး ဝင်လိုက်ကြသည်။ နွေးထွေးသောအထိအတွေ့ကို ခံစားရပေမယ့် အားလုံးဇိမ်ခံမနေအားတော့။ ကိုရေချမ်းမှာတဲ့အတိုင်း ဓါတ်ငွေ့ ကာမျက်နှာဖုံးတွေ၊ ဓါတ်ငွေ့ကာအင်္ကျီတွေ ဝတ်ကြရသည်။ အစ်ကိုချမ်းပြောပြချက်အရ. . . အေးသော တောင်ပေါ်ဒေသ ထိပ်တွင် နိမ့်သောအပိုင်းသည် ကာဗွန်မိုနောက်ဆိုဒ်ဓါတ်ငွေ့တွေ စုနေသည်။ ၎င်းအဆိပ်ငွေ့များအပြင် တောင်ကလပ်အတွင်းပိုင်း၌ အောက်ဆီဂျင်လည်းနည်းသည်။ လူတစ်ယောက်အသက်ရှင် နေဖို့လိုအပ်ချက်အရ ဒါကြီးတွေဝတ်ကြရတော့သည်။ တောင် ကလပ်အခြေရောက်သောအခါ တစ်ယောက်စီကို ကောဘွဲကြိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခလုပ်နှိပ်လိုက်သောအခါ ထိုင်ခုံပါသည့် ပုခက်ဖြင့် လူကိုဆွဲတင်သွားတော့သည်။ ငါးယောက်စလုံးအပေါ်ရောက်သောအခါ အောက်ဆင်းမည့် ခါတ်လှေကားကြီးစောင့်ရန်အတွက် အခန်းတစ်ခုထဲတွင် ဝင်နေကြရသည်။

တစ်ယောက်ကိုတစ်ယောက် မတွေ့မမြင်ကြရတော့။ လက်နှိပ်ဓာတ်မီးအပါအဝင် အခြားပစ္စည်းအားလုံးကို တောင်ကလပ်အခြေမှ ဂူခန်းလေးတွင်ထားခဲ့ကြရသည်။ ဒါကလည်း. . . အစ်ကိုချမ်းအမိန့်အရဆိုတော့ ဘယ်သူမှစောဒကမတက်ကြ။ အစ်ကိုချမ်းကလည်း ခမည်းတော်အမိန့်အရဟုသာ သာမန်ပြောပြထားသည်။ အမှောင်ထဲသည်အတိုင်း အချိန်တော်ကြာကြာစောင့်နေ ရသည်။ ခဏနေသောအခါ. . . စောင့်နေသောအခန်းဘက်မှ အပေါက်တစ်ခုပွင့်သွားသည်။ ပြီးအလင်းရောင်တခုတိုးဝင်လာသည်။

"ကဲ. . . ဓာတ်လှေကားပေါ်တက်ကြ"

"တစ်"

"နှစ်"

"သုံး"

"လေး"

"ငါး"

"ဟင်. . . ငါပါခြောက်ယောက်. . . ဗုဒ္ဓေါ. . ဘယ်လိုဖြစ်သွားတာပါလိမ့်"

ဟု ပြောသော်လည်း ပါးစပ်မှအသံထွက်မလာ။ အခြားတစ်ဦးမှ ကိုရေချမ်းကို ဓာတ်လှေကားအတွင်း ဆွဲသွင်းလိုက်သည်။ ဓာတ်လှေကားအတွင်းပိုင်းတွင်လည်း မှောင်အတိကျသွားသည်။ ကိုရေချမ်းရင်ထဲမှာလည်း 'ဘယ်လိုဖြစ်ပြီးတစ်ယောက်ပိုလာတာပါလိမ့်'ဟု စဉ်းစားရင်း မဖြေရှင်းနိုင်သော မေးခွန်းတွေဖြင့် အထပ်





ထပ်မေးပြီး ရင်ထဲ၊ ဦးနှောက်ထဲမှာ မှောင်အတိကျသွားသည်။

"ဒီကောင်. . . ငါ့ဘဝကိုအမှောင်ကျအောင် အခုထိလိုက်ဖန်တီးနေတုန်းပါလား"

ဟု ရင်ထဲမှာ ပြောဆိုအပြစ်တင်နေဆဲ . . .

ကိုရေချမ်းရဲ့ရင်ထဲက အမှောင်က အပြင်ကအမှောင်ထက်ပို၍ ဆိုးဝါးလှသည်။ ဒီအပြင်ကအမှောင်ကို အလင်းရောင်တွေဖြင့် ထွန်းလင်းလာအောင် ဆောင်ရွက်နိုင်သည်။ ဒါပေမဲ့. . ကိုရေချမ်းရင်ထဲကအမှောင်ကတော့. . . .

မှောင်ဆဲ. . . . မိုက်ဆဲ. . . ။

မရေရာသော အနာဂတ်၏ မရဏတွင်းနက်ကြီးထဲသို့ ရှေးဟောင်းဓာတ်လှေကားကြီးသည် အသံမျိုးစုံအော်မြည်တမ်းလျက်လည်းကောင်း၊ သံဘီးနှင့်သံမဏိကြိုးတို့သည် ပြင်းထန်စွာကြိတ်ဝါးလျက်လည်းကောင်း၊ ဘယ်ညာယိမ်းခါလျက် နက်သည်ထက်နက်စွာ အောက်သို့ဦးတည်ဆင်းနေပြီဖြစ်တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ဓာတ်လှေကားကြီးသည် ရှေးဟောင်းလှေကားဖြစ်နေ၍ပဲလား. . . မရဏတွင်းကြီးက အလွန်နက်၍ပဲလား၊ မည်သည့်အကြောင်းကြောင့်တော့မသိ။ ဓာတ်လှေကားကြီးကိုအကြာကြီး စီးရတာကတော့ အမှန်ပင်ဖြစ်သည်။ ထိုဓာတ်လှေကား အကြာကြီး စီးရတာ သာမန်အားဖြင့်ဆိုလျှင် စိတ်ညစ်စရာမကောင်းလှပါ။ ဒါပေမဲ့. . အပေါ်မှာဓာတ်ငွေ့ကာ မျက်နှာအုပ်ဆောင်း၊ ဓာတ်ငွေ့ကာအဝတ်အစားတွေကြောင့် စိတ်အိုက်စရာအလွန် ကောင်းလှသည်။ ထို့ထက်ပို၍ ဆိုးရွားသည်မှာကား တစ်ယောက်နှင့်တစ်ယောက် စကားပြော၍မရခြင်းပင်ဖြစ်သည်။ ဓာတ်လှေကားတွင်းမှ လာစောင့်နေသော ပုချာချာလူမှလည်း စကားမပြောရန် ခြေဟန်လက်ဟန်ဖြင့် ပြထားသည်မှာ အလင်းရောင်ရှိစဉ်က တွေ့လိုက်ရသည်။ ပို၍ထူးခြားသွားသည်က အကျီအဖြူ၊ ရှမ်းဘောင်းဘီအဖြူဝတ်ထားပြီး ထိပ်တွင်အလုံးပါသော ဦးထုပ်ပြားပြားနီနီကြီးဆောင်းထားသည်မှာ အလွန်ကြည့်ရဆိုးလှပေသည်။ သို့သော်. . . စိတ်ထဲမှ မဖြစ်မနေပြောတော့မည်ဟု ဆုံးဖြတ်ကာ ကိုရေချမ်းပြောကြည့်၏။ ပါးစပ်ကဘယ်လိုမှ အသံထွက်မလာတော့။ အပြင်က ဝတ်ထားတဲ့ ဝတ်စားမှုက ဆင်တူဖြစ်





သည့်အပြင် ခေါင်းကိုဓာတ်ငွေ့ကာတပ်ထားတာကလည်း တစ်ယောက်မျက်နှာတစ်ယောက် မမြင်ရ။ ဒါတွေကြောင့် ဘယ်သူ့ဘယ်သူမှ မသိနိုင်ချေ။ အမှောင်ထဲဖြစ်၍လည်း ဘယ်လိုမှခန့်မှန်း၍မဖြစ်။

ကိုရချမ်းစိတ်ထဲကတော့. . . ကမ္ဘာသကာဟုသာ ထားလိုက်တော့သည်။

မြင်သာမမြင်ရပေမယ့် ဓာတ်လှေကား၏အပြင်ဘက်ရှိ တောင်ကလပ်၏ အတွင်းပိုင်းတစ်လျှောက် ရေခဲတို့အရည်ပျော်ပြီး ဆင်းလာသောရေလုံးကြီး၏အသံကား ဓာတ်လှေကားနိမ့်လာသည်နှင့်အမျှ ပြင်းထန်သည်ထက်ပြင်းထန်လာသည်။ ဓါတ်လှေကားကြီးငြိမ့်ကနဲရပ်သွားပြီးနောက် ဓာတ်လှေကားတံခါးပွင့်သွားချိန်မှာတော့ အပြင်ဘက်မှရေသံတို့သည် နားမခံသာလောက်အောင် ဆူညံနေပေတော့သည်။ စုစုပေါင်း တစ်နာရီကျော်ကျော်ခန့်ကြာအောင် ဓာတ်လှေကားစီးခဲ့ရ၍ မရဏတွင်းကြီး၏အနက်ကား ပေပေါင်းသောင်းချီရှိမည်မှာ မလွဲပေတည်း။

ဓာတ်လှေကားတံခါးမှနေ၍ တဖက်ရှိပြွန်ကဲ့သို့သော လိုဏ်ခေါင်းကြီးထဲ ဖြတ်၍ဝင် လိုက်ကြရသည်။ ယင်းပြွန်၏အပေါ်သို့ ရေများကျသံကား ပြင်းထန်လွန်းလှ၍ ပြွန်အတွင်းတွင် ဝင်သွားသူ၏အသားများကို ဖြိုးဖြိုးဖျဉ်းဖျဉ်းဖြင့် လာရောက်၍ အသံလှိုင်း၏အက်ကိုးများ ထိခတ်လျှက်ရှိပေသည်။ ဓာတ်လှေကားထဲမှ အရပ် ပုချာချာလူသည် ကိုရေချမ်းတို့(၆)ဦးအား ပြွန်သဏ္ဌာန်ဥမင် လှိုက်ဂူမှ ဖြတ်ထွက်၍လိုက်ခဲ့ရန် ခြေဟန်လက်ဟန်ပြ၍ ခေါ်ခဲ့ ပေသည်။ သူ့နောက်မှလိုက်လာစဉ် ဘေးတစ်လျှောက် မီးလင်း နေသောအခန်းတို့ကို ဖြတ်ထွက်လာခဲ့ရသည်။ ပထမ တွေ့တွေ့ ခြင်းအခန်းတွင်ကား ရေစက်အမှုန်တို့မှ ဓာတ်ပြန့်မှု



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးကြောင့်လွင့်ကျထွက်လာသော ပြဒါးမှုန်များသည် ဖြောဖြောဖျောက်ဖျောက်ကျလျက်ရှိသည်။ ၎င်းပြဒါးအမှုန်များသည် ပြွန်တလျှောက်စုစည်း၍ ဆင်းသွားပြီး အခြားဘက်အခန်းရှိ ဖန်ဖြင့်ပြုလုပ်ထားသည့် ကန်ကြီးအတွင်းသို့ကျလျက်ရှိလေသည်။ ၎င်းဖန်ကန်အတွင်းတွင် အခြားအရုပ်လေးမျက်နှာ ရှိရေအမှုန်အမွှားမှ တစ်ဆင့်ထုတ်ဖော်ယူလိုက်သော ပြဒါးရည်များသည် ဖန်ကန်ကြီးအတွင်းသို့ လေးဘက်လေးတန်မှ ဝင်ရောက်ကျဆင်းလျက်ရှိပေသည်။ ၎င်းပြဒါးများသည် တတိယအခန်းသို့ရောက်သောအခါ ငွေအဆင်းရှိသည့် ပြဒါးသတ္တုတုံးအဖြစ် ဖန်တီးစီရင်ထားသည်ကို တွေ့ရသည်။ ကိုရေချမ်းစိတ်ထဲထူးဆန်းသလိုဖြစ်သွားသည်။ ပြဒါးဆိုသည်မှာ အခဲအဖြစ်မနေ၊ အရည်နှင့်အငွေ့အဖြစ်သာရှိသည်ဟု ငယ်ငယ်က သင်ခဲ့ ဘူးသော သိပ္ပံပညာအရ ယခုဖြစ်စဉ်ကို တအံ့တဩကြည့်နေလိုက်မိသည်။ 'ဟုတ်ကောဟုတ်ရဲ့လား'ဟု သံသယများစွာဖြစ်မိဆဲ။ ဒါပေမဲ့ . . . ငယ်စဉ်က အဘိုးရွှေပြောသော 'ကျောက်ဖယောင်းကိုရအောင်ရှာ ကျောက်ဖယောင်းရရင် ပြဒါးအရည်ကို အခဲအတုံးအဖြစ် ချက်ခြင်းပြောင်းနိုင်တယ်'ဟူပြောဖူးတာ သတိရမိလာသည်။ ထို့ထက်ပို၍ ဆင်ဖက်ယားပင်၏ ပဥ္စငါးပါးသုံး၍ကြိုလျှင် ပြဒါးအခဲရတာလည်း အဘိုးရွှေပြောပြဘူးသည်။ သို့ပေမယ့် . . ကြိတ်ကြေအဆင့်ဖြစ်၍ သိပ်မကောင်း၊ ယခု ကျောက်ဖယောင်းဖြင့် ပြုလုပ်ထားသော ပြဒါးအခဲများမှာကား . . . ရွှေတုံးများကဲ့သို့ တခွမ်ခွမ်မြည်ကာ အောက်ရှိသံကန်သို့ ပြုတ်၍ ပြုတ်၍ကျလာသည်။

ပြဒါးကန်ထဲမှ ပြဒါးတုံးကြီးများသည် ခါးပတ်ကြိုး၏သယ်ဆောင်မှုကြောင့် 'အနုမြူအရှိန်ပေးစက်'ဟုရေးထားသော ခဲရောင်အခန်းထူကြီးထဲသို့ဝင်သွားသည်။ ထူထဲသောခဲပုတ်ရောင်နံရံ





ကြီးဖြင့် ကာထားသောကြောင့် အထဲမှာအနုမြူဓာတ်ကြွပစ္စည်းတွေရှိမယ်ဆိုတာ ကိုရေချမ်းသိနေမိသည်။ ထိုကြီးမားသော အနုမြူအရှိန်ပေးစက်၏ ဟိုမှာဘက်တွင် ရွှေတုံးများကား (၁)နာရီတွင် တစ်တုံးနှစ်တုံးခန့်တခွမ်ခွမ်နှင့် ပြုတ်ကျနေပေသည်။ ယင်းတို့ကို လည်နေသောခါးပတ်ကြီးမှ အခြားအခန်းတစ်ခုသို့ သယ်ယူနေလျက်ရှိပေသည်။

အဲဒီအခန်းရဲ့ဟိုဘက်မှာတော့ အခန်းကျယ်ကြီးတစ်ခုရှိသည်။ ယင်းအခန်းကျယ်ကြီးဘေးတွင် ဘူတာကဲ့သို့ပုံစံရှိနေသည့် အခန်းကျယ်ကြီးထဲမှာ စားပွဲခုံတစ်ခုရှိပြီး ယင်းစားပွဲ၏ထိပ်တွင် ကိုရေချမ်းတို့ကဲ့သို့ ပတ်စုံဝတ်ထားသူ တစ်ဦးကစောင့်ဆိုင်းနေသည်။ ကိုရေချမ်းတို့အဖွဲ့စားပွဲခုံ၏ဟိုဘက်မှာ သုံးယောက်၊ ဒီဘက်မှ (၃)ယောက်ခွဲ၍ ထိုင်လိုက်ရသည်။ စားပွဲထိပ်တွင် ထိုင်နေသူက သူတို့စားပွဲမှ ပေ(၅၀)ခန့်ဝေးသော နေရာသို့ ထော့နဲ့ထော့နဲ့ဖြင့် ထွက်သွားသည်။ သူတို့အားလုံးကို လှမ်းခေါ်လိုက်သည်။ ၎င်းကိုထော့ကျိုးကို ဖြေဆိုရသောစကားဝှက်မေးခွန်းများကို တစ်ဦးနှင့် တစ်ဦးမတူဘဲ ဖြေရသည်။ မဝါအဖေချန်ထားခဲ့သော စကားဝှက်စာရွက်များကြောင့် မှန်ကန်စွာဖြေနိုင်၍ ယာဉ်ပေါ်သို့ တက်ခွင့်ရပေဦးတော့မည်။ သူ့နောက်မှလိုက်လာသော ကိုဂျပုတာ အနီးနားရှိ ဒုံးပျံပုံသဏ္ဌာန်အလျားလိုက်လှဲထားသော ယာဉ်တစ်ခုပေါ်သို့ တက်ထိုင်ခိုင်းသည်။ ခုံပေါ်တွင်ထိုင်မိသောအခါ ခါးပတ်ပတ်ပုံ၊ နောက်မှီလှန်ထားပုံ၊ လှန်ထားနည်းတို့ကို စနစ်တကျပြသည်။ အနီးနားထိအောင်လာကြည့်ရန် လက်ဟန်ခြေဟန်ဖြင့်ခေါ်၍ အားလုံးသွားကြည့်ကြသည်။ နောက်လူအားလုံးထိုင်ပြီးသောအခါ အပေါ်မှ လေးလံထူထဲသော အဖုံးကြီးတခေါင်မိုးဂူနံရံမှ လျောကျလာကာပိတ်သွားသည်။ နောက်ဒုံးပျံကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် ရှေ့ဘက်သို့မရွေ့ဘဲ၊ နောက်ဘက်ရှိ အနုမြူအရှိန်ပေး စက်ထဲသို့ ဖင်ပိုင်းတခြမ်းဝင်သွားသည်။ ယင်းတစ်စောင်း လဲလျောင်းနေသော ဒုံးပျံကြီးသည်ကား ထူထဲသော ခဲနံရံအကာများဖြင့် တည်ဆောက်ထားသည်။ အောက်ရှိဘီးများကား အချင်း (၃)ပေခန့်ရှိသော ဘီးအဝိုင်းကို ဘယ်ညာနှစ်ဘီး တပ်ထားသည်။ ထိုဘီးမျိုးတစ်ဖက်လျှင် (၃)လုံး ရှေ့နောက်တပ်ထားရာ ဘယ်ညာဆိုပါက ဘီး (၆)လုံးဖြစ်သည်။ အလွန်မာသော အလွိုင်းတစ်မျိုးဖြင့် တည်ဆောက်ထားသည်။ ၎င်းဘီးတို့ဖြင့် လည်ပတ်၍ အောက်တွင်ရှိအကျယ်ပေ (၅၀)ခန့်ရှိ သံပြားလမ်းကြီးပေါ်တွင် ပြေးရမည်ဖြစ်သည်။ ၎င်းဒုံးပျံကြီး၏ ဖင်ပိုင်းကို ဆက်ထားသည့် အနုမြူအရှိန်ပေးစက်အခန်းမှ စက်တစ်ခုက တွဲ ဆက်လိုက်သည်။ ယင်းမှ အရှိန်ပေးစက်၏ လည်ပတ်သံ၊ ဒုံးပျံဖင်ပိုင်းရှိအရှိန်မြင့် အနုမြူဓာတ်အားပေးစက်၏ လည်ပတ်သံတို့ကြောင့် ဒုံးပျံကြီးသည် အနည်းငယ်တုန်ခါလျှက်ရှိသည်။ အဘိုးရွှေ ပြောသော ကာလယန္တရားဆိုတာ ဒီဒုံးပျံကိုနာမည်ပေးထားတာ ဖြစ်မည်။ နောက် ဒုံးပျံတွင်းရှိ မီးနီကလေးတစ်ခုလင်းလာသောအခါ ကိုဂျပုကထပြီး ကိုရေချမ်းတို့၏ ခေါင်းပေါ်အုပ်ထားသော အုပ်ဆောင်းဘေားရှိ ပိုက်တခုနှင့်ထိုင်ခုံကြောမှီရှိ ပိုက်တို့ကို ဆက်သွယ်ပေးလိုက်သည်။ မွှေးပျံ့ချိုအီသောရနံ့တစ်ခု တိုးဝင်လာသည်။ ကာလယန္တရားကြီးသည် ပြင်းထန်စွာတုန်ခါလာသည်။

ကိုရေချမ်း၏ဦးနှောက်ထဲတွင် လင်းကနဲအရောင်တစ်ခု မြင်လိုက်ရသည်။

နှာခေါင်းထဲမှ ချိုအီသောအနံ့သည် နှာဝမှတစ်ဆင့် ရင်ခေါင်းထဲ နောက်ဦးနှောက် ထဲသို့ပျံ့လွင့်သွားသည်။

"ခရော၊ ခရော. . . ခူး ခူး"ဟူသော အသံကြီးများပေးပြီး





ကိုရေချမ်း အိပ်ပျော်သွားသည်။

နောက် ယာဉ်ပေါ်ပါလာသူအားလုံး အိပ်ပျော်သွားသည်။

ကိုဂျပုလည်း အိပ်ပျော်သွားသည်။

အိမ်မက်တွေ အိမ်မက်တွေ၊ ကြယ်တွေကိုဖြတ်သန်းပြီး ပန်းတို့ဖြင့် တန်ဆာဆင်အပ်သော နတ်မြင်းပျံရထားဖြင့် ကိုရေချမ်း စီးနင်းပျံသန်းလျှက်ရှိသည်။ သူနှင့်အတူ ပါနေသည်က နတ်သမီးလေးပါ။ ဒါဆို. . . ကိုရေချမ်းရဲ့ဘေးမှာရှိတဲ့ မိဖုရားလေးပါးက ဒါတွေပဲလား။

အိပ်မက်ကမ္ဘာထဲမှ ဘုရင်သီဟနန္ဒရာဇာနှင့် သားတော်မင်းလက်ျာနန္ဒ၊ မင်းလက်ဝဲနန္ဒတို့ရဲ့ဇာတ်ကြောင်းကို ကာလယန္တရားပေါ်ရှိ လူသားအားလုံးက အိမ်မက်ဖြစ်စဉ်ကဲ့သို့ မြင်နေကြရသည်။

အိပ်မက်ထဲ ပေါ်လာသည်များကား အထင်အရှားပင်။ ဘုရင်ကြီးသီဟနန္ဒရာဇာက သက်တော်အရွယ်လွန်ပိုင်း ရောက်ပြီဖြစ်၍ ဘယ်သို့ဆိုစေ၊ သားတော်နှစ်ပါးအနက် သားတော်အကြီး မင်းလ ကျာနန္ဒကို ထီးနန်းလွှဲအပ်ချင်ပြီဖြစ်သည်။ သို့သော် ဝန်တိုမစ္ဆရိယစိတ်လွန်ကဲလွန်းလှသော ညီတော်မင်းလက်ဝဲနန္ဒကြောင့် အခက်တွေ့နေရသည်။ သကျသာကီဝင်မင်းမျိုးများဖြစ်၍ မဟာသာကီနွယ်ဝင်မင်းမျိုးဖြစ်သည့် တူမတော်သီဟရတနာဖြစ်စေ၊ ရူပနန္ဒာဖြစ်စေ၊ ကုန္ဒမာလာဖြစ်စေ၊ သိရိပဝရမာလာကိုဖြစ်စေ တစ်ဦးဦးအား မိဖုရားမြှောက်တင်၍ နန်းသိမ်းပွဲခံစေချင်သည်။ သို့သော်. . . ဒီညီမဝမ်းကွဲလေးဦးစလုံးက သဘောထားကြီးသော သူရသတ္တိပြည့်စုံသော မင်းယောကျ်ားပီသသော သားတော်ကြီးကို တစ်ပြိုင်တည်း အချစ်ပန်းရယူလိုကြသည်။ သားတော်ကြီးကလည်း ဘယ်မိန်းကလေးကိုမှ သူ့ဘဝ၊ သူ့မေတ္တာ၊ သူ့အချစ်ကိုမပေးလို



www.burmeseclassic.com

www.burmeseclassic.com



ခဲ့။ သူ့ဘဝ၊ သူ့မေတ္တာ၊ သူ့အချစ်အားလုံးကို သုပန္နရတိုင်းပြည်အတွက်လည်းကောင်း၊ သကျသာကီဝင်အားလုံးအတွက်လည်းကောင်း အသုံးပြုလိုသည်။ အဲဒီအတွက်ပဲ ပေးဆပ်လိုသည်။ ဒါပေမဲ့. . . ညီမတော် (၄)ဦးက သူတို့တစ်ဦးချင်းကသာ ပိုင်ဆိုင်လိုသည်။ ဒီ. . . ကြိုတ္ထိယတို့၏ဝါဒကို နောင်တော်ကြီးက အမုန်းဆုံး. . .

ညီတော်မင်းလက်ဝဲနန္ဒကတော့ နောင်တော်ကြီးနဲ့ဆန့်ကျင်ဘက်၊ ဘယ်သူသေသေ ငတေမာလျှင်ပြီးရော သဘောထားလိုသည်။ ညီမတော်(၄)ဦးအနက် ဘယ်သူ့ကိုပဲ ပိုင်ဆိုင်ရသည်ဖြစ်စေ၊ ချစ်ခြင်းအရယူ၍ ရွှေလက်တွဲပြီး နန်းသိမ်းပွဲခံချင်သည်။ ဒီနန်းသိမ်းပွဲခံဖို့အတွက် ဘယ်သူ့အသက်ပင်စတေးရသည်ဖြစ်စေ၊ သူအရယူမည်။ ရမည်ဆိုလျှင် ဘနဖူးပင်လျှင် သိုက်တူးပါရစေ၊ မင်းလက်ဝဲနန္ဒက ဘယ်လိုပဲဖြစ်ဖြစ် အရယူမည်ဆိုသည့် အတ္တဝါဒီသမား။ အဲဒီတော့ ဘဒ္ဒေးတော်နန္ဒီသုနန္ဒြနှင့်ပေါင်းဖက်မိသည်။ သူတော်ချင်းချင်း သီတင်းလွှေ့လွှေ့ပေါင်းဖက်တွေ့ဖြစ်လာရသည်။ အိမ်မက်တွင်မြင် ရသောဇာတ်လမ်းကြီးက တကယ်ပင်လျှင် သူတို့အားလုံး (ကိုရေချမ်း၊ ဒေါင်းဒေါင်း၊ မဝါ၊ ခမ်းမွှန်၊ မိကျန်ဖြူနှင့် ချမ်းအေးတို့) သူတို့ရုပ်ဖြင့် သရုပ်ဆောင်ထားသည့်ပုံပမာ ကွက်ကွက်ကွင်းကွင်းမြင်ကြရသည်။

သီဟနန္ဒာဘုရင်ရဲ့မျှုးမတ်စုံညီသည့် ညီလာခံသဘင်ကားခမ်းနားကြီးကျယ်လှသည်။ ရွှေပလ္လင်ထက်တွင် နဝရတ်ကိုးသွယ်စီချယ်ထားသည့် သံလျက်အားကိုင်ဆောင်လျက် မိဖုရားကြီး သီရိနန္ဒမာလာနှင့်အတူ. . . ကျက်သရေအပေါင်းပြည့်စုံတင့်တယ်စွာထက်ဝက်ဖွဲ့ခွေ စံပွယ်တော်မူနေသည်။ မျှုးမတ်အပေါင်းခညောင်းနေသည့်အကြောင်း၊ နန်းရင်းဝန်မင်း၏လျှောက်ထားချက်ရပြီး





သည့်နောက် တိုင်းရေးပြည်ရာ၊ ပြည်တွင်းရေးရာတို့ကို ဆိုင်ရာဝန်မင်းတို့က လျှောက်တင်ကြပြန်သည်။ နောက်. . . အိမ်ရှေ့နန်းလျာတင်မြှောက်ရေးအတွက် နောင်တော်ကြီးမင်းလက်ျာနန္ဒကိုပင် တညီတညွတ်တည်းတင်မြှောက်ကြသည်။ သို့သော်အိမ်ရှေ့မိဖုရားတင်မြှောက်ရေးအတွက်ကား တစ်ယောက်တစ်ပေါက်ဖြစ်နေကြချေပြီ။ ညီမတော် (၄)ပါးသည်ကား ဝမ်းကွဲညီမတော်များဖြစ်၍ ဆိုင်ရာခမည်းတော်မယ်တော်တို့၏ အရှိန်အဝါအလျှောက်အားလုံးက သူတို့ရဲ့သမီးတော်ကို အိမ်ရှေ့မင်းမိဖုရားဖြစ်စေချင်ကြသည်။ ဆင်ပြောင်ကြီးအမြီးကျမှတစ်ဆိုသည့်စကားပုံအခုမှ သွေးထွက်အောင်မှန်နေလေတော့သည်။

"ကိုင်း. . . ဒီလိုဆိုရင်ဆိုင်ရာဆိုင်ရာ အိမ်ရှေ့မိဖုရားလောင်းလျာတွေရဲ့ဆန္ဒကိုမေးမှ သင့်လျော်မယ်"

ဟု မိန့်တော်မူသည့်အလျှောက် ညီမတော်တစ်ပါးစီကိုနန်းရင်ပြင်မှာပင် လျှောက်တင်စေသည်။ ညီမတော်တစ်ပါးချင်းကလည်း . . .

"မိဖုရားလောင်းလျာမမြှောက်ချင်၊ မရချင်နေပါစေ . . . နောင်တော်ကြီးရဲ့အချစ်ကို ရယူပိုင်ဆိုင်ရလျှင်ပင် ဘဝအတွက်သေပျော်ပါပြီ"

ဟု တစ်သံတည်းထွက်ဆိုကြသည်။

"ကိုင်း. . . မောင်မင်းတို့၊ ညီမတော် လေးပါးစလုံးတို့မိဖုရားမြှောက်ချင်မြှောက်။ ဒါမှမဟုတ်. . . သားတော်ကြီးတို့လေးပိုင်း ပိုင်းပြီး ဝေချင်ဝေ"

ဟု ပင်မိန့်တော်မူယူရသည်အထိ လိပ်ခဲတင်းလင်းဖြစ်နေတော့သည်။ ညီလာခံမစဲမီမှာတော့ ဘုရင်သီဟနန္ဒမှ အမိန့်တော်တစ်ရပ်ထုတ်ပြန် အတည်ပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားတော်ကြီး မင်းလက်ျာနန္ဒကို အိမ်ရှေ့စံ၊ သားတော်ငယ် မင်းလက်ဝဲနန္ဒကို တပ်ပေါင်းစုစစ်သေနာပတိချုပ်အဖြစ် ဒီနေ့ မှုစ၍ ခန့်အပ်တော်မူတယ်"

ဟု ပြတ်သားစွာ အမိန့်တော်မှတ်ခဲ့သည်။ ဤအမိန့်တော် သည် ကိုယ့်အတတ်နှင့်ကိုယ်စူးစေသည်။ ဒီအမိန့်တော်သည် ကိုယ့် လည်ပင်းကိုယ်ကြိုးကွင်းစွပ်စေသည့် အမိန့်တော်ဆိုတာ ဘုရင် မင်းမြတ်သိခဲ့ပါမူ. . . ယခုကဲ့သို့မိန့်တော်မူမည် မဟုတ်ချေ။ ဒါကြောင့်သာ. . . ရှေးရှေးမင်းများလက်ထက်တွင် သားတော် နှစ်ပါးအနက် တစ်ပါးကိုအိမ်ရှေ့စံ (သို့မဟုတ်) မင်းမြှောက်ခဲ့လျှင် ကျန်သားတော်တစ်ပါးသည် ရသေ့ရဟန်းပြု (သို့မဟုတ်) အဝေးရှိ တောအုပ်သို့ တောမှီနေထိုင်စေရသည်မှာ သာဓကများစွာ ရှိခဲ့လေသည်။ သို့ပေမယ့်. . . ဘုရင်သီဟနန္ဒအနေနှင့် မိမိ သားတော်ငယ်ကို ဤမျှအထိ အတ္တဝါဒီဆန်လိမ့်မည်ဟု ယူဆ မိခြင်းမရှိပေ။ သူ့သားတော်ငယ်ကို ကလေးဘဝက စိတ်နှင့်ပင် ချင့်ချိန်ယှဉ်နှိုင်းကာ အမှတ်မှားခဲ့မိသည်။ သားတော်ငယ်ကား ငယ်စဉ်တောင်ကျေးဘဝက စိတ်ထားမြင့်မြတ်သော သားတော် လေးဖြစ်သည်။ သို့သော်. . . အတ္တဝါဒီသမားဘဒ္ဒေးတော်နန္ဒီ သုနန္ဒြနှင့်ပေါင်းမိသောအခါ မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်းက လည်း ငြိကြရတော့ပြီ။ နဂိုကတည်းက ငိုချင်နေသည့် နောင်တော် လေးမှာ ငိုချင်လျက်လက်တို့ဖြစ်ရချေပြီတကား။

ပြည်ထဲရေးဝန်အဖြစ်ခန့်လိုလှသော်လည်း အလိုရမ္မက်ကြီး လွန်းသော ယောက်ဖတော်ကို လွှတ်မထားလို၍ အိမ်တော်ဝန် အဆင့်သာထားခဲ့သည်။ ဒါကို. . . ယောက္ခတော် နန္ဒီသုနန္ဒြက မကျေနပ်။ နေသေးပ ချုံထဲက၊ ကျီသွေးသပ တမြမြဖြစ်နေချေ ပြီ။ ယခု ဘဒ္ဒေးတော် ကျီသွေးသပတမြမြဖြစ်နေစဉ်မှာ သူအသုံး





ချရမည့် နောင်တော်လေးသည် တပ်ပေါင်းစု စစ်သေနာပတိချုပ် ဖြစ်လာချေပြီ၊ ရေကန်အသင့်ကြာအသင့်ဖြစ်လာချေပြီတကား။

ခမည်းတော်ကိုသတ်၊ နောင်တော်ကြီးကိုသတ်၊ ပြီးတော့ နောင်တော်လေးက မိဖုရားလေးပါးနဲ့အတူ နန်းသိမ်းပွဲခံ၊ သုနန္ဒြတို့ လည်းတပ်ပေါင်းစုစစ်သေနာပတိ ချုပ်ဖြစ်၊ အားလုံးကတော့ သူ့တွက်ကိန်းအတိုင်း အံဝင်ခွင်ကျဖြစ်လာချေပြီ။ နောင်တော် လေးထံကိုလည်း ခမည်းတော်အမိန့်ချမှတ်တာကတော့ နောင် တော်ကြီးနန်းစံတဲ့အခါ. . . နောင်တော်လေးကို အိမ်ရှေ့စံထားဖို့ ပေမယ့် ခမည်းတော်ကွယ်လွန်တဲ့အခါ ဒီစကားက ဘယ်မှန်တော့ မှာလဲ။ နောင်တော်ကြီးက သူ့ရဲ့သားတော်၊ သမီးတော်တွေကို နန်းလျာထားတော့မပေါ့ဟု သွေးထိုးခဲ့သည်။

"နောင်တော်ကြီးက ခုလို စိတ်ဓာတ်မျိုးမရှိပါ"

ဟု ညီတော်က ခိုင်ခိုင်မာမာပြန်ချေပခဲ့သည်။ ဒါပေမဲ့ . . . စကားအရာတွင်လည်းကောင်း၊ မုသားအရာတွင်လည်းကောင်း ကျွမ်းကျင်လှသော ဘဒ္ဒေးတော်သုနန္ဒြကြံလျှင် ဘယ်သို့သောသူ ခံနိုင်ပေအံ့နည်း။

"အခုလည်းကြည့်. . . နောင်တော်လေး ဒီအတိုင်း လက်ပိုက် ကြည့်နေက ညီမတော်လေးပါးနဲ့လည်း ဝေးရမည်။ နောင်တော် ကြီးက အားလုံးကိုသိမ်းပိုက်တော့မှာ"

ဟု ထိချက်ပြင်းသော မြားနှင့်နှလုံးသားကို တည့်တည့် ပစ်ခွင်းလိုက်တော့သည်။

ဒီတစ်ခါ ငေးမှိုင်တွေဝေသွားရသူက နောင်တော်လေး ဖြစ်သည်။ ဒါဆို 'ဘဒ္ဒေးတော်သုနန္ဒြက ဘယ်လိုစီစဉ်မှာတုန်း'ဟူ သော မေးခွန်းတစ်ခုသည် သုပန္နရတိုင်းပြည်၏ရာဇဝင်ကို ကပြောင်းတိ၊ ကပြောင်းဆန်ဖြစ်သွားစေသည်မှာ အမှန်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးရဲ့မကောင်းမှုစတင်တဲ့ည။ အဲဒီညတွင်ရှိ နန်းတွင်းအစောင့်ရဲမက်အားလုံး အိမ်ရှေ့မင်းအိပ်ဖန်စောင့်အားလုံးကို နောင်တော်လေးနှင့် သုနန္ဒ၏သစ္စာခံစစ်သည်များနှင့် နေရာချင်းလဲ၍ထားလိုက်သည်။ လဲလှယ်ရန်လည်း တပ်ပေါင်းစုစစ်သေပတိချုပ်ဖြစ်သူနောင်တော်လေးမှာ အာဏာက အပြည့်ရှိသည်ကိုး။ အဲဒီလိုလဲလှယ်ပြီးသောအခါ ခမည်းတော်ကို ဘဒ္ဒေးတော်သုနန္ဒက သုတ်သင်သည်။ ဒါကလည်း ဘဒ္ဒေးတော်သုနန္ဒက အကွက်စေ့စေ့ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။ အကြောင်းပြချက်ကတော့. . . နောင်တော်လေးကို အဇာတသတ်မင်းသားကဲ့သို့ ပဉ္စနန္တရိယကံ မခံစားစေချင်လို့တဲ့။ ဒါကြောင့် သူပဲတာဝန်ယူမည်တဲ့။ နောင်တော်ကြီးကိုတော့ နောင်တော်လေးနဲ့ ဘဒ္ဒေးတော်ရဲ့လူယုံဒတ္တကတာဝန်ယူကွပ်မျက်စေသည်။ ဒီမှာလည်း ညီအစ်ကိုချင်းသနားပြီး လက်နှေးနေပါက ဒတ္တမှဝင်ရောက်ကွပ်မျက်ရန်စီစဉ်တကျမှာထားပြီးသားဖြစ်သည်။

အားလုံးစီစဉ်ထားသည့်အတိုင်း ကွက်တိဖြစ်လာသည်။ စာရင်းချုပ်လျှင် ခမည်းတော်နှင့်နောင်တော်ကြီး ကွပ်မျက်ခံရသည်။ နောင်တော်လေးနန်းတက်သည်။ နန်းတက်သောအခါ ညီမတော် (၄)ပါးစလုံးကို ရွှေလက်တော်ဆွဲ၍ နန်းသိမ်းပွဲခံသည်။ မြောက်နန်းမတော်၊ တောင်နန်းမတော်၊ အရှေ့နန်းမတော်၊ အနောက်နန်းမတော်အဖြစ် တစ်ခါတည်း သိမ်းပိုက်စံမြန်းတော်မူသည်ဆိုသော အိမ်မက်အဆုံးတွင် ကာလယန္တရားကြီးသည် ငြိမ့်ကနဲ ထိုးဆိုက်သွားသလို. . . အားလုံးလည်း အိမ်မက်ကလန့်နိုးလာကြသည်။ သို့သော်. . . နော်တော်လေး နန်းသိမ်းပိုက်ပြီးလျှင် ဘယ်လိုဆက်ဖြစ်ကြမလဲ။ အားလုံးမသိကြတော့။ အမှန်သာသိလျှင် ဒါ့ထက်ရင်နင့်ကြပေမည်။ အိမ်မက်ကလန့်နိုးပြီး ကြောင်တိ





ကြောင်တဖြစ်နေစဉ်မှာပင် သူတို့ (၆)ဦးကို တစ်ယောက်တစ်ခန်းစီ နေရာချထားလိုက်သည်။ အခန်းထဲရောက်သောအခါ သဘာဝလေကို စနစ်တကျသွင်းထားသည်မို့ အားလုံးချွတ်ချင်လှစွာသော အဝတ်အစားများဖြစ်သည့် ခါတ်ငွေ့ကာ၊ မျက်နှာဖုံး၊ ခါတ်ငွေ့ဖုံးအစွပ်ကြီးများချွတ်၍ သဘာဝလေအေးများသွင်းထားသော အခန်းတွင်းရှိ ကုတင်ပေါ်သို့ အားရပါးရလှဲချလိုက်သည်။ ကုတင်ပေါ်ရှိ မွေ့ယာ၏နူးညံ့ မှုကြောင့် (၁၅)မိနစ်ခန့်ကြာလျှင် ကိုရေချမ်းအိပ်ပျော်သွားတော့သည်။ ဒီတစ်ခါ အိပ်ပျော်စဉ်မှာလည်း ကာလယန္တရားကြီးပေါ်မှာမက်ခဲ့သည့် အိပ်မက်မျိုးထပ်မက်ပြန်သည်။ နားထဲတွင်. . .

'မြေးလေးဖိုးချမ်း. . . မြေးလေးဖိုးချမ်း"

ဟုခေါ်သံတစ်ခုတည်းသာ ယခင်အိပ်မက်ထဲတွင်မပါခဲ့သော အပိုအိပ်မက်တစ်ခုဖြစ်နေသည်။

ကိုရေချမ်းလန့်နိုးလာသည်။

"မြေးလေးဖိုးချမ်း"

"ဟင်. . . အဘိုးရွှေ. . . အဘိုးမသေဘူးနော်"

"မသေဘူးလို့ခေါ်ရမလားမသိဘူး။ အဘိုးတို့ သက္ကဘာတိဝင်တွေထဲက အနွယ်တော်တစ်ခုဟာ စိတ်ပြောင်းကိုယ်ခွာအတတ်၊ စကြ္ကာမစက်ယန္တရားအတတ်တွေကို တတ်တယ် ငါ့မြေး. . . ဘိုးဘိုးလည်း အဲဒီအတတ်ကိုတတ်တယ်"

"ဒါဆို. . . အဘိုးရွှေက စိတ်ပြောင်းကိုယ်ခွာအတတ်နဲ့ ဒီရောက်နေတာပေါ့"

"ဟုတ်တယ်သား၊ မင်းတို့အားလုံးကိုလည်း ဒီနည်းနဲ့ ဒီပေါ်ကိုခေါ်လာတာ။ မင်းတို့ရဲ့မူလခန္ဓာကြီးက ကာလယန္တရားပေါ်မှာ"

"ဗုဒ္ဓေါ. . . ဒါကရှေးအတတ်ပညာလား၊ အခုသိပ္ပံပညာ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မှာမှ ပေါ်လာတဲ့အတတ်ပညာလား”

“ပေါ်တာကတော့ ရှေးကတည်းကပဲ။ ဒါပေမဲ့. . . ဒီခေတ်မှာ ထပ်သုံးလာတော့ ခေတ်ပေါ်အတတ်ပညာလို့ခေါ်ရင်လည်း မမှားဘူးပေါ့။ ငါ့မြေး. . . မြေးတို့မသိသေးတဲ့ အတတ်ပညာတွေဖြစ်တဲ့ တခဏခြင်းနဲ့ဦးနှောက်ထဲကို အခြားသူတစ်ဦး အကြာကြီးသင်ရမဲ့အတတ်ပညာ၊ အမူအရာပညာတွေပြောင်းလဲ သွတ်သွင်းပေးတဲ့ ပညာရှိသေးတယ်၊ အဲဒါကိုလည်း အသုံးချရဦးမှာ”

“မလုပ်ပါနဲ့ အဘိုးရွှေရယ်၊ သမရိုးကျအတိုင်းပဲကောင်းပါတယ်။ သမရိုးကျအတိုင်းမဟုတ်ရင် ဒုက္ခတွေများကုန်ပါ့မယ် အဘိုးရွှေရယ်”

‘မဟုတ်ဘူး ငါ့မြေး. . . သုပန္နရတိုင်းရဲ့အရုပ်ဆိုးအကျည်းတန်ခဲ့တဲ့ ရာဇဝင်သမိုင်းကို ငါ့မြေးတို့က ပြုပြင်ပေးရမယ်။ ဒါမှ အဘိုးကော. . . မင်းခမည်းတော်ကော စိတ်သက်သာရမှာ”

“ကဲပါ. . . အဘိုးရွှေဖြစ်စေချင်တာသာ ပြောပါ”

“အဘိုးက ကျန်တဲ့နောင်တော်လေးကော၊ ညီမတော်လေးပါးကိုပါညှိနှိုင်းမယ်။ ညှိနှိုင်းလို့ရတဲ့သူတွေနဲ့ အဖြေဆက်ထုတ်မယ်”

တဲ့ ကိုရေချမ်းခေါင်းငြိမ့်ရုံမှတပါး. . . ဘာတတ်နိုင်ဦးမှာတဲ့လဲ။

ရှေးကရှိခဲ့တဲ့ စကြောမအတတ်၊ ကာလယန္တရားအတတ်တွေနဲ့ ရာဇဝင်သမိုင်းဘီးကိုနောက်ပြန်လှည့်ဦးမလို့လား၊ ကိုရေချမ်းကတော့ ကျောင်းမှာမတောက်တစ်ခေါက်သင်ခဲ့ရတဲ့ အိုင်းစတိုင်းရဲ့ အချိန်ဆန့်ခြင်းသီအိုရီကိုသွားသတိရမိသည်။ ခြေဉ် အလင်းအလျင်ထက်မြန်တဲ့ယာဉ်ကို တီထွင်နိုင်ရင်တော့ အချိန်ကိုနောက်ပြန်ဆုတ်လို့ ရမှာပေါ့လေဟု သာမာန်ကာလျှံကာတွေးထားလိုက်မိပေတော့သည်။

■



အခန်း (၂၇)

အဘိုးရွှေကား တစ်ဦးချင်းဘယ်လိုညှိနှိုင်းသည်မသိ။ ဆွေမြောက်နေ့တွင်ကား. . . (၅)ယောက်သား အခန်းတစ်ခုတည်းတွင် ဆုံကြရသည်။

“အဘိုးရေ. . . ကျန်တဲ့တစ်ယောက်ကော”

ဟု မိဝါက မေး၏။

“အဲဒီတစ်ယောက်က ညှိနှိုင်းလို့မရဘူး”

ဟူသောအဖြေကိုသာ ပြတ်တောက်စွာ ဖြေကြားလိုက်၏

ကိုရေချမ်း၊ ဒေါင်းဒေါင်း၊ မိဝါ၊ ခမ်းမွန်နှင့် မိကျန်ဖြူတို့ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ဒီကြည့်လိုက်သောအကြည့်တွင် အဓိပ္ပာယ် ပေါင်းများစွာ ပါဝင်ပတ်သက်နေသည်။ အဘိုးရွှေက ဘယ်လိုမေးလို့ကိုရေချမ်းက ဘယ်လိုဖြေထားသလဲ။ ကျန်တဲ့တစ်ဦးချင်းကကော ဘယ်လိုအဖြေတွေပေးထားသလဲ။ အဲဒီအဖြေတွေကြောင့် အနာဂတ်မှာဘာတွေ တွေ့လာကြရဦးမှာလဲဟူသော လားပေါင်းများစွာပါဝင်သောအကြည့်များဖြစ်သည်။ ထို့ထက်ပို၍ သိချင်သည်များကတော့ ကျန်တဲ့တစ်ယောက်က ဒီအခန်းကိုဘာကြောင့်မလာတော့တာလဲ၊ သူကကော ဘာတွေဖြေလိုက်လို့ ဒီအခန်းကို မလာတာလဲဟူသော



www.burmeseclassic.com

www.burmeseclassic.com



သိချင်သည့်ဆန္ဒပေါင်းများစွာနှင့် နှုတ်ဆွံ့နေမိကြသည်။

"မင်းတို့လေးတွေ ဘာသိချင်တယ်ဆိုတာ အဘိုးရွှေသိတယ်။ ဒါပေမဲ့. . . အနာဂတ်ရဲ့သော့ချက်ဆိုတော့ မရဏာတွင်းနက်ရဲ့ ဥပဒေစည်းမျဉ်းအရ ပြောပြပိုင်ခွင့်မရှိဘူး။ ဒါကြောင့်. . . မသိချင်ကြနဲ့"

"ဒါပေမဲ့. . . ပုထုဇဉ်စိတ်ဆိုတာ အခက်သားလား အဘိုးရွှေရယ်။ မသိချင်ပါနဲ့ဆိုတဲ့စကားရပ်ကြောင့် ပိုပြီးသိချင်တယ်။ ဒါကြောင့် အဘိုးရွှေက ဟေဋ္ဌိသဘောမျိုးမှာ အစလေးတော့ ဖော်ပေးခဲ့ပေါ့နော် အဘိုး"

ဟု ဒေါင်းဒေါင်းက မေးစေ့လေးကိုပွတ်ရင်း ဝင်ပြောတော့သည်။

"အတ္တဝါဒီနဲ့ အနတ္တတို့ဝါဒီရဲ့ အားပြိုင်ပွဲပဲ ကလေးတို့ရယ်။ အတ္တဝါဒီဆိုတာ အသိဉာဏ်မြင့်မားတဲ့ စိတ်ဓာတ်မွန်မြတ်တဲ့ သူတွေထားအပ်တဲ့အရာတွေ မဟုတ်ပါဘူး။ ကလေးတို့မှန်ပါတယ်"

"ဟေး. . . ဒါမှ တို့အဘိုးရွှေကွ"

ဟုဆိုကာ မိန်းကလေး(၄)ယောက် အဘိုးရွှေကို ဝိုင်းဖက်ကြသည်။

"ဟဲ့. . . ဟဲ့. . . တို့မောင်တော်ကိုလည်း နှစ်သိမ့်ကြဦး. . . မေးကြဦးဟဲ့"

(၄)ယောက်စလုံး ကိုရေချမ်းအနားသို့ ဝိုင်းလာသည်။ ကျောကိုသိုင်းဖက်သူ၊ ခါးကိုဖက်သူ၊ ကိုရေချမ်းလက်တစ်ဖက်ကိုဆွဲပြီး ရင်ခွင်အပ်ထားသူ၊ ကိုရေချမ်းရင်ခွင်ထဲ ခေါင်းဝှေ့ထားသူ ကြည့်ရသည်မှာပင် မျက်စိရှုပ်သွားမိသည်။ မြွေကြီးတစ်ကောင်ကို အခြားမြွေများက ရစ်ပတ်ခွေလိမ်ထားသည့်သဖွယ် ဖြစ်နေသည်။ ကိုး ချချမ်းကား. . .





"ဟဲ့. . . ဟဲ့. . . မလုပ်ကြနဲ့"။

"ဟဲ့. . ဖယ်ကြဦး။ အဘိုးရွှေ မျက်စိရှုပ်ပြီး ထရိုက်နေဦးမယ်"

"မရိုက်ပါဘူး ငါ့မြေးကြီးရယ်။ ဒီကလေး လေးယောက်နဲ့ ငါ့မြေးကြီးဟာ ဘဝဆက်တိုင်း ရေစက်ဆုံနေကြပဲကွယ်"

"ဟာ. . . မဟုတ်တာအဘိုးရွှေရယ်။ လေးယောက်စလုံးနဲ့ ဆုံတယ်ဆိုရင် ကျွန်တော်က ဘဝဆက်တိုင်း ပြည့်ရှင်မင်းဖြစ်နေရမှာ ပေါ့အဖိုးရာ"

"အလဲ့. . . အစ်ကိုချမ်းကလည်း ဒီဘဝမှာမဖြစ်နိုင်တာ ပြောနေပြန်ပြီ။ အခုခေတ်က သက်ဦးဆံပိုင်ဘုရင်ခေတ်မှ မဟုတ်တာ။ ဒါပေမဲ့. . . ရတယ်။ လေးယောက်ထဲက ကြိုက်တာရွေး ကျန်တဲ့ သုံးယောက်က အတူနေပေးမယ်"

"လုပ်ပြန်ပြီ။ အိပ်မက်ထဲက သုပန္နရတိုင်း အိမ်ရှေ့စံနောင်တော်ကြီးလိုဖြစ်နေပါဦးမယ်. . . မဝါရယ်၊ ရှေ့တိုးလို့မရ နောက်ဆုတ်လို့မရ"

"ရှေ့တိုးလည်း ကြည်ဖြူတယ်။ နောက်ဆုတ်လည်း ကြည်ဖြူတယ်၊ ခမ်းမွန်တို့ကတော့ ဘေးကပဲ"

ဟု ခါးကိုဖက်ထားသော ခမ်းမွန်က မျက်တောင်လေးပုတ်ခတ် ပုတ်ခတ်လုပ်ကာ ပြောလိုက်ရှာသည်။

"မိကျန်ဖြူတို့ကတော့ ကျန်ရစ်မှာပါတော်"

ဟု ကြောမှသိုင်းဖက်ရင်း မိကျန်ဖြူ အသံလေးစာစာနှင့် ပြောလာ၏။

"ကဲ. . . အသာနေကျ အစ်မကြီးက ခွဲဝေပေးမယ်။ခမည်းတော်သီဟနန္ဒအမိန့်တော်မှာပါတဲ့အတိုင်း လေးပိုင်းပိုင်း၍ ဝေပေးလတ္တံ့"

ဟု ဒေါင်းဒေါင်း ခမျာလက်ညှိုးအပေါ်ထောင်၍ စာသံပေသံ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဟစ်တော့သည်။

"ကဲ. . . ကဲ. . . ညီမလေးတို့ ကိုယ့်နေရာကိုယ်နေကျ အဘိုးရွှေက ဘာတွေသင်ပြဖို့ရှိသလဲမသိဘူး"

"ဟင့်. . . ဒါကိုယ့်နေရာ ကိုယ်နေတာပဲဟာ"

ဟု မိဝါက ကိုရေချမ်းမျက်နှာကို မော့ကြည့်ကာပြုံးပြုံးလေး ပြောရှာသည်။

"ကဲ. . . ကဲ. . . ကလေးတို့ ကိုယ့်ထိုင်ခုံမှာကိုယ်ထိုင်ကြ။ ဒီရက်ပိုင်းအတွင်းသင်ကြားရမယ့် နက္ခတ်ခန္ဓာလွှင့်ထုတ်နည်း၊ နက္ခတ်ခန္ဓာနဲ့ တခြားခန္ဓာကိုဝင်ထွက်နည်း၊ နောက်သင်ကြားမှုဆိုင်ရာအတတ်ပညာတွေက စက္ကောမအတတ်၊ မနောစက္ကအတတ်တွေနဲ့၊ တစ်ယောက်ဦးနှောက် တစ်ယောက်ခေါတ်ဆက်ကူးနည်းတွေ အများကြီးရှိနေတယ်။ ဒါကြောင့်. . . နားထောင်ကြ"

ဟု ပြောလိုက်သောအခါ အားလုံးစိတ်ဝင်တစားနားထောင်လျှက်ရှိနေကြတော့သည်။

အဘိုးရွှေသင်ပြမှုတွေကလည်း အတော်စိတ်ဝင်စားစရာကောင်းသည်။ လူသားတစ်ယောက်တွင် ခန္ဓာ(၄)မျိုးရှိရာ၊ ရုပ်ခန္ဓာဟုခေါ်သော (Physical body)၊ စိတ်ခန္ဓာဟုခေါ်သော (Mantel body)၊ နက္ခတ်ခန္ဓာဟုခေါ်သော (Astrol body) နှင့် အီသာရစ်ခန္ဓာဟုခေါ်သော (Etheric body) တို့ဖြစ်ကြသည်။ ယင်းတို့အနက် နက္ခတ်ခန္ဓာသည် ပြင်ပအရပ်ရှစ်မျက်နှာရှိ လျှပ်စစ်သံလိုက်လှိုင်း (Electro Maganatic wave) ပေါ်သို့ ချိတ်တင်ပြီး မိမိသွားလိုရာသို့ အလင်းလှိုင်းလွှင့်သကဲ့သို့ ရွက်လွှင့်သွားလာနိုင်ကြောင်းပြသခဲ့သည်။ ယင်းကဲ့သို့ ရွက်လွှင့်သွားလာနိုင်ရန်အတွက် သူတို့စီစဉ်ထားသည့်အခန်းထဲတွင် သမထတန်ခိုးများ ဖြည့်ဆည်းကြရမည်ဖြစ်သည်။ ထိုအခန်းကို အထူးတလည်စီစဉ်ထားမှု





အတွက် ကိုရေချမ်းက သိပ္ပံနည်းကျ ဆက်လက်ရှင်းပြသည်။ သိပ္ပံနည်းကျရှင်းပြတာကို တကယ်နားလည်နိုင်တာကတော့ ဒေါင်းဒေါင်းနှင့် မဝါနှစ်ဦးသာရှိရာ၊ ခမ်းမွန်နှင့် မိကျန်ဖြူတို့သူတို့ကပဲ ဆက်၍ရှင်းပြကြသည်။ ဟိုးရှေးခေတ် အီဂျစ်လူမျိုးတို့စတင်ခဲ့သော ပိရမစ်ယဉ်ကျေးမှုမှအစပျိုး၍ ရှင်းပြသည်။ ကမ္ဘာမြေကြီး၏တန်ခိုးနှင့်ပတ်သက်သော အချက်အလက်များ၊ ကမ္ဘာ့သဘာဝသံလိုက်နှင့်ပတ်သက်သော အချက်အလက်များတို့ နားလည်တစ်ချို့ နားမလည်တစ်ချို့ဖြင့် နားထောင်နေကြရသည်။ တကယ်ပဲ. . . အဲဒီအခန်းထဲတွင် နက္ခာခန္ဓာလွှင့်နည်းလေ့ကျင့်ရန်အတွက် ပိရမစ်အချိုးအတိုင်း ပေ(၃၀)ခန့်အမြင့်ရှိ ထိပ်ချွန်ချွန်အခန်းထဲတွင် ယင်းအခန်းရှိ အမြင့်၏ (၃)ချိုး၊ (၁)ချိုးနေရာ (၁၀)ပေခန့်အမြင့်၌ ခန္ဓာကိုယ်လဲလျောင်းရန် လုပ်ထားသည်။ ပိရမစ်ကြီးအား တိုက်ရိုက်လျှပ်စီးကြောင်းပေးသည့်ဘက်ထရီအကြီးစားမှ ထုတ်လွှတ်သည့် လျှပ်စစ်ကြိုးများဖြင့်ပတ်ထားသည်။ ဘေးမှလည်း သံလိုက်တောင့်မြောက်ကို တစ်လှည့်စီ (၄)ဘက်လေးတန်မှ သံလိုက်ဆွဲအားတို့ လွှတ်အောင်စီစဉ်ထားသည်။ အဘိုးရွှေပြောသည့်အတိုင်း စိတ်ကိုတည်ငြိမ်အောင်ယူလိုက်ကြသည်။ ထိုသို့စိတ်တည်ငြိမ်မှုကို ဈာန်အင်္ဂါအဆင့်ဆင့်အလိုက် အတော်အသင့်ရရှိအောင် အာရုံယူလိုက်သောအခါ ခန္ဓာကိုယ်အပိုတစ်ခုသည် အပေါ်သို့ကြွတက်လာပြီး၊ မိမိခန္ဓာဟောင်းကို မိမိဖာသာပြန်မြင်ရသည်။ အချို့သည်(၆) ပေခန့်အမြင့်မှလည်းကောင်း၊ အချို့သည် (၁၀)ပေ (၁၂)ပေ အမြင့်မှလည်းကောင်း၊ ပြန်မြင်ရကြောင်း ပြန်လည်ဆွေးနွေးရင်း. . . သိရတော့သည်။

အဲဒီအခြေအနေမှနေ၍ နက္ခတ်ခန္ဓာကို ထုတ်လွှင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ သေနတ်ပစ်သောအခါ သေနတ်ကျည်ဆံထွက်လျှင် ထွက်ခြင်း ဆောင့်ထွက်သွားသကဲ့သို့ စိတ်ထဲ၌ခံစားရပြီး၊ မိမိ စိတ်ညွှတ်ထားသောနေရာသို့ စက္ကန့်၏သေးငယ်သော အပိုင်း အချိန်အတိုင်းအတာလေးအတွင်း ရောက်ရှိသွားကြတော့သည်။ မဝါသည် အမေကြီးရှိရာ ရန်ကုန်သို့ ရောက်ရှိသွားသလို၊ ဒေါင်း ဒေါင်းသည် တောင်သမန်အင်းရှိ ထန်းတောသို့လည်းကောင်း၊ မိကျန်ဖြူသည် ဗျတ္တလမ်းရှိ ထန်းတောသို့လည်းကောင်း၊ ခမ်းမွန် သည် နောင်ချိုရှိ မိမိရွာမှတစ်ဆင့် ကိုရေချမ်းရှိရာကို ရောက်လာ ခြင်းကိုလည်းကောင်း တစ်ယောက်နှင့် တစ်ယောက်အတွေ့အကြုံ တွေကိုပြောပြရင်း အတွေ့အကြုံတွေဖလှယ်ကြ၊ ရယ်ပွဲဖွဲ့ကြရ တော့သည်။

"မိခမ်းမွန်တို့ကတော့ ဈေးဖျက်ပြီ. . .၊ မင်းယောကျ်ား ကိုစိမ်းကား ကြီးဆီကို ရောက်နေတာပေါ့ဟုတ်လား"

"မင်းလကျ်ာဆီမဟုတ်ဘူး မမဒေါင်းရေ့. . . ကိုရေချမ်း ဆီ. . . ကိုရေချမ်းဆီ"

ဟု မိန်းကလေးတန်မဲ့ တရှိက်မက်မက်ပြောရှာကြသည်။

"တို့လည်း ဒီလိုပါပဲဟယ်၊ မိုးရေစက်ဆိုတာ ဘယ်လိုပဲ မိုးတိမ်ပေါ်မှာနေနေ အချိန်တန်ရင် မြေပြင်ကိုဆင်းပြီးတော့ မြစ် ချောင်းအင်းအိုင်ထဲကိုစုပြီး စီးဆင်းရတာမဟုတ်ပဲ၊ မြစ်ချောင်း အင်းအိုင်ဆိုတာလည်း ကမ္ဘာဆိုတဲ့ မြေကြီးရင်ခွင်ထဲမှာပဲ တည်ရှိ ကြတဲ့အရာလေ"

"တို့လည်း ဒီလိုပါပဲ။ ဘဝဆက်တိုင်းဘယ်လိုပဲမြင့်မြင့်၊ ဘယ်လိုပဲအလှမ်းကွာ၊ မိုးရေစက်တွေလိုပဲ ကိုရေချမ်းဆိုတဲ့ ကမ္ဘာ မြေရင်ခွင်ထဲကို မရောက်ရောက်အောင်ပေါင်းဆုံစီးဆင်းကြရတာ ပေါ့။ အဲဒါ မဟုတ်ဘူးလား။ ပဌာန်းဆက်ပဲခေါ်ခေါ် ပါရမီဖြည့်ဖက်ပဲ





ပြောပြော၊ ကိုရေချမ်းနဲ့ဝေးတဲ့နေရာမှာ နေလို့မရပါဘူးဟယ်"

"ဒါဆို. . . ကာလယန္တရားယဉ်ပေါ်မှာတုန်းက ကိုရေချမ်း နတ်ရွာစံသွားပြီဆိုတော့. . . တို့လေးယောက်ဟာ နောင်တော် လေးရဲ့ ကြင်ယာဖြစ်တယ်ဆိုတာကကော၊ ဒါဟာ မဟုတ်တာနဲ့ ဆန့် ကျင်တဲ့ဖြစ်ရပ်သမိုင်းစဉ်ကြီးပဲ"

ဟုပြောပြီး ရပ်သွားကြသည်။ ကိုရေချမ်းမှလွဲပြီး မိန်းကလေး လေးယောက်၏မျက်ဝန်းများတွင် မျက်ရည်စများတွဲခို နေကြသည်။

"ရေချမ်း. . . မင်းဟာ နောင်တော်ကြီးဘဝတုန်းကလဲ မိန်းကလေးတွေကို အသိအမှတ်မပြုဘဲ ငြင်းဆိုခဲ့တယ်၊ အဲဒီတုန်းက လည်း မိန်းကလေးတွေဟာ သူတို့ရဲ့ လွှာဒိုင်းနဲ့တူတဲ့ မျက်ရည် ကိုသုံးပြီး မင်းရဲ့စိမ်းကားမှုမြားချက်တွေကို ကာခဲ့ ဆီးခဲ့ကြတယ်၊ ဒါပေမဲ့. . . အဖြစ်အပျက်တွေက မထင်မှန်းတာတွေကြုံတွေ့ခဲ့ရ တယ်။ အခုလည်း သူတို့ရဲ့လွှာဒိုင်းဖြစ်တဲ့မျက်ရည်တွေနဲ့ မင်းဆိုတဲ့ ကိုစိမ်းကားကြီးရဲ့ စိမ်းကားမြားချက်တွေကို ကာကွယ်နေကြပြီ ကော့ကွယ်"

ဟု ကိုယ့်ဖာသာစိတ်ထဲတွင် ပြန်လည်မေးမြန်းနေမိသော ကိုရေချမ်းကား သူတို့ကိုသနားရမှာလား၊ အပြစ်တင်ရမှာလားဟု ဝေခွဲရခက် နေသည်။

ဒါကိုသိတော့ အဘိုးရွှေက ကြားဝင်ခဲ့သည်။

"ကဲ. . . ကလေးမတွေကိုရော ငါ့မြေးကိုပါ ရှေးနှစ်ပေါင်း များစွာက သကျသာကီဝင်တွေရဲ့ အပြောအဆို အသုံးအနှုန်း ထုံးဓလေ့ နန်းရာတွေကို သင်ပေးမယ်"

"အဲဒါ မသင်လို့မရဘူးလား အဘိုးရွှေ"

"ခဏပါကွယ်. . . ဒီခေတ်လူငယ်တွေပြောသလိုဆို ဘော် ကူးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုရေချမ်း နားလည်လိုက်ပါသည်။ ရှေးခေတ်(ဝါ) သက္ကရာဇ်မတိုင်မီ ကာလကနေ ... Actually

ကိုရေချမ်း နားလည်လိုက်ပါသည်။ ရှေးခေတ်(ဝါ) သက်ဆိုင်ရာခေတ်အခါ ပို၍တိတိကျကျပြောရလျှင် ဘုရားပွင့်ပြီး နှစ်ပေါင်း ဆယ်စုနှစ်ကြာလောက်က သကျသာကီဝင်တို့အား ဝိဋူဋဘမှသတ်ဖြတ်၍ အဘိရာဇာဦးစီးသော အဖွဲ့တစ်ဖွဲ့က ဧရာဝတီမြစ်ကြောင်းအတိုင်း မြေပြန့်ဆီကိုလည်းကောင်း၊ သီဟနန္ဒရာဇာဦးစီးသော ဤသာကီဝင်တို့သည် တောင်ပေါ် လူအရောက်အပေါက်နည်းသော ရေခဲတောင်ဒေသသို့ ၎င်းရောက်ရှိခဲ့သည်။ ထိုသို့ရောက်ရှိရင်း အသက်ကိုထောင်ချီ၍ဆန့်ထုတ်ရသော တံခြအတတ် ပညာဖြင့်နေခဲ့ထိုင်ခဲ့ကြရင်း လူတို့နှင့်ဝေးရာသို့ ရှောင်ခွာနေထိုင်လာကြသည်။ ရာစုနှစ်မကြာခင်က အင်္ဂလိပ်တို့ မြန်မာနိုင်ငံမှ ရွှေငွေကျောက်သံပတ္တမြားတို့ခိုးထုတ်နိုင်ရန် မရဏတွင်း နက်ကြီးစီစဉ်ခဲ့သည်။ ထိုတွင်းနက်ထဲတွင် ရွှေထုတ်လုပ်ခြင်းအပြင် အနုမြူသတ္တုကြွသည့် ယူရေနီယံသတ္တုများပါ ထုတ်လုပ်လာကြသည်။ ထိုတွင်းကြီးကို အမျိုးမျိုးပုံဖျက် ရေခဲတို့ဖုံးလွှမ်းနေစေအောင်ဆောင်ရွက်ခဲ့ရာ ထိုတွင်းသို့ သီဟနန္ဒရာဇာနှင့် သကျသာကီဝင်တို့လာရောက် ပြောင်းရွှေ့နေထိုင်ကြသည်။ ထိုအထဲမှ နေ၍ နေခေါ်တော်လေး၏ လောဘဇောဖြင့် သတ်ဖြတ်မှုကြောင့် ယခုလာကြသော ကိုရေချမ်းနှင့် အိမ်ရှေ့မင်း၏မိဖုရား (ဝါ) သခင်မလေးပါးတို့ သေဆုံးကြရသည်။ နောက်ပြီး ခမည်းတော်ဘုရင်သီဟနန္ဒာရာဇာပါ ကံတော်ကုန်ခဲ့ရသည့် ဆိုးဝါးသော ရာဇဝင်သမိုင်းအဖြစ် အမည်းစက်ထင်၍ ကျန်ခဲ့ပေတော့သည်။

■



## အခန်း (၂၈)

ရာဇဝင်သမိုင်းကြောင်းကို သိပြီးသောအခါ ကွိတ္တိယလေးဦးနှင့် ကိုရေချမ်းတို့ ရင်ထဲတွင် တမြေ့မြေ့နှင့်ခံစားမိကြသည်။ ကိုရေချမ်းအနေနှင့်ကလည်း မိမိ၏သူစိမ်း ပြင်ပြင်စိမ်းကားတတ်မှု ဥပက္ခာတရားဖြင့် ကွိတ္တိယတို့အားအနိုင်ယူတတ်မှု၊ ဘုရားဆုပန်မင်းယောကျ်ားဟူသည့် မာနတံခွန်ရှိန်ရှိန်တက်မှုတို့ကို ပြန်လည်ဆင်ခြင်သုံးသပ်မိပေသည်။ သူ့ရဲ့တဖက်သတ်ဆန်သော အမြင်အမူတွေကို အရင်သံသရာဘဝအဆက်ဆက်အရလည်းကောင်း၊ ယခုဘဝတွင်တွေ့ကြုံခံစားနေရမှုအရလည်းကောင်း၊ သူတို့လေးတွေအနေနှင့် စိတ်နာချင်စရာအလွန်ကောင်းလှပေမည်ဟု သုံးသပ်မိလေသည်။

သို့သော်လည်း စိတ်နာကျည်းဟန်လုံးဝမတွေ့ရသည့်အပြင် ဘဝအဆက်ဆက်ပါရမီဆက်တို့တွင် အဘယ်မျှလောက်ဆုတောင်းထားခဲ့မိကြသည်မသိ။ မိပစ်ဖပစ်၊ ဆွေမျိုးပစ်ပြီး မြန်မာပြည်၏မြောက်အစွန်အဖျား ရေခဲတောင်ကြားထိအောင် လိုက်လံဒုက္ခခံခဲ့ကြသည့်အပြင် ဒီနေ့သေမလား၊ နက်ဖြန်သေမလား၊ ဒီမရဏတွင်းနက်ကြီးထဲမှအသက်ရှင်လျက် ပြန်ထွက်ခွာခွင့်ရပါ့မလား၊ အသက်ရှင်ကျန်နေရစ်ခဲ့ရင်ကော မရဏတွင်းနက်ကြီး

www.burmeseclassic.com



ထဲကနေ လွယ်လွယ်ကူကူပြန်တက်ဖို့အခွင့်အရေးရပါအုံးမလား၊ ဒါတွေကို သိလျက်နှင့်ပင် စွန့်စားရဲကြပေသည်။ ကိုရေချမ်းဆိုသော သူတို့ချစ်တဲ့ အစ်ကိုချမ်းနဲ့ တစ်ရက်အတူ နေကြရခြင်းကို တစ်ကမ္ဘာ၊ တစ်သံသရာတမျှ ဆန့်ဆွဲယူ၍ရှည် လျားသော သံသရာအဖြစ် မှတ်ယူနေလိုကြသူများဖြစ်ပေသည်။

ကိုရေချမ်းအနေနှင့်ကော ပြန်စဉ်းစားကြည့်မိသည်။ ဒေါင်းဒေါင်းဆိုသော မိန်းကလေးသည် သူ၏အချစ်ဆုံးအမွှာအစ်မကိုပင်လျှင် မိမရှိ၊ဖမရှိအခြေအနေပင်ဖြစ်လင့်ကစား တစ်ယောက်ထဲ ပစ်ထားခဲ့ရှာသည်။ ကိုရေချမ်းအား မိန်းကလေးတန်မဲ့ ရေမြေတောတောင်အဆုံး လင်ပျောက်ရှာပုံတော် တစ်နည်းပြောရလျှင် ရည်းစားပျောက်ရှာပုံတော်ဖွင့်ခဲ့သည်။ တကယ်တော့ အဲဒီအချိန်၌ ကိုရေချမ်းသည် ဒေါင်းဒေါင်းနှင့်သမီးရည်းစား အဖြစ်မရောက်ရှိသေး။ ဒေါင်းဒေါင်းဘက်ကသာ တစ်ဖက်သတ် အချစ်နှင့်လိုက်လံရှာဖွေခဲ့သည်။ မိန်းကလေးတန်မဲ့ လိုက်လံရှာဖွေခဲ့သည်။

မဝါလည်းထို့အတူပင်. . . ကိုရေချမ်းတစ်ဖြစ်လည်း ကိုနိုးတူးမှ မြွေပချုပ်ကြီးထမ်းပြီး အလမ္ပာယ်ပြနေသည်ကို သူ့အိမ်ထိမဖြစ်မနေခေါ်လာပြီး မိန်းမနောက်ပိုးပိုးခဲ့ရသူဖြစ်သည်။ မဝါ၏အဖေက နိုင်ငံရပ်ခြားအလုပ်သွားလုပ်နေဆဲမို့ အားကိုးရာမဲ့ဖြစ်နေသော အမေတစ်ခု သမီးတစ်ခုဘဝမှာပင် အမေကိုလည်းကောင်း၊ သူ့စည်းစိမ်ဥစ္စာအမွေတွေကိုလည်းကောင်း စွန့်ပစ်ပြီး ကောက်ကောက်ပါအောင်လိုက်ခဲ့ရှာသည်။ ဒေါင်းဒေါင်း၏ စေတနာမှုကြောင့် ထိန်နန်ရွာပျက်လမ်းကွဲတွင် ကိုရေချမ်း၏ အချစ်မှတ်တိုင်ကို မရ,ရအောင် သူ့နှလုံးသားမှာ လွှင့်ထူစေခဲ့သည်။ ဒါပေမဲ့. . . ဘဝအဆက်ဆက်မှ ရည်းစားလုဖက် ညီမတွေကို





အပြစ်မြူမှုန်မျှမထင်ဘဲ ကြည်ဖြူစွာရင်းနှီးဆက်ဆံနိုင်ခဲ့သည်။ ကိုရေချမ်းသွားလျှင်သွားခြင်း၊ ကိုရေချမ်းကြည့်လျှင် ကြည့်ခြင်း၊ ကိုရေချမ်းစိတ်မချမ်းမြေ့လျှင်လည်း သူကအတူတူ၊ ကိုရေချမ်းသာယောကျ်ားတန်မဲ့ငိုခဲ့လျှင် သူပါကြုံကြုံပါအောင်ငိုပြီး ဘယ်သူ့ကိုဘယ်လိုလက်စားချေရပါ့မလဲဟု သဲသဲလှုပ်နေသည်။ ကြွတ္တိယတို့တတ်အပ်သောပညာအားလုံးကို ကိုရေချမ်း၏အသည်းနှလုံးနဲ့ဝေးရာမှာပုံပြီး ဘာအရောင်၊ ဘာအနံ့မှမရောစွက်ဘဲ မိမိတို့နှစ်နှစ်ကာကာချစ်ရှာသူတစ်ယောက်ဟု ကိုရေချမ်းကလည်း သိ၊ အားလုံးကလည်း သိဆဲ။

ခမ်းမွန်ဆိုသည့် ရှမ်းတောသူကလေးကား အဖေ၊ အမေ၊ အစ်ကိုဆိုသည့် သူတို့အသိုက်အမြုံလေးကို ဥပေက္ခာပြု၍ ကိုရေချမ်းနောက်တော်ပါးပါအောင်လိုက်ခဲ့သူ။ ထို့ထက်ပို၍ သူ့ဘဝကိုဖျက်လိုဖျက်ဆီးပြုခဲ့သူအစား လှည်းကျိုးဝင်ထမ်းရှာလေခြင်းဆိုတဲ့အသိစိတ်ပိုပိုဖြင့်တစ်ဖုံ၊ မိဘတွေ သတ်မှတ်ပေးသောအကြင်လင်တော်မောင်ဟူရယ်လို့တစ်နည်း သူတစ်ယောက်ထဲအပိုင်မယူလိုခဲ့၊ အရင်ဘဝဆက်ဆက်က ဘယ်လိုပဲ အတ္တဝါဒဖြင့် အပိုင်စိုးမိုးလိုခဲ့ပေမယ့် . . . ဒီဘဝမှာတော့ ချစ်ခြင်းဟူသောသစ်ပင်ကြီးတစ်ပင်မှ အသီးအပွင့်များ, များပြားစွာဝေဆာပွင့်ဖူးနိုင်ကြောင်းသိခဲ့ရချေပြီ။ ထို့အတူ. . . ကိုရေချမ်းတည်းဟူသောငွါးငွါးစွင့်စွင့် သည်အပင်ကြီးမှပွင့်လာဦးမည့် အသီးအပွင့်များသည်လည်း မိမိတစ်ဦးတည်းပိုင်ဆိုင်ခွင့်မဟုတ်ကြောင်း ခံယူသိရှိခဲ့ပေပြီ။ သို့သော် လူတိုင်းကကော ကြွတ္တိယတိုင်းကကော ပိုင်ဆိုင်ခွင့်ရှိသလား။ ဒါကိုတော့ သူ့ကိုသူလည်း ပြန်မေးရဦးမည်။

နှစ်ယောက်တည်းရှိတဲ့အခါမှ ကိုရေချမ်းကိုလည်း တိုးတိုးလေး မေးရဦးမယ်။ ဒါပေမဲ့. . . ကိုရေချမ်း ဖြေမယ့်စကားကတော့



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်လေ။

လောကမှာ ဣတ္ထိယတွေမရှိတဲ့ ကမ္ဘာကိုသိရင် ပြောပြပါ။ အဲဒီကမ္ဘာမှာ ကိုရေချမ်း နေချင်တယ်လို့ပြောမှာပဲမဟုတ်လား။ မိကျန်ဖြူကလည်း တွေးလိုက်တိုင်း ရင်ထဲမှာ တနုံ့နုံ့ ခံစားမိသည်။ ကိုရေချမ်းတည်းဟူသော အချစ်ကိုရယူဖို့အတွက် သူ့ယောက္ခမလောင်း ကြီး ဒေါ်သက်ပုံနှင့် ရွာလူကြီးတွေ၏အကူအညီရယူကာ လက်ထပ်ဖို့စီစဉ်ခဲ့သည်။ အဲဒီမှာ ကိုရေချမ်းဆိုသူ အစ်ကိုချမ်းက သူ့ရင်ကိုနောက်ကန်တွန်းချ၊ အဝေးမိုးကုတ်စက်ဝိုင်းဆီသို့ ထွက်ပြေးခဲ့သည်။ ရွာလေဝေးဝေး၊ လိုက်လေပြေးလေမို့ မိန်းမသားတန်မဲ့ရှာသော်လည်း မတွေ့ဖြစ်ခဲ့ရသည်။ ဒါပေမဲ့. . . ကိုရေချမ်းလိုချင်သော ရှာဖွေနေရသော လျှို့ဝှက်ပစ္စည်းအားလုံးကို ရှာဖွေဖြည့်ဆည်းပေးခဲ့နိုင်သည်ကြောင့် ကြံဖန်၍ဝမ်းသာနေခဲ့ရသည်။

ဒီအထဲမှာ အစ်ကိုချမ်းပြီးလျှင် ကျေးဇူးအတင်ရဆုံးသူက မမဝါ။ သူက မိကျန်ဖြူကိုလာရှာပြီးခေါ်ခဲ့၍ **အစ်ကိုချမ်းနဲ့တွေ့ခဲ့**ရသူ။ ဒါကြောင့်. . . အစ်ကိုချမ်းကို မိမိ**တစ်ဦးတည်း**ပိုင်ဟုလည်းမတွက်တော့။ ယောကျ်ားတစ်ယောက်ရဲ့ **အချစ်ဟူသည်** လူအများဝင်ထွက်မှီခိုနေထိုင်ကြသည့် ဥယျာဉ်**စခန်းတစ်ခုအနေ**နှင့်သာ သတ်မှတ်ပေးလိုက်ချင်သေးရဲ့လို့ စိတ်ကူးယဉ်ယဉ်တွေးထင်မိပါသေး။ အစ်ကိုချမ်းရဲ့ရင်ခွင်မှာ မိမိတို့ဣတ္ထိယ (၄)ဦးလိုပင် ဘဝဆုတောင်းရှိခဲ့၍လာဆုံစည်းခဲ့ကြလျှင်လည်း ဝန်တိုခြင်းတင်းစွာ ရယ်ရယ်ပြုံးပြုံးနဲ့ ညှော်ဝတ်ကျေစွာ အစ်ကိုချမ်းရှေ့မှ လက်ကမ်း ကြိုလိုက်ချင်ပါသေးသည်။

မိမိလိုပင် အစ်မ(၃)ဦးကလည်း ကြည်ဖြူစွာလက်ကမ်းကြိုကြမှာ အမှန်ပင်။ ဒါပေမဲ့. . . အစ်ကိုချမ်းကတော့ မိမိတို့လေးဦးအချစ်တွေတပုံတပင် သူ့ပခုံးပေါ် သူ့ခေါင်းပေါ် သူ့နှလုံးသားပေါ်





ထပ်ဆင့်ထားခြင်းကိုပင်လျှင် အမျိုးမျိုးပြုစု ရှောင်တိမ်းချင်လည်း မိမိတို့က ဘယ်ခြောက်ခါ ညာယိမ်းလို့သာ တိမ်းမရထွက်မရနှင့် သမင်မဦးချိုငြိသည့်ပမာ တောနွယ်တောပန်းတွေကြားမှာ ကိုရေချမ်း ဗျာများနေရသောအဖြစ်၊ ဗျာများတယ်ဆိုပေမယ့် အခြားယောကျ်ားတွေကဲ့သို့ ဟိုဘက်ယိမ်းရကောင်းနိုး၊ ဒီဘက်ယိမ်းရကောင်းနိုးဖြင့် ဗျာများနေခြင်းမျိုးမဟုတ်ဘဲ သူတို့အားလုံးကို ကျေကျေနပ်နပ်ကျွန်နေရစ် ခွဲခွာနေခဲ့ရစ်အောင် ဘယ်လိုအကြံထုတ်ရပါ့မလဲလို့ ဗျာများနေသော အစ်ကိုချမ်းရဲ့အဖြစ်၊ အရင်သံသ**ရာမှာတော့ ရှင်း**ပါသည်။ **ဗျာများ**နေသောအဖြစ်သနစ်ကို **အသက်လက်တစ်ဆစ်နဲ့** ခိုင်းနှိုင်းရစ်ကာ သူတို့(၄)ဦးကို **ပစ်ထားခဲ့နိုင်သော တကယ့်**အချစ်သူရဲကောင်းကြီး၊ အသက်တစ်သတ်**စွန့်ပစ်ခဲ့ပြီး** သူတို့ကို နောင်တော်လေးနဲ့ထားခဲ့ရက်နိုင်သော **အချစ်သူရဲ**ကောင်းကြီးဖြစ်ကြောင်း စဉ်းစားမိတိုင်း မျက်ရည်စတွေဝိုင်း၍ စို့လာမိဆဲ. . .။

"ဟဲ့ =. . . ကောင်မလေး၊ ဘာကြောင့်ငိုနေတာလဲ"

ဒေါင်းဒေါင်းက ပခုံးကိုဖက်ရင်းနှစ်သိမ့်၏။

"အစ်ကိုချမ်းလေ. . . အစ်ကိုချမ်း"

ဟု ရှိုက်၍ ရှိုက်၍ငိုလိုက်သည်။

"အစ်ကိုရေချမ်းလာဦး. . . ဒီခဏ"

ဟု ပြောပြောဆွဲဆွဲခေါ်လာပြီး မိကျန်ဖြူနားထိုင်ခိုင်းသည်။ မိကျန်ဖြူ၏ပခုံးပေါ် လက်တင်၍ ဖက်ခိုင်းလိုက်သည်။

"ဖြူ. . . ဘာကြောင့်ငိုတာလဲလို့ မေးလိုက်ပါဦးဘုရာ"

"လုပ်ပြီ. . . မမဒေါင်းတို့ကတော့ ဗုံမဟုတ်၊ ဝတ်မဲ့ဟုတ်"

"ညီမလေးမဝါရယ်၊ မမတို့ဘဝကလည်း ဘာမှန်းမှမသိတာ အစ်ကိုချမ်းကို မောင်တော်ဖျော့လို့ခေါ်ရမှာလား၊ အစ်ကိုချမ်းလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရမှာလား. . . ကဲပြော'

"မောင်လို့ ခေါ်လိုက်လေ"

ဟု မဝါကပြောရင်း. . . ကိုရေချမ်းကျောပေါ်သို့ သိုင်းဖက်လိုက်၏။

"ခမ်းမွန်တို့ကတော့ ကိုကိုတော်လို့ခေါ်မှာပဲ"

"ကဲ. . . ညီမတော်လေးဘာသာ ကြိုက်ရာခေါ် မမဒေါင်းကတော့ ငါ့ယောကျ်ားကြီးလို့ခေါ်လိုက်ပြီဟေ့. . . မှတ်ပြီလား"

ကိုရေချမ်းကား နက်ဖြန်ဘာမှန်းမသိသောဘဝနှင့်မို့ ခွင့်လွှတ်လိုက်မိသည်။

"တဟဲဟဲ"

ရယ်ရင်း ဣတ္ထိယတို့စိတ်ကြိုက်လိုက်လျှောနေမိသည်။ ဒါကိုပင်ချစ်ခြင်းမေတ္တာဟု ယူဆမိလျှင်တော့ အမှန်ပင် သူတို့ကို ချစ်နေပါသည်ဟု ဝန်ခံရမှာပင်. . . .

အဲဒီလို ဣတ္ထိယ(၄)ယောက်စလုံးကို (၁၅၀၀) မေတ္တာနဲ့ချစ်မိပါသည်ဟုဆိုလျှင်တော့. . . မိမိအား အတ္တဝါဒီသမားဟု ယူဆလိုလျှင် ယူဆကြပါ။ သို့သော်. . . ဤဣတ္ထိယထဲမှ တစ်ဦးဦးကို ယောကျ်ားလေးတစ်ဦးဦးကချစ်ပါသည် ပြောလာငြားအံ့။ အနို ဣတ္ထိယမှလည်း ပြန်ကြိုက်ငြားသည်ဟု အကြောင်းဖွင့်ဆိုအံ့. . . ကိုရေချမ်း ကျေကျေနပ်နပ်ကြီး စွန့်လွှတ်ပေးနိုင်မည်ဖြစ်ပေသည်။

အဲဒီရှေးနည်းအတိုင်း ကျန်(၄)ဦးကလည်း ကြိုက်သူကိုယ်စီနှင့်ဖြစ်ပြီးအံ့။ မိမိဘက်မှ လက်မတွန့် နောက်မရွံ့စွာ နောက်ဆုတ်ပေးပါအံ့ဟု တိုင်တည်မိသည်။

"မြေးလေးရေချမ်းရာ၊ မင်းက မကြံအပ်မစည်ရာကို ကြံစည်နေတယ်၊ ကောင်မလေးတွေက မင်းကလွဲပြီး ဘယ်စကြာဝဠာ မင်းက လာတောင်းတောင်း ကြိုက်မှာမဟုတ်ဘူး မှတ်ထား"





"ဟင်. . . ကျွန်တော်တွေးနေတာကို အဘိုးရှေ့က ဘယ်လိုလုပ်သိတာလဲ"

"မင်းကို သူများအတွေးအသိစိတ်အကြံအစည်ကို ချက်ချင်းသိနိုင်တဲ့ပညာတွေ သင်ပေးနေတဲ့သူလေကွာ"

"ဟုတ်တယ်. . . ညီမတို့လည်း အစ်ကိုချမ်း ဘာတွေးနေတယ်ဆိုတာကို သိတယ်။ အစ်ကိုချမ်း မကောင်းဘူး. . . အစ်ကိုချမ်း မကောင်းဘူး"

ဟု ပြောကာ လက်သီးဆုပ်ကလေးများနှင့် တဘုန်းဘုန်း ဝိုင်းထုကြသည်။

"ဟဲ့. . . ကောင်မလေးတွေ အရှုးမလေးတွေ"

"ဟုတ်တယ်. . . ညီမလေးတို့ကလည်း အရူး၊ အစ်ကိုချမ်းကလည်း အရူး၊ အတူတူပဲ"

ဟု ပြောပြောထုထု ဝိုင်းထုကြသည်။

"အဘိုးရှေ့. . . ကယ်ပါဦးဗျ"

"ကဲ. . . မင်းထိုက်နဲ့ မင်းကံ မင်းဖာသာခံဟေ့။ ငါ့ကိုဆွဲမထည့်နဲ့"

ဟု ပြောကာ အဖိုးရှေ့ထွက်သွားလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၉)

"ဘိုးဘိုးဘုရား. . . ဟိုနောင်တော်လေးကိုကော ဘာတွေ သင်ပြပေးတာလဲဖျာ့"

"ဟင်း. . . အစ်မတော်က ဟိုတစ်ယောက်ကိုလည်း စိတ်ဝင်စားနေပြီလားဖျာ့"

"မဟုတ်ဘူး. . . ညီမတော်ရဲ့ နောင်တော်လေးလုပ်ငန်းစဉ်ကိုလည်းသိမှ၊ အစ်မတော်တို့ ဘာဆက်လုပ်ရမယ်ဆိုတာလည်း သိမှာပေါ့ကွယ်"

ဟု ဒေါင်းဒေါင်းက မိကျန်ဖြူ၏ခေါင်းလေးကိုပွတ်ရင်း ရှင်းပြသည်။ ယခင် ခါတ်ကူးကျင့်စဉ်ပြီးသည့်နောက် ဟန်ပန်အမူအရာအပြောအဆိုအားလုံး ဆန့်ကျင်သွားကြတော့သည်။

"ဒီမယ်. . . သမီးတို့၊ ကိုယ်က စိတ်ခါတ်မှန်မှန်ကန်ကန်ထားတတ်ဖို့၊ အနစ်နာခံချင်တဲ့စိတ်၊ စွန့်လွှတ်ချင်တဲ့စိတ်ထားဖို့အဓိကပဲ။ နောက်ပြီး. . . သတ္တိရှိပြီး ရဲရင့်ဖို့၊ အဲဒီ ပင်ကိုယ်စိတ်ခါတ်လေးတွေရှိရင် အဘိုးရွှေလေ့ကျင့်ပေးမယ့် ပညာရပ်တွေနဲ့တင် လုံလောက်ပါတယ်"

အဘိုးရွှေ သင်ပြပေးတာတွေကား နားမလည်နိုင်စရာ။ အရင်ရက်က အခန်းထဲမှာပင် သမထကျင့်စဉ်လုပ်နိုင်းသည်။





အခန်းထဲရှိ နံရံမှာကျောမှီကပ်ပြီး ကျင့်ရသည်။ ထိုသို့ကျင့်နေစဉ် အပေါ်မှ ဝါယာကြိုးတစ်ချောင်းဖြင့် ဆက်ထားသော ရာဘာအစွပ်ဖုံးကြီးကျလာသည်။ အဘိုးရွှေကိုယ်တိုင် ခေါင်းပေါ်ကိုလိုက်စွပ်ပေးသည်။ အားလုံးပတ်ဝန်းကျင်မှ အသံတွေပျောက်ကာ သီးခြားကမ္ဘာတစ်ခုသို့ရောက်သွားသည်။ ရှေးနှစ်ပေါင်းများစွာက ရှိခဲ့သော သကျသာကီဝင်တို့၏ သွားလာလှုပ်ရှားမှုများအားလုံး ခေါင်းထဲတွင် စီစီရီရီပေါ်နေကြသည်။ သူတို့၏ သွားပုံလာပုံ၊ စားပုံသောက်ပုံ၊ ပြောပုံဆိုပုံ၊ ဆက်စပ်နေထိုင်ပုံတို့အားလုံးကို စာကျက်သကဲ့သို့ ချက်ချင်းရရှိသွားသည့်အပြင် အမူအရာ၊ အပြောအဆိုတို့လည်း ချက်ချင်းပြောင်းလဲသွားကြတော့သည်။

"နောင်တော်ကြီးဖျာ့၊ နှမတော်လေး ဖျော်တဲ့သစ်သီးဖျော်ရည်ကို စားတော်ခေါ်ကြည့်ပါဦးဖျာ့"

"ညီမတော်. . . ရူပနန္ဒာက သစ်သီးဖျော်ရည်တွေ ဘာတွေ ဆက်လို့ ဘာသစ်သီးတွေများရထားလို့လဲ"

"ဘိုးဘိုးဘုရား. . . ဘယ်က နေစုဆောင်းရှာဖွေလာလဲ မသိဘူး. . . အစ်မတော်ဖျာ့။ ဥသျှစ်သီးရလာလို့ ဖျော်ရည်ဖျော်ပြီး ဆက်ရတာဖျာ့"

ဟု မိမိတို့ မူလဘာဝအနေအထားပင် မေ့လျော့ကာ အားလုံးထီးသုံးနန်းသုံးဟန်တို့ဖြင့် သိမ်မွေ့ယဉ်ကျေးလွန်းလှပေသည်။ ဒီနေ့စာသင်ခန်းမထဲရောက်တော့ အဘိုးရွှေက ပညာရပ်အသစ်တစ်ခုကို စတင်သင်ကြားတော့သည်။

'နောင်တော်ကြီးကတော့ အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်ကို သင်ကြားတတ်မြောက်ပြီးလို့ သိပ်မလိုအပ်တော့ဘူးကွယ့်။ ဒါပေမဲ့. . . အခုသင်ကြားရမှာက အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်အပြင် စိန့်တိုင်းက ကိုယ်ခံပညာအတတ်၊ တိုက်ခိုက်ပုံပညာအတတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါပါတော့ အားလုံးကိုပဲသင်ကြားပေးရတော့မှာပေါ့ကွယ်"

ဟု အဖိုးရွှေက စကားပလ္လင်ခံပြီးနောက်၊ ယခင်နေ့များက အတိုင်းပင် သမထအာရုံယူခြင်း၊ နံရံကိုကျောမှီကပ်ခြင်း၊ ရာဘာအုပ်ဆောင်းစွပ်၍ လျှပ်စီးကြိုးကူးယူခြင်းတို့ ပြုလုပ်ကာ သင်ကြားပေးခဲ့သည်။ ဓားခုတ်၊ လှံထိုး၊ ရန်သူလေး‚ငါးဆယ်ယောက်နှင့် မိန်းမသားတစ်ယောက်ထဲရင်ဆိုင်နည်း၊ ရန်သူကို တစ်ချက်တည်းနှင့် ပိုင်ပိုင်နိုင်နိုင်သတ်ပုတ်ခြင်းနည်းတို့ကို ဦးနှောက်မှတ်ဉာဏ် အာရုံထဲသို့ တစ်ခါတည်းရိုက်သွင်းပေးလိုက်ပေသည်။ နေ့လည်ပိုင်းမှာတော့ နေ့လည်စာစားပြီးသည်နှင့် အသတ်၊ အပုတ်၊ ဗန်တို၊ ဗန်ရှည်၊ ဓားခုတ်၊ လှံထိုးတို့ကို လေ့ကျင့်ကြရပေတော့သည်။

'မောင်တော်ဖျာ့. . . နှမတော်လေးတော့ မောနေပြီ၊ ဒီမှာစားရတာက ထမင်းလည်းမဟုတ်၊ အသီးအနှံဆိုတော့ မတင်းတိမ်ဘူးဖျာ့"

ဟု ဒေါင်းဒေါင်းတစ်ယောက်အစား အသောက်ပြောင်းလဲမှုကြောင့် ဒုက္ခအတော်ရောက်နေရှာသည်။

"နှမတော်တို့ကတော့ အသီးအနှံစားရတာပိုတောင် အားရှိသေး"

ဟု ပြောရင်း ကိုရေချမ်းနှင့် ဓားချင်းယှဉ်ကာထိုးခုတ်နေသော ခမ်းမွန်ကိုကြည့်ပြီး အားလုံးက အားကျကြသည်။ မိကျွန်ဖြူကလည်း အားကျမခံ ခမ်းမွန်နီးပါး အပင်အပန်းခံနိုင်သည်။ မိကျွန်ဖြူကို ဒေါင်းဒေါင်းနှင့် မဝါမှ နှစ်ယောက်ညှပ်၍ ခုတ်နေသော်လည်း လှစ်ကနဲက လှစ်ကနဲ ရှောင်တိမ်းထိုးခုတ်လျှက် ရှိနေပေသည်။ နောက်ညနေပိုင်းရောက်လာသောအခါ တစ်ယောက်တည်းကို လေးယောက်မှ ဝိုင်းခုတ်နိုင်သည်အထိ ခဏအချိန်ပိုင်းအတွင်း မြန်မြန်ဆန်ဆန်တိုးတက်လာခဲ့ပေသည်။





"ဘိုးဘိုးဘုရား သင်တာကလည်း တော်လိုက်တာ။ တစ်ရက်နှစ်ရက်အတွင်းမှာကို လူအများနဲ့တစ်ယောက် သတ်ပုတ်နိုင်တယ်ဆိုတော့. . . ညီမတို့ ဘာကိုရင်ဆိုင်ရ ရင်ဆိုင်ရ မကြောက်တော့ဘူး။ မောင်တော်ဘုရားပါနေတော့ ပိုတောင်မကြောက်သေး"

ဟု မဝါက လက်မလေးထောင်၍ ခေါင်းလေးတခါခါနှင့်ဝင့်ဝါနေပေသည်။ ထိုစဉ် မရဏတွင်းနက်ထဲရှိ အခမ်းများနံရံတွင်းရှိ ဆောင်းဘောက်များမှ 'ဝေါ. . . ဝေါ' ဟူသော တပ်လှန့်သံများ အော်မြည်လာသည်။

"ကဲ. . . ဒီနေ့ ညနိုးနိုးကြားကြားအိပ်ကြ၊ အရေးတော်ပုံတော့ပေါ်တော့မယ်"

"ဘာအရေးတော်ပုံလဲ. . . ဘိုးဘိုးဖျာ့။ အခု တပ်လှန့်သံတလည်း ဘာကြောင့်အော်မြည်တာလဲ ဘိုးဘိုးဖျာ့"

"အင်း. . ဇာတ်ကြောင်းပြန်ပြောရင်ရှည်တယ်။ ဟိုခွေးကောင် ရန်သူဘက်တော်သားတွေရောက်လာပြီ။ အဲဒါကို နောင်တော်ကြီးနဲ့ ကြင်ယာတော်တွေကပဲ ရှင်းလင်းပေးရမယ်။ နက်ဖြန်မနက်မှာ သံသရာယန္တရားကြီးရဲ့စက်ခါးပတ်ပေါ်တက်ပြီး လှုပ်ရှားမှုဖြစ်မယ်။ မဟုတ်ရင် ရန်သူတွေကလက်ဦးပြီး သုပန္နရတိုင်းက ကျန်ရစ်တဲ့ သကျသာကီဝင်တွေအားလုံး ပျက်သုဉ်းသေဆုံးသွားနိုင်တယ်"

"အဲဒါဆိုရင်လည်း မြန်မြန်စလိုက်ကြတာပေါ့. . ဘိုးဘိုးဖျာ့"

ဟု မဝါက စိတ်စောစွာ ပြောလိုက်မိသည်။

"မဖြစ်သေးဘူး. . . မြေးတော်လေးတွေရဲ့၊ ကာလယန္တရားထက်ကို သံသရာယန္တရားကြီးက ပိုပြီးခက်တယ်။ ကာလယန္တရားကတိုယ်တိုင်ဝင်ပြီးစွန့်စားရမှာ။ တွေ့ရမယ့်သူတွေကလည်း တကယ့်လူအစစ်တွေအတိုင်း. . . ညည်းတို့ကလည်း အဲဒီလူအစစ်တွေသိဘို ဘိုးဘိုးသင်ပေးထားတဲ့အတတ်ပညာနဲ့ ခုတ်ကူးပြီး တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြရတော့မှာ”

“အဲဒီမှာတွင် ကိုရေချမ်းက သိပ္ပံနည်းနှင့်ဝင်ရောက်ရှင်းလင်းပြသည်။ အိုင်းစတိုင်း၏နိယာမသည် မနေ့တစ်နေ့က ပေါ်လာတာဖြစ်ပြီး ဒီနိယာမကို ဘုရားရှင်လက်ထက်မတိုင်မီကတည်းက တံတျအတတ်ပညာအဖြစ် တည်ရှိခဲ့ကြောင်း၊ အသက်ဓာတ်အားကို ရာထောင်ချီ၍မြင့်တင်ခြင်းမှာ သူတို့၏ဆဲလ်များ မပျက်စီးအောင်ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း၊ သမထကျင့်စဉ်ဖြင့်ထိန်းသိမ်းနိုင်သလို အေးလွန်းသောနေရာ မြေဆွဲအားသက်ရောက်မှုမရှိသောနေရာတို့တွင် လူသားများလည်း အလင်းအလျင်နီးပါးရွေ့လျားနေသော ယာဉ်ဖြင့်သွားလာနေပါက အချိန်တို့သည် နောက်ပြန်ဆုတ်သွားကြောင်း၊ ထိုကဲ့သို့ အချိန်တို့နောက်ပြန်ဆုတ်နိုင်သော သံသရာယန္တရားကြီး၏ စက်ခါးပတ်များပေါ်သို့ မိမိတို့ ကျင့်စဉ်ရယူခဲ့သည့် ပိရမစ်ပုံမြေဆွဲအားဖျက်ယာဉ်ကလေးများဖြင့် တစ်ဦးစီလိုက်ပါရမည်ဖြစ်ကြောင်း၊ ယင်းယာဉ်ကလေးပေါ်တွင် သတ်မှတ်သည့်သံလိုက်စက်ကွင်း လျှပ်စစ်စက်ကွင်းများလွှင့်ထုတ်ပေးထားပြီး နက္ခတ်ခန္ဓာကိုပြင်ပသို့ လွှင့်ရန်အဆင်သင့်ပြုလုပ်ထားမည်ဖြစ်ကြောင်း သံသရာယန္တရား၏ လည်ပတ်မှုနပေါ်လိုက်ပါရင်း မိမိတို့ သကျသာကီမျိုးနွယ်တို့အပါအဝင် ခမည်းတော်သီဟနန္ဒရာဇာတို့ ထီးနန်းစိုးစံနေသောခေတ်အခါ ရောက်သောအခါ အားလုံး၏နက္ခတ်ခန္ဓာများကို ယင်းခေတ်အခါထဲသို့ လွှင့်ထုတ်ရမည်ဖြစ်ကြောင်း၊ နက္ခတ်ခန္ဓာကိုလွှင့်ထုတ်ပြီး မိမိတို့နှင့်သက်ဆိုင်သော ခန္ဓာကိုယ်များတွင် ဓာတ်ကူးစီးဝင်ပြီး မိမိတို့လေ့ကျင့်ထားသည့်အတိုင်း ဆောင်ရွက်ရမည်ဟု အစ်ကိုရေချမ်းမှ ရှင်းလင်းပြသခဲ့ပေသည်။

အစ်ကိုရေချမ်းအပါအဝင် မင်းသမီးလေးပါးတို့လည်း





သကျသာကီဝင်ခေတ်အဝတ်အစားအတိုင်း ဝတ်စားလျက် မိမိတို့ဆိုင်ရာ ပိရမစ်များထဲတွင်လဲလျောင်းပြီး အာရုံစုစည်းရန် တာစူလျက်ရှိကြ ပေသည်။

“ကဲ. . . အာရုံစုစည်းမှုရရှိလောက်ပြီဆိုရင် သက်ဆိုင်ရာ ပိရမစ်တွေရဲ့ ထိပ်တွေကနေ မီးအစိမ်းလေးတွေလင်းလာမယ်။ အဲဒီအခါကျရင် နောင်တော်ကြီးရဲ့အမိန့်အတိုင်း သံသရာယန္တရားခါးပတ်တွေပေါ်ကို ပိရမစ်ယာဉ်တွေတင်လွှတ်မယ်”

“အဲဒီယာဉ်တွေက ဘယ်လောက်မြန်မှာလဲဖျာ့”

“ဘယ်လောက်မြန်သလဲဆိုရင် မျက်စိနဲ့ကိုမတွေ့နိုင် မမြင်နိုင်လောက်အောင် မြန်တယ်”

“ကဲ. . . အဲဒီလောက်မြန်ရင် သမီးတော်တို့ ဘယ်ဘူတာဆင်းရမယ်ဆိုတာ ဘယ်လိုသိမလဲဖျာ့”

“သမီးတော်တို့ရဲ့ အာရုံထဲကို နောင်တော်ကြီးကိုယ်တိုင်ဝင်လာပြီး လိုအပ်တဲ့အမိန့်တွေပေးလိမ့်မယ်ကွယ့်”

“ကဲပါ. . . အဲဒီဘူတာရောက်တော့ ဘယ်သူတွေဆီ ဘယ်လိုဆက်သွားရမယ်ဆိုတာ မိန့်ပါဦး ဘိုးဘိုးဖျာ့”

“အဲဒါကတော့ မပူနဲ့။ သူ့ရဲ့နက္ခတ်ခန္ဓာလှိုင်းကိုက သူနဲ့တူရာတူရာကို သွားတော့မှာ”

“အဲဒါဆိုရင် နောင်တော်လေးကကောဖျာ့”

“အမလေး. . . အမတော်ဒေါင်းဒေါင်းက သူ့မောင်တော်ကို သတိရနေပြီ”

“ညီမတော်လေးနော်. . . အစ်မတော်ရဲ့ဓားက အိမ်ကထွက်လိုက်ရင် ဇက်မရွေးဘူး. . . သိလား”

“ကြောက်လှပါပြီ. . . အစ်မတော်ဖျာ့”

ဟု ခမ်းမွှန်က ဇက်လေးပုရင်း ရှာကို တစ်လစ်ကလေး

www.burmeseclassic.com



လုပ်ထားရှာသည်။

"ကဲ. . . ကဲ. . . အာရုံကို စုစည်းမှုယူကြ။ အနည်းဆုံးနာရီဝက်တော့ကြာလိမ့်မယ်"

ခဏကြာသောအခါ ပိရမစ်များပေါ်တွင် မီးစိမ်းများ 'တီကနဲ. . . တီကနဲ' လင်းလာသည်။ ပိရမစ်များ၏ အဝေးထိန်းခလုတ်များကိုဖွင့်ပြီး သံသရာယန္တရားပေါ်သို့ ဦးတည်ညွှန်ကာ ဖြေးဖြေးခြင်း တင်ပေးလိုက်သည်။ ထွက်သွားသော တံခါးဝမှနေ၍ အဘိုးရွှေက ယာဉ်တစ်စီးချင်းရေတွက်လိုက်သည်။

"တစ်"

"နှစ်"

"သုံး"

"လေး"

"ငါး"

"ခြောက်"

"ခုနှစ်"

အဘိုးရွှေကတော့ တိုးတိုးလေးစိတ်မကောင်းခြင်းကြီးစွာ ရေရွတ်လိုက်မိသည်။

"မြေးလေးတို့ကို နှောင့်ယှက်မဲ့ယာဉ်က နောင်တော်လေး တင်မကဘူး။ နောက်ထပ်တစ်စီးပိုပါသွားပြန်ပြီ။ မြေးလေးတို့ အောင်မြင်အောင်စွန့်စားမှသာ သကျသာကီဝင်သမိုင်းကိုပြန်ပြီး အကောင်းပကတိအဖတ်ဆယ်နိုင်တော့မှာ"

"မြေးလေးတို့ရဲ့ သမိုင်းအဖတ်ဆယ်ပြီးရင် ဝိဋူဋဘရဲ့ သမိုင်းကိုလည်း ပြန်အဖတ်ဆယ်ရအုံးမှာ နောင်တော်ကြီးရေ"

ဟု အားကိုးပြီးထပ်မံရေရွတ်လိုက်သည်။

■



## အခန်း (၃၀)

ပိရမစ်ယာဉ်ငယ်များသည် သံသရာယန္တရားကြီး၏ သာမန်အမြန်နှုန်းစက်ခါးပတ်ကြီးရွေ့လျားနေစဉ် ယင်းပေါ်သို့လျှောတန်း တစ်စီးခြင်း တင်လိုက်ကြသည်။

ပိရမစ်ယာဉ်ငယ်အားလုံးကြီးမားလှသော စက်ခါးပတ်ပေါ်ရောက်သည်နှင့် ယာဉ်များသည် စက်ခါးပတ်ပေါ်ရှိ မှုသေနေရာများတွင် နေရာတကျ အထိုင်ချလိုက်တော့သည်။ ထို့နောက် ယာဉ်ကြီး၏ စက်ခါးပတ်သည် ဘယ်နေရာအရှည်ထိရောက် မှန်းမသိရသော်လည်း လည်ပတ်မှုကတော့မြန်သည်ထက် မြန်လာတော့သည်။ ယင်းအမြန်နှုန်းက အတော်အတန်ကြာသောအခါ မြန်လွန်းသဖြင့် စက်ခါးပတ်သည်ပင်လျှင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

အချိန်အတန်ကြာသောအခါ ပိရမစ်ယာဉ်ထဲတွင် လဲလျောင်းနေလျက် စိတ်စုစည်းကာ ကျင့်စဉ်ကျင့်နေသူများသည် သံသရာယန္တရား၏စက်လည်ပတ်နှုန်း၊ ပိရမစ်၏သံလိုက်နှင့် လျှပ်စစ်စက်ကွင်းများကြောင့် အိပ်ပျော်လုပျော်ခင်အချိန် မိန်းမောနေသူကဲ့သို့ ခံစားနေရပေသည်။

"အားလုံးရဲ့ရုပ်ခန္ဓာတွေကို ခေတ္တထားခဲ့ပြီး နက္ခတ်ခန္ဓာ

www.burmeseclassic.com



ရုပ်လွှင့်ဖို့ပြင်ထားကြ”

ဟု နောင်တော်ကြီး၏ရုပ်သဏ္ဌာန်သည် အားလုံး၏အမြင်အာရုံတွင် လာရောက်ထင်မြင်လာကြတော့သည်။

“ကဲ. . . သကျသာကီဝင်အနွယ်တွေဆီကို ခေတ်ကူးကြ”

ဟူသော အမိန့်ရသည်နှင့် လျှင်မြန်သော သံသရာယန္တရားကြီးပေါ်မှ နက္ခတ်ခန္ဓာများသည် အသီးသီးကူးပြောင်း ဝင်ရောက်လာကြတော့သည်။ ပေစာကာစ်ခုကိုလှေ့လာနေသော နောင်တော်ကြီး၏နေရာတွင် ကိုရေချမ်းကဝင်ရောက်သွားလိုက်ရာ နောင်တော်ကြီးသည် ပျင်းရိစွာသန်းဝေလိုက်သည်။

ဒေါင်းဒေါင်းသည် ခေါင်းဖြီးနေသော သီဟရတနာ၏နေရာသို့ဝင်ရောက်ခဲ့ရာ. . . သီဟရတနာ၏လက်မှဘီးပင် ပြုတ်ကျသွားခဲ့လေသည်။

မဝါသည် စောင်းတော်တီးခတ်နေသော ရူပနန္ဒာဆီ ဖျတ်ကနဲဝင်ရောက်ခဲ့ရာ. . . စောင်းတော်၏ တီးကွက်လက်သံသည် အနည်းငယ်စိပ်သွားကြောင်း မယ်တော်တစ်ပါးသာလျှင် သတိတရ လှမ်း၍ သူ့ကိုငဲ့ကြည့်လိုက်မိလေတော့သည်။

ခမ်းမွန်သည်လည်း သူ့ရံရွှေတော်တွေနှင့် စကားပြောနေသော ဣန္ဒမာလာထံသို့ရောက်ရှိ ခေတ်ကူးခဲ့ရာ. . . ဣန္ဒမာလာသည် ငိုက်မျဉ်းသကဲ့သို့ဖြစ်သွားသည်။

“သခင်မလေးမာလာ. . . စက်တော်ခေါ်တော်မူလိုပြီလား ဘုရား”

ဣန္ဒမာလာက လက်ခါပြ၍ ရယ်စရာပြောနေသော ရံရွှေတော်လေးအား ဆက်ပြောဖို့ မိန့်တော်မူလိုက်သည်။

ထို့အတူ မိကျန်ဖြူသည် သီရိပဝရမာလာထံသို့လည်းကောင်း၊ ချမ်းအေးသည် နောင်တော်လေးထံသို့လည်းကောင်း





ဦးသက်တင်သည် ဘဒ္ဒေးတော်သုနန္ဒထံသို့လည်းကောင်း အသီးသီးရောက်ရှိသွား ကြပြီဖြစ်လေသည်။

လက်တွေ့တွင်ကား ကိုရေချမ်းအပါအဝင် မိဖုရားလေးပါးတို့အပြင် ကိုချမ်းအေးနှင့် ဦးသက်တင်တို့သည် လက်ရှိလူ့ဘဝ၏ စရိုက်အပြည့်အဝမပျောက်သေးပေ။ ဒါကြောင့် ဒေါင်းဒေါင်းနှင့် မဝါဆိုလျှင် အသီးအနှံချည့်စားတော်ခေါ် ရသည်ဖြစ်၍ အာသာမပြေနိုင်ဘဲ ထမင်းစားလိုသည့်စိတ်က ပေါ်ပေါ်လာတတ်သေးသည်။ မဝါဆိုလျှင်. . . .

“ဟဲ့. . . ရွှေလိပ်ရယ်၊ ငါ့မျက်မှန်တော်လေးပေးစမ်းပါ”

ဟု ပေစာကြည့်ခါနီးလျှင် မျက်စိမှုန်နေတတ်၍ မျက်မှန်တောင်းတတ်သည်။ ဒါပေမဲ့. . . လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ကျော်က လူသားတွေထဲမှာ ဘယ်သူက မျက်မှန်ကို သိပါလိမ့်မလဲ၊ မျက်မှန်ကို တောင်းပြီးမှသတိမေ့၍. . . .

“ဘွာတေး. . . ဘွာတေး”

ဟု ဇက်ကလေးပုလျှာကလေးထုတ်ပြီး. . . ‘ဆော်ရီး’ဟု အတြိမ်ကြိမ်တောင်းပန်နေတတ်သေးသည်။

“သခင်မလေးက ဘာစကားတွေပြောနေမှန်း မသိဘူးနော် အဲ့”

ကိုရေချမ်းလည်း ထို့အတူပင်. . .

“ဖခမည်းတော်. . . ဆောက်မယ့် ရွှေနန်းတော်အသစ်ရဲ့ ဆိုက်ပလွှင်ကိုဆွဲပြီးပြီလား နန်းရင်းဝန်ကြီး”

ဟု မေးတတ်၏။

“နောင်တော်ကြီးဘုရား. . . ဆိုက်ပလွှင်ရယ်လို့မရှိပါ ဘုရား၊ ရွှေပလ္လင်တို့၊ ပဒုမ္မာပလ္လင်တို့၊ နံ့သာပလ္လင်တို့ပဲရှိပါတယ် ဘုရား”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်လျှောက်တင်တတ်သည်။

ထိုအခါ ဘေးနားရောက်နေတတ်သော မိကျွန်ဖြူဖြစ်စေ၊ ဒေါင်းဒေါင်းဖြစ်စေ၊ ခမ်းမွန်ဖြစ်စေ၊ မိဝါဖြစ်စေ ရောက်နေတတ်သောသူက တခွိခွိရယ်တတ်သည်။

ပုထုဇဉ်ဆိုသည်မှာ စရိုက်ကိုမဖျောက်တာ အမှန်ပင်ဖြစ်၏။

သို့သော် ရက်စက်ကြမ်းကြုတ်သောစရိုက်ရှိသည့် နောင်တော်လေးနှင့် ဘဒွေးတော်တို့ကား သံသရာအဆက်ဆက်သူတော်ချင်းချင်းသီတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့နေတတ်ဆဲပင် ဖြစ်သည်။ သူတို့ချင်း ဖက်လဲတကင်းရှိနေဆဲ။ တစ်ခုတော့ထူးခြားလာသည်။ အသိဉာဏ်ပညာထက်မြက်လွန်းသော ကိုရေချမ်းတဖြစ်လည်း နောင်တော်ကြီးသည်ကား နောင်တော်လေးနှင့် ဘဒွေးတော်တို့ အကြံဉာဏ်အသေးစိပ်ကို သိရှိနေခဲ့သည်တို့က တပန်းသာခဲ့လေသည်။

“သားတော်ကြီးမင်းလကျ်ာနန္ဒအား အိမ်ရှေ့စံအဖြစ်၊ သားတော်ငယ်မင်းလက်ဝဲနန္ဒအား တပ်ပေါင်းစုစစ်သေနာပတိချုပ်အဖြစ် . . . ခန့်အပ်တော်မူကြောင်းအမိန့်သည် ညီလာခံ၌ပင် ခမည်းတော်သီဟနန္ဒရာဇာမှ မိန့်မှတ်တော်မူခဲ့ပေသည်။ သို့သော် မိဖုရားခန့်အပ်ရာတွင်ကား ညီမတော်(၄)ဦးစလုံးမှ နောင်တော်ကြီးအား လက်ဆက်လိုသည်ဖြစ်၍ ခမည်းတော်မှဝေခွဲပေးရန် ခက်ခဲနေစဉ်မှာပင် နောင်တော်ကြီးအိမ်ရှေ့စံမှ အောက်ပါအတိုင်း မိန့်တော်မူခဲ့သည်။

“အိမ်ရှေ့စံမိဖုရား(၄)ပါးစလုံးအား သားတော်မှရွေးချယ်လိုကြောင်း၊ ညီမတော်များမှ ရွေးသဘောတော်ကျလျှင် နောင်တော်ကြီးမှ လက်ဆက်၍မင်္ဂလာပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း” မိန့်တော်မူခဲ့ရာ ညီတော်မင်းလက်ဝဲမှာ မျက်နှာညိုလျက်





ညီလာခံမှထ၍ ထွက်တော်မူသည်အထိ အရုပ်ဆိုးအကျဉ်းတန်စေခဲ့ပေသည်။

ညီတော်မင်းလက်ဝဲထွက်တော်မူသောအခါ ဘဒွေးတော်ဖြစ်သူ အိမ်တော်ဝန်သုနန္ဒသည်လည်း ညီလာခံမှထွက်ခွါခဲ့ပေသည်။

ထိုသည့် ညမှစ၍ အိပ်ဖန်စောင့်ကင်းများအား နောင်တော်ကြီးကိုယ်တိုင် စစ်ဆေးသည်။ နောင်တော်ကြီး စစ်ဆေးရာနောက်သို့ မိဖုရားလေးပါးကလည်း ဓားလွတ်ဆွဲကိုင်၍ အမြဲလိုက်တော်မူသည်။

ဤသည့်ဖြစ်ရပ်တွေသည်ကား နောင်တော်လေးအတွက် အခွင့်မသာစေသော ဖြစ်ရပ်များပေတည်း။ သို့သော် မကောင်းမှုကြံစည်ရာတွင် လွန်စွာထက်မြက်သော သုနန္ဒသည် အိပ်ဖန်စောင့်စစ်သည်တို့သောက်မည့် အိပ်ချင်ပြေ မန်ကျည်းဖျော်ရည်ထဲ၌ အိပ်ပျော်စေတတ်သော နန်းတွင်းသုံးအိပ်ဆေးများခပ်ထည့်လိုက်ရာ အိပ်ဖန်စောင့်များ အိပ်ပျော်သွားစေခဲ့လေသည်။ အဲဒီညသည်ကား ယခင်ကသကျသာကီဝင်လက်ကျန် မင်းမျိုးတို့ ပျက်သုဉ်းစေသော ညဖြစ်ရမည်မှာမလွဲတည်း။

သို့ပေမယ့် . . . ကြံရည်ဖန်ရည်ရှိသော နောင်တော်ကြီးတသူ့အိပ်ဖန်စောင့်တွေကို အစားထိုးထည့်ထားလိုက်သည်။ ခမည်းတော်ကို ကွပ်မျက်လုပ်ကြံရန်လာရောက်ကြသော သုနန္ဒနှင့်အဖွဲ့အား အိပ်ရှေ့စံ၏အိပ်ဖန်စောင့်တို့က ပြန်လှန်တွန်းလှန်တိုက်ခိုက်လိုက်ကြသည်။ အိမ်ရှေ့စံနောင်တော်ကြီး၏ အိပ်ဖန်စောင့် (၁၀)ဦးသည်လည်း တိုက်ရင်းခိုက်ရင်း အသက်ကိုစွန့်လွှတ်ကြရကုန်၏။ ယုတ်မာသောသုနန္ဒအပါအဝင် ၎င်း၏တပ်သား(၂၀)တို့သည်လည်း ဓက်ပြတ်လည်ပြတ်ဖြင့် အတုန်းအရုန်းကျဆုံးကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသောအခါတွင် နောင်တော်ကြီးသည် ခြေကုန်လက်ပန်း ကျပြီး မေ့မျောလဲကျသွားလေတော့သည်။ ထိုအချိန်မှာပင် ဖခမည်းတော်ကြီးသည် နောင်တော်ကြီးအား ပွေ့ချီ၍ နောင်တော်ကြီး၏ သလွန်ထက်သို့ယူဆောင်လာရာ မိဖုရား (၄)ပါးကလည်း ဓားလွတ်ဆွဲကိုင်၍ စောင့်ရှောက်လာခဲ့ကြကုန်၏။ ထိုကဲ့သို့သော အချိန်ကောင်း အခါကောင်းကိုငံ့လင့်နေသော ညီတော်မင်းလက်ဝဲ သည် နောက်ပါ (၅၀)ခန့်နှင့်အတူ ဘုရင်နှင့် နောင်တော်ကြီးကို လုပ်ကြံကွပ်မျက်ရန် အင်နှင့်အားနှင့်ထိုးခုတ်ကြလေတော့သည်။ မိဖုရားလေးပါးသည် နောင်တော်လေးတွေးထင်ထားသကဲ့သို့ နုနုနယ်နယ် ဝါဂွမ်းမယ်တို့မဟုတ်ကြတော့ပေ။ ဓားခုတ်၊ လှံထိုး၊ ဗန်တို၊ ဗန်ရှည်အတတ်၊ စိန့်တိုင်းမှ သင်လာသည့်သိုင်းအတတ် တို့ဖြင့် ခုခံတိုက်ခိုက်ရာ နောင်တော်လေးတို့အံ့ဩတကြီး ဖြစ်ကြရ တော့သည်။

"ငါ့မိဖုရားတွေကို ထိခိုက်ဒဏ်ရာမရစေနဲ့ . . . ထိခိုက် ဒဏ်ရာရအောင်လုပ်သူကို ငါကိုယ်တိုင်ကွပ်မျက်မယ်"

ဟု နောင်တော်လေးမှ ဓားရေးပြရင်း နောက်တော်ပါများ အား လှည့်၍မိန့်တော်မူလိုက်ရာ နောက်တော်ပါများသည် ရှေ့ တိုးရခက် နောက်ဆုတ်ရခက်နှင့်အတော်လေး အခက်တွေ့နေလေ တော့သည်။

ခမည်းတော်နှင့်နောင်တော်ကြီးကို လုပ်ကြံဖို့အတွက်ဆိုလျှင် မိဖုရားလေးပါးကို ထွင်းဖေါက်ခုတ်ထွက်မှသာရမည်ဖြစ်သည်။ သို့ မဟုတ်ပါက အရေးတော်ပြီးမည်မဟုတ်။

"နောင်တော်လေးဖျာ့ . . . မိဖုရားလေးပါး ဓားရေးက ကျွမ်းလှတယ်။သူတို့ကို ထွင်းဖေါက်ခုတ်ထွက်မှသာ အရေးတော် ပြီးမှာဖျာ့"





ဟုလျှောက်တင်ချက် တချို့နှင့်အတူ အားတက်သရောခုတ် ၍ ရှေ့တိုးလာကြသည်။ ထိုစဉ် နောင်တော်ကြီးသည် ခမည်းတော် မှ အာခေါင်ဖြစ်၍တိုက်ကျွေးတော်မူသော ကြံ့သွေးအားဆေးတော် ကြီးကြောင့် နိုးထလာခဲ့ပေသည်။ နော်က် . . အားပြည့်လာရာ 'တက်'တစ်ချက်ပြင်းထန်စွာခေါက်၍ . . .

"ဝိဋ္ဋမျှပကဲ့သို့ သကျသာကီဝင်မျိုးကို ဖျက်မဲ့ညီတော်ရဲ့ သစ္စာဖောက်ရဲမက်တွေကို သုတ်သင်ကြ"

ဟူသော အသံနက်ကြီးဖြင့် ကြုံးဝါးကာ နောင်တော်ကြီး သည် ကြီးမားလှစွာသော အာဋာဝက ဓါးရှည်ကြီးအားဝင့်လျက် သစ္စာဖေါက်ရဲမက်တို့၏ သွေးအားခုတ်ထစ်ပိုင်းဖြတ် သောက်သုံး လိုက်သည်မှာ ကမ္ဘာပျက်သုဉ်းလုဘနန်းပင်ဖြစ်လေသည်။

"နောင်တော်ကြီးရဲ့ သစ္စာကိုခံလျှင် သေမိန့်မှလွတ်ခွင့်ပြု မယ်"

ဟု ခမည်းတော် ဘုရင်ကြီးမှ မိန့်တော်မူသည်ကိုပင်လျှင် ညီတော်၏ရဲမက်တို့ ခေါင်းတွင်တွင်ရမ်းကြလျက် . . .

"သစ္စာရေ သောက်ပြီးဖြစ်ပါတယ် ဘုရား"

ဟု ပြိုင်တူဖြေကြရင်း အိမ်ရှေ့စံနောင်တော်ကြီးနှင့် မိဖုရား လေးပါးတို့၏ ဓားချက်များကို တွန်းလှန်လျက်ရှိကြသည်။

နောင်တော်လေးမှာကား ရှေ့တိုးမရ နောက်ဆုတ်မရအခြေ အနေသို့ရောက်ရှိနေခဲ့ချေပြီ။ ညီတော့်စစ်သည်များ၏ ဓားချက် များအကြား တဝီးဝီးဖြတ်ဝင်လာသော မြားတံများ လှံတံများကိုပင် နောင်တော်ကြီးက ဓားဖြင့် ဝင့်ကာဝင့်ကာ ရှင်းပေးလျက်ရှိ၏။

ထိုစဉ် မည်သည့်နေရာကမှန်းမသိ ပစ်လွှတ်လိုက်သော မြားတံတို့သည် မိဖုရားလေးပါးတို့အား နှလုံးသားတည့်တည့်ထိုးဝင် ကြကုန်၏။ မိဖုရားတို့ကံတော်ကုန်ကြပြီဖြစ်ရာ နောင်တော်လေး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဘာလုပ်၍ဘာကိုင်ရမှန်းမသိ။

"ဟိတ်တော်လောက်ပြီ. . . ငါ့တပ်ပေါင်းစုက လက်ရွေးစင်တပ်ဖွဲ့ နောက်ကိုဆုတ်ကြဟေ့"

ဟု နောင်တော်လေးက ကောက်ကာငင်ကာ အမိန့်ပေးလိုက်သောခဏမှာပင် ဘယ်ကပေါက်လာမှန်းမသိသော မြှားတစ်စင်းသည် နောင်တော်ကြီး၏နှလုံးသားတည့်တည့်ထိမှန်ကာ နောင်တော်ကြီး လဲကျသွားတော့သည်။ လဲကျသွားရင်းမှနေ၍. . .

"ညီတော်မှားတယ်. . . ထီးနန်းလိုချင်ရင် နောင်တော်ပေးမှာပေါ့။ မိဖုရားတွေလိုချင် ရင်လဲသူတို့က မေတ္တာရည်ငံတယ်ဆိုရင် နောင်တော်ပေးမှာပေါ့"

"ညီတော်မှားပြီ. . . နောင်တော်"

"ညီတော်မှားပြီ. . . နောင်တော်"

ဟု အော်ရှာ၏။

"ခမည်းတော်ကို ဂရုစိုက်ညီတော်"

ဟု အော်ပြောရင်း

ညီတော်သည် ခမည်းတော်အား ဖက်လှည်းလျက် သလွန်တော်အောက်သို့ ဆွဲချတော်မူလိုက်သည်။ ထိုသောအခါ မြှားတံတို့သည်လည်း ပျောက်ကွယ်သွားချေပြီ။

"သစ္စာဖေါက်အတ္တဝါဒီသမားတွေကို သုတ်သင်ကြ"

ဟု ပြောရင်း နောက်မှဖေါက်ထွက်လာသော ဘုရင့်စစ်သည်တို့ကို မြင်ရချေပြီ။

"ခမည်းတော်ဘုရား. . . အတ္တဝါဒီသမားမင်းလက်ဝဲကို ခမ်းဆောင်အပြင်သို့ ထုတ်ပေးတော်မူပါဘုရား"

ဟု ဟစ်အော်ကြ၏။

ခမည်းတော်ဘုရားကိုယ်တော်တိုင် လက်တော်ဆန့်တန်း





လျက်

"ငါ၏ သားတော်ငယ်မင်းလက်ဝဲ၏ ကျူးလွန်သော ပြစ်မှုတော်သည် ငါ့အသက်အား ကယ်ခဲ့သောကြောင့် အပြစ်မှကင်းလွတ်ခွင့်ပေးရခဲ့ချေပြီ။ ဒါကြောင့်. . . ငါ့အမိန့်တစ်စုံတစ်ရာမရဘဲမည်သူကမျှ မသတ်ရ"

ဟု အမိန့်တော်ထုတ်ပြန်ခဲ့ချေသည်။

သားတော်မင်းလက်ဝဲတား သူ့အမှားကြောင့် ယူကျုံးမရဖြစ်ကာ နောင်တော်ကြီး၏ ရင်ဘတ်တော်ထက်၌ မျက်နှာအပ်ကာ ငိုကြွေး နေချေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၁)

ပိရမစ်ယာဉ်များပေါ်သို့ ယုပန္နရပိုင်းပြည်မှ ရောက်ရောက် သူတို့၏ Astrol body အားလုံးသည် ပြန်လည်ရောက်ရှိလာကြ သည်။ ပိရမစ်ယာဉ်ကြီးများ မှုလထွက်ခွာလာခဲ့သည့် အခန်းပေါ် သို့ ပြန်လည်ရပ်နားလျှင်ရပ်နားချင်း မထင်မှတ်သော ဖြစ်ရပ် တစ်ခုက ဖြစ်ပေါ်ခဲ့သည်။

"သစ္စာဖောက်မင်းလက်ဝဲသွားပေရော့ဟယ်"

ဟု ဆိုကာ ဘခွေးတော်သုနန္ဒသည် သူ၏ဓားဖြင့် မလှုပ် မယှက်လဲလျောင်းနေသော မင်းလက်ဝဲ၏ လည်မြိုကိုဖြတ်ပိုင်း လိုက်တော့သည်။ ၎င်းနောက် အဘိုးရွှေ၏ နောက်ဘက်ရှိအထုပ် တစ်ထုပ်ကိုထမ်းကာ ခတ်လှေကားခန်းမှတဆင့်တက်သွားလေ တော့သည်။

"ကိုယ်ကျိုးတော့နည်းကြပြီပေါ့ကွယ်"

"ဘိုးဘိုးရွှေဖျာ့. . . ဘာဖြစ်လို့လဲဖျာ့"

ဟု မိဖုရားများကမေးကြ၏။

"လူကို ခွေးသတ်ပြီလေ။ အခု မင်းလက်ဝဲရဲ့ ခန္ဓာကိုယ်မရှိ တော့ဘူး။ အဲဒါဆိုရင် သူပြန်လာလို့မရတော့ဘူး ဒုက္ခပါပဲကွယ်"

"ဒါလဲကောင်းပါတယ် အဘိုးရွှေရယ်၊ သူက သုပန္နရတိုင်း





ပြည်မှာ ဘုရင်ဆက်လုပ်မှာပေါ့"

"အင်း. . . ဒါလဲကောင်းတော့ ကောင်းပါတယ်။ဘခွေးတော် သုနန္ဒမရှိတော့တဲ့အတွက် သူလည်းစိတ်ယုတ် စိတ်ဆိုးတွေရှိတော့ မှာ မဟုတ်ဘူး။ ခမည်းတော်သီဟနန္ဒရာဇာမှာလည်း နန်းညွန့် နန်းလျာရှိတော့တာမဟုတ်ဘူးဆိုတော့. . . ကောင်းပါတယ်လေ ကောင်းပါတယ်"

ထိုစဉ် မထင်မှတ်သော ဖြစ်ရပ်တစ်ခုထပ်မံဖြစ်ပေါ်လာ သည်။

"ကလင်. . . ကလင်. . ကလင်"

"ဒေါင်. . . ဒေါင်. . . ဒေါင်"

ဒါအရေးပေါ် အချက်ပေးခေါင်းလောင်းသံပဲ။

"ဟာ. . . နန်းဝတ်နန်းစားနဲ့ မင်းသမီးတစ်ပါးပြေးထွက် လာပြီ. . . ဒေါင်းဒေါင်းနဲ့ တထေရာတည်းတူတယ်"

"ဟာ. . . နှောင်းနှောင်းပဲဟ၊ နှောင်းနှောင်း"

ဟု အော်နေစဉ် ထိုမင်းသမီးလည်း ပိရမစ်ယာဉ်ပေါ်သို့ တက်လာပြီး မောင်တော်မင်းလက်ဝဲနန္ဒကို လှုပ်နှိုးသည်။ လှုပ်နှိုး၍ မရတော့။

ထိုအခါ အဘိုးရွှေက . . .

"ဟဲ့. . . ဒါသမီးတော် ဝဏ္ဏသီဟရာဇာဟဲ့၊ ဘာလာလုပ်ပါ လိမ့်"

ဒေါင်းဒေါင်းလည်း ပြေးထွက်သွားသည်။ သို့သော်စက္ကန့်ပိုင်း အတွင်းအဖြစ်အပျက်တို့ မြန်ဆန်စွာ ပြောင်းလဲသွားသည်။ မင်း လက်ဝဲနန္ဒဘေးရှိ ဓားရှည်ကိုယူကာ သူ့နှလုံးအိမ်ကို ထိုးဖောက် ပစ်လိုက်သည်။

"မမနှောင်း. . . မမနှောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ဒေါင်းဒေါင်း. . မမ မောင်တော်နဲ့မခွဲနိုင်ဘူး ကွယ်၊ မောင်တော်နဲ့ သုံးဘဝအတူပေါင်းလာတာ ဒီဘဝတစ်ခု၊ ဗုဒ္ဓနဲ့ဝဏ္ဏသီဟရာဇာဘဝတစ်ခု၊ အေးချမ်းနဲ့ နှောင်းနှောင်းက ဘဝတစ်ခု။ အဲဒီတော့ မောင်တော်က သုပန္နရတိုင်းမှာနေတော့ မှာဆိုတော့ အစ်မတော်လည်း ဒီမှာပဲ အသက်ထက်ဆုံးဇာတ်သိမ်း နေတော့မယ်ကွယ်"ဟု ပြောရင်း အသက်ထွက်သွားလေတော့ သည်။ အဘိုးရွှေအား အလောင်းတွေကို သဂြိုဟ်ရန် အပ်နှံခဲ့ကြ သည်။

ကိုရေချမ်းလောဆော်လိုက်ပြန်သည်။

"ဘဒ္ဒေးတော် အပေါ်ရောက်သွားရင် ခေါက်တံတားတွေ ဘာတွေချိုးပြီး. . . နောက်မတော်တာတွေ လျှောက်လုပ်ဦးမယ် ထင်တယ်. . . မြန်မြန်လိုက်မှ"

"ဘာနဲ့လိုက်မှာလဲ. . . ငါ့မြေးရယ်၊ ခါတ်လှေကားက သူ တက်သွားလို့ နောက်ထပ်သွားလို့မရသေးဘူး။ ငါ့မြေးတွေ သုပန္နရ တိုင်းမှာကူညီတဲ့အတွက် ပေးလိုက်မယ့်ရွှေထုပ်ကြီးလည်း သူထမ်း သွားပြီ။ ဒုက္ခကို အစုလိုက်အပြုံလိုက်သယ်လာတဲ့. . . အကောင်"

"ရွှေမပေးရတာအတွက်တော့ ဘာမှဝမ်းနည်းမနေပါနဲ့ အဘိုးရွှေရယ်။ ကျွန်တော်တို့ကလည်း ကိုယ့်သမိုင်းပေးတာဝန်ကို ကိုယ်ကျေပွန်အောင်ဆပ်တာပါ။ တခြားခိုင်းစရာမရှိတော့ရင် ဒီ ဘဝအတွက် သားတို့တာဝန်ကျေပြီပေါ့နော်"

"ခဏနေဦး။ ရွှေတုံးတွေ တစ်ယောက်တစ်ထမ်းစီယူ သွားကြ။ ငါ့မြေးရေချမ်းအတွက်မလိုပေမယ့် ငါ့မြေးချွေးမတွေရယ်၊ နောက်မွေးလာမဲ့ မြစ်ကလေးတွေအတွက်ရယ် လိုအပ်တယ်။ အနာဂတ်ကို မင်းတို့ပိုင်တာမဟုတ်ဘူး။ အဲဒီအနာဂတ်မှာ မရေ ရာမှုတွေနဲ့ပြည့်သိပ်နေတယ်။ ဘယ်လိုဖြစ်ဖြစ် သေချာတဲ့ထူထောင်





မှုတစ်ခုအတွက်တော့ ရုပ်ဝတ္ထုပစ္စည်းဖြည့်စည်းဖို့ လိုအပ်လိမ့်မယ်။ အဘပြောတာမမှားဘူး. . . ယူသွား။ မြေးလေးမောင်ရေချမ်း အတွက်ကတော့ မလိုအပ်တော့ပါဘူး။ သူဘာတွေ ဆုံးဖြတ်ထားပြီ လဲဆိုတာ. . . အဘ အသိဆုံးပဲ"

"အစ်ကိုချမ်း. . . ဘာတွေဆုံးဖြတ်ထားပြီးပြီလဲဆိုတာ ပြော ပြပါဦး အဘရယ်။ သမီးတို့ဘဝမှာ မရေရာမှုတွေများပေမယ့် အစ်ကိုချမ်းရှိနေတယ်ဆိုရင် ပြည့်စုံပါတယ်" ဟု ပြောပြီး

"ဒေါင်းဒေါင်းကတော့ မထူးပါဘူး။ ဖွတ်မရ ခါးမဆုံး၊ မြွေပါလည်းဆုံး သားလည်းဆုံးဆိုတာ့ အစ်ကိုချမ်းနဲ့ကော မမနှောင်းနဲ့ပါ နီးတဲ့ အနီးဆုံးနေရာမှာနေတော့မယ်"

ဟု ဒေါင်းဒေါင်းက ဦးဆောင်လျှက် မျက်ရည်ရစ်ဝဲစွာဖြင့် တောင်းပန်ကြရာသည်။

"ကဲ. . . ညည်းတို့ရဲ့အစ်ကိုချမ်း ရှိနေရင်ပြီးတာပဲ မဟုတ် လား။ အစ်ကိုချမ်းဟာ ညည်းတို့နဲ့မဝေးတဲ့နေရာမှာ အမြဲရှိနေ မယ်"

"မဝေးတဲ့နေရာဆိုပေမယ့် သမီးတို့အမြင်အာရုံအောက်မှာ အမြဲရှိနေစေချင်တယ် အဘိုးရွှေရယ်"

"ကဲပါ. . . ညည်းတို့အမြင်အာရုံအောက်မှာ မြေးလေး မောင်ရေချမ်း အသက်ရှင်လျှက်ရှိနေစေရမယ်။ ကဲ . . . ကျေနပ် ကြပြီလား"

ထိုအခါတွင်မှ မိန်းကလေးတို့သည် အပြုံးရောစွက်သော မျက်နှာလေးများဖြင့် ကြည်ကြည်လင်လင်ရှိလာကြသည်။

"သမီးတို့မသိလို့ မေးရဦးမယ်အဘိုးရေ။ ခမည်းတော် သီဟနန္ဒရာဇာဘုရင်ရယ်၊ နောင်တော်လေးမင်းလက်ဝဲဒေဝါက သမီးတို့နဲ့ဘဝချင်း ဘုံချင်းတူသလား အဘိုး။ နောက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် ပြန်တွေ့ခွင့်ရှိပါဦးမလား အဘိုး"

"နောက်တစ်ကြိမ်ပြန်တွေ့ခွင့်မရှိတော့ဘူးလို့ပဲ ဖြေမယ် ကွယ်။ တခြားမေးခွန်းတွေကိုတော့ မဖြေတော့ပါဘူး။ ဒါပေမဲ့ သမီးတို့လိုအပ်ချက်ရှိတဲ့အခါ တမ်းတလိုက်ပါ။ အဘိုးရွှေ ရောက် အောင်လာခဲ့ပါ့မယ်"

"ဒါဆိုရင် . . . အခုဒီရှိနေတဲ့ ရတနဂူတွင်းနက်ကြီးကကော ဒီအတိုင်းတည်ရှိနေဦးမှာလား"

"သဘာဝတရားကြီးကမတည်မြဲပါဘူး . . . သမီးတို့ရယ်။ အနိစ္စတရားသည်သာ နိစ္စတဲ့။ လောကမှာ မတည်မြဲခြင်းသည်သာ အမြဲရှိနေ၏တဲ့။ ကဲ . . . ဒါကြောင့် ဘာမှအစွဲအလမ်းမထားနဲ့ တော့။ အဲဒီအစွဲအလန်းဆိုတဲ့ ဥပါဒါန်ကြောင့် လောကမှာ ဒုက္ခ ဆိုတဲ့တရားကြီးကို ရင်စီးခံနေကြရတာပေါ့ကွယ်။ မိဘမောင်နှမ တော်စပ်ခြင်း၊ အကြင်လင်မယားတော်စပ်ခြင်း စတဲ့သံယောဇဉ် တရားတွေဟာ တစ်ဘဝအတွက်သာမှန်တာပါကွယ်။ သံသရာ အဆက်ဆက်မှာ ပြန်လည်ပြီး တော်စပ်ခွင့်ရချင်မှ ရနိုင်တာမျိုး။ ဒါကြောင့် သံယောဇဉ်တရားတွေရစ်ပတ်ခြင်းဆိုတဲ့ မြူမှုန်ငွေ့ဖွဲ့ ခြင်းကို ရှောင်ကြ၊ မိုးစက်မြားနဲ့တူတဲ့ ဥပါဒါန်တွေဟာ ပုထုဇဉ် လူသားတွေဆီမှာ အမြဲလာရောက်ထိမှန်ပြီး မြူမှုန်ရစ်ဖွဲ့မှာ ဓမ္မ တာပဲ။ အဲဒါကို လွှာဒိုင်းနဲ့တူတဲ့ အနိစ္စသဘောကို ဆင်ခြင်လိုက် ရင် စိတ်သက်သာရာရပါတယ်ကွယ်။ မတည်မြဲနိုင်တာတွေကို ခိုင်မြဲတယ်၊ တည်မြဲတယ်လို့ အမှတ်မှားရင်လည်း ကိုယ့်အတတ် နဲ့ကိုယ်စူး ကိုယ့်ဒုက္ခကိုယ်ရှာတာနဲ့ တူတူပဲသမီး"

"ဒါဆိုရင် အဘ ပေးလိုက်တဲ့ . . . ရွှေတွေက သမီးတို့ အတွက် ဘာအဓိပ္ပာယ်ရှိမှာလဲ၊ ကိုရေချမ်းမရှိတဲ့ သမီးတို့ဘဝဟာ ဝိညာဉ်အနှုတ်ခံထားရတဲ့ ရုပ်ခန္ဓာကြီးကို ရွှေရုပ်ကြီးအဖြစ် ပြောင်း





ပြီး ရွှေရောင်တော်ထွက်အောင်လုပ်ထားတဲ့ ဝိညာဉ်မဲ့သခင်မတွေ နဲ့ ဘာထူးတော့မှာလဲ ဘဘရယ်"ဟု တစ်ဦးချင်းရင်ထဲမှာ ပြောမိ ကြပါတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

အဖိုးရွှေထည့်ပေးလိုက်သော ရွှေတုံးတွေကို ဣတ္ထိယ (၄)ဦးမှ တစ်နိုင်စီထမ်းလာသော်လည်း ကိုရေချမ်းကမယူခဲ့။ ကိုရေချမ်းရဲ့ဝါဒကိုက ခနပစ္စည်းဥစ္စာဟူသည်မှာ လူတို့မှဖန်တီးခဲ့သော အရာများဖြစ်သည်။ ယင်းကဲ့သို့ လူတို့ဖန်တီးရယူခဲ့သော လူသားမျိုးနွယ်တို့အတွက် တိုက်ရိုက်အသုံးဝင်၍ အကျိုးပြုခြင်းမရှိသောအရာတို့ကို တွယ်တာတပ်မက်စရာမလို။ အစားအသောက်အတွက်ပင်လျှင် လူတို့သည် နေ့ဖို့ ညစာထားယူရလောက်အောင် လောဘကြီးစရာမလို။ အစားအသောက်၊ အသုံးအဆောင်တို့ကို နေ့ဖို့ညစာအဖြစ် လောဘတကြီးယူငင်သိုလှောင်မိ၍သာ. . . ပဒေသာပင်တည်းဟူသော လိုတရအပင်ကြီးသည်လည်း မိမိတို့လူသားကမ္ဘာမှ စုပ်စမြုပ်စပျောက်ကွယ် ခဲ့ရခြင်းဖြစ်သည်။

ယခု ကိုရေချမ်းအပါအဝင် ဣတ္ထိယလေးဦးအား မိမိဦးဆောင်၍ သေမည် ရှင်မည် မသိသော မရဏတွင်းနက်ကြီးအတွင်း ရောက်လာရခြင်းမှာလည်း ဒီရွှေတုံးရွှေစတွေကို ယူလို၍မဟုတ်။ သူ့ဖခမည်းတော်၏ ဘဝတဏှာတည်းဟူသော ဥပါဒါန်တစ်ခုကို ကယ်တင်ရန်လည်းမဟုတ်။ သကျသာကီဝင်တည်းဟူသော မျိုးနွယ်စုတစ်ခုတွင် မိမိနှင့်နီးစပ်စွာတော်ခဲ့ဖူးသော ညီတစ်ယောက်၏





ဆိုးသွမ်းယုတ်မာကောက်ကျစ်မှုကြောင့်စခဲ့သော လူ့သမိုင်းရာဇဝင်ကို ပြုပြင်တည့်မတ်ပေးရန်အတွက် အသက်စွန့်ဆောင်ရွက်ပေးခဲ့ခြင်းမည်ပေသည်။

ကိုရေချမ်း၏ အဓိကစိတ်ဆန္ဒကတော့ မသိနားမလည်မှု၊ တွေဝေမှု၊ မိုက်မဲမှုတွေ အားကြီးကြသော လူ့ဘောင်လူ့အဖွဲ့အစည်းအတွက် မိမိတတ်နိုင်သလောက် စွန့်စားကယ်တင်ရန် ဆန္ဒရှိနေဆဲ။ လူတွေ ဘယ်လောက်ပဲ ယုတ်မာကောက်ကျစ်သူများပါစေ၊ စွန့်လွှတ်စွန့်စားအနစ်နာခံသူတစ်ယောက်ရှိပါက လူ့ဘောင်အဖွဲ့အစည်းကြီးသည် တည်တံ့မြဲတိုးတက်နေဆဲဖြစ်ပေမည်။ ဒါကြောင့်လည်း. . . တစ်ယောက်ကောင်းက တစ်သောင်းဗိုလ်ချညက်ညက်ကြေဆိုသော စကားပေါ်ထွန်းလာရခြင်း ဖြစ်ပေမည်။

"ယခုတွင်လည်း သမိုင်းအရ ဘဒ္ဒေးတော်နှင့်ညီတော်တို့၏ ယုတ်မာကောက်ကျစ်မှုကြောင့် ရေခဲတောင်ရှိ ရတနာ့ဂူတွင်းနက်ကြီးတွင်နေထိုင်ကြကုန်သော သကျသာကီ ဝင်တို့တွင် နန်းညွန့်နန်းလျာမဲ့ကာ၊ အုပ်ချုပ်သူမရှိဘဲ ပရမ်းပတာရာဇဝင်နှင့်အတူ အခြေမဲ့အနေမဲ့ ဖြစ်နေကြရပေသည်။ ဒါကို. . . ကိုရေချမ်း၏ ဦးဆောင်မှုဖြင့် ဣတ္ထိယလေးဦးတို့သည်လည်းကောင်း အစ်ကိုရေချမ်းသည်လည်းကောင်း၊ အသက်စွန့်ကာ ကယ်တင်ခဲ့ကြပေသည်။ အသက်စွန့်ခဲ့၍လည်း သကျသာကီဝင်သမိုင်းပြောင်းလဲခဲ့ပေသည်။ သေရန်မကြောက်ဘဲ အသက်စွန့်အနစ်နာခံလိုစိတ်ကြောင့် ကိုရေချမ်းတို့သည် မိမိတို့၏မူလဘဝကို ပြန်ရောက်လာခဲ့ကြသည်။ သို့သော် ညီတော်ကား ခန္ဓာပျက်သူအချင်းချင်း၏ လက်ချက်ကြောင့် ရုပ်ခန္ဓာပျက်စီးပြီး သမိုင်းကြွေးအရ ရတနာ့ဂူဘွင်းနက်ကြီးထဲ၌ပင် အိမ်ရှေ့စံမင်းလက်ဝဲနန္ဒာအဖြစ် ကျန်ရစ်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ရတော့ပေမည်။ သူနဲ့အတူ နှောင်းနှောင်း(ဝါ) ဝဏ္ဏာရာဇာကလျာ(ဝါ) မယ်ဝဏ္ဏဟာလည်း ရတနာ့ဂူတွင်းထဲမှာ နေခဲ့ရပေတော့မည်။ အဘိုးရွှေမှာလိုက်ခဲ့တာ တစ်ခုကိုတော့ ကိုရေချမ်းတို့တစ်တွေ၏ နားထဲမှာယခုတိုင်ကြားနေရဆဲ။

"ဟိုဘက်ကိုကူးရင် မင်းတို့ဘဒ္ဒေးတော်ကို သတိထားကြ။ ဘဒ္ဒေးတော်က မင်းတို့အဖွဲ့ကို တိုက်ခိုက်ကြဦးမှာသေချာတယ်"

ဆိုသော စကားကို ကြားနေဆဲ....။

ရတနာ့ဂူတွင်းနက်ကြီးထဲမှ ခါတ်လှေကားအအိုကြီးဖြင့် တကျွီကျွီ တကျူကျူအသံ နာခံရင်း အပေါ်သို့တက်လာခဲ့သည်။ အပေါ်ဆုံးရွှေမျှင်တင်တောင်ကလပ်အပေါ်သို့ ရောက်သောအခါ တောင်ကလပ်အတွင်းထဲသို့ ငုံ့ကြည့်ကာ...

"နေရစ်တော့... ရတနာ့ဂူတွင်းနက်ကြီးရေ"

"နေရစ်တော့... သကျသာကီဝင်မင်းတို့ရေ"

"နေရစ်တော့... ခမည်းတော် သီဟနန္ဒရာဇာရေ"

"နေရစ်တော့... မင်းလက်ဝဲနန္ဒာရေ"

"နေရစ်တော့... ဝဏ္ဏာရာဇကလျာရေ"

ဟု လက်ပြနှုတ်ဆက်နေကြသည်။

ထိုသို့ နှုတ်မှရေရွတ်ရင်း... မျက်ရည်ရစ်ဝဲနေကြသော ကြက္ခိယတို့အား ကြည့်ကာ ကိုရေချမ်းခေါင်းတဆတ်ဆတ်ငြိမ့်လျက် အတွေးတစ်ခုပေါ်လာမိသည်။

"သြော်... မင်းတို့လေးတွေက သနားစရာမရှိ ရှာကြံသနားနေကြတယ်။ အရင်ဘဝက တော်စပ်ခဲ့ကြတဲ့ အမျိုးတွေကြောင့် မျက်ရည်ရစ်ဝဲနေရမယ်ဆိုရင် တို့ကျရမယ့် မျက်ရည်ဟာ ပင်လယ်ရေမကရှိနေပြီပေါ့ကွယ်"

ဟု နှုတ်မှပင် ထုတ်ပြောမိသည်အထိ ဖြစ်တော့သည်။





"အစ်ကိုချမ်းကတော့ ယောက်ျားရင့်မာကြီးကိုး။ ဒါကြောင့် သံယောဇဉ်ကိုလည်း ဖြတ်တောက်နိုင်တယ်၊ ဥပါဒါန်ကိုလည်း ပယ်နိုင်တယ်"

"ဒါလောက်လည်း မဟုတ်သေးပါဘူး မိန်းကလေးတို့ရယ်၊ သံယောဇဉ်ကိုဖြတ်တောက်ဖို့ ကြိုးစားတုန်းပါ။ ဒါကြောင့်လည်း မြတ်စွာဘုရားသခင်က သမုဒယသစ္စာကို သိမြင်အောင်ရယ်၊ ဖြတ်တောက်လို့ရအောင်ရယ် ကြိုးစားနိုင်ဖို့ တရားပြရှာတော်မူတာကိုး"

"ဟင့်... ဒါဆို အစ်ကိုချမ်းက သံယောဇဉ်ကို ဖြတ်နိုင်ဖို့ ကြိုးစားနေပြီပေါ့။ သမုဒယသစ္စာကို မြင်အောင်ကျင့်နိုင်ဖို့ ကြိုးစားတော့မှာပေါ့ ဟုတ်"

"ညီမတို့ရယ်... ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာမှာ ဘာကြောင့်သေရမယ်ဆိုတာ ရေရေရာရာမသိရနိုင်တဲ့ ပုထုဇဉ်တို့ရဲ့ဘဝထဲမှာ... ဘာကြောင့် အချိန်ဖြုန်းနေရမှာလဲကွယ်။ သေချာရေရာတဲ့ ပန်းတိုင်တစ်ခုကိုရည်မှန်းပြီး ကျင့်ကြံအားထုတ်နိုင်တဲ့ တရားတစ်ခုကိုရှာရတော့မှာပေါ့"

ဟု လေးလေးပင်ပင်ကြီး ပြောပြလိုက်သည်။

ထိုအခါတွင် အားလုံးသော ကြက္ခိယတို့သည် ဆတ်ကနဲ ခေါင်းထောင်ကြည့်ကြသည်။

"ဟယ်... ဟုတ်တယ်နော်။ အစ်ကိုချမ်းပြောသလိုပဲ တို့ဟာ ဒီရတနာ့ဂူတွင်းနက်ကြီးထဲလာစဉ်က ဒီတွင်းနက်ကြီးထဲမှာ နက်ဖြန်သေမလား၊ သန်ဘက်ခါသေမလား၊ အခုသေမလားဆိုတဲ့ အဖြစ်၊ အချိန်တိုင်းမသေချာမှု၊ မရေရာမှုစိုးမိုးနေတဲ့အဖြစ်ရယ်လို ကာလအကန့်အသတ်တစ်ခုအနေနဲ့ အတွေးအမှတ်မှားခဲ့တယ်။ တကယ်ကျတော့... ဒီလူ့ဘဝဆိုတဲ့ ဩကာသလောကကြီးတ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာထူးလို့တုန်းကွယ်။ ဒီနေ့သေမလား၊ နက်ဖြန်သေမလား၊ ဘာကြောင့်သေမလဲ။ ဘယ်နေရာမှာ သေမလဲရယ်လို့ ဘယ်သူမှ မသိကြဘူး။ မသေချာမရေရာကြဘူး"

"ဟုတ်တယ်. . . ဒေါင်းဒေါင်း။ ဒါကို မွေမွေပျောက်ပျောက် ဖြစ်အောင် ခံစားခြင်း၊ စံစားခြင်း အာရုံတွေပေးပြီး လူတွေကို သံသရာထဲမှာ ရစ်ပတ်ဖွဲ့နှောင်ထားခဲ့ကြတယ်။ အဲဒီ. . . ရစ်ပတ်ဖွဲ့နှောင်ခြင်းတည်းဟူသော မိုးစက်ကလေးတွေဟာ လူတွေကို ရှင်သန်စေတဲ့ သံသရာရှည်စေတဲ့ အားဆေးတွေအဖြစ် ပတ်ဖျန်းပေးနေကြတယ် မိန်းကလေးတို့ရယ်။ ဒီပက်ဖျန်းနေတဲ့ မိုးစက်တွေကို သီလ၊ သမာဓိ၊ ပညာဆိုတဲ့ လွှာဒိုင်းတွေနဲ့ ကာထားရမယ်။ ဒါမှ ကိလေသာနွံဗွက်အိုင်ပင်လယ်ထဲကိုမနစ်တော့မှာ ငါတို့မှာ။ ဒီလွှာဒိုင်းတွေမရှိလို့ သံသရာဆိုတဲ့ ချားရဟတ်ကြီးရဲ့ ကိလေသာနွံဗွက်အိုင်ထဲမှာ မြုပ်နေကြရတယ်။ ရစ်ပတ်ဖွဲ့နှောင်ခြင်း မြူမှုန် မိုးစက်တွေကြောင့် မြုပ်ပြီးရင်း. . . မြုပ်နစ်ပြီးရင်း နစ်မြုပ်မဆုံး နစ်မဆုံးဘဝကိုရောက်နေကြရတာ"

"အစ်ကိုချမ်းပြောတဲ့ လွှာဒိုင်းကို ကိုင်ကြမှတော်တော့မယ်"

"အဲဒီဒိုင်းတွေနဲ့ ကာကွယ်ပြီး သံသရာက ရုန်းထွက်ကြမှဖြစ်တော့မယ်"

"အဲဒါထားပါဦး. . . မမတို့ရယ်။ ညီမလေးတို့ ရွှေမြင်တင်တောင်ကလပ်ကနေ အမြန်ဆင်းကြစို့နော်"

"ကဲ. . . ကဲ. . . အပေါ်မှာရှိတဲ့ လျှပ်စစ်စက်သီးယာဉ် Cabel car ကနေ ဆင်းကြစို့ကွယ်"

ဟု ကိုရေချမ်းက နှိုးဆော်လိုက်သည်။

အားလုံးကား အသက်မဲ့စက်ရုပ်များပမာ ရွှေမြင်တင်တောင်ကလပ်မှ လျှပ်စစ်စက်သီးကားဖြင့် တစ်လှည့်စီ ဆင်းလာကြပေ





သည်။ ခုနှစ်စဉ်ကြယ်သည်လည်း အမြီးထောင်နေလောက်ပေပြီ။ လပြည့်ညပင်ဖြစ်လင့်ကစား တိမ်နှင့်နှင်းငွေ့တို့ ဖုံးအုပ်နေသဖြင့် အလင်းရောင်လဲ့လဲ့သာ မြင်နိုင်ကြရသည်။ တောင်ကလပ်အပေါ်မှ ရေခဲပြင်ပေါ်သို့ရောက်သောအခါ ဝတ်လာသည့်ခာတ်ငွေ့ကာ ဝတ်စုံတို့အား တောင်ကလပ်ဘေးကဂူ အခန်းထဲသို့ ဝင်ရောက်လဲလှယ်၍ ချွတ်ပုံထားခဲ့ကြ၏။ နောက် ရေခဲစီးဘိနပ်များဝတ်ကာ ရေခဲပြင်အတွင်းသို့ ဇွပ်ကနဲ. . ဇွပ်ကနဲ နင်းချကာ သက်မဲ့စက်ရုပ်များပမာ ဆက်လက်ထွက်ခွာလာကြပေသည်။ သံချွန်ဖိနပ်တို့ ဇွပ်ကနဲ ဇွပ်ကနဲ ရေခဲထဲနစ်မြုပ်သွားသည့်ပမာ။

"သံသရာထဲမှာ ရစ်ပတ်ဖွဲ့နှောင်ခြင်းတည်းဟူသော မိုးစက်မြူမှုန်တွေနဲ့ လူတွေကို ပက်ဖျန်းပေးပြီး သံသရာထဲမှာ ရှည်ကြာစွာ အသက်ရှင်အောင်ဖန်တီးပေးခဲ့ကြတယ်"

ဒါကို ဘယ်သူကဖန်တီးပေးတာလဲ ပြန်မေးလိုက်တော့. . .။

"ကိုယ့်ဖာသာ ဖန်တီးတာ"

ဟု အဖြေထွက်လာသည်။

"ဒါဆို ကာကွယ်ဖို့ ဘယ်သူလုပ်ရမှာလဲ"

"ကိုယ့်ဖာသာလုပ်ရမှာ"

ဟု တီးတိုးရေရွတ်ရင်း တံတားဘေးရှိ အဘကျုတ်၏ ဂူနေရာသို့ ရောက်ရှိလာခဲ့သည်။

"အဘကျုတ် ဘာထူးခြားသေးလဲ"

"တံတားဒီဘက်ကတော့ မထူးခြားပါဘူး နောင်တော်ကြီး"

"တံတားဟိုဘက်ကတော့ မသိဘူးဟုတ်လား"

"အင်း. . . ဒါကတော့ပြောရရင် အနာဂတ်ဆိုတာ ကိုယ်မြင်ဘူးလေ။ ပစ္စုပ္ပန်နဲ့တူတဲ့ အဘကျုတ်ရဲ့ ခေါက်တံတားကို ဖြတ်မယ်၊ ဒါပေမဲ့. . ပစ္စုပ္ပန်ကို ချက်ချင်းခေါက် မတင်လိုက်နဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ. . . အနာဂတ်မှာတော့ ဂရုစိုက်ပေ့ါ။ အနာဂတ်ဆိုတာ. . . ငါတို့မပိုင်ပေမယ့် နောင်တော်ကြီးလို ပါရမီရှိတဲ့လူကတော့ တန်ဖိုးရှိအောင် အသုံးချနိုင်မှာပါ"

ဟု အဘကျုတ်က ပြောလိုက်လေသည်။

ဒီစကားတစ်ခွန်းသည် ကိုရေချမ်း၏နားဝတွင် ပဲ့တင်ထပ်လျှက်ရှိသည်။

"အနာဂတ်ကို မပိုင်ဆိုင်တောင်မှ တန်ဖိုးရှိအောင်အသုံးချရမယ်။ တန်ဖိုးရှိအောင် အသုံးချရမယ်"

ဟု တတွတ်တွတ်ရွတ်ဆိုရင်း ကုတ္တိယတို့အား နောက်မှလိုက်စေကာ ကိုရေချမ်းမှ ဦးဆောင်ပြီး တံတားကို ဖြတ်ထွက်ခဲ့သည်။

"သကျသာကီဝင်ရဲ့ ဘုရင်လောင်းလျာ ကိုရေချမ်းကို သုတ်သင်ကြ"

ဟူသော အသံနက်ကြီးနဲ့အတူ လှံတစ်ချောင်းသည် ကိုရေချမ်း၏ပေါင်ကို လာရောက်ထိမှန်သည်။

"အား"

ဟူသော အသံနက်ကြီးနှင့်အတူ ကိုရေချမ်းလဲကျသွားသည်။ မိကျွန်ဖြူက ကိုရေချမ်းကို ပွေ့ထားသည်။ ကုတ္တိယလေးယောက်တို့သည် ကိုရေချမ်းကိုဘေးတွင်ချကာ ဓားကိုယ်စီဖြင့် တိုက်ပွဲဝင်ကြတော့သည်။

"ရေချမ်းရဲ့ မိဖုရားလောင်းလျာတွေကို သုတ်သင်ကြ"

ဟု အသံနက်ကြီးထပ်ပေါ်လာသည်။ အဘိုးရွှေသင်ပေးလိုက်သော သိုင်း၊ ဗန်တို၊ ဗန်ရှည်တို့ကားမမေ့သေး၍ တော်သေးသည်။ ဓားရေး(၁၂)စင်းကို အသုံးပြုလျှက် ရန်သူတို့အလယ်သို့ ထိုးဖေါက်ဝင်ရောက်ထိုးခုတ်နေကြပြီ။





"မမဒေါင်း. . . သတိထား"

"မဝါ နောက်မှာတစ်ယောက်"

စသည်ဖြင့် တစ်ယောက်နဲ့တစ်ယောက် သတိပေးကာ ရှပ်ရှပ်ချွန်ချွန် ထိုးခုတ်နေသည်။ သို့သော် အင်အားကမျှသဖြင့် ဒေါင်းဒေါင်းတို့နောက်သို့ ဆုတ်ရမလိုဖြစ်နေစဉ်. . .

"အားဟူးဝါး"

ဟူသော အလွန်ကျယ်လောင်သောအသံကြီးနှင့်အတူ ဝုန်းကနဲ ဝုန်းကနဲရန်သူများအား တစ်ယောက်စီကိုင်ပေါက်ချနေသည့် ဝံလူကြီးများကို တွေ့ရသည်။

"ဟယ်. . . အဖိုးရွှေရဲ့လူတွေ"

"ဟယ်. . . အဖိုးရွှေက ကိုရေချမ်းကိုထမ်းပြီး တံတားပေါ်ကဆုံးသွားပြီ"

"တံတားကြီးခေါက်တင်သွားပြီ. . . မမဝါ လုပ်ပါဦး"

"ကိုရေချမ်းကို ဟိုလူယုတ်မာလက်ကလွတ်အောင် အဘိုးရွှေက ကယ်တာဖြစ်မှာပေ့ါ"

ဝံလူကြီးများ၏ကယ်တင်မှုကြောင့် ဘဒ္ဒေးတော်လူများ ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေကြသည်။ လူအင်အားမှာသည်း ယခင်က လူအင်အားတစ်ဝက်ခန့်သာကျန်တော့သည်။

ထိုစဉ် လက်နှိပ်မီးရောင်များ. . . ဆလိုက်မီးရောင်များပေါ်လာတာ. . .

"ဒိုင်းကနဲ. . . ဒိုင်းကနဲ" သေနတ်သံများပေါ်လာသည်။

"တစ်ယောက်မှမလှုပ်နဲ့"

"ဦးသက်တင်နဲ့ အဖွဲ့သားတွေအားလုံးငြိမ်ငြိမ်နေကြပါ။ ခသူပ်ပါနဲ့။ ခင်ဗျားတို့ကို ရဲအုပ်ဘတင်ဦးဆောင်တဲ့ ပြည်သူ့ရဲတပ်ဖွဲ့က ဝိုင်းထားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ လက်နှိပ်မီးရောင်များ ဆလိုက်မီးရောင်များက တဝင်းဝင်းပေါ်လာသည်။

"ခင်ဗျားတို့အားလုံးထဲက ကိုရေချမ်းရဲ့အဖွဲ့ရယ်၊ ဝံလူအဖွဲ့ရယ်က ဟိုဘက်သွား"

ဦးသက် ၊ခင်ရဲ့လူတွေ အောက်ကိုထိုင်နေပါလို့ပြောပြီး ဦးသက်တင်၏အဖွဲ့သားများအား နှစ်ယောက်တစ်တွဲလက်ထိပ်များ ခတ်လိုက်ကြတော့သည်။

ထိုစဉ် ရွှေမြင်တင်တောင်ကလပ်စီမှ ဝုန်းကနဲ ဝုန်းကနဲ ပေါက်ကွဲသံတွေနှင့်အတူ မီးတောက်မီးလျှံများ အပေါ်သို့ထိုးထွက်လာသည်ကို မြင်လိုက်ရတော့သည်။

"ဟာ. . . မီးတောင်ပေါက်ကွဲနေပြီ"

ဟုဆိုကာ ရဲအုပ်ဘတင်နှင့်အဖွဲ့သည် တရားခံများကို ခေါ်ကာ ပြန်ရန်ပြင်ဆင်ကြတော့သည်။

"မမဒေါင်းတို့. . . မဝါတို့ မလိုက်ကြဘူးလား"

ဟု ရဲအုပ်ဘတင်က မေးသလို. . .

"ဆရာမလေးဒေါင်းတို့မလိုက်တော့ဘူးလား"

ဟု ကိုတက်ပုတစ်ဖြစ်လည်း တပ်ကြပ်ကြီးအောင်ပန်းက မေးလိုက်ရာ. . .

"ကျွန်မတို့ အစ်ကိုချမ်းကို စောင့်ရဦးမှာ"

ဟု လေးယောက်စလုံးက ပြိုင်တူပြောလိုက်ရာ. . .

"ဗုဒ္ဓေါ. . . လေးယောက်စလုံး ပြိုင်တူပါလား"

ဟု ပြောရင်း. . .

လက်နှစ်ဖက်ကို စလန်ပေးကာ ကိုတက်ပုသည် ရေခဲအိုင်ကြီးထဲရှိ ဝိဇဒေ့ါကျွန်းကလေးမှ ထွက်ခွာသွားလေတော့သည်။

■



## အခန်း (၃၃)

သို့သော်. . . ဒေါင်းဒေါင်း၊ မဝါ၊ မိကျွန်ဖြူနှင့် ခမ်းမွန်တို့ လိုက်လာတာမတွေ့သောအခါ ရဲအုပ်ဘတင် အစီအစဉ်ပြောင်းရချေပြီ။ ကိုတက်ပု၊ ပိုးတုံးလုံးနှင့် ဖိုးထောင်တို့ကို အစောင့်အရှောက်အဖြစ်ထားခဲ့ရတော့သည်။ နောင်တွင် ကိုတက်ပုတို့လည်း အဲဒီနေရာက ရာသက်ပန်မပြန်ဖြစ်တော့ပေ။ သူတို့ပြန်ဖြစ်တဲ့အပြင် ဂပိုင်တောင်ထိပ်တွင်ထားခဲ့သော စိုင်းသီဟနှင့်အဖွဲ့သားများလည်း ကိုတက်ပုတို့ထံလာရောက် ပေါင်းစည်းတာ ရွာတစ်ရွာအဖြစ်တည်တော့၏။

ဒေါင်းဒေါင်းတို့ မိန်းကလေး (၄)ယောက်ကား ဖန်ရေဆိုးသက်န်းနှင့် ကတုံး,တုံးကာ သီလရှင်အဖြစ်ကို ခံယူကြ၏။ သူတို့၏ ရှင်သွေးကလေးများကို ပြုစုစောင့်ရှောက်ရန်အတွက် ကိုတက်ပုတို့ ရွာတလေးကို လမ်းပန်းဆက်သွယ်ရေးကောင်းသွားအောင် စီစဉ်နေ၏။ အဲဒီရွာကို ဝိဇဒေ့ါဟု ယခုခေါ်နေပြီ ယခင်ကတော့ ဝိဇ္ဇာခဘာဟု ခေါ်ခဲ့ဟန်တူပေသည်။

တစ်နှစ်တစ်ခါ ဒီအချိန်ရောက်တိုင်း တောင်ကလပ်ရှိသော နှင်းရေအိုင်အလယ်မှ မီးရှူးမီးပန်းများသည် အပေါ်သို့တက်၍ ထွက်ပေါက်ကွဲလေ့ရှိ၏။ ထိုသို့ပေါက်ကွဲတိုင်း ရွှေဘုံးရွှေခဲ



www.burmeseclassic.com

www.burmeseclassic.com



အသေးလေးများ လွင့်စင်ကျရောက်လာပြီး ရွှေမိုးရွာလေ့ရှိ၏။ အဲဒီရွှေတိုရွှေစများဖြင့် ဝိဇဒေါ့ရွာသားများသုံးစွဲကြ၏။ ကလေးများကို ပညာသင်ပေးကြ၏။ သီလရှင်ဒေါင်းဒေါင်းတဖြစ်လည်း ဒေါ်ဒီပက်ရာ၊ မဝါ တဖြစ်လည်း ဒေါ်ဝိသာခါ၊ မိကျန်ဖြူ တဖြစ်လည်း ဒေါ်ကုမုဒြာ၊ ခမ်းမွန်တဖြစ်လည်း ဒေါ်ခေမာသီရိတို့အား လည်း ဝိဇဒေါ့ရွာလေးသည် ထိုရွှေတိုရွှေစများကိုလဲလှယ်၍ ဆွမ်းကွမ်းမှအစ တာဝန်ယူလောင်းလှူကြ၏။

အဲဒီ မီးရှူးမီးပန်းကြီးပေါက်ကွဲပြီး မကြာသောအချိန်တွင် ရေခဲချောင်းကြီးကိုဖြတ်သည့် ခေါက်တံတားအစား ရောင်ခြည်တန်း ရေခဲတံတားကြီးတစ်ခုပေါ်လာ၏။

အဲဒီအချိန်ဆိုလျှင် သီလရှင်ဆရာလေး(၄)ပါးကော၊ ဝိဇဒေါ့ရွာသားအားလုံးကော ဆန်၊ ဆီ၊ ပဲတို့ကို ကိုယ်စီထမ်းကာ ဒီဖက်ကမ်းမှ စောင့်နေကြရ၏။ ခဏနေသောအခါ ကိုရေချမ်းတဖြစ်လည်း ဦးရေဝတသည် ပေါ်လာပြီး အဘိုးရွှေ၊ အဘ ကျွတ်တို့သည် ဝတ်ဖြူစင်ကြယ်နှင့်အတူတကွ နောက်မှလိုက်ပါလာတတ်၏။ ယင်းတို့၏နောက်မှ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ခေါင်းပေါင်း အနီများပေါင်းထားသည့် တောင်းထမ်းဥပသကာများက ဆန်၊ ဆီ၊ ပဲ လှူဒါန်းမှုအစုစုတို့ကို သယ်ယူကာ ဝိဇဒေါ့ရေခဲ ရေစီးချောင်း၏ ဟိုဘက်သို့ ပြန်သွားလေ့ရှိ၏။ ရေခဲချောင်းဒီဘက်ရှိ ဝိဇဒေါ့ရွာကလေးကား သက်သတ်လွတ်စား၏။ အမဲလိုက်ခြင်းမရှိ၊ တောင်ယာစိုက်ပျိုးခြင်းကိုလည်း မလုပ်နိုင်။ တစ်နှစ်ပတ်လုံး ရှစ်ပါးသီလနှင့်နေ၏။ ရွာအနီး ရေခဲချောင်းဆွမ်းလောင်းပွဲကိုတွေ့လိုလျှင်သင် လည်း တစ်နှစ်ပတ်လုံးရှစ်ပါးသီလထိန်းသိမ်းစောင့်ရှောက်ပြီး အဲဒီရွာမှာနေကြည့်ပါ။ တစ်ရက်မဟုတ်၊ တစ်ရက်တွေ့ကြုံဖူးကြရမည်ဖြစ်ပါသည်။





ကာလအတန်ကြာပြီဖြစ်၍ သီလရှင်လေးပါးကား သက်ရှိထင်ရှားရှိချင်မှ ရှိတော့ပါမည်။ သို့သော်. . . ဝိဇဒေါ့ရွာကား ရှိပါသေးသည်။ ထိုရွာရှေ့တွင်ကား ဗိုင်းကြီးတစ်ခုကို မြားတန်းလန်းစိုက်လျှက်နှင့် ယနေ့တိုင် အထင်အရှားထောင်ထားသည်ကို တွေ့မြင်ရမည်ဖြစ်ပါပေသတည်း။

တကယ်တော့ သီလရှင်လေးပါးကို တော်လေးဝ မိဖုရားများနှင့် နှိုင်းယှဉ်ရလိုနီးပါးဖြစ်ပေ၏။

သို့သော် ထို့ကာက်ကား နှောင်းနှောင်းတစ်ဖြစ်လဲ ဝဏ္ဏရာဇကလျာသည်ကား ခင်ပွန်းသည် မင်းလက်ဝဲနှင့်အတူနေခွင့်ရရေးအတွက် အသက်ကိုပါစွန့်ခဲ့သည်ဖြစ်၍ တော်လေးဝထက်လွန်ကဲသည်ဟု ဆိုရလျှင် မမှားနိုင်ချေတကား။

ရတနာ့ဂူနန်းရှင်တောင်ဝင် မဖုရား၏ မောင်တော်အတွက် အသက်စွန့်ဝံ့သော ဒဏ္ဍာရီပုံပြင်သည်ကား ယခုခေတ်တွင် ပုံရိပ်အဖြစ်တည်နေတော့မည်မှာ မလွဲဧကန်ဖြစ်ပေတော့သတည်း။

■

ဥတ္တရနေလ



BURMESE CLASSIC .com

www.burmeseclassic.com